

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့် လေ့လာမှု အစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှု
အစီရင်ခံစာ - ၂၀၁၆

WORLD BANK GROUP

Funded by

Livelihoods and Food Security Trust Fund

EMR

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှုအစီရင်ခံစာ - **ဒီဇင်ဘာ ၂၀၁၅**

WORLD BANK GROUP

EMR

အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT) အတွက်
ကမ္ဘာ့ဘဏ် (World Bank) နှင့်ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့(EMR) တို့က ပူးတွဲပြုစုပါသည်။

Funded by

Livelihoods and Food Security Trust Fund

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်၏ ရုံးသုံးစာရွက်စာတမ်းများအတွက် အသုံးပြုသည့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ဖြတ်သန်းထားခြင်းမရှိပါ။ ဤနေရာတွင် ဖော်ပြထားသော တွေ့ရှိချက်များ၊ အနက်ကောက်ယူမှုများ နှင့် ကောက်ချက်များသည် စာရေးသူများ၏ အမြင်များသာဖြစ်ပြီး ကမ္ဘာ့ဘဏ် နှင့် ယင်းနှင့် နီးနွယ်နေသော အဖွဲ့အစည်းများ၊ သို့မဟုတ် ကမ္ဘာ့ဘဏ် အမှုဆောင်ညွှန်ကြားရေးမှူးများ သို့မဟုတ် ယင်းတို့ကိုယ်စားပြုသော အစိုးရများ၏ အမြင်ကို ထင်ဟပ်ခြင်း မရှိပါ။

ကမ္ဘာ့ဘဏ်အနေဖြင့် ဤစာတမ်းတွင် ပါဝင်သော အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် စပ်လျဉ်း၍ အာမခံခြင်း မရှိပါ။ ဤစာတမ်းတွင်ပါဝင်သော မြေပုံများပေါ်တွင် ဖော်ပြထားသည့် နယ်နမိတ်၊ အရောင်၊ တန်ဖိုးနှင့် အခြား အချက်အလက်များသည် ကမ္ဘာ့ဘဏ်အနေဖြင့် ပိုင်နက်တစ်ခုခု၏ ဥပဒေအဆင့်အတန်း သို့မဟုတ် ယင်းနယ်နမိတ်များကို သဘောတူခြင်း သို့မဟုတ် လက်ခံခြင်း စသည်တို့ကို မဆိုလိုပေ။

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံအတွင်းရှိ ထိခိုက်လွယ်မှုအမြင့်မားဆုံးနှင့် အနွမ်းပါးဆုံးသောလူထု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးရန်အတွက် ထည့်ဝင်ကူညီခဲ့ကြသော ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)အား ယင်းတို့ကထောက်ပံ့ကူညီခြင်းကို ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT၏ ပထမဆုံး ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သော မစ်ဆူဘီရှီကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။

## အသိပေးကြေညာချက်

ဤအစီအရင်ခံစာကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရတို့နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ပြုစုရေးသားထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသောအမြင်များသည် မည်သည့် LIFT အလှူရှင်မျှ၏ တရားဝင်အမြင်ဖြစ်သည်ဟု မယူဆနိုင်ပါ။

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ် .......... ဂ

အသက်မွေးဝမ်းကျောင်းများ .......... ဂ

ကျေးရွာအခြေအနေများ .......... င

ကျေးရွာပြင်ပလုပ်ငန်းများတွင်ချိတ်ဆက်ပါဝင်ခြင်း .......... ဆ

သုံးသပ်အကြံပြုချက်များ .......... ဈ

**အခန်း(၁)** **နိဒါန်း .......... ၇**

သုတေသနလုပ်ငန်း၏ နောက်ခံအကြောင်းအရာ .......... ၁၀

သုတေသနဒီဇိုင်း .......... ၁၅

သရုပ်ခွဲဆန်းစစ်သည့်မူဘောင် .......... ၁၇

သုတေသနဆောင်ရွက်ရန်နမူနာဒေသရွေးချယ်ခြင်း .......... ၁၈

ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်း .......... ၂၁

အစီရင်ခံစာတည်ဆောက်ပုံ .......... ၂၃

**အခန်း(၂)** **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ .......... ၂၄**

နိဒါန်း .......... ၂၆

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ .......... ၂၇

တောင်သူလယ်သမားများ .......... ၃၀

လုပ်သားများ .......... ၃၅

စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများ .......... ၄၁

ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ခြင်း .......... ၄၅

ပြင်းထန်သောသက်ရောက်မှုများနှင့်ထိခိုက်လွယ်မှု .......... ၅၁

ပြဿနာများနှင့်ပြင်းထန်သောသက်ရောက်မှုများ .......... ၅၁

ထိခိုက်လွယ်မှု .......... ၅၅

လွှမ်းမိုးသည့်အချက်များပြောင်းလဲမှု .......... ၆၀

ချေးငွေလက်လှမ်းမီမှု .......... ၆၀

မြေယာ .......... ၆၆

**အခန်း(၃)** **ကျေးရွာအဆင့်အကြောင်းအရာများ................................................၇၅**
ကျေးရွာအုပ်ချုပ်ရေးစနစ် ............................................................၈၆
ခေါင်းဆောင်မှုနေရာများအပြောင်းအလဲဖြစ်ပေါ်ခြင်း ..........................၈၇
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ......................................................၈၈
ကျေးရွာအုပ်ချုပ်ရေးမှူး ..............................................................၉၀
အခြားကျေးရွာအဖွဲ့အစည်းများ.....................................................၉၁
ထွက်ပေါ်လာသောသက်ရောက်မှုများ.............................................၉၄

**အခန်း (၄)** **ကျေးရွာပြင်ပလုပ်ငန်းများတွင်ချိတ်ဆက်ပါဝင်ခြင်း ............................၉၉**
အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း ........................................... ၁၀၁
ဝန်ဆောင်မှုများတိုးတက်လာခြင်း................................................ ၁၀၁
ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်သတင်းအချက်အလက်များစီးဆင်းပုံ......... ၁၀၄
မျှော်လင့်ချက်များကိုစီမံခန့်ခွဲခြင်း................................................. ၁၁၀
အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း .................................. ၁၁၃
လက်ခံရရှိသောအကူအညီ........................................................ ၁၁၃
အလှူရှင်စီမံကိန်းများကိုအကောင်အထည်ဖော်ခြင်းမှရရှိသော
သင်ခန်းစာများ........................................................................ ၁၁၇

**အခန်း (၅)** **နိဂုံးချုပ်နှင့်သုံးသပ်အကြံပြုချက်များ........................................... ၁၂၂**
သုံးသပ်အကြံပြုချက်များ........................................................... ၁၂၄
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ.......................................... ၁၂၄
ကျေးရွာများ၏အုပ်ချုပ်မှုစနစ်...................................................... ၁၂၅
မြို့နယ်အဆင့်စွမ်းဆောင်ရည် .................................................... ၁၂၆

**ဇယားများစာရင်း**

ဇယား(၁) သုတေသနအကြိမ်အလိုက်ပူးပေါင်းပါဝင်ဖြေကြားသူအရေအတွက် .......၂၂
ဇယား( ၂) စပါးရိတ်သိမ်းခြင်းအတွက်တစ်နေ့ပျမ်းမျှလုပ်အားခများ
(အမျိုးသားအတွက်ရာသီချိန်လုပ်အားခ)..........................................၃၆
ဇယား(၃) စပါးရိတ်သိမ်းခြင်းအတွက်တစ်နေ့ပျမ်းမျှလုပ်အားခများ
(အမျိုးသားအတွက်ရာသီချိန်ပြင်ပလုပ်အားခ)...................................၃၆

ဇယား(၄) စပါးရိတ်သိမ်းခြင်းအတွက်တစ်နေ့ပျမ်းမျှလုပ်အားခများ
(အမျိုးသမီးအတွက်ရာသီချိန်လုပ်အားခ) ........................................၃၇
ဇယား(၅) စပါးရိတ်သိမ်းခြင်းအတွက်တစ်နေ့ပျမ်းမျှလုပ်အားခများ
(အမျိုးသမီးအတွက်ရာသီချိန်ပြင်ပလုပ်အားခ) ..................................၃၇
ဇယား(၆) သုတေသနအကြိမ်အလိုက်ကျပန်းလုပ်သားများနှင့် ဈေးနှုန်းညှိနှိုင်း
ဆွေးနွေးမှုအခြေအနေ.................................................................၄၀
ဇယား(၇) ဒေသတစ်ခုချင်းစီတွင်အဓိကဖြေကြားသူများ၏တုန့်ပြန်ဖြေကြားမှုအရ
ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံများ ..........................................................၄၇
ဇယား(၈) မြို့ပြဒေသများနှင့်နီးကပ်မှုအလိုက် ချေးငွေအရင်းအမြစ်များ.................၆၄
ဇယား(၉) လေ့လာမှုအကြိမ်အလိုက် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း
တိုးတက်မှု .....................................................................................၆၈
ဇယား(၁၀) ဒေသအလိုက် ကျေးရွာများအတွင်းလူမှုဆက်ဆံရေးအခြေအနေများ..........
(QSEM 4 နှင့်နှိုင်းယှဉ်မှု)..............................................................၇၉
ဇယား (11) ကျေးရွာအမျိုးအစားအလိုက်အစိုးရအထောက်အပံ့များ ဖြန့်ဝေမှု...........၉၆
ဇယား(12) ကဏ္ဍအလိုက်အစိုးရ၏အကူအညီ (QSEM စတုတ္ထအကြိမ်နှင့်ပဉ္စမ
အကြိမ်တို့ကိုနှိုင်းယှဉ်ချက်) ......................................................... ၁၀၃
ဇယား (၁၃) ကဏ္ဍအလိုက် အလှူရှင်များ၏ အကူအညီ (QSEM စတုတ္ထအကြိမ်နှင့်
ပဉ္စမအကြိမ်တို့ကိုနှိုင်းယှဉ်ချက်.................................................... ၁၁၆

## ပုံများစာရင်း

ပုံ (၁) ၂၀၁၂ခုနှစ်မှ၂၀၁၅ခုနှစ်အထိအရေးပါသောအဖြစ်အပျက်များ၊
အကျိုးဆက်များနှင့်သုတေသနအကြိမ် အရေအတွက်။........................၁၅
ပုံ( ၂) သရုပ်ခွဲဆန်းစစ်သည့်မူဘောင်.......................................................၁၈
ပုံ(၃) QSEM သုတေသနဆောင်ရွက်ခဲ့သောမြို့နယ်များ..............................၂၀
ပုံ(၄) ဧရာဝတီတိုင်းဒေသကြီးမှပူးပေါင်းပါဝင်ဖြေကြားသူများ၏ဝင်ငွေရင်းမြစ်
အမျိုးမျိုးနှင့်ပါဝင်မှုအချိုး ..............................................................၂၈
ပုံ(၅) မကွေးတိုင်းဒေသကြီးမှပူးပေါင်းပါဝင်ဖြေကြားသူများ၏ဝင်ငွေရင်းမြစ်
အမျိုးမျိုးနှင့်ပါဝင်မှုအချိုး ..............................................................၂၉

ပုံ(၆) သုတေသနအကြိမ်အလိုက်ခန့်မှန်းထားသော ရွှေ့ပြောင်း
လုပ်ကိုင်မှုနှုန်း ........................................ ၄၅

ပုံ(၇) လူမှုစီးပွားရေးအုပ်စုအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံများ
(အိမ်ထောင်စုအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သူအချိုး) ........................................ ၄၈

ပုံ(၈) ပြင်းထန်သောသက်ရောက်မှုများနှင့်အမြဲတမ်းကြုံတွေ့ရသော
ပြဿနာများ ........................................ ၅၂

ပုံ(၉) QSEM အကြိမ်အရေအတွက်အလိုက် ရာသီဥတုနှင့်ဆက်စပ်သည့်
ပြဿနာများ ကြုံတွေ့ရသည့် ကျေးရွာအရေအတွက် ........................................ ၅၃

ပုံ(၁၀) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေလက်လှမ်းမီသည့်
ကျေးရွာအရေအတွက်နှင့်အချိုး ........................................ ၆၂

ပုံ(၁၁) တုန့်ပြန်ဖြေကြားသူများ၏ ပြောဆိုချက်အရ ငွေချေးပေးသူအမျိုးအစား
အလိုက်လစဉ်အတိုးနှုန်းများ ........................................ ၆၆

ပုံ (၁၂) သုတေသနအကြိမ်အလိုက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်
ကျေးရွာအုပ်ချုပ်ရေးမှူးအပြောင်းအလဲ........................................ ၈၇

ပုံ(၁၃) QSEM သုတေသနအကြိမ်တိုင်းအတွက် ပြည်နယ်/တိုင်းဒေသကြီးအလိုက်
အစိုးရစီမံကိန်းအရေအတွက် ........................................ ၁၀၂

ပုံ(၁၄) ကျေးရွာများ၏သွားလာရေးလွယ်ကူမှုကိုအခြေခံ၍အစိုးရ၏အကူအညီရရှိမှု
အခြေအနေ ........................................ ၁၀၄

ပုံ(၁၅) QSEM သုတေသနအကြိမ်တိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးအလိုက်
အလှူရှင်များ၏စီမံကိန်းများအရေအတွက် ........................................ ၁၁၄

ပုံ(၁၆) QSEM ပထမ/ဒုတိယအကြိမ်နှင့်နှိုင်းယှဉ်ဖော်ပြထားသောအလှူရှင်
အကူအညီများ (LIFTနှင့် LIFT မဟုတ်သောအဖွဲ့များကရန်ပုံငွေထောက်ပံ့
သောစီမံကိန်းများ) ........................................ ၁၁၅

**သာဓကများစာရင်း**


သာဓက( ၁)　ဧရာဝတီနှင့်မကွေးတိုင်းဒေသကြီးတို့ရှိအိမ်ထောင်စုများ၏
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ.............................................၂၇

သာဓက(၂)　မန္တလေးတိုင်းဒေသကြီးတွင်သီးနှံလုံးဝပျက်စီးရခြင်းကြောင့်
ထိခိုက်ရမှုများ............................................................................၃၂

သာဓက(၃)　မကွေးတိုင်းဒေသကြီးမှကျပန်းလုပ်သားများစားဝတ်နေရေးအဆင်ပြေ
လာခြင်း......................................................................................၃၈

သာဓက (၄)　မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တွင်အသေးစားလုပ်ငန်းများ
တည်ထောင်ရန်အသေးစားချေးငွေများကိုအသုံးပြုခြင်း........................၄၃

သာဓက (၅)　မန္တလေးတိုင်းဒေသကြီးမှမိသားစုတစ်စုသည် ပြန်လွှဲပို့ငွေများဖြင့်
မြေဝယ်နိုင်ခဲ့ပါသည်။..................................................................၄၉

သာဓက (၆)　ချင်းပြည်နယ်ရှိမိသားစုတစ်စုသည်မိုးခေါင်ခြင်းနှင့်ကြက်သွန်စျေးကျခြင်း
ကြောင့်အကျပ်အတည်းကြုံတွေ့ရ ခြင်း..........................................၅၄

သာဓက (၇)　ငါးဖမ်းလုပ်ငန်းလုပ်ထုံးလုပ်နည်းများ ပြောင်းလဲမှုများက မြစ်ဝကျွန်းပေါ်ဒေသရှိ
ငါးဖမ်းလုပ်သားအပေါ်သက်ရောက်မှုရှိခြင်း......................................၅၆

သာဓက (၈)　ဆင်းရဲသူများထဲမှအဆင်းရဲဆုံးအိမ်ထောင်စုများရင်ဆိုင်နေရသည့်
စိန်ခေါ်မှုများ..............................................................................၅၈

သာဓက (၉)　ဧရာဝတီတိုင်းဒေသကြီးတွင်MADB၏ ချေးငွေနည်းစနစ်များ
ပြောင်းလဲလာခြင်း ....................................................................၆၃

သာဓက (၁၀) ရှမ်းပြည်နယ်တွင် မြေယာမှတ်ပုံတင်ခြင်းအတွက်တရားမဝင်အခကြေးငွေ
တောင်းခံမှုများ..........................................................................၆၉

သာဓက (၁၁) ဧရာဝတီတိုင်းဒေသကြီးတွင် မြေယာမှတ်ပုံတင်ခြင်းသည်ယခင်အငြင်းပွားမှု
များကိုအသစ်တစ်ဖန် ပြန်လည် ဖြစ်ပေါ်စေပါသည်..............................၇၃

သာဓက(၁၂)　ချင်းပြည်နယ်မှ ရွာသူရွာသားများသည် ရေရှားပါးမှုအခက်အခဲကိုကျော်လွှား
ရန်ပူးပေါင်းဆောင်ရွက်ကြခြင်း......................................................၇၉

သာဓက(၁၃) ချင်းပြည်နယ်တွင်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့်ဆန်စပါး
ဘဏ်များလုပ်ငန်းလည်ပတ်လာနိုင်ခြင်း..........................................၈၁

သာဓက(၁၄)　ရှမ်းပြည်နယ်ကျေးရွာတစ်ရွာတွင်သမချေးငွေးအားကျေးရွာရှိလူတစ်စုမှလွှမ်း
မိုးချုပ်ကိုင်ခြင်း ........................................................................၈၃

သာဓက (၁၅) ရခိုင်ပြည်နယ်တွင် ကျောင်းတည်ဆောက်ရန် ရွာသူရွာသားများအား စည်းရုံးလှုံ့ဆော်ခြင်း..................................................................၈၅

သာဓက (၁၆) ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးသည် MADB ချေးငွေအတွက်တာဝန်ယူသည်..........................................၈၉

သာဓက (၁၇) ချင်းပြည်နယ်ရှိ ကျေးရွာစာရင်းစစ်ကော်မတီသည်လုပ်ငန်းဆောင်ရွက်မှု ရပ်တန့်သွားသည် ......................................................................၉၃

သာဓက (၁၈) မကွေးတိုင်းဒေသကြီးတွင်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ၌ အုပ်စုကျေးရွာကသာလွှမ်းမိုးထားပါသည် ........................................၉၅

သာဓက (၁၉) မြို့နယ်အဆင့်ရှိဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများ............................ ၁၀၅

သာဓက (၂၀) ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့ရှိမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ (၂)ခုအကြောင်း ........................................................ ၁၀၆

သာဓက (၂၁) မကွေးတိုင်းဒေသကြီးတွင်အစည်းအဝေးများတက်ခြင်းကြောင့်အကျိုးရလဒ် များပိုမိုရရှိခြင်း ........................................................................ ၁၀၉

သာဓက (၂၂) မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျောင်းထောက်ပံ့ကြေးစီမံကိန်းများအား အကောင်အထည်ဖော်ရာတွင်ကြီးကြပ်မှုအားနည်းနေခြင်း ............... ၁၁၁

သာဓက (၂၃) မန္တလေးတိုင်းဒေသကြီးတွင်စီမံကိန်းတစ်ခုအပြီးသတ်ချိန်၌တင်းမာမှုများ ဖြစ်ပေါ်လာပြီး အခွင့်ထူးခံအုပ်စုတစ်စုကသာလက်ဝါးကြီး အုပ်သွားခြင်း ........................................................................... ၁၁၈

# မြန်မာနိုင်ငံ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း

(QSEM) သုတေသနအစီအစဉ်သည် မြန်မာနိုင်ငံ၏
ကျေးလက်လူနေမှုဘဝအား ထင်ဟပ်ဖွင့်ဆိုထားပါသည်။

# အစီရင်ခံစာအကျဉ်းချုပ်

ဤသုတေသနအစီအစဉ်တွင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် နည်းဗျူဟာများကို လည်းကောင်း၊ ထိုနည်းဗျူဟာများကို ပုံဖော်ပေးနေသည့် အချက်အလက်များကိုလည်းကောင်း၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများက ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့် ရလဒ်များအပေါ်မည်သို့သက်ရောက်သည်ကိုလည်းကောင်း ပိုမိုကျယ်ပြန့်စွာ လေ့လာဆန်းစစ်ထားပါသည်။

ဤသုတေသနလုပ်ငန်းတွင် တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်သုံးခုရှိ ကျေးရွာပေါင်း (၅၄) ရွာကို လေ့လာထားပြီး၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) မှ လုပ်ငန်းဆောင်ရွက်နေသော စိုက်ပျိုးရေးဂေဟဇုန်များဖြစ်သည့် (၁) အပူပိုင်းဇုန် (မကွေးနှင့် မန္တလေးတိုင်းဒေသကြီး)၊ (၂) ကမ်းရိုးတန်းဒေသ (ရခိုင်ပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီး) နှင့် (၃) တောင်တန်းဒေသ (ချင်းနှင့် ရှမ်းပြည်နယ်) တို့ကို လွှမ်းခြုံ လေ့လာထားသည်။ ဤအစီရင်ခံစာမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် ပဉ္စမအကြိမ်သုတေသနလုပ်ငန်းမှ လေ့လာတွေ့ရှိချက်များကို စာတမ်းပြုစုထားခြင်းဖြစ်ပါသည်။

**ယခင် QSEM အစီရင်ခံစာများနှင့် မတူညီသည်မှာ ဤပဉ္စမအကြိမ်အစီရင်ခံစာတွင် ၂၀၁၂ ခုနှစ် အစောပိုင်းတွင် စတင်ခဲ့သည့် သုတေသနရလဒ်များနှင့်လက်ရှိအချိန်အထိတွေ့ရှိချက်များကို နှိုင်းယှဉ်ဖော်ပြထားပါသည်။** ယခင်အကြိမ်အစီရင်ခံစာများတွင် သက်ဆိုင်ရာသုတေသနကာလတစ်ခုနှင့်တစ်ခုအကြား အပြောင်းအလဲများကိုသာ ဦးတည်ဖော်ပြထားသော်လည်း ဤပဉ္စမအကြိမ်အစီရင်ခံစာတွင်မူ (၃)နှစ်တာကာလအတွင်း ပြောင်းလဲမှုများကို နှိုင်းယှဉ်တင်ပြထားပါသည်။ သို့ဖြစ်၍ ဤအစီရင်ခံစာသည် QSEM လေ့လာမှု (၅)ကြိမ်လုံးနှင့် ယခင် QSEM အစီရင်ခံစာများမှ တွေ့ရှိချက်များပါဝင်လျှက် ကျေးရွာတစ်ရွာချင်းစီအတွက် စုံညီစွာ မှတ်တမ်းတင်ထားသော အချက်အလက်များကို အသုံးပြုထားပါသည်။

## QSEM လေ့လာမှုတစ်လျှောက်လုံးတွင် သိသာထင်ရှားသော ပြောင်းလဲမှုများစွာကို တွေ့ရှိရပါသည်။

(၁) မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ တိုးတက်မှုကိုအမျိုးအစား စုံလင်စွာတွေ့ရှိရသည်။ အချို့သောဒေသများတွင် တိုးတက်မှုများတွေ့ကြုံနေကြပြီး အချို့ဒေသများမှာမူ ထိခိုက်လွယ်နေကြဆဲဖြစ်ပါသည်။ လုပ်အားခများ တိုးတက်လာသော်လည်း လုပ်သားရှားပါးမှုပြဿနာမှာ ဆက်လက်စိန်ခေါ်မှုရှိနေဆဲဖြစ်ပါသည်။

(၂) ချေးငွေလက်လှမ်းမီစေရေးသည် အစိုးရနှင့် အလှူရှင် နှစ်ဦးလုံးမှ ပံ့ပိုးသော အကူအညီများ၏ ဦးတည်ချက် ဖြစ်ပါသည်။ QSEM သုတေသနတွေ့ရှိချက်များအရ ယခုအခါ တစ်နိုင်ငံလုံးရှိ ကျေးရွာများတွင် အတိုးနှုန်းနည်းသော ချေးငွေများကို ပိုမိုလက်လှမ်းမီလာကြသည်။

(၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကိုစတင်ကျင့်သုံးပြီးနောက်တွင် ကျေးရွာအုပ်ချုပ်ရေး စနစ်မှာလည်းပြောင်းလဲခဲ့ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လုပ်ပိုင်ခွင့်များ တိုးတက်ရရှိ လာပြီး ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးများ၏ လွှမ်းမိုးမှုမှာ လျော့နည်းသွားပါသည်။

(၄) ပြည်သူများက အစိုးရနှင့် အစိုးရ၏ ဝန်ဆောင်မှုများအပေါ် မျှော်လင့်ချက်များ ပိုမိုထားရှိလာပြီး ထိုမျှော်လင့်ချက်များကို မဖြည့်ဆည်းပေးနိုင်သည်များ ရှိပါက မကျေနပ်ချက်များကို ထုတ်ဖော်လိုစိတ်ပိုမို ရှိလာကြသည်။

## အသက်မွေးဝမ်းကျောင်းများ

**QSEM မှလေ့လာခဲ့သည့် ကျေးရွာများ၌ စိုက်ပျိုးရေးကဏ္ဍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ပြောင်းလဲမှုများမှာ အမျိုးစုံလင်ပါသည်။**

QSEM မှ လေ့လာခဲ့သည့် ဒေသအချို့တွင် မှတ်သားဖွယ် တိုးတက်မှုများကို တွေ့ရှိရသော်လည်း အခြားဒေသများ၏ စိုက်ပျိုးရေးကဏ္ဍတိုးတက်မှုများမှာ တန့်နေဆဲဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် NGO များ၏ အကူအညီဖြင့် အကျိုးကျေးဇူးများ ရရှိကာ ချေးငွေများကို ပိုမိုလက်လှမ်းမီလာပြီး ချင်းပြည်နယ်တွင်လည်း အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်လာမှုကြောင့် ကျေးရွာအများစုတို့တွင် စိုက်ပျိုးရေးကဏ္ဍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက် လာခဲ့ပါသည်။ တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုလက်လှမ်းမီလာခြင်းမှာ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးတက်စေသော မောင်းနှင်အားတစ်ခုဖြစ်ခဲ့ပါသည်။ သို့ရာတွင် အပူပိုင်းဇုန်နှင့် ရခိုင်ပြည်နယ်တို့ရှိ တောင်သူ လယ်သမားများမှာမူ မကြာခဏကြုံတွေ့ရသော ဈေးကွက်နှင့် ရာသီဥတုဆိုင်ရာ ဖိအားသက်ရောက်မှုများကြောင့် ထိခိုက်လွယ်နေဆဲဖြစ်ကြောင်း QSEM လေ့လာမှုတိုင်းတွင် တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် ရေရှားပါးမှုကြောင့် တောင်သူလယ်သမားများ ထိခိုက်ခဲ့ရသည်။ တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများသည် လုပ်အားခမြင့်မားမှုကြောင့် ထိခိုက်ကြရပြီး ထုတ်လုပ်မှုစွမ်းအားများ ကျဆင်းခဲ့ရာ အချို့သော ဒေသများတွင် အကျိုးအမြတ်ပိုမိုလျော့ နည်းသော်လည်း လုပ်သား လိုအပ်ချက်နည်းပါးသည့် သီးနှံများကို မဖြစ်မနေပြောင်းလဲစိုက်ပျိုးလာကြသည်။

**အလုပ်သမားများအတွက် လုပ်အားခများ မြင့်တက်လာပြီး အိမ်ထောင်စုများစွာတို့အတွက် စိုက်ပျိုးရေးမဟုတ်သော ဝင်ငွေများက ပိုမိုအရေးပါလာကြပါသည်။**

QSEM မှလေ့လာခဲ့သော ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် လုပ်အားခများ (ရုတ်တရက်မဟုတ်ဘဲ) တဖြည်းဖြည်း မြင့်တက်လာကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ သို့ရာတွင် အလုပ်သမားများ၏ စားဝတ်နေရေး အတွက် အားထားနိုင်မည့် လုံလောက်သော အလုပ်လုပ်ရက် ရရှိနိုင်ရန် ခက်ခဲနေဆဲဖြစ်ပါသည်။ လုပ်သားလိုအပ်ချက် မြင့်မားလာသည့်အတွက် လုပ်အားခပေးချေသည့် စနစ်များ ပြောင်းလဲလာကြောင်းလည်း တွေ့ရှိရပါသည်။

အိမ်ထောင်စုများသည် ပြန်လွှဲပို့ငွေများ၊ NGO သို့မဟုတ် အသေးစားငွေချေးလုပ်ငန်းများမှ ချေးငွေများ သို့မဟုတ် အစိုးရ၏ တိုးချဲ့စီမံကိန်းများကြောင့် အရင်းအနှီးရရှိနိုင်မှု တိုးတက်လာသည့်အတွက် စိုက်ပျိုးရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများကို ပိုမိုတွေ့ရှိလာပါသည်။ အချို့သောဒေသများတွင် အစိုးရ၏ ဆောက်လုပ်ရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကြောင့် ဒေသခံ စီးပွားရေး လုပ်ငန်းများကိုလည်း ထိုသို့သော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်စေရန် လှုံ့ဆော်ပေးနေပါသည်။

**ဒေသအားလုံးတို့တွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုများ တစ်ပြေးညီတိုးတက်လာခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အသိသာဆုံး တိုးတက်လာခဲ့ပါသည်။**

၂၀၁၂ ခုနှစ်မှစ၍ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရသည့် တွန်းအားများ စတင်ထွက်ပေါ်လာခဲ့ပါသည်။ QSEM လေ့လာမှု အကြိမ်တိုင်းတွင် တွေ့ရှိချက်များအရစီးပွားရေးအရ ပြင်းထန်သော ထိခိုက်မှုများ (shocks) သို့မဟုတ် ကျေးလက်ဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်နေရသောပြည်သူများအနေဖြင့် ရွှေ့ပြောင်းလုပ်ကိုင်မှုကို ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းတစ်ခုအဖြစ် ဦးစားပေးရွေးချယ်ခြင်း မရှိတော့ကြောင်း မီးမောင်းထိုးပြနေပါသည်။ ယခုအခါ ရွှေ့ပြောင်းလုပ်ကိုင်မှုဆိုသည်မှာ အရင်းအနှီး ရရှိစေသည့် သို့မဟုတ် မိသားစုအသက်ဝမ်းကျောင်းလုပ်ငန်းများကို အမျိုးစုံလင်စေသည့် စီးပွားရေးအခွင့်အလမ်းတစ်ရပ်အဖြစ် ပိုမိုရှုမြင်လာကြပါသည်။ အချို့သော ရွှေ့ပြောင်းလုပ်ကိုင်သည့် အလုပ်များ သို့မဟုတ် နေရာများသည် ဆုံးရှုံးနိုင်ခြေများပြားခြင်း သို့မဟုတ် ပြန်ရငွေ နည်းပါးခြင်းတို့ကြောင့် လူကြိုက်နည်းလာပြီးပြည်သူများအနေဖြင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း၏ ဆုံးရှုံးနိုင်ခြေ များနှင့် အကျိုးအမြတ်များအကြောင်းကို အဓိပ္ပာယ်ရှိရှိ ပိုမိုနားလည်လာကြပါသည်။

**ရွာသူရွာသားများအကြားတွင် မမျှတမှု တိုးလာစေသော ပြောင်းလဲမှုများရှိနေပြီး အချို့သော အုပ်စုများမှာ အသွင် ကူးပြောင်း ရေးလုပ်ငန်းစဉ်မှ ချန်လှပ်ခံရမည့် အလားအလာအချို့ ရှိနေပါသည်။**

QSEM လေ့လာမှုအကြိမ်တိုင်းတွင် တစ်နိုင်တစ်ပိုင် နှင့် အသေးစားငါးဖမ်းလုပ်သားများ၏ နိမ့်ပါးလာသော အခြေအနေများကို တစ်ပြေးညီ တွေ့ရှိခဲ့ရသည်။ ထို့အပြင် အိမ်ထောင်စုများသည် အမျိုးမျိုးသော စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍပြင်ပမှ လုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကို ထိန်းညှိလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိရေးကို ပိုမိုအလေးထားလာကြသော်လည်း အချို့သော အိမ်ထောင်စုများမှာ ထိုသို့သော အခွင့်အလမ်းများမှ အကျိုးအမြတ်များကို ကောင်းမွန် လုံလောက်စွာ မရရှိကြကြောင်း တွေ့ရှိရပါသည်။ ဤဖြစ်ရပ်မျိုးကို အထူးသဖြင့် အရင်းအနှီးနှင့် ထုတ်လုပ်ရေးလုပ်သား နှစ်မျိုးလုံး မရှိသော အိမ်ထောင်စုများတွင် တွေ့ရှိရပါသည်။

ကျေးလက်ဒေသချေးငွေဈေးကွက်သည် သိသာထင်ရှားစွာ ပြောင်းလဲခဲ့ပါသည်။

ကျေးလက်နေပြည်သူများအတွက် ချေးငွေလက်လှမ်းမီမှု သိသာစွာ တိုးတက်လာကြောင်း တွေ့ရှိရသည်။ မှတ်သားဖွယ်အကောင်းဆုံးတိုးတက်မှုများမှာ မြန်မာ့လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (MADB) ကြောင့် ဖြစ်နိုင်ပြီး၊ ပထမအကြိမ်လေ့လာမှုတွင် QSEM ကျေးရွာများ အနက် ၁၃ ရာခိုင်နှုန်းကသာ ချေးငွေများရရှိခဲ့သော်လည်း ပဉ္စမအကြိမ် လေ့လာမှုတွင်မူ QSEM ကျေးရွာများအနက် ၇၀ ရာခိုင်နှုန်း ကျော်အထိ ချေးငွေရရှိလာကြောင်း တွေ့ရှိရပါသည်။ တစ်ဧကအတွက် ချေးယူနိုင်သော ငွေပမာဏမှာလည်း တိုးတက်လာခဲ့ရာ မြန်မာ့လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ချေးငွေများကို စီမံခန့်ခွဲရာတွင် ပြောင်းလွယ်ပြင်လွယ်နည်းလမ်းများ ကို ပိုမိုကျင့်သုံးလာသည့် ပြယုဂ်ဖြစ်ပြီး တောင်သူလယ်သမားများအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။

မြန်မာ့လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အပြင် အလှူရှင်များက ရန်ပုံငွေထောက်ပံ့ပေးထားသော အသေးစားချေးငွေလုပ်ငန်းများ၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများနှင့် မြစိမ်းရောင်စီမံကိန်းကဲ့သို့သော အစိုးရစီမံကိန်းများကလည်း စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အတိုးနည်း ချေးငွေများကို ပိုမိုထောက်ပံ့ ပေးနေပါသည်။ သို့ရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည်သာ အကျယ်ပြန့်ဆုံး ဖြန့်ကျက်ဆောင်ရွက်နိုင်သော ရင်းမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ဘဏ်ချေးငွေများကို မြေယာ မှတ်ပုံတင်လက်မှတ်ရှိထားသူများသို့သာ ကန့်သတ်ချေးပေးနေသောကြောင့် လက်ရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများမှာ ယေဘုယျအားဖြင့် ပိုမိုချမ်းသာသော လယ်သမားကြီးများကိုသာ မျက်နှာသာပေးနေပါသည်။ မြေယာမဲ့များ၊ လူငယ်များနှင့်အမျိုးသမီးများမှာမူ ချေးငွေရရှိရေးအတွက် အခက်အခဲများ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပါသည်။

ထို့အပြင် ချေးငွေရင်းမြစ် အမျိုးအစားအားလုံးတွင် လစဉ်အတိုးနှုန်းများမှာ (အနည်းငယ်သာဖြစ်သော်လည်း) အမှန်တကယ် ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ကျဆင်းရခြင်းမှာ အတိုးနှုန်းနည်းပါးပြီး၊ ပုံစံတကျဆောင်ရွက်သော ချေးငွေရင်းမြစ်များကိုပိုမိုလက်လှမ်းမီလာခြင်းနှင့် ဒေသခံ ငွေချေးစားသူများ သို့မဟုတ် ပုဂ္ဂလိကရေးရင်းနှီးမှုဖြင့် ငွေချေးသူများကဲ့သို့သော အတိုးနှုန်းမြင့်မားသည့် ချေးငွေရင်းမြစ်များအား အားထားမှု လျော့နည်းလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ကျေးရွာအခြေအနေများ

**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ မြင့်တက်လာခြင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍ နိမ့်ကျသွားခြင်း**

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို အကောင်အထည်ဖော်ချိန်မှစ၍ ကျေးရွာအဆင့် အုပ်ချုပ်ရေးနယ်ပယ်တွင် လုပ်ပိုင်ခွင့်နေရာများ ပြောင်းလဲခဲ့ပါသည်။ QSEM တတိယအကြိမ်နှင့် စတုတ္ထအကြိမ်လေ့လာမှုကြား ကာလတွင် လေ့လာခဲ့သော ကျေးရွာအုပ်စုအားလုံး၌ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ပြီး ယခင်လူများအနက် တစ်ဝက်နီးပါးမှာ ဖယ်ရှားခံရပါသည်။ တစ်နိုင်ငံ

လုံးရှိ ဒေသန္တရအဆင့်အုပ်ချုပ်ရေးလုပ်ငန်းများမှာလည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာများသို့ စုစည်းရောက်ရှိသွားခဲ့ပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစာနှင့် တိုးတက်များပြား လာသော အစိုးရ၏ အကူအညီများအပေါ် လွှမ်းမိုးနိုင်မှုမှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ဩဇာအာဏာကို တိုးစေသော မောင်းနှင်အားများဖြစ်ကြောင်း ယခင် QSEM လေ့လာမှုအကြိမ်များတွင် သတ်မှတ် ဖော်ထုတ်ထားပြီး ဖြစ်ပါသည်။ ဤအကြိမ်လေ့လာမှုတွင်လည်း ထိုအချက်ကို ထပ်မံအားဖြည့်ပေးသည့် အချက်အလက်သစ်များ ထပ်မံဖော်ထုတ် နိုင်ခဲ့ရာ အထူးသဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ အနေအထားမှာ ကျေးရွာနှင့် မြို့နယ်အကြားတွင် တစ်ဦးတည်းသော ကြားခံညှိနှိုင်းပေးသူနှင့် သတင်းအချက်အလက်ရင်းမြစ်တစ်ခုဖြစ်နေကြောင်း တွေ့ရှိရပါသည်။

တစ်ဖက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လွှမ်းမိုးနိုင်မှုမှာ ကျဆင်းနေပြီး ဧရာဝတီဒေသ အလယ်ပိုင်း၊ မကွေး၊ မန္တလေး စသည့် တိုင်းဒေသကြီးများနှင့် ချင်း၊ ရခိုင်၊ ရှမ်းစသည့် ပြည်နယ်များတွင် အမျိုးမျိုးကွဲပြားနေကြောင်း တွေ့ရှိရသည်။ တိုင်းဒေသကြီးများရှိ ရွာသူရွာသားများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ အကူအညီများကို တိုက်ရိုက်တောင်းခံနေကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လွှမ်းမိုးနိုင်မှုကို လျော့ကျစေပါသည်။ ချင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင်မူ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ဆက်လက်အားထားနေဆဲဖြစ်သော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများအဖြစ် လုပ်ငန်းဆောင်ရွက်ရန် မက်လုံးများ ပိုမိုနည်းပါးလာပါသည်။

**ကျေးရွာတွင်း လူမှုဆက်ဆံရေးများ စတင်အားနည်းစပြုနေသော လက္ခဏာအချို့ ရှိနေလင့်ကစားလူမှုဆိုင်ရာ အရင်းအနှီးများ ဆက်လက်အားကောင်းနေဆဲဖြစ်ပါသည်။**

အုပ်ချုပ်ရေးစနစ်တွင် အပြောင်းအလဲများရှိနေသော်လည်း၊ယေဘုယျအားဖြင့် မြန်မာနိုင်ငံကျေးလက်ဒေသများတွင် လူမှုဆိုင်ရာအရင်းအနှီးများ ဆက်လက်အားကောင်းနေဆဲဖြစ်ပါသည်။ လေ့လာခဲ့သော ကျေးရွာများအနက် ၈၀ရာခိုင်နှုန်းခန့်တွင် ကောင်းမွန်သော သို့မဟုတ် အလယ်အလတ်ဆက်ဆံရေးအခြေအနေတွင် ရှိနေကြောင်း သုတေသီများက တစ်ပြေးညီ အစီရင်ခံထားပါသည်။ ထိုသို့ တွေ့ရှိထားသော်လည်း ကျေးရွာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရာ၌ လူမှုစီးပွားရေးဆိုင်ရာ အတားအဆီးများ ဆက်လက်ရှိနေပြီး၊ လူမှုစီးပွားရေးအဆင့် ပိုမိုနိမ့်ပါးသည့် အုပ်စုများတွင် လူမှုရေးအရ သိက္ခာကျခြင်းများ ရှိနေသည်ကိုလည်း အစီရင်ခံခဲ့ပါသည်။

တိကျသော အလားအလာလမ်းကြောင်းတစ်ခုဖြင့် ရှင်းလင်းစွာပြနိုင်ခြင်းမရှိသော်လည်း ရွှေ့ပြောင်းနေထိုင်မှုနှင့် ရွှေ့ပြောင်း အလုပ်လုပ်ကိုင်မှုတိုးလာခြင်းနှင့် ကျေးရွာအသိုင်းအဝိုင်းပြင်ပရှိ စီးပွားရေးလုပ်ငန်းများကို ပိုမိုအားထား လာရခြင်းတို့ကြောင့် ကျေးရွာတွင်းရှိ လူမှုဆက်ဆံရေးများမှာ အားနည်းလာနေကြောင်း အကြံပြုချက်များရှိနေပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဩဇာကျဆင်းလာမှုနှင့်အတူ စုပေါင်းလုပ်ငန်းများကို လှုံ့ဆော်ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့နေသော ကျေးရွာအချို့ ရှိလာပါသည်။ ဤအချက်မှာ ထပ်မံ

သုတေသနပြုဆန်းစစ်ရမည့် အလားအလာ တစ်ခုဖြစ်နေပါသည်။

### အခြားသော ကျေးရွာအဆင့် အဖွဲ့အစည်းများအတွက် ပြောင်းလဲမှု အကန့်အသတ်ရှိခြင်း

အခြားသော ကျေးရွာအဆင့်အဖွဲ့အစည်းများမှာ အကန့်အသတ်ဖြင့်သာ ပြောင်းလဲနေပါသည်။ လက်ရှိဖွဲ့စည်း လိုက်သော ကျေးရွာအထောက်အကူပြုကော်မတီများမှာ အစီအစဉ်ကျခြင်းမရှိဘဲ ယင်းကော်မတီများအမှန်တကယ်တည်ရှိနေသည့်နေရာများတွင်ပင် လွှမ်းမိုးနိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။ NGO များက ဦးဆောင်သည့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများမှာ ပုံမှန်အားဖြင့် စီမံကိန်းများ၏ အထူးဦးစားပေးလုပ်ငန်းများကိုသာ ဦးတည်ကြပြီး ကျေးရွာတစ်ရွာလုံး၏ အုပ်ချုပ်မှုစနစ်အပေါ်တွင် အကန့်အသတ်ဖြင့်သာ သက်ရောက်မှုရှိပါသည်။ ကာလရှည်ကြာ ကပင် တည်ထောင်ထားသည့် လူမှုရေးနှင့်ဘာသာရေးအဖွဲ့များမှာလည်း ထိုနည်းတူပင်ဖြစ်ပါသည်။ သို့သော် ကျေးရွာရပ်မိရပ်ဖအဖွဲ့များမှာ သြဇာလွှမ်းမိုးမှု လျော့ကျလာကြောင်း တွေ့ရှိရပါသည်။ ထိုသို့သော ပြောင်းလဲမှုများရှိနေသော်လည်း တစ်ဦးချင်းပုဂ္ဂိုလ်များ၏ သြဇာလွှမ်းမိုးမှု ဆက်လက်တည်မြဲနေပြီး များသောအားဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်အဆင့် အရာရှိများနှင့် ဆက်ဆံရေးအခြေအနေပေါ် မူတည်နေပါသည်။

အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍမှာ ဒေသခံအဖွဲ့အစည်းများအတွက် အဓိက စိန်ခေါ်မှုတစ်ခုဖြစ်နေပြီး ကျေးရွာတွင်းတွင် အမျိုးသမီးများက ခေါင်းဆောင်နေရာ ရယူထားသည့်သာဓကဖြစ်ရပ်များ မရှိသလောက်နည်းပါးသည်။ ပြင်ပမှ အကူအညီစီမံကိန်းများတွင် အမျိုးသမီးများပါဝင်ရန် သတ်မှတ်ထားသော်လည်း ပိုမိုပူးပေါင်းပါဝင်လာခြင်းမျှဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ကို ဆက်စပ်လွှမ်းမိုးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

### ကျေးရွာပြင်ပလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်ခြင်း

**ကျေးလက်နေပြည်သူများသည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းများအတွင်း ၎င်းတို့၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို အသိပေးရာတွင် စွမ်းဆောင်ရည်အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။**

QSEM မှလေ့လာခဲ့သည့် ကျေးရွာများတွင် အစိုးရအကူအညီမှာ အကြိမ်တိုင်းတွင် သိသာစွာတိုးတက်လာရာ၊ အထူးသဖြင့် ပညာရေး၊ ဒေသတွင်းအခြေခံအဆောက်အဦနှင့် ချေးငွေလက်လှမ်းမီစေရေးစီမံကိန်းများတွင် မှတ်သားဖွယ် တိုးတက်ခဲ့ပါသည်။ သို့ရာတွင် ထိုအကူအညီများကို ယေဘုယျအားဖြင့် အထက်မှ ဆုံးဖြတ်ပြီး ကျေးလက်ပြည်သူများအနေဖြင့် မည်သည့်အကူအညီကို လက်ခံရယူလိုသည်၊ မည်သို့ ဦးတည်ဆောင်ရွက်မည်တို့ကို လွှမ်းမိုးဆွေးနွေးနိုင်သည့် စွမ်းဆောင်ရည်မှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။ အစိုးရအကူအညီနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများစွာတို့ကို မြို့နယ် အဆင့်တွင် ပြုလုပ်ကြပြီး ရွာသူရွာသားအများစု၏ လူနေမှုဘဝများနှင့် များစွာကွာဟနေပါသည်။ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီသည် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်စားပြုရန်

တာဝန်ပေးထားခြင်း ဖြစ်သော်လည်းယေဘုယျအားဖြင့် ယင်းကော်မတီမှာ မြို့နယ်ရှိ အချက်အချာနေရာများနှင့် နီးကပ်စွာ နေထိုင်သော ဒေသခံ ထိပ်ပိုင်းအလွှာများနှင့်သာ ဖွဲ့စည်းထားလေ့ရှိသည်။

**ရွာသူရွာသားများသည် အစိုးရဝန်ဆောင်မှုများအပေါ် မျှော်လင့်ချက်များ ပိုတိုးလာပါသည်။**

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ရွာသူရွာသားများ၏ မျှော်လင့်ချက်များ တိုးတက်လာခဲ့ပါသည်။ ပြည်သူများအနေဖြင့် ယခုအခါ အစိုးရဝန်ဆောင်မှုများကို အဆင့်မြင့်မြင့် ရရှိရန် မျှော်လင့်နေပြီး သူတို့၏ မျှော်လင့်ချက်များ ပြည့်မီခြင်းမရှိဟု ခံစားရသောအခါတွင် သူတို့၏ မကျေနပ်မှုများကို ထုတ်ဖော်ပြောဆို လိုစိတ်ပိုမိုရှိလာပါသည်။ ဤပြောင်းလဲမှုကြောင့် (နိုင်ငံရေးပါတီများနှင့် တက်ကြွလှုပ်ရှားသူ အဖွဲ့အစည်း နှစ်မျိုးလုံးပါဝင်သည့်) ဒေသတွင်း အကျိုးစီးပွား ဖော်ဆောင်ရေးအုပ်စုများအတွက် ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ လှုံ့ဆော်ဆောင်ရွက်ရန် အခွင့်အလမ်းတစ်ရပ် ဖန်တီးပေးလျှက်ရှိပါသည်။

**LIFTသည် QSEM မှလေ့လာခဲ့သည့် ကျေးရွာများတွင် အကူအညီများထောက်ပံ့ပေးနေသည့် အဓိကအလှူရှင် တစ်ဦးအဖြစ် ဆက်လက်တည်ရှိနေပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ စီမံကိန်းများစွာတို့အတွက် အကူအညီများမှာ အချိန်နှင့်အမျှ သိသာသော ပြောင်းလဲမှုများ ရှိနေပါသည်။**

QSEM မှလေ့လာခဲ့သည့် ကျေးရွာအားလုံးတို့အတွက် အကူအညီစုစုပေါင်းမှာ အချိန်တိုင်းတွင် တူညီနေဆဲဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်မူ သိသာထင်ရှားသော အတက်အကျများ ရှိခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်စိတ်တစ်ပိုင်းအားဖြင့် လူသားချင်းစာနာထောက်ထားသော စီမံကိန်းများ လျော့ကျလာခြင်း၏ အကျိုးဆက်ကြောင့် အလှူရှင်စီမံကိန်းများ သိသာစွာလျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။ ချင်းပြည်နယ်မှာမူ ခြွင်းချက်အနေဖြင့် LIFT နှင့် မိတ်ဖက်အဖွဲ့များက ထောက်ပံ့ပေးသော အကူအညီများမှအပ အခြားသော အကူအညီများကို လက်လှမ်းမမီသောကြောင့် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (VDCs) များမှာ ရေရှည်တည်တံ့မှု မရှိဘဲ များသောအားဖြင့် စီမံကိန်းပြီးဆုံးသွားသည်နှင့် အစည်းပြေသွားကြပါသည်။ ရလဒ်အနေဖြင့် အလှူရှင်စီမံကိန်းများမှ ဖော်ဆောင်လိုက်သော လုပ်ငန်းစဉ်များအရ ကျေးရွာ၏ အုပ်ချုပ်ရေးစနစ်ကို ပိုမိုခိုင်မာ ဖွံ့ဖြိုးစေရန် အောင်မြင်စွာ ပံ့ပိုးပေးနိုင်သော သာဓကများမှာ အနည်းငယ်သာ ရှိနေပါသည်။

## သုံးသပ်အကြံပြုချက်များ

**ပြည်သူအုပ်စုများသည် ၎င်းတို့ ရရှိနိုင်သော အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများအား မည်သို့ ဟန်ချက်ထိန်းညှိလုပ်ကိုင် နေကြောင်းကို ပိုမိုပြည့်စုံစွာနားလည်ရန် ဖော်ထုတ်လေ့လာရပါမည်။**

ကျေးရွာများနှင့် အိမ်ထောင်စုများသည် နည်းပါးသော်လည်း အမှန်တကယ်ရှိနေသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်မှုများကို လက်လှမ်းမီလာကြပြီး ယေဘုယျအားဖြင့် စားနပ်ရိက္ခာဖူလုံမှု သေချာစေရေး၊ ပြင်းထန်သော ထိခိုက်မှု (shocks) များကို ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ရေးနှင့် အရင်းအနှီးရရှိစေရေးတို့အတွက် ထိုအခွင့်အလမ်းများကို ဟန်ချက်ထိန်းညှိဆောင်ရွက်နေကြပါသည်။ ဖွံ့ဖြိုးရေး ဆောင်ရွက်သူများအနေဖြင့် လက်ရှိအခြေအနေတစ်ရပ်တွင် မည်သည့် လုပ်ငန်းများ သို့မဟုတ် မည်သည့် ပေါင်းစပ်လုပ်ငန်းများက စီးပွားရေးကောင်းကျိုးကို အမြင့်ဆုံးတိုးတက်စေရန် ထောက်ပံ့ပေးနိုင်မည်ကို သတ်မှတ်ဖော်ထုတ်နိုင်ရန် အရေးကြီးပါသည်။

### ထိရောက်သော လူမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း

ဖွံ့ဖြိုးရေးဆောင်ရွက်သူများသည် အထူးသဖြင့် လက်ရှိဖြစ်ပေါ်နေသော အသွင်ကူးပြောင်းမှုများမှ အကျိုးကျေးဇူး ခံစားရမှု နည်းပါးသော သီးခြားအုပ်စုများကို ဦးတည်ဖော်ထုတ်၍ ထိုအုပ်စုများကိုပံ့ပိုးကူညီပေးနိုင်ရန်အတွက်ထိရောက်သောလူမှုကာကွယ်ရေးလုပ်ငန်းစဉ်များ သို့မဟုတ် ဝင်ငွေရရှိရေးလုပ်ငန်းစဉ်များကို တည်ထောင်ရန် ကူညီပေးသင့်ပါသည်။

### ကျေးရွာအုပ်ချုပ်ရေးစနစ်၏ ဖွဲ့စည်းတည်ဆောက်မှုများကို ပြန်လည် ဆန်းစစ်လေ့လာခြင်း

လက်ရှိ အုပ်ချုပ်ရေးစနစ်များသည် ရွာသူရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို လုံလောက်စွာထောက်ပံ့ပေးနိုင်ခြင်းမရှိကြောင်း သာဓကများကို တိုးတက်တွေ့ရှိရပါသည်။ အဆုံးစွန်အားဖြင့် လက်ရှိ ကြီးကြပ်ရေးမူဘောင်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး ရွာသူရွာသားများ၏ လိုလားချက် အသံများကို ပိုမိုထုတ်ဖော်နိုင်၍ တာဝန်ယူမှုတိုးတက်စေသော ထိရောက်သည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဖော်ထုတ် ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဤလုပ်ငန်းတွင် ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးများ၏ ဩဇာအာဏာကို ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီကဲ့သို့သော အခြားကိုယ်စားပြုအဖွဲ့အစည်းအချို့ကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်နိုင်ပါသည်။ ထို့အပြင် ကျေးရွာများအနေဖြင့် မြို့နယ်အဆင့်မှ သတင်းအချက်အလက် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အကျိုးဆက်စပ်သူအမျိုးမျိုးတို့၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းစွာ သတ်မှတ်ပေးခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

## မြို့နယ်အဆင့်တွင် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း

မြန်မာနိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အရ၊ အရေးပါသော ဒေသန္တရအဆင့် ဖွံ့ဖြိုးရေး ဆုံးဖြတ်ချက်များကို မြို့နယ်အဆင့်တွင် အစိုးရအရာရှိများ သို့မဟုတ် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီကချမှတ်ပေးနေပါသည်။ သာဓကဖြစ်ရပ်များအရ မြို့နယ်များ စွာတို့တွင် စီမံကိန်းများကို အကောင်အထည် ဖော်နိုင်သည့် စွမ်းဆောင်ရည်မရှိခြင်း သို့မဟုတ် ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် ကျေးရွာများကို ပါဝင်စေနိုင်သည့် စွမ်းဆောင် ရည်မရှိခြင်းတို့ကို တွေ့ရှိရပါသည်။ အနာဂတ်ကာလ ဖွံ့ဖြိုးရေးအကူအညီများသည် မြို့နယ် အဆင့်နှင့် ကျေးရွာအဆင့်တို့အကြား ချိတ်ဆက်ဆောင်ရွက်မှုများအပေါ် အာရုံစိုက် ဆောင်ရွက် ရန် အရေးကြီးပါသည်။

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှုအစီရင်ခံစာ - **ဒီဇင်ဘာ ၂၀၁၅**

## အခန်း ၁
## စတင်မိတ်ဆက်ခြင်း

## အခန်း(၁) - နိဒါန်း
## ကျေးရွာတစ်ရွာ၏နောက်ခံအကြောင်း-ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မှ ဤကျေးရွာသည် QESM သုတေသနအဖွဲ့သွားရောက်လေ့လာခဲ့သော သုံးနှစ်အတွင်း သိသာသော တိုးတက်ပြောင်းလဲမှုများစွာ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ ကျေးရွာသည် လူဦးရေ (၅၁၅)ဦးခန့် ရှိပြီး အိမ်ထောင်စု (၁၁၅)စုခန့် ရှိပါသည်။ အိမ်ထောင်စု၏ ၁၃ ရာခိုင်နှုန်းခန့်ကို အမျိုးသမီးများက ဦးဆောင်ပါသည်။

ဤကျေးရွာတွင် ပြောင်းဖူးစိုက်ပျိုးမှုများစွာ တိုးတက်လာပါသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်း အထိ စပါးကို အဓိကထား စိုက်ပျိုးကြပြီး အခြားဝင်ငွေရရှိရန် ပြောင်းဖူး၊ ကန်စွန်းဥ၊ မုန်လာဥနီ စသည်တို့ကို စိုက်ပျိုးကြပါသည်။ ပြောင်းဖူးဈေး ကောင်းမွန်လာခြင်းကြောင့် တောင်သူများ က မြေလွတ်များကို ရှင်းလင်းစိုက်ပျိုးလာကြရာ ဒုတိယအကြိမ် QSEM လေ့လာမှုတွင် ပြောင်းဖူး (၁၇၄) ဧကခန့်သာစိုက်ပျိုးကြသော်လည်းယခု ပဉ္စမအကြိမ် QSEM လေ့လာမှုတွင် ပြောင်းဖူးစိုက်ပျိုးသည့်ဧကမှာ (၂၅၀)ဧက အထိတိုးတက်လာပါသည်။ စပါးစိုက်ပျိုးသည့်ဧက မှာ (၈၆)ဧကမှ (၁၃)ဧကသို့ လျော့ကျသွားပြီး ယခုနောက်ဆုံးရာသီတွင် အိမ်ထောင်စု (၃) စု သို့မဟုတ် (၄) စုသာ စပါးစိုက်ပျိုး ကြပါသည်။ ပြောင်းဖူးအများစုကို ကြက်မွေးမြူရေးအစာ အတွက် စိုက်ပျိုးကြပြီး ပွဲစားများမှတဆင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချပါသည်။ ပြောင်းဖူး စိုက်ပျိုးသူ များပြားလာသည်နှင့်အမျှ ပွဲစားများသည် ငွေကြိုပေးရန် အခက်အခဲရှိလာ ပြီး တောင်သူလယ်သမားများက ပြောင်းဖူးများ ရောင်းချပြီးသည်အထိ စောင့်ဆိုင်းရသည့် အခြေအနေသို့ရောက်ရှိလာပါသည်။ ပြောင်းဖူးစိုက်ပျိုးခြင်းကြောင့် အကျိုးအမြတ်ရရှိ ကြောင်းကို တီဗွီနှင့် အခြားအသုံးအဆောင်ပစ္စည်းများ အသစ်ဝယ်ယူတပ်ဆင်နိုင်သည့် လယ်သမားများ၏ အိမ်အရေအတွက်ကို ကြည့်ခြင်းဖြင့်သိရှိနိုင်ပါသည်။ တောင်သူလယ်သမား အများအပြားသည် လယ်ထွန်စက်များဝယ်ယူသုံးစွဲ လာကြပြီး အကျိုးဆက်အားဖြင့် လယ်ယာ လုပ်ငန်းအတွက် ကျွဲနွားများအပေါ်မှီခိုမှုနည်းလာပြီး စားကျက်မြေ အသုံးပြုမှုလည်း နည်းလာ ပါသည်။

အဆိုပါကျေးရွာပတ်ဝန်းကျင်တွင် တပ်ရင်း(၃)ခု အခြေချထားခြင်းကြောင့် ၁၉၈၀ ခုနှစ်များမှ စတင်၍ ကျေးရွာမြေများကို တပ်ပိုင်မြေအဖြစ် သိမ်းထားပါသည်။ အစောပိုင်း QSEM လေ့လာမှုများတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် ရွာသူရွာသားများသည် လူးသာ လွန့်သာရှိလာပြီး သိမ်းဆည်းခံကျေးရွာမြေအချို့တွင် လုပ်ကိုင်စားသောက်ခွင့်ရရှိလာ ပါသည်။ ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် တပ်ရင်းတစ်ခုက သိမ်းဆည်းထားသည့် လယ်မြေဧက (၆၀) ကျော်ကို မူလပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။ အမျိုးသမီးဖြေကြားသူ တစ်ဦးက သူမ၏မိသားစုထံသို့ လယ်မြေ(၁၀)ဧက ပြန်လည်အပ်နှံသည့် အထောက်အထား စာရွက်စာတမ်းများကို သုတေသနပြုသူများအား ဂုဏ်ယူစွာပြခဲ့ပါသည်။

*"အပ်ချုပ်ရေးမှုးလုပ်ရတာမလွယ်ပါဘူးဗျာ။ အလုပ်ကတအားရှုပ်တာ၊ ပြီးတော့လခရတာ မဟုတ်ဘူး။ ဒါပေမယ့် အုပ်ချုပ်ရေးမှုးမရှိရင် မလွယ်ဘူး၊ ဘာလို့လဲဆိုတော့ လူတွေက*

*အမြင်အမျိုးမျိုးရှိကြတယ်လေ။"*

ကျေးရွာအဆင့်တွင် အုပ်ချုပ်ရေးမှူးတစ်ဦး ရွေးချယ်တင်မြှောက်ရန် တဖြည်းဖြည်း ခက်ခဲလာပါသည်။ ထိုအလုပ်ကို စိတ်ပါဝင်စားသူ အလွန်နည်းသည်။ တတိယအကြိမ် QSEM လေ့လာချိန်တွင် အဆိုပါကျေးရွာ၌ အုပ်ချုပ်ရေးမှူးမရှိပါ။ အုပ်ချုပ်ရေးမှူးမရှိခြင်းကြောင့် မြေယာပြဿနာများညှိနှိုင်းဖြေရှင်းခြင်း၊ မြို့နယ်အဆင့်နှင့်ချိတ်ဆက်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့သည်။ ကျေးရွာရှိ ဆရာတော်တစ်ပါးက အုပ်ချုပ်ရေးမှူး အသစ်တစ်ဦးရွေးချယ်ရန် ကျေးရွာအစည်းအဝေးခေါ်သင့်ကြောင်း ရပ်မိရပ်ဖများကို အကြံပြုခဲ့ပါသည်။ ယခင် ကျေးရွာအုပ်ချုပ်ရေးမှူးမှာ တစ်နှစ်သာဆောင်ရွက်ပေးရန် နားလည်မှုဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

ဤကျေးရွာမှာ ပဋိပက္ခဇရိယာတွင် တည်ရှိသော်လည်း ရွာသူရွာသားအများစုမှာ အခြားတိုင်းရင်းသားများ ဖြစ်သောကြောင့် ကြားနေအဖြစ်သာရပ်တည်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင်မူ အနည်းငယ် ပြောင်းလဲလာပါသည်။ လက်နက်ကိုင် အဖွဲ့အစည်းမှ ငွေကြေးအထောက်အပံ့ပေးရန် ပထမအကြိမ်အဖြစ် တောင်းဆိုလာခြင်းကြောင့် ကျေးရွာပိုင် သဘာဝအရင်းအမြစ်အချို့ကို ရောင်းချ၍ အဆိုပါတောင်းဆိုငွေကို ပေးဆောင်ခဲ့ရပါသည်။ အပစ်အခတ်ရပ်စဲရေးကြောင့် အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းများသည် မြို့နှင့်နီးသည့် ကျေးရွာများအထိ ပိုမိုလွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ကြကြောင်း အချို့က ယူဆကြပါသည်။

ဤကျေးရွာသည် ပြင်ပမှ ကူညီထောက်ပံ့မှုများ လက်လှမ်းမီရေး ဆောင်ရွက်ရာတွင် အတော်အသင့် အောင်မြင်ပါသည်။ ပညာရေးနှင့် အသေးစားချေးငွေလုပ်ငန်းတွင် ပံ့ပိုးကူညီပေးနေသောအလှူရှင်တစ်ဦးနှင့် ရေရှည်ပူးတွဲဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အသေးစားချေးငွေလုပ်ငန်းများသည် ပြောင်းဖူး စတင်စိုက်ပျိုးနိုင်ရေးအတွက်များစွာ အထောက်အကူပြုနိုင်ခဲ့ပါသည်။ ထိုချေးငွေလုပ်ငန်းများကို နောက်ပိုင်းတွင် သမဝါယမဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ လတ်တလောတွင် အစိုးရစီမံကိန်းများ တိုးမြှင့် ဆောင်ရွက်လာခြင်းကြောင့် ပို၍ဆင်းရဲသော အိမ်ထောင်စုများအား နေရောင်ခြည်သုံးဆိုလာပြားများ ဖြန့်ဝေပေးခြင်း၊ ရေရရှိရေးအတွက် ရေပိုက်လိုင်းအသစ်တစ်ခု တပ်ဆင်ပေးခြင်း စသည်တို့ကို တွေ့ရှိခဲ့ရပါသည်။

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း (QSEM) သုတေသနအစီအစဉ်သည် မြန်မာနိုင်ငံ၏ ကျေးလက်လူနေမှုဘဝအား စောင့်ကြည့်လေ့လာရန်နှင့် နားလည် သဘောပေါက်ရန် ရည်ရွယ်ပါသည်။ ဤသုတေသနသည် ကျေးလက်နေပြည်သူများ မည်သို့ အသက်မွေးဝမ်းကျောင်း ပြုသည်ကိုလည်းကောင်း၊ ထိုသို့အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့်စွမ်းရည်ကို ပိုမိုကျယ်ပြန့်သော မည်သည့်အချက်များက ပံ့ဖော်ပေးသည်ကို လည်းကောင်း၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများကပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်မှုများနှင့် ရလဒ်များအပေါ်မည်သို့ သက်ရောက်သည်ကိုလည်းကောင်း လေ့လာဆန်းစစ်ထားပါသည်။ ထိုသို့ဆန်းစစ်ရာတွင် မည်သို့သော ပြင်ပ အထောက်အပံ့များက

ဒေသအခြေအနေနှင့် ကိုက်ညီပြီး အောင်မြင်နိုင်ခြေရှိကြောင်း နားလည်သဘောပေါက်စေရန် ရည်ရွယ်ပါသည်။

## သုတေသနလုပ်ငန်း၏ နောက်ခံအကြောင်းအရာ

QSEM သုတေသနဆောင်ရွက်သည့် အချိန်သည် မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့်နိုင်ငံရေး လျင်မြန်စွာ ပြုပြင်ပြောင်းလဲနေသော ကာလနှင့် တိုက်ဆိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် စတင်ဆောင်ရွက်ပြီးများမကြာမီ ၂၀၁၂ ခုနှစ် မတ်လမှ မေလ အတွင်း ပထမအကြိမ် QSEM သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်မှစတင်၍ တိုင်းဒေသကြီး (၃)ခုနှင့် ပြည်နယ်(၃)ခုအတွင်း စုစုပေါင်း ကျေးရွာ (၅၄) ရွာသို့ သုတေသန ဆောင်ရွက်ရန်အတွက် (၄)ကြိမ်စီသီးခြားသွားရောက်လေ့လာခဲ့ပါသည်။ နောက်ဆုံးအကြိမ် သုတေသနမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးသတ်ခဲ့ပါသည်။ သုတေသန ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တည်ရှိပါသည်။

၂၀၁၂ ခုနှစ်အစောပိုင်းတွင် စတင်ခဲ့သည့် QSEM သုတေသနကာလတွင် မြန်မာနိုင်ငံ ၏ ကျေးလက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပြဿနာများစွာဖြင့် အကျပ်အတည်း တွေ့နေခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လုပ်သားအင်အား သုံးပုံနှစ်ပုံခန့်မှာ စိုက်ပျိုးရေးကဏ္ဍ တွင် လုပ်ကိုင်နေကြသော်လည်း ၂၀၀၉ ခုနှစ် ကျေးလက်ဒေသ အခြေအနေကို 'ပြိုပျက်လု နီးပါးအခြေအနေတစ်ခု' အဖြစ် ဖော်ပြခဲ့ကြပါသည်။[1] စပါးနှင့် ပဲအမျိုးမျိုးကဲ့သို့သော အဓိက သီးနှံများမှ အကျိုးအမြတ်မှာ အလွန်နည်းပါးခဲ့ပါသည်။ တောင်သူလယ်သမားများသည် အကြွေးများစွာတင်နေသည့်အပြင် ပုဂ္ဂလိကငွေချေးသူများ ထံမှလွဲ၍ အခြားနည်းလမ်း ဖြင့် ချေးငွေရရှိရန် အလွန်ခက်ခဲပါသည်။ သီးနှံဈေးနှုန်းများသည်လည်း ငွေကြေးဖောင်းပွမှု နှင့် ထိရောက်မှုမရှိသော စိုက်ပျိုးရေးကဏ္ဍ တန်ဖိုးကွင်းဆက် (value chain) များကြောင့် ကျဆင်းခဲ့ပါသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူလယ်သမားများသည် နာဂစ် မုန်တိုင်းဒဏ်မှ နာလန်ထူနိုင်ရန် ကြိုးစားနေရဆဲဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ လူဦးရေ၏ လေးပုံတစ်ပုံခန့်မှာ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်နေရဆဲဖြစ်ပါသည်။[2]

ကျေးရွာများရှိ လူမှုဆိုင်ရာအရင်းအနှီးများသည် အလွန်ခိုင်မာကြောင်း ရှုမြင်ပါသည်။ အကူး အပြောင်းမတိုင်မီ ကာလကမူ ကျေးရွာများအနေဖြင့် ပြင်ပမှ ဖွံ့ဖြိုးမှု အရင်းအမြစ်များ ကို အကန့်အသတ်ဖြင့်သာ ရယူနိုင်ခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ကျေးရွာများသည် ၎င်းတို့၏လိုအပ်ချက်များကို ကိုယ်တိုင်သာဖြည့်ဆည်းနေရပါသည်။ ထိုအခြေအနေများက မြန်မာနိုင်ငံကျေးရွာများရှိ လူမှုဆိုင်ရာ အရင်းအမြစ်များကို ပိုမိုအားကောင်းစေရန် တွန်းအား ပေးခဲ့ပုံပေါ်ပါသည်။ ကျေးလက်နေ ပြည်သူများသည် ၎င်းတို့ဒေသ၏ ဖွံ့ဖြိုးရေးဦးစားပေးလုပ် ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြပြီး လိုအပ်နေသူများအတွက် မိမိတို့ကျေးရွာ အသိုင်းအဝိုင်းသည်သာ အခြေခံလူမှုကာကွယ်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ခဲ့ပါသည်။[3]

1. Dapice, Vallely& Wilkinson ၏ (၂၀၀၉)ခုနှစ်၊ "မြန်မာနိုင်ငံ၏ စိုက်ပျိုးစီးပွားရေးလေ့လာဆန်းစစ်မှု" ကို ကြည့်ပါ။
2. ကမ္ဘာ့ဘဏ်၏ (၂၀၁၄)ခုနှစ်၊ "Ending Poverty and Boosting Shared Prosperity in a Time of Transition"ကို ကြည့်ပါ။
3. (၂၀၀၈)ခုနှစ်တွင် ထုတ်ပြန်သည့် Tripartite Core Group ၏ "နာဂစ်အလွန် ပူးတွဲလေ့လာဆန်းစစ်ချက်အစီရင်ခံစာ"ကို ကြည့်ပါ။

တစ်စိတ်တစ်ပိုင်းအားဖြင့် ပြင်ပမှ ဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးရေး ရင်းမြစ်များ ရှားပါးခြင်းကြောင့် ဤကဲ့သို့သော လူမှုဆိုင်ရာ အရင်းအနှီးများကို လိုအပ်နေခြင်းဖြစ်ပါသည်။ ကျေးရွာများသည် အဆင့်မြင့်အစိုးရပိုင်းထံမှ အရင်းအမြစ်များကို လက်လှမ်းမီရန် အခွင့်အလမ်းနည်းပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း အပြီးတွင် မြစ်ဝကျွန်းပေါ်ဒေသ သို့လည်းကောင်း၊ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းအပြီးတွင် ရခိုင်ပြည်နယ်သို့လည်းကောင်း နိုင်ငံတကာ အဖွဲ့အစည်းများမှ အထောက်အပံ့များ ဝင်ရောက်လာပါသည်။

ထိုအခြေအနေများမတိုင်မီအထိ ကျေးရွာများသည် အလှူရှင် အသိုင်းအဝိုင်း၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ အတွေ့အကြုံ အလွန် နည်းပါသည်။ LIFT၏ အကူအညီစတင်ပေးသည့်အချိန်မှစ၍ ကျေးရွာများစွာတို့တွင် LIFT၏ မိတ်ဖက်အကောင်အထည်ဖော်သည့် အဖွဲ့များကသာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ထောက်ပံ့နေကြပါသည်။

ကျေးရွာအဆင့်တွင် ကျေးလက်အသက်မွေးကျောင်းစနစ်များ ပြောင်းလဲလာကြောင်း QSEM သုတေသနအတွင်း လေ့လာတွေ့ရှိခဲ့ရာ ထိုပြောင်းလဲမှုများကို ပိုမိုကျယ်ပြန့်သော အကြောင်းအရာများဖြင့် အသိပေးရန် လိုအပ် လာပါသည်။ ၂၀၁၂ ခုနှစ် အစောပိုင်းမှ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်း သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှု အကြောင်းအရာများတွင် QSEM သုတေသနကို ဆောင်ရွက်နိုင်ခြင်းမှာ အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပိုမိုသိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြထားပါသည်။

နိုင်ငံအဆင့်ဥပဒေဆိုင်ရာပြောင်းလဲမှုများဖြစ်ပေါ်လာခဲ့ပြီး၊ထိုပြောင်းလဲမှုများကြောင့်ဒေသန္တရအဆင့်တွင် ကျယ်ပြန့်သော သက်ရောက်မှုများရှိလာပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကို လွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာအုပ်ချုပ်ရေး စနစ်များကို ကျယ်ပြန့်စွာ ပြန်လည်သတ်မှတ်ပေးခဲ့ပါသည်။ ဤဥပဒေအရ ယခင်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကိုမြို့နယ်အဆင့်က ခန့်အပ်သော်လည်း ယခုအခါကျေးရွာများက ၎င်းတို့၏ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ကိုယ်တိုင်ရွေးနိုင်ရန် ပုံစံသတ်မှတ်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ ဥပဒေက ရာအိမ်မှူး ( ကျေးရွာဥက္ကဋ္ဌ ဟုအများကသိထားသည်) နေရာကိုလည်း ဖယ်ရှားခဲ့ပါသည်။ ဤဥပဒေ အမှန်တကယ်သက်ရောက်မှုကို တတိယအကြိမ် QSEM လေ့လာမှုတွင် ရှင်းလင်းစွာ တွေ့ရှိခဲ့ရပြီး ပထမအကြိမ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင်ပင်ပြည်ထောင်စုလွှတ်တော်သည် မြေယာစီမံခန့်ခွဲမှုပုံစံများ ပြောင်းလဲခြင်းနှင့် ပုဂ္ဂလိကမြေယာ ပိုင်ဆိုင်မှုပေးခြင်းဆိုင်ရာ ဥပဒေ (၂)ခုကို ပြဋ္ဌာန်းခဲ့ပါသည်။ လယ်ယာမြေဥပဒေသည် လယ်သမားများ၏ အမည်ဖြင့် မြေအသုံးပြုခွင့် မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားနိုင်သည့် အခွင့်အရေးပေးထားခြင်းကြောင့် ပုဂ္ဂလိက မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်ဖြစ်လာစေရန် ထိရောက်စွာအကူအညီပေးနိုင်ခဲ့ပါသည်။

ထိုဥပဒေက မြေယာပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို မှတ်တမ်းတင်ထားပြီး စီမံခန့်ခွဲပေးသည့်စနစ်အသစ်များကိုလည်း ဖန်တီးပေးထားသည့်အပြင် မြေယာများကို မဖြစ်မနေသိမ်းဆည်းရပါကလျော်ကြေးရပိုင်ခွင့်ကိုလည်းပြဋ္ဌာန်းထားပါသည်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင်လည်း ပြည်သူများအား မြေလွတ်၊ မြေလပ် သို့မဟုတ် မြေရိုင်းများကို အစိုးရထံမှ ငှားရမ်းခွင့်ပေးထားပြီး လက်ရှိအမှန်တကယ်အသုံးချနိုင်ကြောင်း သက်သေပြနိုင်သည့်မြေကို လယ်သမားများက မှတ်ပုံတင်လျှောက်ထားခွင့်ပေးထားပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင်လည်း ကျေးရွာအဆင့်အထိ သက်ရောက်မှုရှိသော မူဝါဒဆိုင်ရာ အဓိက ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် တုန့်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်အစောပိုင်းတွင်ပင်မြန်မာနိုင်ငံသည် နိုင်ငံခြားငွေကြေးအတက်အကျအတွက်ဗဟိုဘဏ်မှ ပါဝင်ထိန်းချုပ်ပေးသော "Managed float" စနစ်ကို မိတ်ဆက်ကျင့်သုံး၍ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေ လဲလှယ်မှုကို ကြီးကြပ်သော ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်။ ထိုပြောင်းလဲမှုသည် သဘာဝသယံဇာတများမှ ရရှိငွေများဖြင့် နိုင်ငံဘဏ္ဍာငွေကို ထပ်ဆောင်းဖြည့်တင်းပေးနိုင်သဖြင့်အပေါင်းလက္ခဏာဆောင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် အသေးစား ငွေရေးကြေးရေး ဥပဒေပြဋ္ဌာန်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း မူဘောင်များကို ပြင်ဆင်မှုများကြောင့် ချေးငွေ လက်လှမ်းမီမှုတွင်များစွာတိုးတက်လာပါသည်။

အခြားအရေးပါသော မူဝါဒပြုပြင်ပြောင်းမှုများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်း ကိုဈေးကွက်ဖွင့်ပေးခြင်းတို့ ပါဝင်ပါသည်။ ထိုမူဝါဒအသစ်များသည် မြန်မာနိုင်ငံကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူလူထု၏ လူနေမှုဘဝကို တိုက်ရိုက်ဦးတည်ထားခြင်း မဟုတ်သော်လည်း ကျေးရွာအဆင့်အထိ သက်ရောက်မှုများ ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းပြီး နောက်တစ်နှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာသန်း (၃၀၀)မှ သန်းပေါင်း (၁၄၀၀) အထိ မြင့်တက်လာပြီး အစိုးရခွင့်ပြုခဲ့သော စီမံကိန်းသစ် အများအနက် (၈၀)ရာခိုင်နှုန်းမှာ ကုန်ထုတ် စက်ရုံများဖြစ်သောကြောင့် ကျေးလက်ဒေသမှ မြို့ကြီးများသို့ ရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်အရင်းအမြစ် ဖြစ်လာပါသည်။[4] (၂၀၁၄) ခုနှစ်တွင် ဆက်သွယ်ရေးဈေးကွက်ကို ဖွင့်ပေးလိုက်ခြင်းကြောင့် ဖုန်းဈေးနှုန်းများ ကျဆင်းလာပြီး ကျေးလက်နေ ပြည်သူအများအပြား မိုဘိုင်းဖုန်းများသုံးစွဲလာနိုင်ကာ ၎င်းတို့၏ အရေးပါသော စီးပွားရေးနှင့်လူမှုရေးကိစ္စများအပေါ် သက်ရောက်မှုရှိလာပါသည်။

ထိုပြောင်းလဲမှုများသည် မြန်မာနိုင်ငံ ကျေးလက်နေပြည်သူလူထုများ၏ လူနေမှုဘဝများတွင် အစိုးရ၏ ပါဝင်မှုအခန်းကဏ္ဍပြောင်းလဲလာပုံကို ညွှန်ပြနေပါသည်။ အခြေခံဝန်ဆောင်မှုများထောက်ပံ့ပေးရန်နှင့် ဒေသန္တရအခြေခံအဆောက်အဦများတည်ဆောက်ပေးရန်အတွက်အစိုးရဘတ်ဂျက်ငွေမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစတင်၍ တိုးမြင့်ခဲ့လာပါသည်။ ကျန်းမာရေးဘတ်ဂျက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အစိုးရဘတ်ဂျက်၏ (၃) ရာခိုင်နှုန်းအထိ သုံးဆတိုးမြှင့်သုံးစွဲခဲ့ပြီး ပညာရေးဘတ်ဂျက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၃၁၀,၀၀၀) မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း

4. (၂၀၁၄)ခုနှစ်၊ Cheesmanet al ၏ Debating Democratization in Myanmar **အစီရင်ခံစာမှ** Engvall **နှင့်** Nandar Linn **၏**, "Myanmar Economic Update: Macro-economy, Fiscal Reform and Development Options" **အခန်းကို ကြည့်ပါ။**

ပေါင်း (၁.၄) သန်းအထိ တိုးမြှင့်သုံးစွဲခဲ့ပါသည်။ သို့သော် တစ်နိုင်ငံလုံးအတွက် ဘဏ္ဍာငွေခွဲဝေချထားမှုအချိုးနှင့် ကြည့်ပါက အာဆီယံ ဒေသတွင်းတွင် အနည်းဆုံးပမာဏသာဖြစ်ပါသည်။[5] ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထိုပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များက စီမံခန့်ခွဲသော ဘတ်ဂျတ်အချိုးမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးဘတ်ဂျတ်၏ ၇.၂ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၁.၈ရာခိုင်နှုန်းအထိ စီမံခန့်ခွဲပိုင်ခွင့် ရှိလာပါသည်။[6] ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် အမျိုးသားလွှတ်တော်သည် အခြေခံအဆောက်အဦများ၊ ရေဖြန့်ဝေရေး၊ ကျန်းမာရေးနှင့် ပညာရေးထောက်ပံ့မှုများအတွက် တစ်မြို့နယ်လျှင် သိန်း (၁,၀၀၀) နှုန်းဖြင့် သုံးစွဲခွင့်ပြုသည့် မဲဆန္ဒနယ်မြေများ ဖွံ့ဖြိုးရေးရန်ပုံငွေကို စတင်တည်ထောင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိုင်းအဝိုင်းကချိတ်ဆက်ပါဝင်နေပုံအပေါ်နောက်ခံအခြေအနေများက လွှမ်းမိုးမှု ရှိနေပါသည်။ ၂၀၁၂ ခုနှစ်တွင် QSEM လေ့လာမှုစတင်ချိန်တွင် နာဂစ်မုန်တိုင်းနှင့်ဂီရိမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများအတွက် အကူအညီများမှအပ မြန်မာနိုင်ငံကျေးလက်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသော အလှူရှင် မရှိသလောက်နည်းပါသည်။ LIFTသည် ခြွင်းချက်ဖြစ်ပြီး မြန်မာပြည်သူ (၂.၈)သန်းကို ထောက်ပံ့ပေးနေသော စီမံကိန်းများကို ၂၀၀၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပါသည်။ ပိတ်ဆို့ အရေးယူမှုများဖြေလျှော့ပေးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့်ပြန်လည်ပူးပေါင်း ဆောင်ရွက်သောနိုင်ငံများ၏ များပြားစွာသော အထောက်အပံ့ အစီအစဉ်များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးအသစ်များကြောင့် အလှူရှင်များ၏ အထောက်အပံ့မှာ တိုးတက်လာခဲ့ပါသည်။[7] ၂၀၁၃ ခုနှစ်အစောပိုင်းတွင် ထပ်မံဖြေ လျှော့ပေးလာသည့်ကိစ္စရပ်များမှာ ပြည်ပကြွေးမြီ ၆၀ရာခိုင်နှုန်းကို လျှော်ပေးခြင်း၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် စသည့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ အတိုးနည်းချေးငွေများ ချေးပေးခြင်း စသည်တို့ဖြစ်ပါသည်။

မူဝါဒအပြောင်းအလဲများ၏ သက်ရောက်မှုများအပြင် QSEM လေ့လာမှု ဆောင်ရွက်ခဲ့သည့် အကြိမ်များအတွင်း ရာသီဥတုအခြေအနေအမျိုးမျိုးကို တွေ့ရှိရပြီး၊ ကနဦးလေ့လာသည့် အကြိမ်များတွင် အချို့ဒေသများသည် ဆိုးရွားသည့် ရာသီဥတုဒဏ်ခံစားခဲ့ရကြောင်း တွေ့ရှိခဲ့ရပါသည်။ အထူးသဖြင့် အပူပိုင်းဒေသ (QSEMလေ့လာမှု နမူနာ ဒေသများဖြစ်သော မကွေးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်း လေ့လာတွေ့ရှိချက်များအရ) တွင် QSEM လေ့လာမှု မစတင်မီ ၂၀၁၀ ခုနှစ်မှ တတိယအကြိမ် QSEM လေ့လာမှု ကာလအထိ မိုးရွာသွန်းမှု


---

5. UNICEF နှင့် MDRI ၏ (၂၀၁၄)ခုနှစ်၊ "Making Public Sector Finance Work for Children in Myanmar" အစီရင်ခံစာနှင့် ESCAP ၏ "Statistical Yearbook 2011" အစီရင်ခံစာအရ ကျန်းမာရေးအတွက် ဘဏ္ဍာငွေသည် နိုင်ငံတော်ဘဏ္ဍာ၏ (၁)ရာခိုင်နှုန်းမှ (၃.၄)ရာခိုင်နှုန်းအထိ လည်းကောင်း၊ ပညာရေးအတွက် ဘဏ္ဍာငွေသည် (၄)ရာခိုင်နှုန်းမှ (၆)ရာခိုင်နှုန်းအထိ လည်းကောင်း တိုးတက်လာသည်။ (၂၀၁၄-၁၅)ဘဏ္ဍာနှစ်အတွက် ကိန်းဂဏန်းများသည် Myanmar Times ဂျာနယ်တွင် ဖော်ပြပါရှိသည်။
6. Nixon နှင့် Joelene ၏ (၂၀၁၄)ခုနှစ်၊ "Fiscal Decentralization in Myanmar: Towards a Roadmap for Reform" အစီရင်ခံစာ။
7. နောက်ဆုံးကိန်းဂဏန်းများအရ Official Development Assistance (ODA) အထောက်အပံ့ပမာဏမှာ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃၆၇) သန်းမှ ၂၀၁၂ ခုနှစ်တွင် (၅၀၅)သန်းအထိ (၃၇)% တိုးတက်လာသည်။(www.aidflows.org accessed on 1 April, 2015)။ ခြုံငုံကိန်းဂဏန်းများသည် ၂၀၁၂ ခုနှစ်မှစတင်၍ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဥပမာ ဥရောပသမဂ္ဂသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ (၆)နှစ်တာကာလအတွက် ယူရို (၉၀၀) သန်း ထောက်ပံ့ရန် ကြေငြာခဲ့ပါသည်။ ယူနိုင်တက်ကင်းဒမ်းမှ မြန်မာနိုင်ငံအတွက် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ယူရို(၃၂)သန်းမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ယူရို(၅၆)သန်းအထိ တိုးမြှင့်ထောက်ပံ့ခဲ့ပါသည်။ (DFID, "Burma: Operational Plan 2011-2015", August 2012).

မှာ ပုံမှန်ထက် နည်းပါးခဲ့ပါသည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိစပါး စိုက်ပျိုးဒေသများတွင် နာဂစ်နှင့် ဂီရိမုန်တိုင်းဒဏ်ကြောင့် ရေငံဝင်ရောက်လာခြင်း၊ မြေ အရည်အသွေးနိမ့်ခြင်းစသည့် အကျိုးဆက်များကို ခံစားခဲ့ရ ပါသည်။

နိုင်ငံအဝန်း လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ ရောထွေးနေသော ပြောင်းလဲမှုများ ဖြစ်ပေါ် ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်ကာလအတွင်း အစိုးရသည် လက်နက်ကိုင်အဖွဲ့အစည်း (၁၆) ဖွဲ့နှင့် ပဋိပက္ခဖြေရှင်းနိုင်ရန် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ဆောင်ရွက်ခဲ့ ပါသည်။ အဆိုပါသဘောတူညီမှုများသည် တစ်နိုင်ငံလုံး အမြဲတမ်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းနိုင်မည့် ရှေ့ပြေးနိမိတ် ဖြစ်ပါသည်။ ထိုဆွေးနွေး ညှိနှိုင်းမှုများ၏အကျိုးရလဒ်အဖြစ် ပဋိပက္ခဖြစ်ပွားရာ ဒေသအများစုတွင် လုံခြုံရေးအခြေ အနေ တိုးတက် လာခဲ့ပါသည်။ သို့သော် ရခိုင်ပြည်နယ်ရှိ အခြေအနေမှာ ထိုသို့မဟုတ်ဘဲ သတိပြုဖွယ်သော လူမျိုးရေး ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် နှောင်းပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများစွာ၌ မွတ်ဆလင်များကို ဦးတည်သော လူမျိုးရေးပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ပါသည်။

ပုံ (၁) - ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အရေးပါသော အဖြစ်အပျက်များ၊ အကျိုးဆက်များနှင့် သုတေသန အကြိမ်အရေအတွက်။





## သုတေသနဒီဇိုင်း

QSEM သုတေသန (၅)ကြိမ်အတွင်း သုတေသနနယ်ပယ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါသည်။ QSEM သုတေသန ဒီဇိုင်းကို LIFT၏ စီမံကိန်းများအား စောင့်ကြည့် အကဲဖြတ်ရာတွင် အထောက်အကူပြုရန် ရေးဆွဲ ထားပါသည်။ LIFTသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတွင် လုပ်ငန်းများဆောင်ရွက်နေပြီး၊ မြန်မာနိုင်ငံအတွင်း ပြည်သူ(၂)သန်း၏ဝင်ငွေတိုးတက်လာရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ အကောင်အထည် ဖော်ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့ အစည်းများကိုလည်း ငွေကြေးထောက်ပံ့ပေးနေသော အဖွဲ့အစည်း ဖြစ်ပါသည်။ ထိုရည်မှန်းချက်များ အောင်မြင်ရန်အတွက်LIFTအနေဖြင့် ဦးတည်ဒေသများရှိ လူနေမှုဘဝ လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအပြင် ထိုအချက်အလက်များသည် ပထဝီဝင်အနေအထားအရသော်

လည်းကောင်း၊ ဦးတည်အုပ်စု အရသော်လည်းကောင်း၊ အချိန်ကာလအရသော်လည်း ကောင်း မည်သို့ပြောင်းလဲလာပုံကို သိရှိရန် လိုအပ်ပါသည်။ ထိုရည်မှန်းချက်များ အပေါ်အခြေခံ၍ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်းဖြင့် လည်းကောင်း၊ နောက်ခံအကြောင်း အရာပိုင်းကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် ရည်ရွယ်သော သုတေသနလုပ်ငန်း များမှလည်းကောင်း LIFT၏ လေ့လာမှုကို မြှင့်တင်ရန်အထူးအလေးထားပါသည်။ QSEM သုတေသနလုပ်ငန်းသည် LIFT၏ စီမံကိန်းရေးဆွဲသူများအား ဒေသတွင်း နောက်ခံအကြောင်း အရာကို ပိုမိုနားလည်သဘောပေါက်စေရန် ကူညီပေးခြင်းအားဖြင့် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့က မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတင်းအချက်အလက်ပေးနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

**ပုံ (၁) - မှ အဆက်**




## သရုပ်ခွဲဆန်းစစ်သည့် မူဘောင်

QSEM သုတေသနလုပ်ငန်းသည် ပုံ(၂)တွင် ဖော်ပြထားသည့်ခေါင်းစဉ်(၅)ခုအတွက် သတင်းအချက်အလက်များကို စုဆောင်းပါသည်။ QSEM သုတေသနသည် အချိန်ယူကာ တစ်ဆင့်ပြီးတစ်ဆင့်လေ့လာမှု (longitudinal study) ဖြစ်သောကြောင့် အစီရင်ခံစာတိုင်းတွင် အချိန်ကာလအလိုက် ပြောင်းလဲမှုများကို ဦးတည်လေ့လာပါသည်။ ဤလေ့လာမှုသည် အောက်ပါ ခေါင်းစဉ်တစ်ခုချင်းကို သရုပ်ဖော်ပြနိုင်ရန် ရည်ရွယ်ပါသည်။

- မြန်မာနိုင်ငံကျေးလက်ဒေသနေ ပြည်သူလူထုသည် မည်သည့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင် ကြပါသနည်း။
- မည်သည့်ပြင်ပအကြောင်းအရာများက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သက်ရောက်နေပါသနည်း။
- အခက်အခဲကြုံတွေ့ချိန်တွင် ရွာသူရွာသားများက မည်သည့်စီမံခန့်ခွဲမှုစနစ်များဖြင့် ရင်ဆိုင်ဖြေရှင်းပါသနည်း။
- ကျေးလက်လူနေမှုဘဝတွင် မည်သည့်အဖွဲ့အစည်းများက အရေးပါသောကဏ္ဍတွင် ပါဝင်ဆောင်ရွက် နေပါသနည်း။
- ကျေးရွာအဆင့်တွင်မည်သည့်ပြင်ပအထောက်အပံ့များထောက်ပံ့ပေးပါသနည်း။

QSEM လေ့လာမှုသည် မတူညီသောခေါင်းစဉ်များအကြား ချိတ်ဆက်နေသည့် အကြောင်းအရာများကို ဆက်စပ်နား လည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။ မတူညီသော အကြောင်းအရာများ တစ်ခုနှစ်တစ်ခု မည်သို့ချိတ်ဆက် နေသည်ကို ဆန်းစစ်လေ့လာခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုပုံစံများနှင့် ထိုရွေးချယ်မှု၏ မတူညီသော ရလဒ်များကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် အဆုံးစွန်အထိ အထောက်အကူပြုနိုင်ပါသည်။

### ပုံ (၂) - သရုပ်ခွဲဆန်းစစ်သည့် မူဘောင်





### သုတေသနဆောင်ရွက်ရန် နမူနာဒေသရွေးချယ်ခြင်း

ဤသုတေသနတွင် ပြည်နယ်/တိုင်းဒေသကြီး (၆)ခု၏ကွဲပြားမှုအမျိုးမျိုးကို ကိုယ်စားပြုနိုင်ရန်အတွက်ကျေးရွာပေါင်း (၅၄)ရွာကို ခြုံငုံရွေးချယ်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေးဂေဟဇုန် (၃)ခု အနက် ဂေဟဇုန်တစ်ခုချင်းစီကို ခြုံငုံမိစေရန် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး(၂)ခုကို ရွေးချယ်ပါသည်။ အပူပိုင်းဒေသ၊ တောင်တန်းဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ကမ်းရိုးတန်းဒေသတို့ ပါဝင်ပြီး စုစုပေါင်း ပြည်နယ်နှင့် တိုင်းဒေသကြီး (၆)ခု ရွေးချယ်ခဲ့ပါသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုစီတွင် ပထဝီဝင်အနေအထားအရ ပြန့်နှံ့စေရန် LIFT မှ ပံ့ပိုးမှုများ ပေးနေသည့် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး ခရိုင်(၃)ခုအတွင်း မြို့နယ်(၃)ခုစီကို ရွေးချယ်ခဲ့ခြင်းကြောင့် စုစုပေါင်း မြို့နယ် (၁၈)မြို့နယ်တွင် လေ့လာဆောင်ရွက်ခဲ့ပါသည်။

မြို့နယ်တစ်မြို့နယ်စီတွင် ကုန်သွယ်ရေးအချက်အချာနေရာနှင့် နီးကပ်မှု၊ ရေအရင်းအမြစ်လက်လှမ်းမီမှု သို့မဟုတ် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုအပေါ် အခြေခံ၍ ကျေးရွာ(၃)ရွာကို ရွေးချယ်ခဲ့ပြီး စုစုပေါင်း ကျေးရွာ(၅၄)ရွာကို ရွေးချယ်ခဲ့ပါသည်။ မြို့နယ်တစ်ခုစီတွင် ဥပမာ "A" ကျေးရွာကို မြို့နှင့်နီးစပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းမွန်ခြင်း၊ ဈေးကွက် သို့မဟုတ် ရေအရင်းအမြစ် လက်လှမ်းမီခြင်း စသည့် အချက်များအပေါ် အခြေခံရွေးချယ်ပါသည်။ "B"ကျေးရွာကို မြို့နယ်နှင့်အတော်အသင့် နီးစပ်မှုအပေါ်မူတည်၍ ရွေးချယ်ပါသည်။

"C"ကျေးရွာများသည် အများအားဖြင့် မြို့နယ်အတွင်း အခြားကျေးရွာများထက် မြို့နှင့် အလှမ်းကွာဝေးပြီး လက်လှမ်းမီရန် အခက်အခဲ များစွာရှိသော ကျေးရွာများဖြစ်ပါသည်။ ယခုကဲ့သို့ နမူနာရွေးချယ်ချဉ်းကပ်မှုသည် မြို့နယ်အတွင်း ကျေးရွာများ၏ နှိုင်းရလက်လှမ်းမီမှုကို နှိုင်းယှဉ်လေ့လာခွင့် ရရှိစေပါသည်။ ယခုအစီရင်ခံစာတွင် "A" ကျေးရွာများသည် လက်လှမ်းမီမှုရှိသောကျေးရွာများ၊ "B" ကျေးရွာများသည် အတော်အသင့်လက်လှမ်းမီမှုရှိသော ကျေးရွာများဖြစ်ပြီး "C"ကျေးရွာများသည် အလှမ်းကွာဝေးသော ကျေးရွာများကို ကိုယ်စားပြုပါသည်။

**ပုံ (၃) - QSEM သုတေသနဆောင်ရွက်ခဲ့သော မြို့နယ်များ**




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်း

သုတေသန (၅)ကြိမ်အတွင်း ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုစီသို့ QSEM သုတေသနအဖွဲ့မှ လေးကြိမ်စီ သွားရောက် လေ့လာခဲ့ပါသည်။ အစောပိုင်းသုတေသန ဆောင်ရွက်သည့် အကြိမ်များတွင်အချိန်ကာလနှင့် ရာသီအလိုက် ပြောင်းလဲမှုများကို ခြုံငုံလေ့လာနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ထို့ကြောင့် ကနဦးသုတေသနဒီဇိုင်းရေးဆွဲရာတွင် သုတေသန အကြိမ်တိုင်း အတွက် တစ်ကြိမ်နှင့်တစ်ကြိမ် နေရာဒေသကွဲလွဲလေ့လာရန် ရေးဆွဲခဲ့ပါသည်။ ပထမအကြိမ် QSEM လေ့လာမှုမှ တတိယအကြိမ် QSEM လေ့လာမှုအထိသုတေသနတစ်ကြိမ်လျှင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး (၆)ခုအနက် (၄)ခုကိုသာ ခြုံငုံလေ့လာခဲ့ပါသည်။ သုတေသနကာလ ရှည်ကြာ လာသည်နှင့် အမျှ နေရာဒေသ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာခြင်းသည် နေရာဒေသတစ်ခုတွင်း ရာသီအလိုက် နှိုင်းယှဉ်လေ့လာခြင်းကဲ့သို့ အရေးပါကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် နောက်ဆုံး QSEM သုတေသန နှစ်ကြိမ်တွင် ပြည်နယ်/တိုင်းဒေသကြီး (၆)ခုလုံးသို့ သွားရောက်လေ့လာခဲ့ပါသည်။ သို့ဖြစ်ရာ ယခင်အကြိမ်များ အတွင်း တစ်ကြိမ်နှင့်တစ်ကြိမ် (၆)လခြား၍ လေ့လာခဲ့သော်လည်း နောက်ဆုံး (၂)ကြိမ်တွင်မူ (၉) လ ကွာခြား ခဲ့ပါသည်။

နောက်ဆုံးအကြိမ် QSEM သုတေသနကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ပုံ (၁)တွင် သွားရောက်လေ့လာခဲ့သည့် သုတေသနအကြိမ်နှင့်အဓိကသီးနှံ ရာသီစက်ဝန်းတို့ကို နှိုင်းယှဉ်ဖော်ပြထားသည်။ ပဉ္စမအကြိမ် QSEM လေ့လာမှုကို ၂၀၁၄ ခုနှစ် မိုးစပါးရိတ်သိမ်းချိန်နှင့် ပြောင်း၊ နှမ်းနှင့် အခြားအဓိကသီးနှံများ ရိတ်သိမ်းသည့်လများတွင် ဆောင်ရွက်ခဲ့ပါသည်။ သုတေသနပညာရှင် (၄)ဦးဖြင့် ဖွဲ့စည်းထားသော အဖွဲ့တစ်ခုစီသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုစီသို့ သွားရောက်လေ့လာခဲ့ပါသည်။ သုတေသနအဖွဲ့သည် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီအတွင်း ကျေးရွာ(၉)ရွာတွင် တစ်ရွာလျှင် သုံးညအိပ်လေးရက် အချိန်ယူ၍သုတေသန ဆောင်ရွက်ခဲ့ကြပါသည်။

ပဉ္စမအကြိမ် QSEM လေ့လာမှုတွင် တွေ့ဆုံမေးမြန်းမှု(၅၉၃)ကြိမ်၊ ဦးတည်အုပ်စုလိုက် ဆွေးနွေးပွဲ (၂၀၀)ကျော် ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းပါဝင်ဖြေကြားသူ (၁၀၀၀)ဦးခန့်ရှိပါသည်။ ယခင် QSEM လေ့လာမှုများတွင် သုတေသန နည်းလမ်းအမျိုးမျိုးကို သုံး၍ အသေးစိတ်ကွင်းဆင်းလေ့လာမှုများ ပါဝင်ခဲ့ပါသည်။ အဓိကချဉ်းကပ်နည်းအနေဖြင့် ရွာသူရွာသားအမျိုးမျိုးကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များနှင့် ဦးတည်အုပ်စုလိုက် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အဓိကသတင်းပေးသူများကို တွေ့ဆုံမေးမြန်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမေးမြန်း ခဲ့သူများမှာ ကျေးရွာခေါင်းဆောင်များ၊ အခြားအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊ အကူအညီနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခဲ့သူများ၊ လယ်သမားများ၊ ငါးဖမ်းလုပ်သားများ၊ ကျပန်းလုပ်သားများနှင့် ပြောင်းရွှေ့လုပ်ကိုင်ရာမှ ပြန်လာကြသူများ၊ (အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဘာသာရေး သို့မဟုတ် တိုင်းရင်းသားလူနည်းစုများ၊ မသန်စွမ်းသူများ သို့မဟုတ် သက်ကြီးရွယ်အိုများ အပါအဝင်) ထိခိုက်လွယ်သော အုပ်စုများ၊

စသည်တို့ဖြစ်ကြပါသည်။ ယခုအကြိမ် QSEM လေ့လာမှုတွင် ထူးခြားသည်မှာ ယခင်လေ့လာမှုများတွင် ပါဝင်ခဲ့သော လူမှုစီးပွားရေးနောက်ခံအားနည်းသည့် ဖြေကြားသူများကို တွေ့ဆုံ မေးမြန်းမှုအကြိမ်ကြိမ် ထပ်မံပြုလုပ်ရန် သုတေသီများကို မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပါသည်။ သုတေသီများကလည်း ယခင်အကြိမ်များနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် ကျေးရွာအဆင့် အချက်အလက်များကို တစ်ပြေးညီပုံစံများဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

QSEM လေ့လာမှုအကြိမ်အားလုံးတွင် အဓိကသတင်းပေးသူများကို တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ဖြေကြားခဲ့သူ (၄၆၀၀) ကျော်ရှိခဲ့ပါသည်။[8] သုတေသီများသည် ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီအတွင်း ကျေးရွာ (၉)ရွာတွင် ခြောက်လခန့် အချိန်ယူ၍ ကျေးရွာတွင်း ပြောင်းလဲမှုများကို မှတ်တမ်းတင်ခဲ့ကြပါသည်။

**ဇယား(၁) သုတေသနအကြိမ်အလိုက် ပူးပေါင်းပါဝင်ဖြေကြားသူ အရေအတွက်**

| တွေ့ဆုံမေးမြန်းမှုအမျိုးအစား ကျား/မ | QSEM 1 | QSEM 2 | QSEM 3 | QSEM 4 | QSEM 5 |
|---|---|---|---|---|---|
| အဓိကသတင်းပေးသူများနှင့်တွေ့ဆုံမေးမြန်းခြင်း | | ၂၅၁ | ၁၇၂ | ၄၈၅ | ၅၉၃ |
| ဖြေကြားသူအမျိုးသား | | | | ၂၇၈ | ၃၂၃ |
| ဖြေကြားသူ အမျိုးသမီး | | | | ၂၀၇ | ၂၇၀ |
| ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲများ | | ၁၇၅ | ၂၁ | ၂၀၀ | ၂၀၄ |
| ပါဝင်တက်ရောက်သူ အမျိုးသား | | | | ၆၃၆ | ၆၁၂ |
| ပါဝင်တက်ရောက်သူအမျိုးသမီး | | | | ၃၅၄ | ၃၈၈ |
| ပါဝင်တက်ရောက်ဖြေကြားသူအမျိုးသားစုစုပေါင်း | | ၇၀၈ | ၃၉၃ | ၉၁၄ | ၉၄၃ |
| ပါဝင်တက်ရောက်ဖြေကြားသူအမျိုးသမီးစုစုပေါင်း | | ၃၂၈ | ၁၅၄ | ၅၆၁ | ၆၅၈ |
| **ပါဝင်တက်ရောက်ဖြေကြားသူ စုစုပေါင်း** | | **၁၀၃၆** | **၅၄၇** | **၁၄၇၅** | **၁၆၀၁** |

ယခင် QSEM အစီရင်ခံစာများနှင့်မတူညီသော အချက်မှာ ယခုအစီရင်ခံစာတွင် QSEM လေ့လာမှုစတင်ခဲ့သည့် ၂၀၁၂ ခုနှစ် အစောပိုင်းမှစ၍ လေ့လာမှုနောက်ဆုံးအကြိမ်ပြုလုပ်ခဲ့သည့် ၂၀၁၅ ခုနှစ်အစောပိုင်းအထိ ပြောင်းလဲမှုများကို ခြုံငုံဖော်ပြထားပါသည်။ ယခင်အစီရင်ခံစာများမှာ သုတေသနတစ်ခုပြုလုပ်သည့်ကာလ အကြားပြောင်းလဲမှုများကိုသာ အသားပေးဖော်ပြခဲ့ပါသည်။ ဤအစီရင်ခံစာတွင် သုတေသနစတင် ဆောင်ရွက်ခဲ့သည့်ကာလမှ နောက်ဆုံးသုတေသန ပြုလုပ်သည့်အချိန်အထိ သုံးနှစ်တာ ကာလအတွင်း ကျေးရွာတစ်ရွာချင်း၏ ပြောင်းလဲမှုများကို လေ့လာထားပါသည်။ ထို့အပြင် သုတေသန (၅) ကြိမ်လုံး ဆောင်ရွက်ပြီး ရရှိလာသည့် ကျေးရွာ တစ်ရွာချင်းစီမှ မှတ်တမ်းတင်ထားသည့် အချက်အလက်အားလုံးကို အခြေခံ၍ ရေးသားထားပါသည်။ ထို့မှမက ယခင် QSEM အစီရင်ခံတစ်ခုချင်းစီမှ သုတေသနတွေ့ရှိချက်များကိုလည်း ထုတ်ယူအသုံးပြုထားပါသည်။

8. ဤအရေအတွက်သည် လေ့လာမှုအားလုံးအတွက် အဓိကသတင်းအချက်ပေးခြင်း (သို့) ဦးတည်ဆွေးနွေးပွဲများတွင် ပါဝင်သူ စုစုပေါင်းကိုဆိုလိုပါသည်။ အချို့သောတုံ့ပြန်ဖြေကြားသူများသည် လေ့လာမှုအကြိမ်ကြိမ်တွင် ဆောင်ရွက်ခဲ့သော တွေ့ဆုံ မေးမြန်းမှုတွင် တစ်ကြိမ်မက ပါဝင်ဆွေးနွေးခဲ့ခြင်းကြောင့် တွေ့ဆုံ မေးမြန်းခဲ့သည့် စုစုပေါင်းလူဦးရေမှာ (၄၀၀၀) ဝန်းကျင်ခန့်ဖြစ်ပါသည်။

သို့ရာတွင် သာဓကဖြစ်ရပ်များမှာမူ နောက်ဆုံး QSEM သုတေသနကာလမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ (ယခင်သုတေသနအကြိမ်များအတွင်း ရရှိခဲ့သည့် သာဓက ဖြစ်ရပ်များကိုယခင်အစီရင်ခံစာများတွင်ထည့်သွင်းတင်ပြပြီးဖြစ်ပါသည်။)ခြွင်းချက်တစ်ခုမှာ ဤအစီရင်ခံစာပါ သာဓကဖြစ်ရပ်များနှင့် ကျေးရွာအကြောင်းအရာများသည် သုတေသနအကြိမ်အားလုံးတွင် တွေ့ဆုံမေးမြန်းချက် များကို အခြေခံ၍ အတွဲလိုက် ဖြည့်စွက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## အစီရင်ခံစာတည်ဆောက်ပုံ

**အစီရင်ခံစာကို အောက်ပါအစီအစဉ်အတိုင်း ရေးသားထားပါသည်။**

**အခန်း(၂)** တွင် QSEM လေ့လာမှုစတင်ခဲ့သည့်အချိန်မှစ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲလာပုံကို အဓိကအသက်မွေးဝမ်းကျောင်းအမျိုးအစားများအားဦးတည်လျက် ဖော်ပြထားပါသည်။ ထို့အပြင် အခြားသူများကဲ့သို့ အကျိုးကျေးဇူး မခံစားရသော သီးခြားအုပ်စုများနှင့် ယင်းတို့၏ ထိခိုက်လွယ်မှုများကိုလည်း ထည့်သွင်းထားပါသည်။ နောက်ဆုံးတွင် သုတေသန ကာလတစ်လျှောက်လုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အများဆုံး လွှမ်းမိုးနေသော ပြင်ပအချက်များကို ဦးစားပေးအလိုက်ဖော်ပြထားပြီး ချေးငွေရရှိနိုင်မှုနှင့် မြေယာစီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ အသိသာဆုံးသော ပြောင်းလဲမှုများကိုလည်း ဖော်ပြထားပါသည်။

**အခန်း(၃)** တွင် ကျေးရွာအကြောင်းအရာအလိုက် ပြောင်းလဲမှုများဖြင့် စတင်၍ လူမှုဆိုင်ရာအပြောင်းအလဲများကို အထူးပြုဖော်ပြထားပါသည်။ ကျေးရွာအဆင့်ရှိ လူမှုဆိုင်ရာအရင်းအနှီးများကို ဆန်းစစ်ထားပြီး ထိုအရင်းအနှီးများအား ပြောင်းလဲ စေသည့်အချက်များကိုသရုပ်ခွဲဆန်းစစ်ထားပါသည်။ ထို့နောက် ကျေးရွာများရှိ အုပ်ချုပ်မှုစနစ် အသစ်များကြောင့်သက်ရောက်မှုများကိုလည်း တင်ပြထားပါသည်။

**အခန်း (၄)** တွင် ကျေးရွာများအတွင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ပုံများနှင့် ကျေးရွာပြင်ပမှ ပါဝင်သူများနှင့် ဆက်ဆံရေးတို့ကို ဦးတည်တင်ပြထားပါသည်။ အဓိကအားဖြင့်တဖြည်းဖြည်းတိုးတက်လာသည့် အစိုးရ၏ အခန်းကဏ္ဍနှင့် အလှူရှင်/NGOs များကထောက်ပံ့ပေးသော အကူအညီများ၏ အခန်းကဏ္ဍများကို ဦးတည် ထားပါသည်။

**အခန်း (၅)** တွင် သုံးသပ်ချက်များနှင့် အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှုအစီရင်ခံစာ - **ဒီဇင်ဘာ ၂၀၁၅**

## အခန်း ၂

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

## ကျေးရွာတစ်ရွာ၏ နောက်ခံအကြောင်းအရာ - မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးရှိ အတော်အသင့်ကြီးမားပြီး သွားလာရလွယ်ကူသော ဤကျေးရွာတွင် လူဦးရေ (၁၆၀၀၀) နီးပါးရှိပြီး အိမ်ထောင်စု (၄၀၀)ခန့် ရှိပါသည်။ အိမ်ထောင်စု ထက်ဝက်ကျော်မှာ မြေယာမဲ့များဖြစ်ပြီး ကျပန်းလုပ်သားများဖြစ်ပါသည်။ အိမ်ထောင်စုများအနက် (၂၀)ရာခိုင်နှုန်းနီးပါးမှာ ၎င်းတို့၏ကိုယ်ပိုင်လယ်မြေတွင် လုပ်ကိုင်ကြပြီး ကျန်ရွာသူရွာသားများမှာ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်သားများ၊ အစိုးရဝန်ထမ်းများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ အခြားကျေးရွာအများစုနှင့် နှိုင်းယှဉ်ပါက ဤကျေးရွာရှိ ကျပန်းလုပ်သားများသည် အုတ်သဲကျောက်လုပ်ငန်းများ၊ လယ်ယာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ပြီး၊ မြစ်ဆိပ်ကမ်းတစ်ခုလည်းရှိသောကြောင့် ကုန်ထမ်းသမားအဖြစ်လည်း လွယ်ကူစွာအလုပ်လုပ်နိုင်ပါသည်။

QSEM လေ့လာမှုပြုလုပ်ခဲ့သည့် အပူပိုင်းဒေသရှိ ကျေးရွာများနှင့်မတူသည်မှာ ဤကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍ၌ တိုးတက်ပြောင်းလဲမှုအချို့ တွေ့ရှိခဲ့ရပါသည်။ ပထမအကြိမ် QSEM လေ့လာချိန်တွင် လယ်သမား(၃)ဦးမှ (၄)ဦး သာကြံစိုက်ပျိုးကြပါသည်။ ကျန်သော လယ်သမားများသည် စပါးအပြင် ပဲနှင့်နှမ်းကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ အစိုးရမက်လုံးများနှင့် ဈေးကွက်ကောင်းမွန်လာခြင်းကြောင့် လယ်သမား (၁၅)ဦးနှင့်အထက်သည် ကြံနှင့် စပါးအနည်းငယ်ကို စိုက်ပျိုးလာကြပါသည်။ ပထမအကြိမ် QSEM သုတေသနအချိန်တွင် လယ်သမားများသည် ကြံ(၁)ဧကအတွက်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၂၀,၀၀၀)ကျပ်သာ ချေးငွေရရှိပြီး ယခုအခါ (၁၀၀,၀၀၀)ကျပ် အထိ တိုးတက်ရရှိလာပါသည်။သကြားစက်ရုံများမှလည်းမြေသြဇာဝယ်ယူရန်အတိုးနှုန်းနည်းနည်းဖြင့်ချေးငွေရရှိနိုင်ပါသည်။ ထို့အပြင် လယ်သမားများသည် ယခင်က မိမိတို့၏ ကြံများကို အစိုးရပိုင်စက်ရုံများသို့ အစိုးရဈေးနှုန်းဖြင့် မဖြစ်မနေ ရောင်းချခဲ့ရသော်လည်း စတုတ္ထအကြိမ် QSEM လေ့လာမှုတွင် ကျေးရွာတွင်း ယခင်က တရားမဝင်လည်ပတ်ပြီး ၂၀၁၄ ခုနှစ်မှစ၍တရားဝင်လည်ပတ်သော သကြားစက်ရုံအပါအဝင် ပုဂ္ဂလိကစက်ရုံများသို့ ၎င်းတို့၏ကြံများကို တရားဝင်ရောင်းချနိုင်ပြီဖြစ်ပါသည်။ ကြံစိုက်ပျိုးခြင်းသည် လုပ်သားများစွာမလိုအပ်သော လုပ်ငန်းလည်း ဖြစ်ပါသည်။ မြေယာအနည်းငယ်သာ ပိုင်ဆိုင်သူများအနေဖြင့်အကျိုး အမြတ်မရရှိကြပါ။ လယ်သမားကြီးများမှာ သီးနှံအမျိုးမျိုးကို စုံလင်စွာစိုက်ပျိုးနိုင်ကြပြီး လယ်သမားငယ်များမှာမူ စပါးစိုက်ပျိုးခြင်းကို ရပ်ဆိုင်းရလုနီးပါးဖြစ်နေသည်။ ထို့အပြင် လယ်သမားငယ်များသည် လက်ငင်းကုန်ကျစရိတ်မြင့်မား၍ ဝင်ငွေပြန်ရရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းကြောင့် မစွန့်စားလိုကြပေ။ ထို့ကြောင့် ၎င်းတို့၏ စိုက်ပျိုးရေးကဏ္ဍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် တိုးတက်မှုမရှိပါ။ သို့သော် အသေးစားလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မိသားစုဝင်များ ရန်ကုန်သို့အလုပ်သွားလုပ်ခြင်းတို့ကြောင့် အပိုဝင်ငွေများရရှိနေပြီး စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ အကျိုးအမြတ်ရရှိနေခြင်းများ ရှိပါသည်။

သကြားစက်ရုံများကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ ထိခိုက်ဆုံးရှုံးမှုရှိပါသည်။ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက သကြားစက်ရုံမှ စွန့်ပစ်ပစ္စည်းများ မြစ်အတွင်းပိတ်ဆို့လာ၍ ၎င်း၏ငါးဖမ်းပိုက်များ မကြာခဏပျက်စီးရကြောင်းနှင့် ငါးဖမ်းဆီးရမှုလည်း

နည်းလာကြောင်း စောဒကတက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ၎င်းသည် ငါးဖမ်းလုပ်ငန်းကို ရပ်ဆိုင်းခဲ့ပြီး ကုန်ထမ်းလုပ်သားနှင့် လယ်ယာလုပ်သားအဖြစ်လုပ်ကိုင်ခဲ့ပါသည်။ အလုပ်အကိုင် ရှိသော်လည်း ငါးဖမ်းလုပ်ငန်းကဲ့သို့ ဝင်ငွေမရတော့ပါ။ ကျေးရွာအတွင်း အများဆုံးပြောင်းလဲသွားသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုမှာ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် အစောပိုင်းတွင် အဆိုပါ ကျေးရွာမှ လုပ်ငန်းရှင်တစ်ဦးက ရန်ကုန်မြို့တွင် စက်ရုံဖွင့်လှစ်လိုက်ခြင်းကြောင့် ရန်ကုန်မြို့သို့ သွားရောက်လုပ်ကိုင်သူ (၅၃)ဦးခန့်ရှိခဲ့ပါသည်။ ထိုစက်ရုံမှာ ပို၍အောင်မြင်လာသောကြောင့် ကျေးရွာမှ မြေယာမဲ့လုပ်သားများသည် ရန်ကုန်သို့သွားရောက် လုပ်ကိုင်ကြပါသည်။ ယခုအကြိမ် QSEM လေ့လာမှု ဆောင်ရွက်ချိန်တွင် အဆိုပါစက်ရုံသို့ သွားရောက်လုပ်ကိုင်သူ (၁၅၀)ဦး ရှိပါသည်။ အခြားရွာသူရွာသား (၇)ဦးမှာ ကျေးရွာသို့ အလည်ရောက်လာသည့် ပွဲစားတစ်ဦး၏ အကြံပေးမှုကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ကျေးရွာမှာ အတော်အသင့်ကြီးမားခြင်းနှင့် တည်နေရာအနေအထားတို့ကြောင့် အထက်တန်းကျောင်းနှင့် ဆေးပေးခန်းကဲ့သို့သော အစိုးရဝန်ဆောင်မှုများ အမြဲရရှိခဲ့ပါသည်။ လွန်ခဲ့သော (၃) နှစ်က အသေးစား ဆည်အသစ်တစ်ခု တည်ဆောက်ခဲ့ခြင်းကြောင့် (၂၀၁၂) ခုနှစ်၌ အိမ်ထောင်စု (၁၀)ရာခိုင်နှုန်းကျော်ခန့်သာ လျှပ်စစ်မီး ရရှိရာမှ ၂၀၁၅ခုနှစ်တွင် အိမ်ထောင်စု(၄၀)ရာခိုင်နှုန်းနီးပါး လျှပ်စစ်မီး ရရှိလာခဲ့ပါသည်။

## နိဒါန်း

QSEM လေ့လာမှုစတင်ပြီး (၃)နှစ်တာကာလအတွင်း ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့ သိသိသာသာ တိုးတက်ပြောင်းလဲလာပါသည်။ QSEM လေ့လာမှုစတင်ချိန်သည် မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကာလနှင့်တိုက်ဆိုင်ခဲ့ပါသည်။ အချို့ပြောင်းလဲမှုများသည် ဒေသန္တရအဆင့်တွင် အရေးပါသော ဆက်နွယ်သက်ရောက်မှု များရှိပါသည်။ အချို့ဒေသများတွင် မြင်သာသော စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်မှုများ ရှိခဲ့ပါသည်။ ပြောင်းရွှေ့ အလုပ်လုပ်ကိုင်ခြင်းအပေါ် မှီခိုမှုမှာ သိသိသာသာ မြင့်မားလာသည့်အပြင် လယ်ယာလုပ်ငန်းမဟုတ်သော ဒေသန္တရလုပ်ငန်းများမှာ ကြီးကြီးမားမား မဟုတ်သော်လည်း သိသိသာသာ ချဲ့ထွင်လာကြပါသည်။

သို့သော် ထိုအပြောင်းအလဲများကြောင့် အားလုံး အကျိုးခံစားရသည်ဟု မဆိုလိုပါ။ အချို့သော အုပ်စုများသည် အသစ်ပေါ်ပေါက်လာသော အခွင့်အလမ်းများမှ အကျိုးအမြတ်ဖြစ်ထွန်းရန် ပိုမိုခက်ခဲပြီး အချို့မှာ ထိုအပြောင်းအလဲများကြောင့် ဆိုးကျိုးသက်ရောက်မှုပင် ခံစားကြရပါသည်။ အချို့မှာ လက်ရှိ စိန်ခေါ်မှုများကို ဆက်လက်ကြုံတွေ့နေရကာ ပြင်းထန်သော ပြောင်းလဲမှုများကြောင့် ထိခိုက်လွယ်ဆဲဖြစ်ပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲတွင်းပိုနက်ခဲ့ရပါသည်။

ဤအခန်းတွင် အသက်မွေးဝမ်းကျောင်းအုပ်စုအမျိုးမျိုးက လွန်ခဲ့သော(၃)နှစ်တာကာလအတွင်းရင်ဆိုင်ကြုံတွေ့ရမှု အမျိုးမျိုးနှင့် ဒေသအလိုက် ပြောင်းလဲမှုအမျိုးမျိုးတို့ကို ဆန်းစစ်တင်ပြထားပါသည်။ ကျေးလက်နေပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုအမျိုးအစား

များကိုလည်း ဆွေးနွေးထားပါသည်။ ဤသရုပ်ခွဲဆန်းစစ်မှုမှာ QSEM လေ့လာမှု ဆောင်ရွက်ခဲ့သည့် ဒေသအားလုံး၏ ထိခိုက်လွယ်မှုကို ပုံဖော်ပေးထားပါသည်။ ထို့နောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်နေသော အရေးပါသည့် အချက် အနည်းငယ် ကို လည်းကောင်း၊ ထိုအချက်များက အချိန်နှင့်အမျှ မည်သည့်အတိုင်းအတာ အထိ ပြောင်းလဲနေကြောင်းကို လည်းကောင်း၊ ပြောင်းလဲမှုဖြစ်ပေါ်သည့်နေရာများနှင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြ ထားပါသည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်ရခြင်းမှာ သီးသန့်အလုပ် အကိုင်များအလိုက် ပြန်ရချက်များကြောင့် ဖြစ်သလို အိမ်ထောင်စုများ အနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို မည်သို့ပေါင်းစပ် လုပ်ဆောင်သည် ဆိုခြင်း အပေါ်တွင်လည်း မူတည်သည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

QSEM လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာအများစု၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် လယ်ယာလုပ်ငန်း (ကိုယ်ပိုင်လယ်ယာ သို့မဟုတ် လယ်ယာလုပ်သား)၊ စိုက်ပျိုးရေးမဟုတ်သော ဒေသန္တရလုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ပါဝင်သည်။ ရေ လုပ်ငန်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးမှ ကျေးရွာ များစွာရှိ ပြည်သူအချို့၏ အဓိကဝင်ငွေရင်းမြစ်တစ်ခုဖြစ်ပါသည်။

QSEM သုတေသနတွေ့ရှိချက်အရ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းရလဒ် အပြောင်းအလဲများကို ၎င်းတို့ လုပ်ငန်းအသီးသီးမှ ရရှိသည့်ဝင်ငွေနှင့် (ပို၍အရေးကြီးသည် မှာ) အိမ်ထောင်စုများက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအမျိုးမျိုးကို ပေါင်းစပ်လုပ်ကိုင် နေသော နည်းလမ်းနှစ်ခုလုံးက တွန်းအားပေးမောင်းနှင်နေကြောင်း မီးမောင်း ထိုးပြထား ပါသည်။ မိသားစုတစ်ခုလုံးဝင်ငွေ ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျိုး ကို ပေါင်းစပ်လုပ်ကိုင်သော နည်းလမ်းများမှာ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားမှုများ ရှိသကဲ့သို့ ဒေသတစ်ခုအတွင်းရှိ မတူညီသော လူမှုစီးပွားရေးအုပ်စုများအကြားတွင်လည်း ကွဲပြားမှုများ ရှိပါသည်။


**သာဓက(၁) ဧရာဝတီနှင့်မကွေးတိုင်းဒေသကြီးတို့ရှိ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

သုတေသီများသည် အဓိကသတင်းပေးသူများနှင့်တွေ့ဆုံမေးမြန်းမှုအတွင်းဖြေကြား သူတို့၏ မိသားစုဝင်အားလုံး လုပ်ကိုင်ကြသည့် အလုပ်အကိုင်အမျိုးအစားများကို မှတ်တမ်းတင်ပြုစုခဲ့ပါသည်။ ထိုအလုပ်အကိုင်အမျိုးအစားများကို ခေါင်းစဉ်(၃) ခုခွဲခြား နိုင်ပြီး ၎င်းတို့မှာ ကိုယ်ပိုင်သို့မဟုတ် အငှားလုပ်သားအဖြစ် လုပ်ကိုင်သည့် စိုက်ပျိုးရေး လုပ်ငန်းများ (လယ်ယာလုပ်ငန်းဝင်ငွေ)၊ ကိုယ်ပိုင်သို့မဟုတ် အငှားဝင်လုပ်သည့် ဒေသန္တရစီးပွားရေး လုပ်ငန်းများ (စိုက်ပျိုးရေး မဟုတ်သောလုပ်ငန်းများမှဝင်ငွေ) နှင့် မိသားစုဝင်များ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းမှ ရရှိသည့်ဝင်ငွေတို့ ဖြစ်ပါသည်။ သုတေသန ရလဒ်များအရ မတူညီသော လူမှုစီးပွားအုပ်စုအမျိုးမျိုးမှ အိမ်ထောင်စုများသည် ၎င်းတို့၏ လုပ်အားအရင်းအမြစ်ကို မျှတအောင်စီမံခန့်ခွဲပုံနှင့်ပတ်သက်၍ စိတ်

ဝင်စားဖွယ် အမြင်များကို တွေ့ရှိခဲ့ရပါသည်။ ဤနေရာတွင် တိုင်းဒေသကြီးနှစ်ခုအတွက် လျှပ်တစ်ပြက် သုံးသပ်ချက်များကို ဖော်ပြထားပါသည်။ ယခင် QSEM အစီရင်ခံစာများတွင် မြေယာပိုင်ဆိုင်မှုသည် အများအားဖြင့် လူမှုစီးပွားရေး အခြေအနေနှင့်များစွာ ဆက်နွယ်ကြောင်း မှတ်တမ်းတင်ထားပါသည်။ မြေယာအနည်းငယ် ပိုင်ဆိုင်သည့်သူများနှင့် မြေယာမဲ့များသည် ချွင်းချက်အချို့မှလွဲ၍ ပိုမိုဆင်းရဲသူများ ဖြစ်ကြပါသည်။


ဧရာဝတီတိုင်းဒေသကြီးရှိ လူမှုစီးပွားရေးအုပ်စုအသီးသီးမှ တုန့်ပြန်ဖြေကြားသူများသည် စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေကိုအခြားဒေသများထက်ပိုမိုအားထားနေရပါသည်။ လက်လုပ်လက်စားများသည် လယ်သမားအငယ်စားနှင့် လယ်သမားအလတ်စားများထက် အခြားဝင်ငွေအရင်းအမြစ် (အထူးသဖြင့် စိုက်ပျိုးရေးမဟုတ်သော ဝင်ငွေများ) အနည်းငယ် ပိုရှိနိုင်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် လယ်သမားကြီးများအနက် အနည်းဆုံးတစ်ဝက်မှာ စိုက်ပျိုးရေး မဟုတ်သော အခြားဝင်ငွေတစ်ခုခု ရှိကြပါသည်။

**ပုံ (၄) - ဧရာဝတီတိုင်းဒေသကြီးမှ ပူးပေါင်းပါဝင်ဖြေကြားသူများ၏ ဝင်ငွေရင်းမြစ်အမျိုးမျိုးနှင့် ပါဝင်မှုအချိုး**




မကွေးတိုင်းဒေသကြီးတွင် လယ်သမားကြီးများမှအပ ကျန်သူများမှာဝင်ငွေရရှိသည့်နည်းလမ်း မျိုးစုံရှိကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ကျပန်းလုပ်သား (၉၀)ရာခိုင်နှုန်း နီးပါးမှာ အခြားဝင်ငွေအရင်းအမြစ်များ ရှိကြပြီး ထိုဝင်ငွေ ရင်းမြစ်များ အနက် ၁၀ရာခိုင်နှုန်းမှာ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် စိုက်ပျိုးရေးမဟုတ်သော ဝင်ငွေများဖြစ်ပါ သည်။

**ပုံ (၅) - မကွေးတိုင်းဒေသကြီးမှ ပူးပေါင်းပါဝင်ဖြေကြားသူများ၏ ဝင်ငွေရင်းမြစ်အမျိုးမျိုးနှင့် ပါဝင်မှုအချိုး**




အထက်ပါပုံ(၂)ပုံအရပူးပေါင်းပါဝင်ဖြေကြားသူများအနက်အနည်းဆုံးတစ်ဝက်မှာစိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေအပြင် ၎င်းတို့အိမ်ထောင်စုများအတွက် အခြားဝင်ငွေအရင်းအမြစ်များရှိကြောင်း ဖော်ပြနေပါသည်။

## တောင်သူလယ်သမားများ

QSEM လေ့လာမှု အစောပိုင်း အကြိမ်များတွင် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တောင်သူ လယ်သမားများသည် စားဝတ်နေရေးပြေလည်အောင် ကြိုးစား ရုန်းကန်ခဲ့ရသော်လည်း သုတေသနသုံးနှစ်တာ ကာလအတွင်း စိုက်ပျိုးရေးကဏ္ဍ အပြောင်း အလဲများကြောင့် အကျိုးကျေးဇူးများ ခံစားနေရပါသည်။ ထိုပြောင်းလဲမှုများ၏ နောက်ခံ အကြောင်းအရင်းများမှာ ဒေသအလိုက် ကွဲပြားပါသည်။ QSEM လေ့လာမှုဆောင်ရွက်ခဲ့သည့် အခြားဒေသများမှ ကျေးရွာများတွင် စိုက်ပျိုးရေးကဏ္ဍမှ ဝင်ငွေများမှာ အမျိုးမျိုးဖြစ် နေသော်လည်း ခြုံငုံကြည့်ပါက အသားတင်တိုးတက်မှု ပိုမိုနည်းပါး ကြောင်း တွေ့ရှိရပါသည်။

ချင်းပြည်နယ်ရှိလယ်သမားများသည် အမြဲတမ်းစိုက်ပျိုးခြင်းစနစ်သို့ ပြောင်းလဲလာခြင်းကြောင့် အကျိုးကျေးဇူး ဖြစ်ထွန်းလျက် ရှိပါသည်။ စတုတ္ထအကြိမ် QSEM လေ့လာမှုတွင် ဤ ပြောင်းလဲမှုလမ်းကြောင်းကို အသေးစိတ် သရုပ်ခွဲဆန်းစစ်ထားပါသည်။ QSEM လေ့လာမှု ဆောင်ရွက်ခဲ့သည့် ချင်းပြည်နယ်မှ ကျေးရွာများစွာသည် လွန်ခဲ့သော ဆယ်စု နှစ်ခန့်မှစ၍ ရွှေ့ပြောင်းတောင်ယာစနစ်ကို စွန့်လွှတ်လာကြပြီး လှေခါးထစ်စိုက်ကွက်များတွင် ဟင်းသီးဟင်းရွက်ပင်များစိုက်ပျိုးခြင်း၊ မျောက်ငို[9]နှင့် လိမ္မော်သီးပင်ကဲ့သို့သော နှစ်ရှည်သီးပင် များစိုက်ပျိုးခြင်းဖြင့် အမြဲတမ်းစိုက်ပျိုးခြင်းစနစ်သို့ ကူးပြောင်းလာခဲ့ကြပါသည်။ သုတေသန ကာလအတွင်း ဤပြောင်းလဲမှုကို ချင်းပြည်နယ်မှ QSEM ကျေးရွာ (၉) ရွာအနက် (၇) ရွာတွင် တွေ့ရှိရပြီး ကျေးရွာ အိမ်ထောင်စု အားလုံး၏ ၅၀ ရာခိုင်နှုန်း မှ ၇၀ ရာခိုင်နှုန်း အထိ ပါဝင်ပြောင်းလဲလာပါသည်။ ဤပြောင်းလဲမှုမှာ အစပိုင်းတွင် NGO များ၏ နည်းပညာ အထောက်အပံ့နှင့် ပြောင်းရွှေ့လုပ်ကိုင်သူအုပ်စုများ၏ ငွေကြေးအထောက် အပံ့တို့ကြောင့် ဖြစ်ပါသည်။ တောင်သူလယ်သမားများသည် အခြားလယ်သမားများ ရင်းနှီး မြှုပ်နှံကြရာမှ အကျိုးအမြတ်ရရှိသည်ကို မျက်မှောက်မြင်တွေ့ရခြင်းနှင့် ဤစိုက်ပျိုးရေးပုံစံ သည် ပင်ပန်းသော လုပ်အား စိုက်ထုတ်ရမှု နည်းပါးခြင်းတို့ကြောင့် လေ့လာမှုအကြိမ် တိုင်းတွင် စွန့်ဦးထွင်စီးပွားရေးလုပ်ကိုင်မှုမှာလည်း ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင် လာပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင် အစိုးရက ရင်းနှီးမြှုပ်နှံလာခြင်းကြောင့် ဈေးကွက် နှင့် ပိုမိုလက်လှမ်းမီလာခြင်းကလည်း ထိုပြောင်းလဲလုပ်ကိုင်မှုကို အထောက်အပံ့ဖြစ်စေ ခဲ့ပါသည်။

ချင်း၊ ရှမ်းနှင့် ဧရာဝတီမှ လယ်သမားများအနေဖြင့် ချေးငွေ နှင့် ဈေးကွက်ကို ပိုမိုလက်လှမ်းမီလာခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း တိုးတက်ခြင်းတို့မှ အကျိုးခံစားခဲ့ကြရသည်။

ဤကဲ့သို့ ထင်ရှားသော အပြောင်းလဲများ ဖြစ်ပေါ်နေသော်လည်း ချင်းပြည်နယ်ရှိ တောင်သူ လယ်သမားများသည် ရာသီဥတုနှင့် ဆက်စပ်သော ပြင်းထန်သည့်သက်ရောက်မှု (shocks) များကြောင့် ထိခိုက်နိုင်ခြေ ရှိနေဆဲဖြစ်ပါသည်။QSEM 5 မဆောင်ရွက်မီရာသီတွင် ထိုကဲ့သို့ သော ဥပမာတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကျေးရွာ (၉) ရွာလုံးမှ တောင်သူ လယ်သမားများသည်ရေမလုံလောက်မှုကြောင့် သီးနှံထွက်နှုန်းထိခိုက်ခဲ့ကြောင်း ပြောဆို ခဲ့ကြပါသည်။ ထို့အပြင် စိုက်ခင်းများ ပိုးကျခြင်းနှင့် ကြက်သွန်နီကဲ့သို့သော အဓိကသီးနှံများ၏ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့်လည်း ထိုရာသီတွင် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရပါသည်။ သို့သော် တောင်သူလယ်သမား များသည် လွန်ခဲ့သောသုံးနှစ်တာကာလနှင့်နှိုင်းယှဉ်ပါက အနာဂါတ်တွင် ပိုမိုကောင်းမွန်လာမည်ဟု အကောင်းမြင်ကြဆဲ ဖြစ်ပါသည်။

9. မြန်မာနိုင်ငံတောင်ပေါ်ဒေသတွင် ပေါက်ရောက်သော ဒေသရင်း သီးပင်တစ်မျိုးဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Lampati ဖြစ်ပါသည်။

*"ဒီနှစ်လုပ်ငန်းတွေကတော့ ပြီးခဲ့တဲ့နှစ်ထက် ပိုကောင်းပါတယ်။ အခုကျွန်တော်တို့ ဆန်စားနိုင်တယ်။ ဆန်ပြုတ်သောက်စရာမလိုတော့ဘူး။"*
***- ချင်းပြည်နယ်မှ လယ်သမား (အမျိုးသား) တစ်ဦး။***

*"ကျွန်တော်ကတော့ ရွှေ့ပြောင်းတောင်ယာစနစ်ကနေ အမြဲတမ်းစိုက်ပျိုးတဲ့ပုံစံကိုပဲ ပြောင်းတော့မယ်။ မြေအရည်အသွေးနဲ့ မိုးလေဝသ ပုံမှန်မဟုတ်ရင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးတာက ပုံမှန်အထွက်နှုန်းရဖို့ မသေချာဘူး"*
***- ချင်းပြည်နယ်မှလယ်သမား (အမျိုးသား)တစ်ဦး။***

အစောပိုင်း သုတေသနအကြိမ်များတွင် ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများသည် ရလဒ်ကောင်းများ ရရှိခဲ့ကြပါသည်။ အကြောင်းအရင်းတစ်စိတ်တစ်ဒေသမှာ ကျေးရွာအချို့တွင် လယ်သမားများသည် တစ်ရာသီတွင် သီးနှံနှစ်မျိုး စိုက်ပျိုးနိုင်ကြသောကြောင့်ဖြစ်ပါသည်။ ပထမအကြိမ် QSEM လေ့လာမှုတွင် ဆားငန်ရေ ဝင်ရောက်မှုကြောင့် သုတေသနဆောင်ရွက်ခဲ့သည့် ကျေးရွာ(၉)ရွာအနက် (၄) ရွာတွင်သာ သီးနှံနှစ်မျိုး စိုက်ပျိုးနိုင်ခဲ့ပါသည်။ လက်ရှိတွင် အခြားကျေးရွာနှစ်ရွာမှ လယ်သမားများမှာ သီးနှံနှစ်မျိုးစိုက်ပျိုးလာနိုင်ပြီး ကျန်ကျေးရွာနှစ်ရွာတွင်လည်းစမ်းသပ်စိုက်ပျိုးနေကြသည်။ သီးနှံနှစ်မျိုးစိုက်ပျိုးသည့်စနစ်ကျယ်ပြန့်လာခြင်းတွင် NGO များမှ နည်းပညာ အထောက်အပံ့နှင့် နွေရာသီသီးနှံအတွက် လိုအပ်သောသွင်းအားစုများ ဝယ်ယူနိုင်ရန် ချေးငွေရရှိလာခြင်းတို့က အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နွေစပါး စိုက်ပျိုးသည့်ဒေသတွင် နေ့စားလုပ်သားများသည် တစ်နှစ်အတွင်း အလုပ်လုပ်ရက် (၂၀)မှ (၃၀) ရက်အထိ တိုးလာပါသည်။ ထိုတိုးတက်ပြောင်းလဲမှုများသည် မြေအရည်အသွေးမှာ နာဂစ်မတိုင်မီ အခြေအနေပြန်ဖြစ်လာခြင်း၊ ပေါ်ဆန်း ဘေးကြားစပါးမျိုးသုံးလာခြင်းကြောင့် နိုင်ငံတကာဈေးကွက် ပိုမိုကောင်းမွန်လာခြင်းနှင့် စပါးအတွက် တန်ဖိုးကွင်းဆက် (value chain) သိသာစွာ တိုးတက်ကောင်းမွန်လာခြင်း တို့နှင့်လည်း ဒွန်တွဲနေကြောင်း တွေ့ရှိရပါသည်။[10]

ရှမ်းပြည်နယ်မှ ကျေးရွာများအနက် သုံးပုံနှစ်ပုံသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုများ တွေ့ရှိရသည့် တတိယမြောက်ဒေသဖြစ်ပါသည်။ဤအစီရင်ခံစာ အစပိုင်း ရှမ်းပြည်နယ်မှ ကျေးရွာတစ်ရွာ၏ နောက်ခံအကြောင်းအရာတွင် မီးမောင်းထိုးပြထားသည့်အတိုင်း ထိုဒေသများသည် တရုတ်ပြည်မှ ပြောင်းဖူးဝယ်လိုအား တိုးတက်လာခြင်းနှင့် ထိုဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ခြင်းကြောင့် အကျိုး ကျေးဇူးဖြစ်ထွန်းခဲ့ပါသည်။ ပြောင်းဖူးဈေးမြင့်တက်လာခြင်းကြောင့် အခြားသီးနှံစိုက်ပျိုးခြင်းကို ရပ်ဆိုင်းခြင်းဖြင့် လည်းကောင်း၊ အသုံးမပြုသော မြေလွတ်များကို ရှင်းလင်းခြင်းဖြင့်လည်းကောင်း ပြောင်းဖူးစိုက်ပျိုးသည့်လုပ်ငန်းကိုတိုး၍ ဆောင်ရွက်လာကြပါသည်။ ထိုသို့လုပ်ငန်းချဲ့ထွင်လာခြင်းမှာ ပွဲစားများ၊ ပုဂ္ဂလိကကဏ္ဍတို့မှ ဈေးကွက်၊ မျိုးစေ့နှင့် သွင်းအားစုများနှင့် ပတ်သက်သော အကြံဉာဏ်များရယူ၍ လယ်သမားများကိုယ်တိုင် စွန့်ဦးထွင်လုပ်ကိုင်လာခြင်းက အဓိက တွန်းအားဖြစ်ပါသည်။

10. ဘေးကြားသည် မြစ်ဝကျွန်းပေါ်ဒေသတွင် အထူးသဖြင့် မုန်သုန်ရာသီတွင် များသောအားဖြင့် စိုက်ပျိုးကြသော စပါးမျိုးဖြစ်သည်။

ကျန်ဒေသများရှိ စိုက်ပျိုးရေးကဏ္ဍတွင်မူ ခြုံငုံ၍ကြည့်ပါက အနည်းငယ်သာ တိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ပါသည်။ လေ့လာသည့်အကြိမ်အားလုံးတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားများသည် စိုက်ပျိုးရေးထုတ်လုပ်မှုတွင် အနည်းငယ်သာ ပြောင်းလဲလာပါသည်။ ရလဒ်အားဖြင့် တောင်သူလယ်သမားများသည် QSEM လေ့လာမှုစတင်ချိန်ကတည်းက မှတ်တမ်းတင်ထားခဲ့သော ရာသီဥတုနှင့်ဈေးကွက် သက်ရောက်မှု (shocks) များကြောင့် ယနေ့တိုင် တူညီစွာထိခိုက်လွယ်နေဆဲဖြစ်ပါသည်။ စတုတ္ထအကြိမ် လေ့လာမှုတွင် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်မြို့နယ်မှ တောင်သူလယ်သမားများသည် သာဓက(၂)တွင် ဖော်ပြထားသည့်တိုင်း သီးနှံအားလုံး ဆုံးရှုံးခဲ့ရပါသည်။ မန္တလေးတိုင်းဒေသကြီးမှ အခြားမြို့နယ်နှစ်ခုမှာ အနည်းငယ် ကံကောင်းပါသည်။ တိုင်းဒေသကြီးအတွင်း အခြားမြို့နယ်များတွင် ရေရှားပါးမှု ဖြစ်ပေါ်ခဲ့သော်လည်း အဆိုပါမြို့နယ်နှစ်ခုတွင် နှမ်းစိုက်ပျိုးရန်အတွက် အချိန်ကိုက်မိုးရွာသွန်းခဲ့ခြင်းကြောင့် သက်သာရာရခဲ့ပါသည်။ ကျေးရွာနောက်ခံအကြောင်းအရာတွင် ဖော်ပြထားသကဲ့သို့ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ကြံစိုက်ပျိုးခြင်းလုပ်ငန်း ချဲ့ထွင်လာကြသော်လည်း ရေရှားပါးမှု ဒဏ်ခံစားခဲ့ရသဖြင့် သီးနှံများ ထိခိုက်ခဲ့ရပါသည်။ ရခိုင်ပြည်နယ်တွင် စပါးဈေးအနည်းငယ် မြင့်တက်ရရှိခဲ့ခြင်းကြောင့် အဆိုပါထိခိုက်ဆုံးရှုံးမှုမှာ ခုသာခံသာ ရှိခဲ့ပါသည်။

အပူပိုင်းဒေသနှင့် ရခိုင်မှ လယ်သမားများသည် ဖြစ်ပွားမြဲ ရာသီဥတု ပြင်းထန်သော သက်ရောက်မှု (shocks) များကြောင့် ထိခိုက်လွယ်ဆဲ ဖြစ်ပါသည်။

*"ဒီရာသီကတော့ မိုးရွာမလားဆိုပြီး မျှော်လင့်ချက်နဲ့ စိုက်လိုက်တာပဲ။"*
***- မန္တလေးတိုင်း ဒေသကြီးမှ လယ်သမားအငယ်(အမျိုးသား)တစ်ဦး။***

*"လယ်လုပ်ငန်းပိုလုပ်လေ ဒုက္ခပိုရောက်လေပဲဗျာ။"*
***- ရခိုင်ပြည်နယ်မှ လယ်သမားအလတ် (အမျိုးသား)တစ်ဦး။***

### သာဓက(၂) မန္တလေးတိုင်းဒေသကြီးတွင် သီးနှံလုံးဝပျက်စီးရခြင်းကြောင့် ထိခိုက်ရမှုများ

မန္တလေးတိုင်းဒေသကြီးမှမြို့နယ်တစ်ခုတွင် QSEM လေ့လာမှုဆောင်ရွက်ခဲ့သည့် ကျေးရွာ (၃)ရွာလုံးသည် ၂၀၁၄ ခုနှစ်၊ မိုးစပါးရာသီတွင် ကြီးမားသော ဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည်။ ထိုကျေးရွာတစ်ရွာချင်း၏ လူဦးရေမှာ (၃၄၀)မှ (၈၂၀)ခန့်အထိ အမျိုးမျိုးရှိပြီး အများစုမှာ တောင်သူလယ်သမားများနှင့် လယ်ယာလုပ်သားများ ဖြစ်ကြသည်။

လယ်သမားများသည် စပါးကို ပျိုးခင်းစနစ်ဖြင့် စိုက်ပျိုးကြပြီး ပျိုးပင်များ အနည်းငယ်ကြီးထွားလာပါက ပျိုးနုတ်၍ လယ်တွင် စိုက်ပျိုးကြပါသည်။ မိုးရွာသွန်းမှုမရှိ ခြင်းကြောင့် ပျိုးပင်ငယ်များစွာ သေဆုံးခဲ့ရသဖြင့် လယ်သမားများမှာ ဤအဆင့်တွင်ပင် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။ အခြားလယ်သမားများမှာ ပျိုးပင်များကို အောင်မြင်စွာ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ခဲ့သော်လည်း ကာလရှည်ကြာမိုးခေါင်မှုကြောင့် စပါးပင်များ အောင်မြင်ကြီးထွားခဲ့ခြင်းမရှိပါ။

ယခင်နှစ်များတွင် တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ဒေသတွင်း သမဝါယမ အသင်းများမှ စိုက်ပျိုးစရိတ်ချေးငွေများ ရရှိခဲ့သော်လည်း သီးနှံများ ဆုံးရှုံးခြင်းကြောင့် ဒီဇင်ဘာလ အကွေးဆပ်ချိန်တွင် ကြွေးမြီများ ပေးဆပ်ရန် အခက်အခဲကြုံတွေ့ခဲ့ပါသည်။ ချေးငွေများ ပြန်လည်ပေးဆပ်ရသည့် စနစ်မှာတိကျပြီး၊ လယ်သမားများသည် ဆုံးရှုံးမှုများကို လျော့ပါးစေမည့် အာမခံဝန်ဆောင်မှုများကိုလည်း လက်လှမ်းမမီကြပါ။ ထို့ကြောင့် လယ်သမားများသည် ကြွေးမြီများ ပြန်ဆပ်ရန် လယ်ယာလုပ်ငန်းသုံးကျွဲနွားများကို မဖြစ်မနေ ရောင်းချရပါတော့သည်။ လယ်ယာလုပ်ငန်းသုံးကျွဲနွားများမရှိပါကဝမ်းစာစပါးစိုက်ပျိုးခြင်းထက်ပို၍စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် လယ်သမား များအတွက် အကျိုးအမြတ်ရှိစေသော စိုက်ပျိုးရေး လုပ်ငန်းသို့ ပြန်လည်ရောက်ရှိစွမ်းကို ရေရှည်ထိခိုက်စေပါသည်။ ကျွဲ နွားအသစ်ထပ်မံဝယ်ယူရန် အရင်းအနှီး စိုက်ထုတ်မှု သို့မဟုတ် အတိုးနှုန်းသက်သာသည့် ချေးငွေရရှိရန်မှာလည်း လက်ရှိအခြေအနေတွင်မဖြစ်နိုင်သေးပါ။ လက်လှမ်းမီရန်လိုအပ်ပါသည်။ QSEM လေ့လာမှုအတွင်းကျေးရွာများတွင် တွေ့ဆုံမေးမြန်းချက်များအရ အစိုးရ သို့မဟုတ် NGO များမှ ထောက်ပံ့သည့် ပြင်ပအကူအညီများကိုလည်းမရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

လယ်သမားများအနေဖြင့် အလုပ်များသော ကာလတွင် လုပ်သားရှားပါးခြင်းကို ကြီးမားသော အခက်အခဲတစ်ရပ်အဖြစ် ရှုမြင်ထားကြသည်။

သီးနှံဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်လာသည့် အကြီးမားဆုံး သက်ရောက်မှုမှာ ရွှေ့ပြောင်းလုပ်ကိုင်မှု များပြားလာခြင်း ဖြစ်ပါသည်။ ယခင်က ရွှေ့ပြောင်းလုပ်ကိုင်သူ တောင်သူလယ်သမားအနည်းငယ်သာရှိခဲ့သည်။ ရာသီဥတုမဆိုးရွားမီအချိန်က လယ်သမားများအနေဖြင့် စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာကို ကြုံတွေ့ရမှု နည်းပါသည်။ အဘယ်ကြောင့် ဆိုသော် လယ်သမားများသည် စားသုံးရန်နှင့် ရံဖန်ရံခါ ရောင်းချရန်အတွက် ဆန်စပါး အလုံအလောက် စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ကျွဲနွားများမရှိတော့ခြင်းနှင့်အကြွေးများဆက်လက်တင်နေခြင်းတို့ကြောင့်စားနပ်ရိက္ခာမလုံလောက်တော့ဘဲ ရွှေ့ပြောင်းလုပ်ကိုင်ရန်တွန်းအားပေးနေပါသည်။ကျေးရွာတစ်ရွာတွင်လူဦးရေ(၂၀)ရာခိုင်နှုန်းကျော်သည် အလုပ်အကိုင်ရှာဖွေရန် ပြောင်းရွှေ့သွားကြပါသည်။ အချမ်းသာဆုံး လယ်သမားအချို့သာ ကျေးရွာတွင် ကျန်ပါသည်။

ဤမြို့နယ်၏အတွေ့အကြုံအရ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်ကြိမ်တစ်ခါသာ ကြုံတွေ့ရသည့် ကြီးမား သောအပြောင်းအလဲများကြောင့် မည်မျှထိခိုက်လွယ်နေသည်ကို ဖော်ပြနေပါသည်။ သီးနှံတစ်ကြိမ် ဆုံးရှုံးမှုနှင့်အတူ လူမှုရေး၊ အစိုးရနှင့် NGO အဖွဲ့များ၏ အထောက်အပံ့များ မရှိခြင်းတို့က လယ်သမားအများအပြားကို ၎င်းတို့၏ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ စွန့်ခွာစေပြီး ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းတစ်ခုအဖြစ် ပျံကျလုပ်သားဘဝ သို့မဟုတ် ရွှေ့ပြောင်းလုပ်သားဘဝသို့ တွန်းပို့ခဲ့ပါသည်။

လယ်သမားများသည် လုပ်ငန်းရာသီချိန်တွင် လုပ်သားရှားပါးမှုပြဿနာကို အကြီးမားဆုံး သောအခက်အခဲတစ်ခုအဖြစ် တစ်ပြေးညီ ဖော်ပြခဲ့ကြပါသည်။ လယ်သမားများက သီးနှံ စိုက်ပျိုးမည် မစိုက်ပျိုးမည်ကိုလည်းကောင်း၊ မည်သည့် သီးနှံစိုက်ပျိုးမည်ကို ရွေးချယ်ရာတွင် လည်းကောင်း၊မည်သည့်နည်းလမ်းဖြင့်စိုက်ပျိုးမည်ကိုဆုံးဖြတ်ရာတွင်လည်းကောင်း လုပ်သား ငှားရမ်းခသည် အဓိကထည့်သွင်း စဉ်းစားရသည့် အကြောင်းအရာဖြစ်ကြောင်း ပြောဆို ကြပါသည်။

ပထမအချက်မှာ လယ်သမားများသည် လုပ်အားခ ကြီးမြင့်မှုကြောင့် ၎င်းတို့၏ ထုတ်လုပ်မှု ကို ကန့်သတ်နေရကြောင်း ညွှန်ပြနေမှုများ ရှိပါသည်။ ထိုသို့ကန့်သတ်ရာတွင် ၎င်းတို့၏မြေ အား မစိုက်ပျိုးတော့ဘဲ အနားပေးခြင်း သို့မဟုတ် အခြားသူများသို့ မြေအငှားချခြင်းတို့ပါဝင် ပါသည်။ နောက်ပိုင်းလေ့လာမှုအကြိမ်များအရ အပူပိုင်းဒေသတွင် အခြားသူများသို့မြေအငှား ချသည့်ဖြစ်ရပ်များ တိုးလာပါသည်။ ဥပမာ မကွေးတိုင်းဒေသကြီးတွင် လယ်မြေကေ ပိုများ သော လယ်ပိုင်ရှင်များက အခြားသူများသို့ မြေအငှားချမှု မြင့်တက်လာပါသည်။ အငှားချသည့် စနစ်မှာ သီးနှံပေါ်ချိန်တွင် အချိုးကျခွဲဝေသောစနစ်ဖြစ်ပြီး၊ အငှားချမည့် မြေ၏အရည်အသွေး အပေါ်မူတည်၍လယ်ပိုင်ရှင်ကထွက်ရှိသည့်သီးနှံ၏တစ်ဝက်တစ်ပိုင်းကိုညှိနှိုင်းခွဲဝေရရှိပါသည်။ လယ်ပိုင်ရှင်များသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ရရှိသောစိုက်ပျိုးစရိတ်ချေးငွေများကို အငှားချထားသည့် လယ်သမားများသို့ ခွဲဝေပေးသည့်အတွက် မြေယာမဲ့များ အနေဖြင့် ချေးငွေ လက်လှမ်းမီမှုအခွင့်အလမ်းများ ရရှိစေပါသည်။

ဒုတိယအချက်မှာ အပူပိုင်းဒေသတွင်ပင် တောင်သူလယ်သမားများသည် လုပ်အားခကြီးမြင့်မှု ကို တုန့်ပြန်သည့်အနေဖြင့် သီးနှံအမျိုးအစားကို ပြောင်းလဲစိုက်ပျိုးလာကြပါသည်။ လုပ်အားခ သည် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများက ကြံကို တိုးမြှင့်စိုက်ပျိုးလာခြင်းနှင့် အချို့ ဒေသများတွင် သနပ်ခါး[11] စိုက်ပျိုးလာခြင်းအပေါ် လွှမ်းမိုးနေသော အချက်တစ်ချက်ဖြစ်ပါ သည်။ထိုသီးနှံနှစ်မျိုးလုံးမှာအခြားသီးနှံများထက်လုပ်အားလိုအပ်ချက်နည်းပါသည်။[12]သို့သော် သီးနှံနှစ်မျိုးလုံးကို စပါးအစားထိုးအနေဖြင့် စိုက်ပျိုးရာတွင် လည်းကောင်း၊ ဝင်ငွေရသီးနှံ အဖြစ်စိုက်ပျိုးရာတွင်လည်းကောင်း ကန့်သတ်ချက်များ ရှိနေပါသည်။ သနပ်ခါးပင်သည် အပင် ရင့်သန်လာရန်အချိန်ကြာမြင့်မှုကြောင့် (အနည်းဆုံး ခုနစ်နှစ်ရှိပြီး အရည်အသွေးကောင်း သနပ်ခါးရရန် နှစ်သုံးဆယ်ထက်ပင် ကြာနိုင်ပါသည်) အကျိုးအမြတ်ရနိုင်ခြေတွင် ကန့်သတ်မှု များ ရှိနေပါသည်။ ကြံစိုက်ပျိုးခြင်းသည် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းပါသည်။ ပဥ္စမအကြိမ် QSEM လေ့လာမှုတွင် မကွေးတိုင်းဒေသကြီးမှ တောင်သူလယ်သမားများသည် ကြံ တစ်တန်လျှင် (၃၂,၀၀၀) ကျပ် ရရှိကြောင်း သို့သော် အောင်မြင်သော ဝင်ငွေရသီးနှံ ဖြစ်လာစေ ရေးအတွက် သယ်ယူပို့ဆောင်ရေး ကောင်းမွန်ရန်နှင့် ကုန်ချောထုတ် စက်ရုံများနှင့် သွားလာ ရေးအဆင်ပြေရန် လိုအပ်ပါသည်။

နောက်ဆုံးအချက်မှာ လုပ်သားမှီခိုမှုကို လျှော့ချရန် အသေးစားစက်ယန္တရားများ သုံးစွဲမှု အနည်းငယ် တိုးတက်လာပါသည်။ စတုတ္ထအကြိမ် QSEM အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသကဲ့သို့ ဒေသအားလုံးတွင် လယ်ယာသုံးအသေးစား စက်ယန္တရားများကို အမျိုး

11. အခေါက်ကို ရိုးရာ အလှအပ ပစ္စည်းတစ်ခုအဖြစ် အသုံးပြုသော အပင်။
12. ကြံစိုက်ပျိုးခြင်းမှာ ဈေးကွက်လိုအပ်ချက်ကို တုန့်ပြန်ခြင်းနှင့် ကြံဈေးမြင့်တက်လာမှုတို့ကြောင့်ဖြစ်ပြီး သနပ်ခါးပင်သည် မိုးခေါင်သည့်ဒဏ်ကို ပိုမို၍ခံနိုင်ရည် ရှိခြင်းကြောင့် သနပ်ခါးစိုက်ပျိုးခြင်းမှာ ဆုံးရှုံးနိုင် သည့်အလားအလာကိုလျှော့ချသည့် မဟာဗျူဟာတစ်ခုဖြစ်ပါသည်။

မျိုးကွဲပြားစွာ သုံးစွဲလာသည်မှာ အများအပြားမဟုတ်သော်လည်း မြင်သာနိုင်ပါသည်။[13] ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း QSEM ကျေးရွာများတွင် သိသိသာသာ တိုးတက်လာရာ ရှမ်းပြည်နယ်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကြောင့် တိုးတက်လာခြင်းဖြစ်ကာ မြစ်ဝကျွန်းပေါ်ဒေသတွင်မူ NGO စီမံကိန်းများနှင့် ချေးငွေလက်လှမ်းမီမှုက ပို၍အရေးပါသော တွန်းအားဖြစ်ပါသည်။

## လုပ်သားများ

*"ဒီနှစ်ကတော့ ကျွန်တော်တို့အတွက် ပျံ့ကျအလုပ်တွေပိုပေါတယ်။ အုတ်ဖုတ်တဲ့အခါ ကုန်ကြမ်းသုံးဖို့ သစ်ခုတ်တဲ့အလုပ်တောင် လုပ်ရသေးတယ်။"*

***- ချင်းပြည်နယ်မှ ကျပန်းလုပ်သား (အမျိုးသား) တစ်ဦး။***

*"အလုပ်သမားရှာရတာခက်တယ်။ အသက်ကြီးတဲ့လူတွေနဲ့ ကလေးတွေကိုတောင် အလုပ်လုပ်နိုင်မလား မေးရတယ်။"*

***- မကွေးတိုင်းဒေသကြီးမှ လယ်သမားကြီး (အမျိုးသား)တစ်ဦး။***

ဒေသအများစုတွင် လေ့လာမှုအကြိမ်တိုင်း၌ပျံ့ကျလုပ်သားများ၏ လုပ်အားခများ တိုးမြင့်လာကြောင်း တွေ့ရှိရသည်။ LIFT အဖွဲ့၏ ၂၀၁၃ ခုနှစ် အိမ်ထောင်စုအဆင့်ကွင်းဆင်းလေ့လာမှုအရ ကွင်းဆင်းလေ့လာခဲ့သည့်ဒေသအတွင်း လူဦးရေတစ် ဝက်ခန့်မှာ မြေယာမဲ့များဖြစ်ကြောင်းနှင့် ကိန်းဂဏန်းများမှာ ကမ်းရိုးတန်းဒေသတွင် သုံးပုံနှစ်ပုံအထိ များလာကြောင်း ရှင်းလင်းစွာ တွေ့ရှိထားသည်။[14] ဒေသအသီးသီးရှိ အိမ်ထောင်စု ၁၅.၇ ရာခိုင်နှုန်း၏ အဓိကဝင်ငွေ အရင်းအမြစ်မှာ စိုက်ပျိုးရေးကျပန်းလုပ်ငန်းဖြစ်ပြီး ဒေသတစ်ခုနှင့်တစ်ခုကွဲပြားမှု နည်းပါသည်။[15] အောက်တွင် ဖော်ပြထားသည့်ဇယား(၂)မှ ဇယား(၅)အထိတွင် QSEM လေ့လာမှု ဆောင်ရွက်ခဲ့သည့် အကြိမ်အားလုံး၌ ချင်းပြည်နယ်မှအပ ဒေသအားလုံးမှ နေ့စားလုပ်သား တုန့်ပြန်ဖြေကြားသူများသည် ရာသီချိန်သာမက ရာသီချိန်ပြင်ပအချိန်များတွင်လည်း လုပ်အားခများ ရရှိခဲ့ကြကြောင်း ဖော်ပြထားပါသည်။[16] QSEM သုတေသနအကြိမ်တိုင်း၌ ရာသီချိန်နှင့်

13. QSEM လေ့လာမှုတွင် အသုံးပြုသော အရည်အသွေးပြသုတေသန နည်းစနစ်မှာ စံအားဖြင့် စက်ပစ္စည်းသုံးစွဲမှုပြောင်းလဲလာပုံကို အဓိကတိုင်းတာရန် ဒီဇိုင်းရေးဆွဲထားခြင်း မဟုတ်ပါ။ သုတေသနနည်းလမ်းသည် စက်ပစ္စည်းပိုင်ဆိုင်မှုကိုတိုင်းတာရန် စိတ်ချရသော နည်းစနစ်မဟုတ်သော်လည်း လေ့လာမှုအကြိမ်တိုင်းတွင် တုန့်ပြန်ဖြေကြားသူများ၏ အမြင်များအပေါ်အခြေခံ၍ စက်ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာကြောင်း သိရှိနိုင်ခြင်းဖြစ်ပါသည်။ ဖြေကြားသူများ၏ တုန့်ပြန်မှုသည် LIFT အဖွဲ့၏ ၂၀၁၃ ခုနှစ် အိမ်ထောင်စုအဆင့် ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် ကိုက်ညီနေပါသည်။ LIFT အဖွဲ့၏ တွေ့ရှိချက်များအရ စက်ပစ္စည်းများ အထူးသဖြင့် လက်တွန်းလယ်ထွန်စက်ပိုင်ဆိုင်မှုမှာ (၂၀၁၁) ခုနှစ်တွင် အိမ်ထောင်စု(၄.၄)ရာခိုင်နှုန်းမှ (၂၀၁၃)ခုနှစ်တွင် (၆.၆)ရာခိုင်နှုန်းအထိ တိုးတက်လာသည်။
14. (၂၀၁၃)ခုနှစ်တွင် LIFT ကွင်းဆင်းလေ့လာခဲ့သည့် ကျေးရွာများ၏ အိမ်ထောင်စု (၅၂.၅)ရာခိုင်နှုန်းမှာ မြေယာပိုင်ဆိုင်ပြီး ထိန်းချုပ်ကျေးရွာများ (control villages) ကျေးရွာများမှာ အိမ်ထောင်စု (၅၅.၉) ရာခိုင်နှုန်းပိုင်ဆိုင်ပါသည်။ ဒေသအလိုက်ကွဲပြားမှုမှာ သိသာပြီး တောင်ပေါ်ဒေသတွင် အိမ်ထောင်စု (၇၅.၆) ရာခိုင်နှုန်း၊ အပူပိုင်းဒေသတွင် (၆၃.၅)ရာခိုင်နှုန်းနှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသတွင် (၃၄)ရာခိုင်နှုန်း အသီးသီး မြေယာ ပိုင်ဆိုင်ပါသည်။
15. အပူပိုင်းဒေသတွင် အိမ်ထောင်စု(၁၈.၅)ရာခိုင်နှုန်း၊ ကမ်းရိုးတန်းမြစ်ဝကျွန်းပေါ်ဒေသတွင် (၁၇.၅) ရာခိုင်နှုန်း၊ တောင်ပေါ်ဒေသတွင် (၁၁)ရာခိုင်နှုန်း တို့၏ အဓိကဝင်ငွေမှာ ကျပန်းလုပ်ငန်းဖြစ်ပါသည်။
16. အကြောင်းအမျိုးမျိုးကြောင့် ချင်းပြည်နယ်မှ ရရှိသည့် လုပ်အားခအချက်အလက်များ သရုပ်ခွဲဆန်းစစ်မှုမှာ များစွာစိတ်မချရပါ။ ပထမအချက်မှာ လုပ်ကိုင်စားသောက်ရန် မြေအလွယ်တကူ လက်လှမ်းမီခြင်းကြောင့် စိုက်ပျိုးရေးနေ့စားလုပ်အားခအပေါ် မှီခိုသည့် အိမ်ထောင်စုမှာ သိသိသာသာ လျော့နည်းပါသည်။ ခင်မင်ရင်းနှီးမှု အသိုင်းအဝိုင်းအပေါ်မူတည်၍ စိုက်ပျိုးရေးအလုပ်ကို ဆောင်ရွက်ကြခြင်းကြောင့် ငွေကြေးရရှိသည့် ပမာဏကို နည်းပါးစေပါသည်။ ချင်းပြည်နယ်မှ အချက်အလက်ကို စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး မဟုတ်သော အလုပ်( ဥပမာ - အစိုးရ အဆောက်အဦစီမံကိန်းများ)အားလုံးကို ကောက်နုတ်ထားခြင်းဖြစ်သောကြောင့် နေ့စဉ်လုပ်အားခများမှာ သိသာစွာ ကွာခြားနေပါသည်။

ရာသီချိန်ပြင်ပ အချိန်နှစ်မျိုး လုံးအတွက် နေ့စဉ်လုပ်အားခများ ပုံမှန်တိုးတက်လာကြောင်းကို ဇယား (၂)နှင့် ဇယား (၃) တို့တွင်ဖော်ပြထားပါသည်။

**ဇယား(၂) - စပါးရိတ်သိမ်းခြင်းအတွက် တစ်နေ့ပျမ်းမျှလုပ်အားခများ ( အမျိုးသားအတွက် ရာသီချိန်လုပ်အားခ)**

| | QSEM 1 | QSEM 2 | QSEM 3 | QSEM 4 | QSEM 5 | ကွာဟချက် |
|---|---|---|---|---|---|---|
| **ဧရာဝတီ** | မသိပါ | ၂၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၅၀၀ |
| **မကွေး** | ၁၅၀၀ | မသိပါ | ၁၅၀၀ | ၁၅၀၀ | ၅၀၀၀ | ၃၅၀၀ |
| **မန္တလေး** | ၂၀၀၀ | ၂၀၀၀ | မသိပါ | ၂၅၀၀ | ၃၂၅၀ | ၁၂၅၀ |
| **ရခိုင်** | ၂၅၀၀ | မသိပါ | ၂၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၅၀၀ |
| **ရှမ်း** | မသိပါ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀-၆၀၀၀ | ၃၅၀၀-၆၀၀၀ | ၁၂၅၀ ခန့် |

**ဇယား(၃) - စပါးရိတ်သိမ်းခြင်းအတွက် တစ်နေ့ပျမ်းမျှလုပ်အားခများ (အမျိုးသားအတွက် ရာသီချိန်ပြင်ပလုပ်အားခ)**

| | QSEM 1 | QSEM 2 | QSEM 3 | QSEM 4 | QSEM 5 | ကွာဟချက် |
|---|---|---|---|---|---|---|
| **ဧရာဝတီ** | မသိပါ | ၁၅၀၀ | ၁၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၅၀၀ |
| **မကွေး** | ၁၂၀၀ | မသိပါ | ၁၂၀၀ | ၁၂၀၀ | ၂၅၀၀ | ၁၃၀၀ |
| **မန္တလေး** | ၁၅၀၀ | ၁၅၀၀ | မသိပါ | ၂၀၀၀ | ၂၇၅၀ | ၁၂၅၀ |
| **ရခိုင်** | ၂၅၀၀ | မသိပါ | ၂၅၀၀ | ၂၅၀၀ | ၂၇၅၀ | ၂၅၀ |
| **ရှမ်း** | မသိပါ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀ |

လုပ်အားခတိုးတက်လာမှုကို အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရရှိကြပါသည်။ အမျိုးသားအလုပ်၊ အမျိုးသမီး အလုပ်ဟူ၍ သီးခြားသတ်မှတ်ခွဲခြားထားသော အလုပ်များလည်းရှိပါသည်။ ဥပမာအားဖြင့် လယ်ထွန်ခြင်းမှာအမျိုးသားအလုပ်၊ ပေါင်းရှင်းခြင်းမှာစပါးရိတ်သိမ်းခြင်းနှင့်ရိတ်သိမ်းပြီးနောက်ပိုင်းအလုပ်များမှာ ယောကျ်ားမိန်းမတန်းတူ ဆောင်ရွက်နိုင်သောအလုပ်များဖြစ်ပါသည်။ ဇယား(၄)နှင့်(၅)တို့အရ သုတေသနကာလ အတွင်း QSEM ကျေးရွာများမှ အမျိုးသမီးများသည် အမျိုးသားများနည်းတူ လုပ်အားခ တိုးမြှင့်ရရှိကြောင်း ဖော်ပြနေပါသည်။

**ဇယား(၄) - စပါးရိတ်သိမ်းခြင်းအတွက် တစ်နေ့ပျမ်းမျှလုပ်အားခများ (အမျိုးသမီးအတွက် ရာသီချိန် လုပ်အားခ)**

| | QSEM 1 | QSEM 2 | QSEM 3 | QSEM 4 | QSEM 5 | ကွာဟချက် |
|---|---|---|---|---|---|---|
| **ဧရာဝတီ** | မသိပါ | ၂၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀ |
| **မကွေး** | ၁၂၀၀ | မသိပါ | ၁၂၀၀ | ၁၂၀၀ | ၄၀၀၀ | ၂၈၀၀ |
| **မန္တလေး** | ၂၀၀၀ | ၂၀၀၀ | မသိပါ | ၂၅၀၀ | ၃၂၅၀ | ၁၂၅၀ |
| **ရခိုင်** | ၂၀၀၀ | မသိပါ | ၂၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၀၀၀ |
| **ရှမ်း** | မသိပါ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၇၅၀ | ၁၂၅၀ |

**ဇယား(၅) - စပါးရိတ်သိမ်းခြင်းအတွက် တစ်နေ့ပျမ်းမျှလုပ်အားခများ (အမျိုးသမီးအတွက် ရာသီချိန် ပြင်ပ လုပ်အားခ)**

| | QSEM 1 | QSEM 2 | QSEM 3 | QSEM 4 | QSEM 5 | ကွာဟချက် |
|---|---|---|---|---|---|---|
| **ဧရာဝတီ** | မသိပါ | ၁၅၀၀ | ၁၅၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| **မကွေး** | ၁၀၀၀ | မသိပါ | ၁၀၀၀ | ၁၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| **မန္တလေး** | ၁၅၀၀ | ၁၅၀၀ | မသိပါ | ၂၀၀၀ | ၂၇၅၀ | ၁၂၅၀ |
| **ရခိုင်** | ၂၀၀၀ | မသိပါ | ၂၀၀၀ | ၂၀၀၀ | ၂၇၅၀ | ၇၅၀ |
| **ရှမ်း** | မသိပါ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀ |

*"ဆင်းရဲတဲ့သူ(နေ့စားလုပ်သားများ)တွေက ပိုပြီး အဆင်ပြေလာတယ်၊ ချမ်းသာတဲ့သူ (လယ်သမား)တွေက ဆင်းရဲသွားတယ်။"*

***- မန္တလေးတိုင်းဒေသကြီးမှ အလယ်အလတ် တောင်သူလယ်သမား (အမျိုးသား) တစ်ဦး။***

အချို့ဒေသများတွင် လုပ်အားခတိုးတက်လာသည့် အခြေအနေများကြောင့် ကျပန်းလုပ်သားများအတွက် တိုးတက်မှု အချို့ဖြစ်ပေါ်လာပါသည်။ သာဓက (၃)တွင် မကွေးတိုင်းဒေသကြီးမှ ကျေးရွာတစ်ရွာတွင် ကျပန်းလုပ်သားများက ပိုမိုအားကောင်းသော ညှိနှိုင်းဆွေးနွေးမှု အနေအထားကြောင့် အကျိုးအမြတ်ပိုမိုဖြစ်ထွန်းလာပုံကို ဥပမာအဖြစ် ဖော်ပြထားပါသည်။ သို့သော် ထိုအခြေအနေများမှာ တစ်နှစ်တာလုံး ပုံမှန်အလုပ်အကိုင် ရရှိမှုအပေါ်များစွာ မူတည်ပါသည်။

## သာဓက(၃) မကွေးတိုင်းဒေသကြီးမှ ကျပန်းလုပ်သားများ စားဝတ်နေရေး အဆင်ပြေလာခြင်း

မကွေးတိုင်းဒေသကြီးရှိ ဝေးလံခေါင်းပါးသော ကျေးရွာတစ်ရွာတွင် အသက်(၅၂)နှစ်အရွယ်မြေယာမဲ့ ကျပန်းအလုပ်သမားတစ်ဦးသည် အသက်(၅၀)အရွယ်ဇနီး၊ အသက်(၁၂)နှစ်နှင့် (၇)နှစ်အရွယ် ကလေးနှစ်ဦးနှင့်အတူ ကျေးရွာ အစွန်အဖျားတွင် နေထိုင်ပြီး ကျေးရွာခေါင်းဆောင်များက အဆိုပါမိသားစုကို ကျေးရွာတွင် အဆင်းရဲဆုံးဟု ဆိုပါသည်။

လင်မယားနှစ်ဦးစလုံးသည်ကောက်စိုက်ခြင်း၊စပါးရိတ်ခြင်း၊နှမ်းစိုက်/ရိတ်ခြင်း၊ထန်းလျက်ချက်ခြင်း သို့မဟုတ် ထင်းကောက်ခြင်း စသည့် ကျပန်း အလုပ်များကို လုပ်ကိုင်ပါသည်။[17] ထိုမိသားစုမှာ အလုပ်အကိုင်အခွင့်အလမ်းများ လုံလောက်မှုရှိသော်လည်း ခက်ခဲကြမ်းတမ်းသည့်မေလနှင့်ဇွန်လများတွင် စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာ ကြုံတွေ့ရပါသည်။ လွန်ခဲ့သောနှစ်များက ဆန်ဝယ်ရန်အတွက် လယ်သမားကြီးများထံမှ ကြိုတင်လုပ်အားခနှစ်ကြိမ်ခန့် ထုတ်ချေးခဲ့ရပါသည်။

အဆိုပါမိသားစုသည် ယခင်က အနီးရှိ ကျေးရွာတစ်ရွာတွင် နေထိုင်ပြီး လယ်(၁၀)ဧကပိုင်ဆိုင်ခဲ့ပါသည်။ သို့သော် အကြွေးများ ထူလာသည့်အပြင် လွန်ခဲ့သောငါးနှစ်ခန့်က ကြခင်းများ မီးလောင်ခြင်း၊ ယောက်ျား၏ဖခင်မှာ ငှက်ဖျားဝေဒနာ ခံစားခဲ့ရခြင်းကြောင့် နှစ်ထပ်ကွမ်း ကပ်ဆိုက်ခဲ့ပြီး မိသားစုအခြေခံလိုအပ်ချက်များကို ကာမိရန်အတွက်မြေကို ရောင်းချခဲ့ရပါသည်။ ကျပန်းအလုပ်များဝင်လုပ်၍ မိသားစုစားဝတ်နေရေးပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးစားခဲ့သော်လည်း တစ်နှစ်ပတ်လုံး အလုပ်မရှိခြင်းကြောင့် ဝင်ငွေထွက်ငွေမှာ အလျင်မမီခဲ့ပါ။ ထို့ကြောင့် ဇနီး၏ ဇာတိဖြစ်သော လက်ရှိကျေးရွာသို့ ပြောင်းရွှေ့လာကြပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ၎င်းတို့၏ အခြေအနေသည် အနည်းငယ်တိုးတက်လာပါသည်။ ဇနီး၏ မိသားစုအဆက်အသွယ်များမှတစ်ဆင့် ချေးငွေအနည်းငယ်ရရှိလာခြင်း၊ ကနဦးကျပန်းအလုပ်အကိုင်အခွင့်အလမ်းများ ရလာပြီး ၎င်းတို့၏ကိုယ်ပိုင်အဆက်အသွယ်များ ရရှိလာပါသည်။ ယောက်ျားသည်လည်း ကျပန်းလုပ်သားများနှင့် အဆက်အသွယ်များ ချိတ်ဆက်လာနိုင်ပါသည်။ ထို့ကြောင့် ပုံမှန်အလုပ်ရလာပြီး လယ်ယာပိုင်ရှင်များနှင့် ဆွေးနွေး ညှိနှိုင်းရာတွင် ပိုအားကောင်းလာပါသည်။ ကျေးရွာမှ လယ်သမားများသည် သီးနှံအမျိုးမျိုး စိုက်ပျိုးနိုင်ကြသောကြောင့်ကျပန်းလုပ်သားများအနေဖြင့် တစ်နှစ်ပတ်လုံး ဝင်ငွေရအလုပ်များ အလုံအလောက် ရှိကြပါသည်။ အဆိုပါအမျိုးသားသည် တစ်နေ့လုပ်အားခ ၃,၀၀၀ မှ ၄,၀၀၀ ကျပ်အထိ ပုံမှန်အားဖြင့်ရရှိပါသည်။ နွေရာသီအချိန်တွင် မိသားစုအခြေခံလိုအပ်ချက်ကို ကာမိစေရန် မိတ်ဆွေများထံမှ ငွေအနည်းငယ် ချေးရပါသည်။ လက်ရှိတွင် ၎င်းတို့မိသားစုသည်ရင်းနှီးမြှုပ်နှံရန်အတွက် တရားဝင်ချေးငွေများ လက်လှမ်းမီနေပြီဖြစ်ပါသည်။ လွန်ခဲ့သောနှစ်က အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ချေးငွေဖြင့် ဝက်တစ်ကောင်ဝယ်၍ မွေးခဲ့ပြီး

17. ထန်းလျက်သည် မြန်မာနိုင်ငံတွင် သကြားသဖွယ် အသုံးပြုသည့် ရိုးရာအစားအစာတစ်မျိုးဖြစ်သည်။

ယခုနှစ်တွင် နှစ်သိန်းကျပ်ဖြင့် ပြန်လည်ရောင်းချနိုင် ခဲ့ပါသည်။ ယခုအချိန်တွင် ၎င်းတို့သည် မွေးမြူရေးတွင်ပို၍ ရင်းနှီးမြှုပ်နှံရန် မျှော်လင့်ထားပါသည်။

*"မိုးရွာလို့အလုပ်တစ်ရက်မလုပ်ရရင် အဲ့ဒီနေ့အတွက် စားဖို့စုထားတာမရှိဘူး၊ အလုပ်လုပ်ရတဲ့ရက်များသလောက် ဝင်ငွေ မရှိတဲ့ရက်တွေလည်း များတယ်။"*
***- ဧရာဝတီတိုင်းဒေသကြီးမှ ကျပန်းလုပ်သား (အမျိုးသား) တစ်ဦး၊***

*"အရင်ကဆိုရင် ပိုက်ဆံ ၄၀၀၀ ကျပ်ရှိရင် ဝက်သားတစ်ပိဿာဝယ်စားလို့ရပြီ၊ ဝက်သားတစ်ပိဿာဆိုရင် မိသားစုအတွက် တစ်ရက်စာလုံလောက်ပြီ၊ အခုတော့ ပိုက်ဆံ ၄၀၀၀ ကျပ်ရှိရင် ဝက်သားငါးဆယ်သားလောက်ပဲရတော့တယ်"*
***- ဧရာဝတီတိုင်းဒေသကြီးမှ ကျပန်းလုပ်သား (အမျိုးသမီး) တစ်ဦး။***

လုပ်ခတိုးလာခြင်းကြောင့် လုပ်သားများအတွက် အကျိုးဖြစ်ထွန်းစေသော်လည်း စိုက်ပျိုးရေး ကဏ္ဍအတွင်း တစ်နှစ်တာပတ်လုံး အလုပ်လုပ်ရက် မရှိခြင်းက အဆိုပါ အကျိုးကို ပယ်ဖျက်ထားသကဲ့သို့ပင် ဖြစ်သည်။

များသောအားဖြင့် လုပ်အားခများ တိုးမြှင့်လာသော်လည်း ကျပန်းလုပ်သားများအတွက် တစ်နှစ်တာအတွင်း အလုပ်ရရှိနိုင်သော ရက်အရေအတွက်မှာ မလုံလောက်သေးပါ။ တုန့်ပြန်ဖြေကြားသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ အပေါ်အခြေခံ၍ ဒေသအများစုတွင် စိုက်ပျိုးရေးလုပ်ငန်းမှ တစ်နှစ်တာအတွင်း ဝင်ငွေရ လုပ်ရက်ပေါင်း (၇၀)မှ (၈၀)အထိသာ ရှိကြောင်း သုတေသီများက ခန့်မှန်းခဲ့ပါသည်။ သီးထပ် စိုက်ပျိုးသည့်ဒေသများတွင်မူ ဝင်ငွေရ အလုပ်လုပ်ရက်မှာ ရက်(၂၀)မှ (၃၀)အထိ တိုးလာနိုင်ပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ကျေးရွာများရှိ ကျပန်းလုပ်သားများသည် ဒုတိယရာသီတွင် နွေစပါးစိုက်ပျိုးခြင်းကြောင့် အလုပ်ပိုရပြီး အကျိုးအမြတ် ရရှိပါသည်။ ထို့အပြင်အထက်တွင် ညွှန်းထားသည့်အတိုင်း လုပ်အားခတိုးမြှင့်လာခြင်းကို နေ့စဉ်ကုန်ကျစရိတ်အပေါ် သက်ရောက်မှုရှိသော ငွေကြေးဖောင်းပွမှုနှင့်လည်း ချိန်ညှိစဉ်းစားရန်လိုအပ်ပါသည်။ ရလဒ်အနေဖြင့် ကျပန်းလုပ်သားများသည် သာဓက(၃)တွင် ဖော်ပြထားသည့်အတိုင်း အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ရွှေ့ပြောင်း၍ အလုပ်အကိုင်ရှာဖွေခြင်း စသည်တို့ကို လုပ်ကိုင်ရန် လိုအပ်ဆဲဖြစ်ပါသည်။

ကျပန်းလုပ်သားများကအခြားဝင်ငွေရင်းမြစ်များကို ရှာဖွေလုပ်ကိုင်လာခြင်း၏ အကျိုးဆက်အဖြစ် လုပ်သားရရှိနိုင်မှု လျော့နည်းလာသဖြင့် လုပ်အားခတိုးမြှင့်ပေးရန် ဖိအားဖြစ်လာကြောင်း တောင်သူလယ်သမားများက ယုံကြည် ကြပါသည်။ QSEM ကျေးရွာများစွာတို့မှ တောင်သူလယ်သမားများသည် အမြတ်အစွန်းရရှိလိုပါက လုပ်အားခ မြင့်တက်ရန် တောင်းဆိုမှုများကို ထပ်မံမလိုက်လျောနိုင်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပါသည်။ ထိုအခြေအနေကို တုန့်ပြန်သည့်အနေဖြင့် တောင်သူလယ်သမားများနှင့် ကျပန်းလုပ်သားများသည် လုပ်အားခ သဘောတူညီမှုရရှိရန် ဆန်းသစ်သော နည်းလမ်းပေါင်းများစွာကို ရှာဖွေလာရပါသည်။ သုတေသနအကြိမ်တိုင်းတွင် သုတေသီများသည် တောင်သူလယ်သမားများက လုပ်သားအလုံအလောက်ရရှိရန် အသုံးပြုသည့် မတူညီသော ချဉ်းကပ်နည်းမျိုးစုံကို သိရှိခဲ့ရပြီး ဇယား(၆)

တွင် ဥပမာအချို့ကို ဖော်ပြထားပါသည်။ အစောပိုင်းတွင် အကြွေးတင်နေသော လုပ်သားများ အပေါ်မှီခိုရာမှ လက်ငင်းငွေချေစနစ်ကို အားကိုးလာရပါသည်။ ထိုမှတစ်ဆင့် နေ့တွက်ခဖြင့် ပေးချေရာမှ အလုပ်ပြီးစီးမှုကို အခြေခံ၍ ပေးချေသည့်စနစ်သို့ တစ်ဖြည်းဖြည်း ပြောင်းလာပါသည်။ သုတေသန နောက်ဆုံးအကြိမ်များတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် အပူပိုင်းဒေသများ၌ တောင်သူလယ်သမားများက မွေးမြူရေးလုပ်ငန်းတွင် အကျိုးတူပိုင်ဆိုင်သောပုံစံဖြင့် မက်လုံးများပေးလာသော သာဓကများကိုလည်း ဖော်ထုတ် သိရှိခဲ့ရပါသည်။ ထိုသာဓကများသည် ကျပန်းလုပ်သားများက ဈေးခေါ် ဆွေးနွေးနိုင်သည့် စွမ်းအား ခိုင်မာလာမှုကို ဖော်ပြနေပါသည်။

**ဇယား(၆) - သုတေသနအကြိမ်အလိုက် ကျပန်းလုပ်သားများနှင့် ဈေးနှုန်းညှိနှိုင်းဆွေးနွေးမှုအခြေအနေ**

| | ဒေသ | ဥပမာ |
|---|---|---|
| QSEM 1 | | ဖော်ထုတ်ထားခြင်းမရှိပါ။ |
| QSEM 2 | မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး | • အလုပ်ရှားသည့် ရာသီတွင် ငွေချေးခြင်းဖြင့် လုပ်အားခကို ဈေးနှိမ်၍ ကြိုတင်ပေးခြင်း (စိုက်ပျိုး/ရိတ်သိမ်းခြင်းအလုပ်များ လုပ်ပေးပါမည်ဟု အာမခံချက်ဖြင့် စပါး သို့မဟုတ် ငွေကြိုပေးခြင်း) |
| QSEM 3 | မကွေးတိုင်းဒေသကြီး | • လယ်သမားများသည် မိသားစုလုပ်အားအပေါ် ပို၍မှီခိုကာ စိုက်ပျိုးခြင်းကို လျှော့ချပါသည်။ |
| QSEM 4 | ရခိုင်နှင့်ရှမ်းပြည်နယ်<br><br>ရခိုင်ပြည်နယ်<br><br>ဧရာဝတီတိုင်းဒေသကြီး<br>မကွေးတိုင်းဒေသကြီး | • အလုပ်သမားသေချာစေရန် ဈေးနှိမ်ခြင်းအစား ပုံမှန်နှုန်းဖြင့် ပေးခြင်း၊ ယခင်က တစ်ဝက်သာ ပေးချေခြင်းအစားအားလုံးလက်ငင်းပေးချေခြင်း။<br>• ငါးဖမ်းလုပ်သားများကို ယခင်ထက် နှစ်ဆပိုချေးခြင်း၊ ယခင်က ချေးငွေအားလုံးအတွက် အတိုးယူခဲ့သော်လည်းယခုအခါ တစ်ဝက်ကို အတိုးယူပြီး ကျန်တစ်ဝက်ကို အတိုးမဲ့ ချေးပေးခြင်း။<br>• နေ့တွက်ခအစား လယ်အကွက်အလိုက် လုပ်အားခပေးချေခြင်း။<br>• လယ်သမားများသည် ပျိုးခင်းစနစ်မှ အစေ့ချသည့် စနစ်သို့ ပြောင်းလဲစိုက်ပျိုးလာခြင်း။<br>• အလုပ်လုပ်ရက်တိုးမြှင့်ရန်နှင့် အလုပ်လုပ်ချိန်လျှော့ချရန် အဖွဲ့လိုက် ညှိနှိုင်းဆွေးနွေးခြင်း |
| QSEM 5 | ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီး<br><br>မကွေးတိုင်းဒေသကြီး | • လယ်သမားများက ကျပန်းလုပ်သားများကို မက်လုံးပေးသည့်အနေဖြင့် မွေးမြူရေးလုပ်ငန်း( ဆိတ်၊ဘဲ စသည်)တွင် အကျိုးတူပိုင်ဆိုင်ခွင့်ပေးခြင်း။<br>• MADB ချေးငွေလက်လှမ်းမီရေး အထောက်အကူဖြစ်စေရန် မြေငှားရမ်းခွင့် ပေးခြင်း။<br>• လုပ်အားမှီခိုမှုကိုလျှော့ချရန် ပဲအမျိုးမျိုးအစား သနပ်ခါးနှင့် ကြံများ ပိုစိုက်လာခြင်း။ |

## စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ

တုန့်ပြန်ဖြေကြားသူအများစု၏ အိမ်ထောင်စုများတွင် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ အခြားဝင်ငွေ အရင်းအမြစ်များ ရှိကြပါသည်။ QSEM 4 မှ အချက်အလက်များအရ တွေ့ဆုံမေးမြန်းခဲ့သည့်လူဦးရေ(၅၀၀)အနက် အိမ်ထောင်စုများ၏ (၅၇)ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးမဟုတ်သော ဒေသန္တရလုပ်ငန်းအမျိုးမျိုးမှ ဝင်ငွေလမ်းကြောင်းများ ရှိကြပါသည်။ စိုက်ပျိုးရေးမဟုတ်သော အခြားလုပ်ငန်းမျိုးစုံမှ ဝင်ငွေအပေါ်မှီခိုမှုမှာ ဒေသအသီးသီး၊ လူမှုစီးပွားရေးအုပ်စုအသီးသီးတွင် သိသာစွာ ကွဲပြားပါသည်။

ချေးငွေ၊ ပြန်လွှဲပို့ငွေများနှင့် အများပြည်သူ အခြေခံအဆောက်အဦများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုတို့က လူများအား လယ်ယာမဟုတ်သော လုပ်ငန်းများတွင် တိုးမြှင့်လုပ်ကိုင်ရန် တွန်းအားပေးလျှက်ရှိသည်။

စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းအမျိုးအစားများမှာ အချိန်နှင့်အမျှသိသာစွာ ပြောင်းလဲမှုမရှိပါ။ မွေးမြူရေးလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်း (ဥပမာ ထန်လျက်နှင့် ကြံသကာပြုလုပ်ခြင်း)၊ရရှိနိုင်သောသယံဇာတများကိုအသုံးပြုသောတစ်နိုင်တစ်ပိုင်လုပ်ငန်းများ(မီးသွေးဖုတ်ခြင်း၊ အုတ်ဖုတ်ခြင်းနှင့်အလားတူ)၊ ငွေတိုးပေးခြင်းနှင့် ဈေးဆိုင်ငယ်များဖွင့်လှစ်ခြင်းကဲ့သို့သော အသေးစားလုပ်ငန်းများမှာ စိုက်ပျိုးရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများဖြစ်ကြပါသည်။ သုတေသနအကြိမ်တိုင်းတွင် အဆိုပါစီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးကဏ္ဍပြင်ပမှ အဓိကလုပ်ငန်းများအဖြစ် ဆက်လက် တည်ရှိနေပါသည်။ အချို့ကျေးရွာများတွင် ယခင်ကမရှိခဲ့သော်လည်း ယခုမှ ဖြစ်ပေါ်လာသော လုပ်ငန်းများမှာ ဆိုင်ကယ်ကယ်ရီဆွဲခြင်း၊ ဆိုလာပြားရောင်းချခြင်း၊ ဆံပင်အလှပြင်ဆိုင်နှင့် အပ်ချုပ်ဆိုင်ဖွင့်ခြင်းကဲ့သို့သော အသက်မွေးမှု လုပ်ငန်းများ ဖြစ်ပါသည်။

> *"ဒီရွာက လူတွေက အလုပ်အကိုင် ပိုကောင်းလာတယ်။ တီဗွီတွေ ဆိုလာပြားတွေ ဝယ်သုံးလာနိုင်တယ်။ အဓိက ကတော့ မီးသွေးဖုတ်တဲ့သူတွေက ကျပန်းအလုပ်သမားတွေအတွက် အလုပ်ပေးနိုင်လို့ပဲ။ သူတို့မှာ ပုံမှန်ဝင်ငွေ ရှိလာတယ်။ မီးသွေးဖုတ်လုပ်ငန်းစကတည်းက ရွာက ပိုပြီးတိုးတက်လာတယ်။"*
> ***- ရခိုင်ပြည်နယ်မှ ကျေးရွာခေါင်းဆောင်တစ်ဦး။***

စိုက်ပျိုးရေးကဏ္ဍပြင်ပမှ လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူဦးရေမှာ တဖြည်းဖြည်း တိုးတက်လာကြောင်း တွေ့ရှိ ရပါသည်။ စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူများ တဖြည်းဖြည်း တိုးတက်လာကြောင်း သုတေသီများက လေ့လာဖော်ထုတ်ခဲ့ပါသည်။ အချို့ကျေးရွာများတွင် အထူးကုန်ပစ္စည်းများအတွက် ဈေးကွက် ပေါ်ပေါက်လာပြီးအကျိုးအမြတ်ရလာခြင်းကြောင့် ထိုလုပ်ငန်းလုပ်ကိုင်သူအရေအတွက် ရုတ်တရက်ဝင်ငွေအများအပြား တိုးပွားလာပါသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်မှ ကျေးရွာတစ်ရွာရှိ ကျပန်းလုပ်သားများသည် ယခင်ထင်းခုတ်ရောင်းရာမှ မီးသွေးဖုတ်၍ စစ်တွေမြို့သို့ တင်ပို့ ရောင်းချလာပါသည်။ QSEM မှ ပထမအကြိမ် သွားရောက်လေ့လာသည့် ၂၀၁၂ ခုနှစ် အစောပိုင်းတွင် အိမ်ထောင်စု (၈)ခုသည် ကျေးရွာတွင် မီးသွေးဖုတ်လုပ်ငန်း စတင်နေပြီဖြစ်ပါသည်။ မီးသွေး ဈေးနှုန်းကောင်းလာသောကြောင့် ကျေးရွာတွင် မီးသွေးဖုတ်သည့် အိမ်ထောင်စု (၃၀) အထိ တိုးတက်လာသည်။ အခြားသောကျေးရွာအများစုတွင်လည်း တဟုန်ထိုး တိုးတက်ခြင်းမရှိသော်လည်း မီးသွေးဖုတ်သူဦးရေ တစ်ဖြည်းဖြည်းတိုးလာသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေးကဏ္ဍပြင်ပမှ လုပ်ငန်းများ တိုးတက်လာစေရန် ပေါင်းစပ်ထောက်ပံ့ပေးနေသော အချက်များစွာ ရှိနေပါသည်။ ပထမအချက်မှာပြန်လွှဲပို့ငွေများသည် အိမ်ထောင်စုများကို စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ တည်ထောင်နိုင်စေသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်မှု တိုးလာပြီး (နောက်ပိုင်းတွင် ဆွေးနွေးထားသည့်အတိုင်း) ပြန်လွှဲပို့ငွေများ ပြားလာခြင်းကြောင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေများ ပြားလာပါသည်။

ချေးငွေ ပိုမိုလက်လှမ်းမီခြင်းသည်လည်း သက်ရောက်မှုရှိပါသည်။ သာဓက (၄)တွင် ဖော်ပြထားသည့်အတိုင်း အသေးစားချေးငွေများနှင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထောက်ပံ့ပေးနေသော NGO အဖွဲ့များသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ အများအားဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း[18] ကဲ့သို့သော အစိုးရစီမံကိန်းများကလည်း ထိုအခြေအနေကို အားဖြည့်ထောက်ပံ့ပေးပါသည်။ ထိုချေးငွေပုံစံများသည် ပိုမိုဆင်းရဲသော ရွာသူရွာသားများကို စိုက်ပျိုးရေးမဟုတ်သော အခြားလုပ်ငန်းများတွင် ရင်နှီးမြှုပ်နှံလာနိုင်သည့် အခွင့်အလမ်းများ ဖန်တီးရာတွင် အထူးအရေးပါပါသည်။ အဆိုပါရွာသူရွာသားများသည် ထိုချေးငွေများ မရရှိပါကရင်းနှီးလုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထိုချေးငွေများကို ပိုမိုလက်လှမ်းမီလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်း နယ်ပယ်တွင် မြင်သာသော အပြောင်းအလဲများဖြစ်ပေါ်လာကြောင်း သုတေသနနောက်ဆုံးအကြိမ်တွင် တွေ့ရှိခဲ့ရပါသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အိမ်ထောင်စုများသည်အကျိုးအမြတ်လျှင်မြန်စွာ ပြန်ရနိုင်သည်ဟု ယူဆကြသော ဆိတ်မွေးမြူရေးတွင် အဓိက ရင်းနှီးမြှုပ်နှံလာပြီး ဝက်မွေးမြူရေး လုပ်ငန်းတွင်လည်း အနည်းအကျဉ်း ရင်းနှီးမြှုပ်နှံလာကြကြောင်း သုတေသီများက မှတ်တမ်းတင်ခဲ့ပါသည်။ ဝင်ငွေဖန်တီးနိုင်မည့် စက်ယန္တရားများ သို့မဟုတ် မော်တော်ဆိုင်ကယ်များ အရစ်ကျဝယ်ယူနိုင်သော စီးပွားရေးအတွက် ချေးငွေများ ရရှိလာမှုကြောင့်လည်း အကျိုးအမြတ်ဖြစ်ထွန်းစေပါသည်။

18. မြေယာမဲ့များနှင့် ပိုမိုဆင်းရဲသော အိမ်ထောင်စုများအတွက် ချေးငွေထောက်ပံ့ပေးရန် အထူးရည်ရွယ်သော အစိုးရ သမဝါယမ အစီအမံသစ်။

## သာဓက (၄) မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင်အသေးစားလုပ်ငန်းများ တည်ထောင်ရန် အသေးစားချေးငွေများကို အသုံးပြုခြင်း

မန္တလေးတိုင်းဒေသကြီးမှ မိသားစုတစ်စုသည် မိသားစုဝင် (၁၁)ဦးရှိပြီး (၇)ဦးမှာ အလုပ်လုပ်နိုင်သည့် အရွယ်သို့ ရောက်ပြီဖြစ်သည်။ သမီးအချို့မှာ ဆံပင်ညှပ်အလှပြင်သူများ ဖြစ်ပြီး အခြားသူများမှာ ကျပန်းလုပ်သားများဖြစ်ပါသည်။ ထိုမိသားစုသည် ၂၀၁၀ ခုနှစ်တွင် NGO တစ်ခုမှ ချေးငွေရရှိပြီး ဆိတ်နှစ်ကောင် ဝယ်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ဆိတ်မွေးမြူလာရာ ဆိတ်အကောင် (၅၀)ခန့်ရှိလာပြီး တစ်ကောင်လျှင် (၁၅၀,၀၀၀) ကျပ်နှုန်းဖြင့် နှစ်စဉ် (၁၀)ကောင်မှ (၁၅) ကောင်အထိ ရောင်းချရပါသည်။ ၂၀၁၄ ခုနှစ်တွင် ဆိတ်မွေးမြူခြင်းမှ မိသားစုအတွက် ဝင်ငွေ (၂,၅၀၀,၀၀၀)ခန့် ရရှိနေပြီး ထိုလုပ်ငန်းမှာ မိသားစု၏ တစ်ခုတည်းသော လုပ်ငန်း ဖြစ်လာပါသည်။

ထိုမိသားစုသည် နေ့စဉ်ကုန်ကျစရိတ်အတွက် သားသမီးများ၏ ဆံပင်ညှပ်အလှပြင်လုပ်ငန်းနှင့် ကျပန်းလုပ်ငန်းမှ ဝင်ငွေကို အသုံးပြုသည့်အတွက် မွေးမြူရေးမှဝင်ငွေကို ထပ်မံရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ၂၀၁၃ခုနှစ်တွင် ဆိတ်အတွက် စားကျက်မြေကို(ယခင်က ကျေးရွာပိုင်မြေကိုသာ အသုံးပြုပါသည်) ဝယ်ယူနိုင်ခဲ့ပြီး ၂၀၁၄ခုနှစ်တွင် ၎င်းတို့၏အိမ်ကို ပြင်ဆင်ဆောက်လုပ်နိုင်ခဲ့ပါသည်။ အဆိုပါမိသားစုသည် ကျေးရွာရှိ NGO စီမံကိန်းတွင် အအောင်မြင်ဆုံး မိသားစုဖြစ်ပြီး ၎င်းတို့မိသားစုကို စံနမူနာထားကာ ရွာသူရွာသားများက မွေးမြူရေးလုပ်ငန်းကို ထပ်တိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လိုက်ပါလုပ်ကိုင်လာကြပါသည်။

ဧရာဝတီတိုင်းဒေသကြီးမှ မိသားစုတစ်ခုသည် ၂၀၁၂ခုနှစ်တွင် ရခိုင်ပြည်နယ်မှ QSEM ကျေးရွာတစ်ရွာသို့ ပြောင်းရွှေ့လာကာ အမျိုးသားဖြစ်သူကတရားမဝင်သစ်ခုတ်၍ ဧရာဝတီတိုင်းဒေသကြီးသို့ ရေလမ်းကြောင်းမှတစ်ဆင့် တင်ပို့သည့် လုပ်ငန်းဆောင်ရွက်ပါသည်။ နောက်နှစ်တွင် ယောက်ျားသည် ဇနီးအား စွန့်ခွာသွားပြီး သားသမီးနှစ်ဦးကိုပါ ထားရစ်ခဲ့ပါသည်။ ဇနီးသည်သည် သားသမီးများအား ကျွေးမွေးစောင့်ရှောက်ရန် စပါးခင်းများတွင် နေ့စားအလုပ်ဝင်ရောက်လုပ်ကိုင်ရပါသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က သူမသည် ဒေသန္တရ NGO အဖွဲ့တစ်ဖွဲ့မှ အတိုးနှုန်း (၂)ရာခိုင်နှုန်းဖြင့် ချေးငွေ (၈၀,၀၀၀)ကျပ် ရရှိခဲ့ပါ သည်။ ထိုချေးငွေကို အသုံးပြု၍ ဈေးဆိုင်ငယ်တစ်ဆိုင်တည်ခဲ့ပြီး ဈေးဆိုင်မှ ရသည့် အမြတ်နှင့် ကျပန်းအလုပ်မှရသည့်လုပ်အားခဖြင့် ဆယ်လအတွင်း အကြွေးများကို ပြန်ဆပ်နိုင်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်က အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့် ချေးငွေအချို့ ထပ်မံရယူခဲ့ပါသည်။ ချေးငွေနှင့် စုဆောင်းထားသည့်ငွေများကို ရင်းနှီး၍ စပါးသိုလှောင်ရုံတစ်ခု ဖွင့်လှစ်ကာ အနီးအနားကျေးရွာများသို့ စပါးချေးပေးပါသည်။ စပါးမရိတ်သိမ်းမီ ရှစ်လ၊ ကိုးလအလိုတွင် စပါးတင်း (၁၀၀)[19]ကို ကျပ် (၂၀၀,၀၀၀)ဈေးဖြင့် ချေးပေးပါသည်။ စပါးပေါ်ချိန်တွင် စပါးတစ်တင်းလျှင် (၄,၂၀၀)

19. ရခိုင်ပြည်နယ်ရှိ မြို့နယ်နှစ်ခုတွင် စပါးကို 'တင်း'ဖြင့် မတိုင်းတာဘဲ 'တောင်း' ဖြင့်တိုင်းတာပါသည်။ ဤအစီရင်ခံစာတွင် တစ်သမတ်တည်းဖြစ်ရန် 'တင်း' ကိုသုံးပါသည်။ တစ်တင်းသည် နှစ်တောင်းနှင့် ညီမျှပါသည်။

ကျပ်ဖြစ်သောကြောင့် ထိုချေးငွေပေါ်မှ အမြတ် ကောင်းစွာရရှိပါသည်။ ဗမာလူမျိုး ဖြစ်သောကြောင့် စုဆောင်းရမိငွေများကို မိသားစု တစ်စုလုံး ရခိုင်ပြည်နယ်မှဇာတိမြေ ရောဝတီတိုင်းသို့ ပြန်လည်အခြေချရာတွင် အသုံးပြုလိုပါသည်။

*"အရင်က တင်ဒါခေါ်တယ်၊ ဒါပေမယ့် စခေါ်ကတည်းက အဆက်အသွယ်နဲ့ တင်ဒါပေးမယ့် လူကို သတ်မှတ်ထားပြီးသား၊ အရင်က တင်ဒါခေါ်ရင် ဝင်ဆွဲလို့မရဘူး၊ အခုတော့ တင်ဒါ ခေါ်တဲ့စနစ်က ပိုပြီးတော့ ပွင့် လင်းမြင်သာမှု ရှိလာပါတယ်။"*

***- မကွေးတိုင်းဒေသကြီးမှ အလယ်အလတ် လယ်သမား (အမျိုးသား) တစ်ဦး။***

*"လက်ရှိမှာတော့ အစိုးရက တင်ဒါခေါ်ဖို့ (စီစဉ်ဖို့) သိန်းတစ်ရာနီးနီး တန်ဖိုးရှိတဲ့ တင်ဒါတစ်ခု ကို (စီစဉ်ဖို့) အုပ်စုအုပ်ချုပ်ရေးမှူး (VTA) ကို ခွင့်ပြု ပေးထားတယ်၊ အဲဒီလိုလုပ်ပိုင်ခွင့် ပေးလိုက်တော့ ရွာသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုများလာတယ်။"*

***- ချင်းပြည်နယ်မှ လယ်သမားငယ် လယ်သမားတစ်ဦး။***

နောက်ဆုံးအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကြောင့် ကျေးရွာအနည်းငယ်တွင် စိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့ ပါသည်။ ၂၀၁၄ ခုနှစ် အစောပိုင်းတွင် အစိုးရ၏ ကျေးလက် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးတက် လာခြင်းမှာ စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးအခွင့်အလမ်းများကို ပံ့ပိုးပေးခဲ့သော အချက် တစ်ခုဖြစ်ကြောင်း ဖြေကြားသူများက ရှုမြင်ကြပါသည်။ ထိုအချက်ကြောင့် ကျေးရွာအနည်း ငယ်တို့ရှိဒေသန္တရလုပ်ငန်းများအနေဖြင့်တိုက်ရိုက်အကျိုးကျေးဇူးဖြစ်ခဲ့ပါသည်။ဥပမာအားဖြင့် မကွေးတိုင်းဒေသကြီးရှိ ရွာသူရွာသားတစ်ဦးသည် လမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် ကျောက်များထောက်ပံ့ပေးရန် အစိုးရကန်ထရိုက် တစ်ခုရရှိနိုင်ခဲ့ပါသည်။ ထို့အတူပင် ရခိုင် ပြည်နယ်ရှိကျေးရွာတစ်ရွာသည်လည်း ဒေသတွင်း လမ်းဖောက်လုပ်ရေး လုပ်သားများအား အစားအသောက်များ ရောင်းချခြင်းဖြင့် အကျိုးကျေးဇူးရရှိခဲ့ပါသည်။ အချို့ရွာသူ ရွာသား များမှာလည်း သွယ်ဝိုက်အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။ အထူးသဖြင့် ချင်းပြည်နယ်တွင် အစိုးရက လမ်းများဖောက်လုပ်ခြင်းကြောင့် ဈေးကွက်သို့ ပိုမိုလက်လှမ်းမီလာခြင်းနှင့် အစိုးရ လစာများ တိုးမြှင့်ပေးခြင်းကြောင့် သုံးစွဲမှုများလာပြီး ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက် ကောင်းမွန်လာခြင်းကဲ့သို့သော အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း ဖြေကြားသူများက ပြောကြား ခဲ့ပါသည်။

## ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း

*"ရွှေ့ပြောင်းအလုပ်လုပ်တဲ့ လူတွေ ပြန်လာကြပြီး၊ ကောင်းကြောင်းတွေ ပြောကြတယ်၊ ဒီတော့ သူတို့ကို အားကျတဲ့လူတွေကလည်း ရွှေ့ပြောင်းအလုပ်လုပ်ကြတယ်"*


***- ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားငယ်တောင်သူလယ်သမား (အမျိုးသား) တစ်ဦး။***

*"တခြားမှာ အလုပ်သွားလုပ်နေတဲ့ ကျွန်မ သမီးနှစ်ယောက်ကို ပြန်လာဖို့ ခေါ်ပေမဲ့ သူတို့က ဘယ်တော့မှ ပြန်မလာကြဘူး၊ လယ်ယာလုပ်ငန်းက ရတဲ့ဝင်ငွေနဲ့ဆိုရင် ကလေးတွေကို ကောင်းကောင်းမကျွေးနိုင်ဘူးလို့ သူတို့က ယုံကြည်နေကြတာ။"*

***- ချင်းပြည်နယ်မှ လယ်သမားငယ်တောင်သူလယ်သမား (အမျိုးသမီး)တစ်ဦး။***

၂၀၁၂ခုနှစ်မှစ၍ ဒေသအားလုံးတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု တစ်ဖြည်းဖြည်း တိုးလာပါသည်။ ပုံ(၆)တွင် ဒေသအားလုံး၌ သုတေသနအကြိမ်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်သည့် လူအရေအတွက်ကို အချိုးဖြင့် ဖော်ပြထားသည်။[20] တွက်ချက်မှုများမှာ ခန့်မှန်းချက်များဖြစ်သော်လည်း ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်ကာလအတွင်းရွှေ့ပြောင်းလုပ်ကိုင်သည့်လူဦးရေအချိုးမှာ ဒေသတိုင်းတွင် တိုးများလာကြောင်း ညွှန်ပြနေပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်မှုအများဆုံး တိုးလာသည့် တိုင်းဒေသကြီးများမှာ မန္တလေးတိုင်းဒေသကြီး (၁၀.၂ ရာခိုင်နှုန်း မှ ၁၆ ရာခိုင်နှုန်းသို့)၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ချင်းပြည်နယ် (ဒေသနှစ်ခုလုံးအတွက် ခန့်မှန်းခြေ ၅.၆ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့) တို့ဖြစ်ကြပါသည်။ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်သည် ရွှေ့ပြောင်းလုပ်ကိုင်မှု အနည်းဆုံးဖြစ်ပြီး ရခိုင်တွင်၂.၅ ရာခိုင်နှုန်း မှ ၄.၁ ရာခိုင်နှုန်းသို့ တိုးတက်လာပြီး ရှမ်းပြည်နယ်တွင် ၀.၈ ရာခိုင်နှုန်း မှ ၂.၆ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။

**ပုံ(၆) - သုတေသနအကြိမ်အလိုက် ခန့်မှန်းထားသော ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း**




ပုံ(၆)တွင် မီးမောင်းထိုးပြထားသည့်အတိုင်း ကျေးရွာအနည်းငယ်တွင် တွေ့ရသော ထိခိုက်လွယ်မှုသည် အချို့သော ဒေသများ၏ ကိန်းဂဏန်းအားလုံးကို လွှမ်းမိုးနိုင်ပါသည်။ မန္တလေး တိုင်းဒေသကြီးအတွင်း QSEM 4 မှစ၍ ရွှေ့ပြောင်း လုပ်ကိုင်မှုတိုးလာမှုမှာ နမူနာ တစ်ခုဖြစ်ပါသည်။ အဓိကအားဖြင့် ကျေးရွာ (၉) ရွာအနက် (၂) ရွာကြောင့် ထိုသို့ တိုးလာခြင်း

20. ပြောင်းရွှေ့လုပ်ကိုင်သည့် လူဦးရေခန့်မှန်းအချိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အခြားသော ကျေးရွာခေါင်းဆောင်များ၏ တွက်ချက်မှုအပေါ် အခြေခံ ထားပါသည်။ QSEM လေ့လာမှုကာလ တစ်လျှောက်လုံး ကျေးရွာအသီးသီးရှိ လူဦးရေကို ထည့်သွင်းစဉ်းစား၍ ခန့်မှန်းတွက်ချက်မှုများကို ချိန်ဆ ထားပါသည်။ ကျေးရွာခေါင်းဆောင်များသည် ပိုပိုသာသာ ခန့်မှန်းပြောဆိုခြင်းကြောင့် ဖော်ပြထားသည့် ခန့်မှန်းတွက်ချက်မှုများသည် ယေဘုယျ ကိန်းဂဏန်းများထက် အနည်းငယ် ပိုနိုင်ပါသည်။

ဖြစ်ပါသည်။ ကျေးရွာတစ်ရွာတွင် သီးနှံများမအောင်မြင်ခြင်းကြောင့် အခြားဒေသသို့ သွား၍ အလုပ်အကိုင်ရှာဖွေသူ လူဦးရေ တဟုန်ထိုး များလာပါသည်။ အခြားတစ်ရွာမှာ ရွာသူရွာသား များစွာ အလုပ်လုပ်နေသော ကျေးရွာအနီးရှိ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်း ပိတ်သွားသော ကြောင့် ထိခိုက်ကြရပါသည်။ လုပ်သားများစွာသည် ကျေးရွာကိုစွန့်ခွာ၍ အခြားဒေသသို့ အလုပ်အကိုင် သွားရောက်ရှာဖွေကြရာ ဖရဲစိုက်ခင်းတစ်ခင်းတွင် ရာသီအလိုက် ရွှေ့ပြောင်း လုပ်ကိုင်မှုများလည်း ရှိခဲ့ပါသည်။

ချေးငွေ၊ ပြန်လွှဲပို့ငွေများ နှင့် အများပြည်သူ အခြေခံအဆောက် အဦများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုတို့က လူများအား လယ်ယာမဟုတ်သော လုပ်ငန်းများတွင် တိုးမြှင့်လုပ်ကိုင်ရန် တွန်းအားပေးလျက်ရှိသည်။

အိမ်ထောင်စုများသည် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကို အခက်အခဲကျော်လွှားသည့် နည်းလမ်း တစ်ခုအဖြစ်လည်းကောင်း၊ ဆုံးရှုံးနိုင်မှုအလားအလာကို လျှော့ချသည့် နည်းလမ်းတစ်ခုအဖြစ် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမျိုးစုံ စေရန်လည်းကောင်း၊ အခွင့်အလမ်း တစ်ခုအဖြစ်လည်းကောင်း ရင်ဆိုင်ဖြေရှင်းရေးမဟာဗျူဟာ နည်းလမ်းအနေဖြင့် ရှုမြင်ကြပါ သည်။ အစောပိုင်းသုတေသနအကြိမ်များတွင်ရွှေ့ပြောင်းလုပ်ကိုင်မှုကို ကြုံတွေ့နေရသည့် အကျပ်အတည်းကို တုန့်ပြန်ရန်အတွက် ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းအဖြစ်သာ ရှုမြင်ခဲ့ပါ သည်။ ယခုအခါ လူမှုစီးပွားရေးမတူညီသည့် အုပ်စုအမျိုးမျိုးနှင့် ဒေသအမျိုးမျိုးမှ ရွှေ့ပြောင်း လုပ်ကိုင်မှု ပုံစံအမျိုးမျိုးထင်ရှားစွာ ကွဲပြားနေသည်ကို သုတေသီများက ဖော်ထုတ်ထားပါ သည်။ အဓိက သတင်းပေးသူများအားတွေ့ဆုံမေးမြန်းရာ၌ တုန့်ပြန်ဖြေကြားသူများတွင် ပါဝင်သည့် ရွှေ့ပြောင်းလုပ်ကိုင်သူမိသားစုဦးရေ၊ ပြောင်းရွှေ့လုပ်ကိုင်မှုအမျိုးအစားများ စသည် တို့ကိုသုတေသီများက အောက်ပါဇယား (၇) ဖြင့် မှတ်တမ်းတင်ထားပါသည်။[21] ပြည်နယ် များမှ ရွာသူရွာသားများသည် နိုင်ငံတကာသို့ ပြောင်းရွှေ့ လုပ်ကိုင်မှုကို ဦးစားပေးကြ ပြီး တိုင်းဒေသကြီးမှ ရွာသူရွာသားများသည် ရေရှည်ပြည်တွင်းပြောင်းရွှေ့လုပ်ကိုင်မှုကို ရွေးချယ်ကာရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုအနည်းငယ်လည်းရှိပါသည်။ ဤသို့ကွဲပြားနေ ရခြင်းမှာ ပြည်နယ်များတွင် အစဉ်အဆက် နိုင်ငံတကာသို့သာ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်း၊ တိုင်းဒေသကြီးမှ ရွာသူရွာသားများမှာ မြို့ပြဒေသနှင့် နီးသောကြောင့် ပြည်တွင်းဒေသ များသို့သာ ရေရှည်ပြောင်းရွှေ့လုပ်ကိုင်ကြခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည်။

21. သုတေသနပညာရှင်များသည် တုန့်ပြန်ဖြေကြားသူများ၏ မိသားစုဝင်များ ပြောင်းရွှေ့လုပ်ကိုင်ခြင်း ရှိမရှိ၊ ထိုမိသားစုဝင်များ ရွှေ့ပြောင်းလုပ်ကိုင်မှု အမျိုးအစားစသည်တို့ကို မှတ်တမ်းတင်ခဲ့ပါသည်။ ခြုံငုံကိန်းဂဏန်းများမှာ အမှန်တကယ်ရွှေ့ပြောင်း လုပ်ကိုင်သည့် ကိန်းဂဏန်းထက် အနည်းငယ်ပိုပါ သည်။ အဘယ့်ကြောင့်ဆိုသော် မိသားစုဝင်အတွင်း ရွှေ့ပြောင်းလုပ်ကိုင်မှု ရှိသော တုန့်ပြန်ဖြေကြား သူများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအခြေအနေကို မှတ်တမ်းတင်ခံလိုခြင်းကြောင့် ပိုပိုသာသာ ဖြေကြားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**ဇယား(၇) - ဒေသတစ်ခုချင်းစီတွင် အဓိကဖြေကြားသူများ၏ တုန့်ပြန်ဖြေကြားမှုအရ ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံများ** [22]

| | | | | ရွှေ့ပြောင်းလုပ်ကိုင်မှုအမျိုးအစား | | | | ကျား/မ | |
|---|---|---|---|---|---|---|---|---|---|
| ပြည်နယ်/ တိုင်း ဒေသကြီး | ရွှေ့ပြောင်း လုပ်ကိုင် သူဦးရေ | အဓိက သတင်းပေးသူနှင့် တွေ့ဆုံ မေးမြန်းသည့် အကြိမ် (KI) | ဖြေကြားသူများ အနက် ရွှေ့ပြောင်း လုပ်ကိုင် နေသော မိသားစု ရာခိုင်နှုန်း | နိုင်ငံတကာ | ပြည်တွင်း (ရေရှည်) | ရာသီ အလိုက် | အချက် အလက် မရရှိ | ကျား | မ |
| ရှောဝတီ | ၂၄ | ၁၁၂ | ၁၇% | ၁၃% | ၇၁% | ၁၇% | ၀% | ၅၀% | ၅၀% |
| ချင်း | ၂၃ | ၆၀ | ၃၂% | ၉၆% | ၄% | ၀% | ၀% | ၆၁% | ၃၉% |
| မကွေး | ၃၆ | ၉၉ | ၂၇၅ | ၁၇% | ၇၈% | ၃% | ၃% | ၇၂% | ၂၈% |
| မန္တလေး | ၇၂ | ၁၀၉ | ၃၈% | ၄% | ၅၄% | ၃၃% | ၈% | ၆၀% | ၄၀% |
| ရခိုင် | ၂၃ | ၁၀၃ | ၁၇% | ၅၇% | ၄၃% | ၀% | ၀% | ၇၈% | ၂၂% |
| ရှမ်း | ၃၀ | ၁၁၀ | ၂၂% | ၆၀% | ၁၀% | ၃၀% | ၀% | ၆၀% | ၄၀% |

ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် ကျား/မပါဝင်မှု ပုံစံကလည်းယခင်တွေ့ရှိချက်များကို ထပ်မံ အတည်ပြုပေးပါသည်။ ခြုံငုံကြည့်ပါကအမျိုးသမီးများသည် အမျိုးသားများထက် ရွှေ့ပြောင်း လုပ်ကိုင်လိုစိတ် နည်းပါသည်။ ရွှေ့ပြောင်း လုပ်ကိုင်သည့် အမျိုးသမီးအများစုမှာ ပြည်တွင်း တွင် ရေရှည်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဖြစ်ပြီး အဓိကအားဖြင့် ရန်ကုန်မြို့ရှိ ထုတ်ကုန်ကဏ္ဍမှ စက်ရုံများတွင် အလုပ်ရှာဖွေကြကာ အချို့မှာမန္တလေးသို့ သွားရောက်ပါသည်။ အဓိက ခြွင်းချက်မှာ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အမျိုးသမီးများဖြစ်ပြီး ၎င်းတို့သည်နိုင်ငံခြား သို့ အိမ်တွင်းလုပ်သား သို့မဟုတ် စက်ရုံလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြပါ သည်။ သွားရောက်လုပ်ကိုင်သည့် နိုင်ငံမှာ ယခင်ရှိပြီးသော ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံနှင့် တည်နေရာတို့အပေါ်တွင် မူတည်ပါသည်။ ချင်းပြည်နယ်မှ အမျိုးသမီးများသည် မလေးရှား၊ အမေရိကန်နှင့် စင်္ကာပူနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပြီး ရှမ်းပြည်နယ်မှ အမျိုးသမီးများ သည် အဓိကအားဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။


ရွှေ့ပြောင်းလုပ်ကိုင်မှုအပေါ် မှီခိုမှုမှာ မတူညီသော လူမှုစီးပွားရေးအုပ်စုများအကြား အလွန်ကွဲ ပြားပါသည်။ အောက်ဖော်ပြပါ ပုံ(၇)သည် အိမ်ထောင်စုဝင်များက ရွှေ့ပြောင်းလုပ်ကိုင်သည့် အမျိုးအစားကို ထိုအိမ်ထောင်စု၏ လူမှုစီးပွားရေးအုပ်စုနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ အသိသာဆုံးကွဲပြားမှုမှာ ပြည်တွင်းရေရှည် ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်း လုပ်ကိုင်မှု ဖြစ်ပါသည်။ ကျပန်းလုပ်သားများသည် ပြည်တွင်းရေရှည် ရွှေ့ပြောင်းလုပ်ကိုင်မှု ကိုသာ ဦးစားပေးကြသော်လည်း မြေပိုင်ရှင်များ (အငယ်စား၊ အလတ်စား၊ အကြီးစား)သည်

22. ဇယား ၇ တွင် "ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေ"သည် အဓိက ဖြေကြားသူအား တွေ့ဆုံမေးမြန်းရာ အိမ်ထောင်စုမှ ရွှေ့ပြောင်းလုပ်ကိုင်သည်ဟု စိစစ်တွေ့ရှိရသူများကို ဆိုလိုသည်။ အိမ်ထောင်စုတစ်ခုမှ လူနှစ်ဦး ရွှေ့ပြောင်းသွားလာသည်ကိုလည်း တွေ့ရှိရသဖြင့် မိသားစုအဆင့် ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် အဓိက ဖြေကြားသူအချိုးသည် အဓိက ဖြေကြားသူအားတွေ့ဆုံမေးမြန်းမှု အရေအတွက်နှင့် ရွှေ့ပြောင်း လုပ်ကိုသူအချိုးတို့နှင့် ညီမျှခြင်း မရှိပေ။

ပြည်တွင်းရေရှည်နှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်မှု နှစ်မျိုးလုံးကို တူညီစွာ လုပ်ကိုင်ကြပါသည်။

ရွှေ့ပြောင်းလုပ်ကိုင်မှုအပေါ် မှီခိုမှုမှာ မတူညီသော လူမှုစီးပွားရေးအုပ်စုများအကြား အလွန်ကွဲပြားပါသည်။ အောက်ဖော်ပြပါ ပုံ(၇)သည် အိမ်ထောင်စုဝင်များက ရွှေ့ပြောင်းလုပ်ကိုင်သည့် အမျိုးအစားကို ထိုအိမ်ထောင်စု၏ လူမှုစီးပွားရေးအုပ်စုနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ အသိသာဆုံးကွဲပြားမှုမှာ ပြည်တွင်းရေရှည် ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်မှု ဖြစ်ပါသည်။ ကျပန်းလုပ်သားများသည် ပြည်တွင်းရေရှည် ရွှေ့ပြောင်းလုပ်ကိုင်မှုကိုသာ ဦးစားပေးကြသော်လည်း မြေပိုင်ရှင်များ (အငယ်စား၊ အလတ်စား၊ အကြီးစား)သည် ပြည်တွင်းရေရှည်နှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်မှု နှစ်မျိုးလုံးကို တူညီစွာ လုပ်ကိုင်ကြပါသည်။

**ပုံ(၇) - လူမှုစီးပွားရေးအုပ်စုအလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှု ပုံစံများ (အိမ်ထောင်စုအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သူအချိုး)**




*"ခွေးတောင်သူ့သခင်ကိုမမှတ်မိဘူး၊ သခင်က အဝေးသွားပြီး အလုပ်ပဲရှာနေရတာ"*
***- မန္တလေးတိုင်းဒေသကြီးမှ ကျပန်းလုပ်သား (အမျိုးသား) တစ်ဦး။***

ရွှေ့ပြောင်းလုပ်ကိုင်မှု ပုံစံများအရ နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုကို ရင်းနှီးမြှုပ်နှံမှုအဖြစ်ရှုမြင်ပြီး ပြည်တွင်း ရေရှည်ရွှေ့ပြောင်းလုပ်ကိုင်မှုကို ကျေးလက်ဒေသတွင် အခွင့်အလမ်းနည်းပါးမှုအား တုန့်ပြန်မှုအဖြစ် ရှုမြင်ကြကြောင်း ညွှန်ပြနေပါသည်။ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံမှုကို မိသားစုတိုင်း မတတ်နိုင်ကြပါ။ ပုံတွင် ဖော်ပြထားသကဲ့သို့ပင် မြေယာကဲ့သို့သော အရင်းအနှီးများရှိသည့် အိမ်ထောင်စုများကသာ မိသားစုဝင်များ

စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေ တစ်မျိုးသာရှိသည့် အိမ်ထောင်စု (မြေပိုင်ရှင်သို့) လယ်လုပ်သား
ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ် သော လုပ်ငန်းများမှ ဝင်ငွေရှိသည့် အိမ်ထောင်စု
ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေရှိသည့် အိမ်ထောင်စု
စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ ဝင်ငွေရှိသည့် အိမ်ထောင်စု

ယ်သမား
(ကြီး)
(n=8)

ကို နိုင်ငံခြားသို့ပို့နိုင်သော အခြေအနေတွင် ရှိပါသည်။ အလားတူပင် သာဓက (၅)တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်နိုင်ရန် မြှုပ်နှံထားသော အရင်းအနှီးထက် ပြန်ရမည့် အကျိုးအမြတ်မှာ ကြီးမားသည်ဟူသည့် ယူဆချက်ပေါ်အခြေခံ၍ ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်ပါသည်။ တစ်ဖက်တွင် ကျပန်းလုပ်သားများ အတွက်မူ ရွှေ့ပြောင်း လုပ်ကိုင်မှုဆိုသည်မှာ မိမိတို့ကျေးရွာဒေသအတွင်း ရရှိနိုင်သော အလုပ်အကိုင်အခွင့်အလမ်း နှင့် အချိုးကျနေသည်ဟု ရှုမြင်ကြပါသည်။ ထို့ကြောင့် ပြည်တွင်းတွင်ပင် ရွှေ့ပြောင်းလုပ်ကိုင် နိုင်သော အခွင့်အလမ်းများက ဆွဲဆောင်မှုပိုရှိပါသည်။ ငွေလွှဲပြန်ပို့နိုင်သည့်ပမာဏအရ မက်လုံးနည်းသော်လည်းမိသားစုအပေါ်ဝန်ထုပ်ဝန်ပိုးပိုနည်းခြင်းနှင့် လူနေမှုအဆင့်အတန်းကို တစ်ဖြည်းဖြည်းတိုးမြှင့်လာနိုင်ခြင်းကြောင့်ပြည်တွင်းပြောင်းရွှေ့လုပ်ကိုင်မှုမှာကျပန်းလုပ်သား များအတွက် ပိုမိုဆွဲဆောင်မှု ရှိပါသည်။

*ပြည်တွင်း၌ ကာလရှည် ရွှေ့ပြောင်းလုပ်ကိုင်မှု တနည်း ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်ရန် ပိုမိုလိုလားစွာ ရွေးချယ်မှုသည် အကန့်အသတ်ဖြင့်သာရှိသော ကျေးလက်အဆင့် အခွင့်အလမ်းများအပေါ် တုန့်ပြန်မှုတစ်ရပ်အဖြစ် ရှိနေသည်။*

**သာဓက(၅) မန္တလေးတိုင်းဒေသကြီးမှ မိသားစုတစ်စုသည် ပြန်လွှဲပို့ငွေများဖြင့် မြေဝယ်နိုင်ခဲ့ပါသည်။**

မန္တလေးတိုင်းဒေသကြီးမှ ရွာတစ်ရွာတွင် မန္တလေးမြို့ရှိ အုတ်ဖိုတစ်ခုသို့လည်းကောင်း၊ မလေးရှားနိုင်ငံသို့ လည်းကောင်း ရွှေ့ပြောင်းလုပ်ကိုင်သူ (၅၀)ဦးခန့် ရှိပါသည်။ တွေ့ဆုံ မေးမြန်းခဲ့သူတစ်ဦး၏ အမျိုးသားမှာ မလေးရှားနိုင်ငံရှိ မွေးမြူရေးခြံတစ်ခုတွင် အလုပ်လုပ် ကိုင်ပါသည်။ အမျိုးသားမှာ အဝေးသို့ ရှိနေချိန်တွင် သူမသည်မိမိတို့၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပြီး ကျေးရွာတွင်လည်း ကျပန်းအဖြစ် လုပ်ကိုင်ကာ သားသမီးနှစ်ဦးကို ကျောင်းတက်စေပါသည်။

ပထမအကြိမ် QSEM လေ့လာမှုတွင် စတင်တွေ့ဆုံမေးမြန်းစဉ်က အဆိုပါမိသားစုတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု ကုန်ကျစရိတ်အတွက် အကြွေးကျပ်သိန်းနှစ်ဆယ်ရှိပါသည်။ ပထမ နှစ်အနည်းငယ်အတွင်း အမျိုးသားသည် လတော်တော်များများပင် ကျပ် ၂၀၀,၀၀၀ နှုန်း ပြန်လွှဲပို့ခဲ့ရာ ယင်းငွေဖြင့်အကြွေးဆပ်ခဲ့ပါသည်။ နှစ်များကြာပြီးနောက် အကြွေးများကို အကြေဆပ်နိုင်ခဲ့ပါသည်။ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က အမျိုးသားသည် ငါးလ ခြောက်လခန့်လျှင် တစ်ဆယ့်ငါးသိန်းကျပ်အထိ ငွေလွှဲပြန်ပို့နိုင်ခဲ့ပါသည်။ အမျိုးသမီး သည် အဆိုပါငွေများဖြင့် စိုက်ပျိုးမြေငါးဧက (၁.၃၅သန်းကျပ်) နှင့် အိမ်တစ်လုံး (၁.၅ သန်းကျပ်) ဝယ်ယူခဲ့ပါသည်။ သူမသည် မိသားစုနှင့် သားသမီးများကို ထောက်ပံ့ရန် အလုပ် ဆက်လက်လုပ်ကိုင်ပြီး လွှဲပို့ငွေများကို အနာဂါတ်တွင် ရင်းနှီးမြှုပ်နှံရန် စုဆောင်းထား ပါသည်။

အိမ်ထောင်ဦးစီးတစ်ဦးသည် မလေးရှားနိုင်ငံသို့ သွားရောက်မလုပ်ကိုင်မီတွင် ဆိတ် ကျောင်းအလုပ်လုပ်ပါသည်။ သူ၏ နိုင်ငံခြားအလုပ်မှာလည်းမွေးမြူရေးပင်ဖြစ်ပါ သည်။ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ရန် တွန်းအားပေးသော အချက်မှာ ပြည်တွင်းတွင် ၎င်းတို့၏ မိသားစုကံကြမ္မာကို ပိုကောင်းအောင် ကြိုးစားရန် အခွင့်အလမ်းမရှိခြင်း

ဖြစ်ပါသည်။ အိမ်ထောင်ဦးစီးသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ပါက ၎င်း၏ လုပ်အားခပိုရမည်ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါသည်။ အဆိုပါအိမ်ထောင်ဦးစီးသည် မိသားစုကို မြေယာမဲ့ဘဝမှ မြေပိုင်ဘဝသို့ ပြောင်းလဲပေးနိုင်ခဲ့ပြီး ၎င်းပြန်လည်ရောက်ရှိပါက စီးပွားရေးလုပ်ငန်း သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အရင်းအနှီးငွေများစွာ ရှာဖွေနိုင်ခဲ့ပါသည်။

*"အခုခေတ်က မလေး မဟုတ်တော့ဘူး၊ အမလေး ဖြစ်နေပြီ။"*
***- ပြန်လည်ရောက်ရှိလာသော အမျိုးသား ရွှေ့ပြောင်းလုပ် ကိုင်သူ/ငါးဖမ်းလုပ်သား (အမျိုးသား)တစ်ဦး၊ ရခိုင်ပြည်နယ်။***

*"ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ဖို့ စိတ်မကူးပါဘူး၊ ဒီမှာလည်း ကျွန်တော်တို့ ထမင်းသုံးနပ် မစားဘဲ နှစ်နပ်ပဲစားရင် ချမ်းသာ နိုင်ပါတယ်။"*
***- ရှမ်းပြည်နယ်မှ လယ်သမားငယ် (အမျိုးသား) တစ်ဦး။***

နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ခြင်းမှ အကျိုးအမြတ်ကြီးမားသော်လည်း ကြုံတွေ့နိုင်သည့် ဆုံးရှုံးမှုအပေါ် စိုးရိမ်မှုများ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ နိုင်ငံခြားသို့သွားရောက် လုပ်ကိုင်ခြင်းကြောင့် ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်မှုများနှင့် ပတ်သက်၍ အသိပညာဆက်လက် မြင့်မားလာပါသည်။ အစောပိုင်း QSEM လေ့လာမှုများတွင် နိုင်ငံတကာသို့ ရွှေ့ပြောင်း လုပ်ကိုင်ပြီး အတွေ့အကြုံဆိုးများနှင့် ကြုံတွေ့ခဲ့သူတို့၏ သာဓကများကို ဇာတ်လမ်းသဖွယ် တစ်သွေမတိမ်း ပြောဆိုနေကြပြီး တုန့်ပြန်ဖြေကြားသူများက အနီးအနားကျေးရွာများမှ ကြားသိရသည့် ဇာတ်လမ်းများကိုသာ ထပ်ခါတလဲလဲ ပြောဆိုခဲ့ကြပါသည်။ နေရာဒေသမျိုးစုံ သို့ ရောက်ရှိပြီးနောက် သုတေသီများသည် အဆင်မပြေသော ရွှေ့ပြောင်းလုပ်ကိုင်မှု ဖြစ်ရပ် များကို မိသားစုများကိုယ်တိုင် သို့မဟုတ် တုန့်ပြန်ဖြေကြားသူများကိုယ်တိုင် တိုက်ရိုက်ပြော ဆိုမှုများ တစ်ဖြည်းဖြည်း ပိုမိုကြားလာရပါသည်။ ယခုအကြိမ် လေ့လာမှုတွင် ရခိုင်ပြည်နယ် ရှိ ကျေးရွာတစ်ရွာမှ မိသားစုတစ်ခုသည် မလေးရှားနိုင်ငံ မည်သည့်ဒေသတွင်ရှိမှန်း မသိသော ပိတ်မိနေသည့် အမျိုးသားနှစ်ဦးပြန်လာနိုင်ရေးအတွက် ငွေအတောင်းခံနေရသည့် ဥပမာများ ရှိခဲ့ပါသည်။ ထို့အပြင် မကွေးတိုင်းဒေသကြီးတွင် ရွာသူရွာသား (၂၀)ဦးသည် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ရန် ပွဲစားတစ်ဦးကိုငှားရမ်းခဲ့ပါသည်။ ဘတ်စ်ကားမှတ်တိုင် တစ်ခုတွင် ရဲများက တားဆီးပြီး ၎င်းတို့ကျေးရွာသို့ ပြန်ပို့ခဲ့ပါသည်။ ထိုဇာတ်လမ်းများသည် နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် တရားမဝင်ပွဲစားများ အသုံးပြုခြင်း၏ အန္တရာယ် ကို မီးမောင်းထိုးပြနေပါသည်။ အန္တရာယ်များပြားခြင်းနှင့်ဒေသတွင်း စီးပွားရေး အခွင့် အလမ်းများ ကောင်းမွန်လာခြင်းတို့ကြောင့် အထူးသဖြင့် ရှမ်းပြည်နယ်တွင် နိုင်ငံခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း အပေါ် စိတ်ဝင်စားမှုနည်းလာပါသည်။ သို့သော် ရခိုင်ပြည်နယ်မှာ ခြွင်းချက်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှ လူငယ်အချို့သည် တရားဝင်ပွဲစားများဖြင့် ရွှေ့ပြောင်း လုပ်ကိုင်မှုထက် တရားမဝင် ရွှေ့ပြောင်းလုပ်ကိုင်မှုမှာ အကြွေးဝန်ထုပ်ဝန်ပိုးနည်းကြောင်းနှင့် ပို၍ လူးသာလွန့်သာရှိကြောင်း ရှုမြင်ကြပါသည်။

## ပြင်းထန်သော သက်ရောက်မှုများနှင့် ထိခိုက်လွယ်မှု

*"လယ်သမားတွေက ကောင်းကင်ကို မော့ကြည့်ပြီး မိုးရွာမလား မျှော်ရင်း ခလုတ်တိုက်ပြီး လဲကျတယ်။"*

***- မွန္တလေးတိုင်းဒေသကြီးမှ လယ်သမားငယ်(အမျိုးသား) တစ်ဦး၊***

*"ငါးလုပ်ငန်းမှာကတော့ ပိုင်ရှင်တွေကပဲ ဆက်ပြီးချမ်းသာတုန်းပါပဲ။"*

***- ရခိုင်ပြည်နယ်မှ ငါးဖမ်းလုပ်သား (အမျိုးသား) တစ်ဦး။***

၂၀၁၂ ခုနှစ်မှ စတင်သည့် ကောင်းမွန်သော အပြောင်းအလဲများသည် တစ်နိုင်ငံလုံးသို့ ပြန့်နှံ့ခြင်းမရှိသေးပါ။ QSEM သုတေသနအကြိမ်တိုင်းတွင် လက်ရှိဖြစ်ပေါ်နေသော ပြဿနာများနှင့် ပြင်းထန်သောသက်ရောက်မှုများ၊ ဒေသခံ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ၎င်းတို့၏ဆိုးကျိုးသက်ရောက်မှုအမျိုးမျိုးတို့ကို သတ်မှတ် ဖော်ထုတ်ခဲ့ပါသည်။ ဤအပိုင်းတွင် ပြဿနာအမျိုးမျိုးနှင့် ဒေသခံများအပေါ် ၎င်းတို့၏ သက်ရောက်မှုအတိုင်းအတာကို သရုပ်ခွဲဆန်းစစ်ထားပါသည်။ ထို့နောက် ပြောင်းလဲလာသည့် ဒေသန္တရစီးပွားရေးတွင် ပါဝင်နိုင်ခြင်း မရှိဘဲ လက်ရှိတွင် ဆင်းရဲနေသော သို့မဟုတ် ပိုမိုဆင်းရဲလာသော ထိခိုက်လွယ်အုပ်စုများကို ဖော်ထုတ်တင်ပြ ထားပါသည်။

## ပြဿနာများနှင့် ပြင်းထန်သောသက်ရောက်မှုများ


*"မိုးခေါင်တော့သီးနှံထွက်တာနည်းတယ်၊မိသားစုတောင်ဝအောင်မကျွေးနိုင်ဘူး၊ဒါပေမယ့် လယ်သမားတွေက အခြားရွေးစရာမရှိတော့ လယ်ယာပဲ လုပ်ရပါတယ်။"*

***- ချင်းပြည်နယ်မှ လယ်သမားငယ် (အမျိုးသား) တစ်ဦး။***

အမြဲတမ်းကြုံတွေ့ရသည့် ထင်ရှားသော ပြဿနာသုံးမျိုးကို QSEM လေ့လာမှုတွင် ဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့မှာ ရာသီတိုင်းတွင် ကြုံတွေ့နေရသည့် မိုးလေဝသ အပြောင်းအလဲ၏ ဆိုးကျိုးသက်ရောက်မှု၊ အထူးသဖြင့် အသေးစားနှင့် တစ်နိုင်တစ်ပိုင် ရေလုပ်သားများအတွက် အခြေအနေ ဆုတ်ယုတ်လာမှုနှင့် ကျေးရွာအချို့တွင် မြေအတန်းအစား ကျဆင်းလာမှု စသည်တို့ဖြစ်ပါသည်။ သုတေသနအကြိမ်တိုင်းတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိသည်ဟု ရွာသူရွာသားများက ဖော်ထုတ်ထားသော ပြင်းထန်သည့်သက်ရောက်မှု (shocks) များကို သုတေသီများက မှတ်တမ်းတင်ခဲ့ပါသည်။ ပုံ(၈) တွင်ပဥ္စမအကြိမ်QSEMလေ့လာမှုမှဖော်ထုတ်ထားသည့်ပြင်းထန်သောသက်ရောက်မှုများနှင့် အမြဲတမ်းကြုံတွေ့ရသော ပြဿနာ အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။[23]

23. ပုံ(၈)တွင် ဖော်ပြထားသော ပြဿနာများသည် QSEM 5 တွင် ပြင်းထန်သောသက်ရောက်မှုများအဖြစ် ဖော်ထုတ်ထားသော ပြဿနာများဖြစ်ပြီး အနည်းဆုံး နောက်ဆုံးတစ်ကြိမ်လေ့လာမှုတွင် ကျေးရွာတစ်ရွာတည်း၌ အဆိုပါ ပြဿနာများကို တွေ့ ရှိခဲ့ရပါသည်။

### ပုံ (၈) - ပြင်းထန်သောသက်ရောက်မှုများနှင့် အမြိတမ်းကြုံတွေ့ရသော ပြဿနာများ





အထက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း ကျေးရွာအများစုသည် QSEM 5 တွင် ဆိုးရွားသော ရာသီဥတု အခြေအနေများကို ရင်ဆိုင်ခဲ့ရပါသည်။ ရခိုင်ပြည်နယ်မှ ကျေးရွာတစ်ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ကျေးရွာတစ်ရွာသည် မုန်တိုင်းဒဏ်ကြောင့် အိမ်များပျက်စီးခဲ့ရသည့်ကျေးရွာများတွင် ပါဝင်ပါသည်။ ရှမ်းပြည်နယ်တွင် ကျေးရွာ (၅)ရွာတို့သည် ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများကြုံတွေ့ရပြီး ပြောင်းဖူးစိုက်ပျိုးပြီး မကြာမီ မိုးများရွာသွန်းလာခြင်းကြောင့် လယ်သမားအချို့သည် ပြောင်းဖူးကို နောက်ထပ်တစ်ကြိမ် ပြန်လည်စိုက်ပျိုးခဲ့ရပါသည်။

ဒေသများစွာရှိ ကျေးရွာများ အထူးသဖြင့် ရခိုင်နှင့် မကွေးမှ ကျေးရွာများသည် ဖြစ်ပွားမြဲ ရာသီဥတုဆိုင်ရာ ပြဿနာများကို နှစ်များစွာအတွင်း ကြုံတွေ့ခဲ့ကြရပါသည်။

ပို၍သိသာသည်မှာ ဒေသများစွာတွင် ရာသီဥတုနှင့်ဆက်စပ်နေသောပြဿနာများ ဆက်တိုက်ကြုံတွေ့လာရပြီး အထူးသဖြင့် ပုံမှန်မိုးရွာသွန်းမှု မရှိတော့ခြင်း ဖြစ်ပါသည်။ အောက်ပါပုံ(၉)တွင် ဖော်ပြထားသည့်အတိုင်း QSEM ကျေးရွာ တစ်ဝက်ကျော် (၃၅ ရွာ)သည် ရာသီဥတုနှင့် ဆက်စပ်သော ပြဿနာများကိုသုတေသနနှစ်ကြိမ်နှင့်အထက် ကြုံတွေ့ခဲ့ရပါသည်။ ဤပြဿနာများကို ရခိုင်ပြည်နယ်ရှိ ကျေးရွာများတွင် သိသိသာသာ ကြုံတွေ့ခဲ့ရပြီး ကျေးရွာ (၅) ရွာသည် ဂီရိမုန်တိုင်း ဖြစ်ပွားပြီးသည့် အချိန်မှစ၍ သုတေသန အကြိမ်တိုင်းတွင် ရာသီဥတုပြဿနာကို နှစ်စဉ် ကြုံတွေ့ခဲ့ရပါသည်။ မကွေးတိုင်းဒေသကြီးတွင်လည်း ဆိုးရွားစွာ ကြုံတွေ့ကြရပြီး ကျေးရွာအားလုံးသည် သုတေသနငါးကြိမ်အနက် သုံးကြိမ်မှ လေးကြိမ်အထိ ရာသီဥတုနှင့် ဆက်စပ်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။

24. အစောပိုင်း QSEM လေ့လာမှုများတွင် လုပ်သားအင်အား ရှားပါးမှုကို ဒေသများစွာအတွင်း ပြင်းထန်သော သက်ရောက်မှုအဖြစ် ဖော်ထုတ်ထားပြီး လုပ်သားအင်အားကို လေ့လာဆန်းစစ်ခဲ့ပါသည်။ QSEM လေ့လာခဲ့သည့် ဒေသများစွာရှိ အိမ်ထောင်စု သုံးပုံတစ်ပုံ၏ အဓိကဝင်ငွေအရင်းအမြစ်မှာ ကျပန်း လုပ်ငန်းဖြစ်သောကြောင့် လုပ်သားအင်အားနှင့် ပတ်သက်သော ပြဿနာများကို ယခုအစီရင်ခံစာတွင်ပြင်းထန်သောပြောင်းလဲမှုရှုထောင့်မှဖော်ပြထားခြင်းမရှိပါ။အစောပိုင်းကဏ္ဍတွင် အသက်မွေးမှု လုပ်ငန်းတစ်ခုအဖြစ်ဖြင့်သာ ဆွေးနွေးဖော်ပြထားပါသည်။

**ပုံ (၉) - QSEM အကြိမ်အရေအတွက်အလိုက် ရာသီဥတုနှင့်ဆက်စပ်သည့် ပြဿနာများ ကြုံတွေ့ရသည့် ကျေးရွာအရေအတွက်**




ရာသီဥတုနှင့်ဆက်စပ်သော ထိုပြဿနာများ၏ ပြင်းထန်မှု အတိုင်းအတာသည် ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားသကဲ့သို့ လေ့လာမှု တစ်ကြိမ်နှင့်တကြိမ်အကြားတွင်လည်း ကွဲပြားပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် သုတေသနများတွင် ဒေသများစွာ၌ ရာသီဥတုမကောင်းသောကြောင့် အသက်မွေးဝမ်းကျောင်း ရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်မှုကို အလေးပေး ဖော်ပြခဲ့ပါသည်။ ၂၀၁၃ ခုနှစ်နှောင်းပိုင်း မုတ်သုန်သီးနှံရိတ်သိမ်းချိန်တွင် အခက်အခဲများ ဆက်လက်ကြုံတွေ့နေရသည့် အပူပိုင်းဒေသမှအပ ကျန်ဒေသများတွင် အခြေအနေ အနည်းငယ် တိုးတက်လာပါသည်။ QSEM 5 တွင် တွေ့ရှိရသော ရာသီဥတုနှင့်ဆက်စပ်သည့် ပြဿနာများမှာ ယခင်လေ့လာမှုအကြိမ်များကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ပွားသော်လည်း ကျေးရွာများစွာတွင် သက်ရောက်မှု ပြင်းထန်ခဲ့ပါသည်။ QSEM 5 တွင် သုတေသီများသည် ပြင်းထန်သော သက်ရောက်မှု (shocks) များကို အဆင့်(၁)မှ (၅)အထိ ခွဲခြားသတ်မှတ်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်ခုသည် မိုးခေါင်ခြင်း ကြုံတွေ့ခဲ့ရပြီး ကျေးရွာ(၃)ရွာရှိ စပါးအားလုံး ပျက်စီးသွားခြင်းကြောင့် သက်ရောက်မှု အပြင်းထန်ဆုံး (အဆင့်-၅) အဖြစ် သတ်မှတ်ခဲ့ပါသည်။[25] အလားတူစွာပင် ချင်းပြည်နယ်ရှိ ကျေးရွာအားလုံးတွင် မိုးခေါင်ခြင်းကြောင့် အတော် အသင့်ပြင်းထန်သော(အဆင့်-၄) သက်ရောက်မှုရှိခဲ့ပြီး အောက်ပါ သာဓက (၆)တွင် ဖော်ပြထားသည့်အတိုင်း သီးနှံထွက်နှုန်းနှင့် အိမ်ထောင်စုများအတွက် သောက်သုံးရေ ရရှိမှုကိုပါ သက်ရောက်မှု ရှိခဲ့ပါသည်။ မိုးရွာသွန်းမှု ပုံစံအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်ရှိ ကျေးရွာအများအပြားတွင် သီးနှံထွက်နှုန်းအပေါ် သက်ရောက်မှု ရှိခဲ့သော်လည်း သီးနှံဈေးနှုန်း တက်လာခြင်းကြောင့် ခုသာခံသာရှိပြီး သက်ရောက်မှုမှာ လျော့နည်းသွားပါသည်။

25. လွန်ခဲ့သော ရာသီက မန္တလေးတိုင်းဒေသကြီးအတွင်း QSEM လေ့လာသည့် မြို့နယ်နှစ်ခုအပါအဝင် မြို့နယ်များစွာတွင် သိသာသော မိုးရေရှားပါးမှု ကြုံ တွေ့ခဲ့ရပါသည်။ သို့သော် အဆိုပါမြို့နယ်နှစ်ခုတွင် မိုးခေါင်သော်လည်း နှမ်းခင်းအတွက် လိုအပ်သော မိုးသည် အချိန်ကိုက်ရွာသွန်းခဲ့ခြင်းကြောင့် စိုက်ပျိုးရေးအကျိုးအမြတ်အပေါ် ထိခိုက်မှု လျော့နည်းခဲ့ပါသည်။

## သာဓက (၆) ချင်းပြည်နယ်ရှိ မိသားစုတစ်စုသည် မိုးခေါင်ခြင်းနှင့် ကြက်သွန်ဈေးကျခြင်းကြောင့် အကျပ်အတည်း ကြုံတွေ့ရခြင်း

ချင်းပြည်နယ်မှ အိမ်ထောင်စုတစ်စုသည် မိုးရွာသွန်းမှုမရှိခြင်းနှင့် ဈေးကွက်အတွင်း ကြက်သွန်ဈေးနှုန်းများ ကျဆင်းခြင်းတို့ကို (၁၂)လခန့်ကြာမျှခံစားခဲ့ရပါသည်။ နောက်ဆုံး ရိတ်သိမ်းသည့် ရာသီတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်း ကောင်းခြင်း( တစ်ပိဿာ လျှင် ၃၀၀ ကျပ်မှ ၅၀၀ ကျပ်ကြား)ကြောင့် အဆိုပါမိသားစုသည် ကြက်သွန်နီကို ဧကပြည့် စိုက်ပျိုးခဲ့ကြပါသည်။ အပိုဝင်ငွေအဖြစ် ဝက်(၁၀)ကောင် ရောင်းချလိုက်သည့် အပြင် ကျေးရွာတွင် လမ်းဖောက်လုပ်နေသော လုပ်သားများ၏ ဝယ်လိုအားရှိခြင်းနှင့် ယှဉ်ပြိုင်ရောင်းချမည့်သူ မရှိခြင်းတို့ကြောင့် သူတို့၏ ဈေးဆိုင်မှလည်း အမြတ်အစွန်း များစွာရရှိခဲ့ပါသည်။

သို့သော် ယခုနှစ်မှာ မအောင်မြင်တော့ပါ။ ပထမအချက်မှာ ကြက်သွန်နီဈေးနှုန်းသည် တစ်ပိဿာ (၂၀၀) ကျပ်သို့ကျဆင်းသွားပါသည်။ ထို့အပြင် မိုးခေါင်ခြင်းကြောင့် တစ်ဧက ၏ လေးပုံတစ်ပုံခန့်တွင်သာ ကြက်သွန်နီ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ထိုအချက်သည် ၎င်းတို့ မိသားစုဝင်ငွေကို သိသိသာသာ ကျဆင်းစေပြီး ကျေးရွာတွင် လမ်းပြင်ဆင်ပြီး၍ ရွာသူ ရွာသားများက မြို့သွားကာ ဈေးဝယ်နိုင်ခြင်း၊ ရွာအတွင်း ဈေးဆိုင်သစ်များ ဖွင့်လှစ်လာ ကြခြင်းကြောင့် တည်ထားသော ဈေးဆိုင်မှလည်း ဝင်ငွေကျဆင်းလာကာ အခြေအနေ ပိုမိုဆိုးရွား သွားပါသည်။ ကျေးရွာမှ လယ်သမားများသည် ဝက်မွေးမြူရေးတွင် ပိုမို ရင်းနှီးမြှုပ်နှံလာကြခြင်းကြောင့် သူတို့၏ တိရစ္ဆာန်များကို အစာကျွေးရန်လည်း ပိုမိုခက်ခဲ လာပါသည်။

ထိုသို့ ပြင်းထန်သော သက်ရောက်မှုများနှင့် ကျန်းမာရေးပြဿနာများကြောင့် ထို အိမ်ထောင်စုသည် ယခင်နှစ်က (၁၀၀,၀၀၀) ကျပ်သာ ငွေချေးခဲ့ရသော်လည်း ယခုနှစ်တွင် (၂၀၀,၀၀၀)ကျပ် အထိ နှစ်ဆခန့် ချေးခဲ့ရပါသည်။ ထိုမိသားစုသည် ဆွေမျိုးများထံမှ တစ်စိတ်တစ်ပိုင်း (အတိုးမပေးရ) ချေးပြီး တစ်ချို့တစ်ဝက်ကို UNDP ထောက်ပံ့သည့် ကျေးရွာရန်ပုံငွေမှ(အတိုး ၂ရာခိုင်နှုန်း)ဖြင့် ချေးယူပါသည်။ ကြက်သွန်နီဈေးနှုန်းက ကျဆင်းခြင်း နှင့် ထိုအခြေအနေ အပေါ်အဆိုးဆုံးမှာ မိုးခေါင်ခြင်းကြောင့် မိသားစုအတွက် ပို၍အခက်အခဲဖြစ်စေကြောင်း အိမ်ထောင်ဦးစီးက အဓိကထား ပြောကြားခဲ့ပါသည်။

## ထိခိုက်လွယ်မှု

*"ဒီရေကျသွားရင် ဘာမှမကျန်တော့ဘူး။"*
***(ကျွန်တော်တို့လည်း ကုန်ကျစရိတ်ကို ကာမိအောင် မရှာနိုင်ဘူး)***
***- ဧရာဝတီတိုင်းဒေသကြီးမှ ငါးဖမ်းလုပ်သား (အမျိုးသား) တစ်ဦး၊***

အချို့အုပ်စုများသည် စီပွားရေး အခွင့်အလမ်းသစ်များမှ အကျိုးခံစားနိုင်မည့် အနေအထား ကောင်းစွာမရှိကြပါ။ ယင်းအုပ်စုများတွင် ရေလုပ်ငန်းကို ရည်တည်ရုံမျှ လုပ်ကိုင်လျှက်ရှိသည့် မိသားစုများ၊ လုပ်အားရော အရင်းအနှီးပါမရှိသည့် မိသားစုများ ပါဝင်သည်။

ပြင်းထန်သောသက်ရောက်မှုများနှင့် အမြဲတမ်းကြုံတွေ့ရသော ပြဿနာများကို သရုပ်ခွဲ ဆန်းစစ်ခြင်းဖြင့် ထိခိုက်လွယ်မှုကို ကြုံတွေ့ရန် အလားအလာရှိသော အုပ်စုများနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထိုးထွင်းသိမြင်နိုင်ပါသည်။ အသိသာဆုံးမှာ အသေးစားနှင့် တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်သားများ၏ အခြေအနေမှာ အချိန်နှင့်အမျှ ပိုမိုဆိုးရွားလာပြီး လုပ်သားများစွာသည် ငါးဖမ်းခြင်းအလုပ်ကို ရပ်တည်၍ရသော အသက်မွေး ဝမ်းကျောင်း တစ်ခုအဖြစ်ပင်မယုံကြည်တော့သည့် အခြေအနေအထိ ရောက်ရှိလာပါသည်။ ကျေးရွာ အချို့မှာ (ဧရာဝတီတိုင်းဒေသကြီးတွင် - သုံးရွာ၊ ရခိုင်ပြည်နယ်တွင် - လေးရွာ၊ မကွေးတိုင်းဒေသကြီးတွင်- နှစ်ရွာ) ငါးဖမ်းလုပ်ငန်းမှ ဝင်ငွေအပေါ်မှီခိုကြပါသည်။ ငါးဖမ်းခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သူများသည် ၂၀၁၂ခုနှစ်တွင် QSEM စတင်သည့်အချိန်ကထက် အခြေအနေပိုဆိုးလာပါသည်။ ငါးဖမ်းလုပ်ငန်းသည် ရေရှည်မတည်တံ့သောကြောင့် အချို့မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြောင်းလဲခဲ့ကြပါသည်။

ငါးဖမ်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်မှု လျော့နည်းလာသည့် အကြောင်းရင်းများမှာ ဒေသအလိုက် ကွဲပြားပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ငါးဖမ်းလုပ်ငန်းကဏ္ဍရှိ စည်းမျဉ်း စည်းကမ်းများကို လျှော့ချရန် ကြိုးပမ်းမှုများက အသေးစား ငါးဖမ်းလုပ်သားများကို သက်ရောက်မှုရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိအသေးစားငါးဖမ်းလုပ်သားများကသူတို့အနေဖြင့်အလတ်စားနှင့်အကြီးစားငါးဖမ်းလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲရလဒ်အနေဖြင့် ဖမ်းမိသည့်ငါးပမာဏ တစ်ဖြည်းဖြည်း လျော့ကျလာကာ အမြတ်မရှိတော့သည့် အခြေအနေအထိ လျော့ကျလာကြောင်း စောဒကတက်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် (သာဓက-၇ တွင် ရှင်းပြထားသည့် အတိုင်း) အရေးကြီးသော ငါးအမျိုးအစား (ဥပမာ- hilsa)အတွက် ဖမ်းယူရရှိသည့် ငါးအရည် အသွေးကျဆင်းလာခြင်းနှင့် တိုင်းဒေသကြီး၏ ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်းကြောင့် ငါးဖမ်းလုပ်ငန်းတွင် စီမံခန့်ခွဲမှု လျော့ရဲလာခြင်းတို့ပေါင်းစပ်၍ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်သားများ (တစ်နိုင်တစ်ပိုင်) လျော့နည်းသွားရကြောင်း တွေ့ရှိရပါသည်။

## သာဓက(၇) ငါးဖမ်းလုပ်ငန်း လုပ်ထုံးလုပ်နည်းများ ပြောင်းလဲမှုများက မြစ်ဝကျွန်းပေါ်ဒေသရှိ ငါးဖမ်းလုပ်သား အပေါ်သက်ရောက်မှုရှိခြင်း

ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်နှစ်မြို့နယ်ရှိ ရွာသူရွာသားများသည် ငါးဖမ်းလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကိုလျော့ရဲလာခြင်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုရှိကြောင်း ရှုမြင်ကြပါသည်။ တိုင်းဒေသကြီးအစိုးရမှ ပြဋ္ဌာန်းထားသည့် ရေချိုငါးဖမ်းလုပ်ငန်းဥပဒေအရ သတ်မှတ်ထားသည့် ငါးဖမ်းပိုက်အမျိုးအစားကို အသုံးပြုနေသော ငါးဖမ်းလုပ်သားများသာ ငါးဖမ်းခွင့် လိုင်စင်ရယူရန် လိုအပ်ပြီး အထွေထွေကုန်ကျစရိတ် ကျပ် (၃,၀၀၀)နှင့် ကျပ် (၅,၀၀၀) ကြား ရှိပါသည်။ ယခင်က မြို့နယ်အရာရှိများက ကျေးရွာများသို့ သွားရောက်စစ်ဆေးခြင်းဖြင့် လုပ်ထုံးလုပ်နည်းကို ကြီးကြပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်းမှစ၍ ကျေးရွာသို့ လာရောက်စစ်ဆေးမှုများ သိသာစွာကျဆင်းလာပြီး အထက်အရာရှိမှ အမိန့်ပေးမှသာ မြို့နယ်အရာရှိများက လာရောက်စစ်ဆေးကြကြောင်း ရွာသူရွာသားများက ပြောကြားခဲ့ကြပါသည်။

လုပ်ထုံးလုပ်နည်းများ လျော့ရဲလာမှုကြောင့် ကျေးရွာတစ်ရွာရှိ တုန့်ပြန်ဖြေကြားသူများက ၎င်းတို့ကျေးရွာသို့ ပြင်ပငါးဖမ်းလုပ်သားများ ယခင်ကထက် ဝင်ရောက်ငါးဖမ်းသည့် အကြိမ်ရေများလာပြီး လျှပ်စစ်ရှော့တိုက်ခြင်းနှင့် ဓါတု အဆိပ်များကဲ့သို့သော တရားမဝင်နည်းလမ်းများဖြင့် ငါးဖမ်းဆီးမှုများရှိလာကြောင်း ပြောဆိုခဲ့ကြပါသည်။ မိမိတို့ကျေးရွာမှ ငါးဖမ်းလုပ်သားများနှင့် ထိပ်တိုက်တွေ့သောအခါ ငါးဖမ်းလိုင်စင်အတွက် ငွေပေးပြီးဖြစ်ကြောင်း ပြင်ပငါးဖမ်းလုပ်သားများက ဆိုပါသည်။ တွေ့ဆုံမေးမြန်းမှုများအရ၊ ဒေသခံငါးဖမ်းလုပ်သားများက ထိုပြင်ပငါးဖမ်း လုပ်သားများ ရှိနေခြင်းနှင့် တရားမဝင်ငါးဖမ်းနည်းများ အသုံးပြုခြင်းတို့ကြောင့် ၎င်းတို့ငါးဖမ်းရရှိသည့် ပမာဏ လျော့နည်းလာခြင်းဖြစ်ကြောင်း ဖြေကြားခဲ့ကြပါ သည်။

အခြားတစ်ရွာတွင်လည်း ဓာတုပစ္စည်းများ အသုံးပြုမှုကြောင့် တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်သားများအချို့သည် ၎င်းတို့၏ လက်ရှိအသက်မွေးဝမ်းကျောင်းကို စွန့်ခွာ၍ ကျပန်းလုပ်သားဘဝသို့ ကူးပြောင်းသွားစေကြောင်း အလားတူ ပြောကြားချက်များလည်း ရှိပါသည်။ ငါးဖမ်းရာတွင်အသုံးပြုသော ဓါတုပစ္စည်းများသည် မြစ်ဘေးတစ်လျှောက်မွေးမြူရေးစားကျက်မြေများကိုလည်း ထိခိုက်စေပါသည်။

ငါးဖမ်းလုပ်သားများသည် ထိုကဲ့သို့ အသက်မွေးဝမ်းကျောင်းအခြေအနေ နိမ့်ကျလာခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် တုန့်ပြန်ခဲ့ကြပါသည်။ ဤအခန်း၏ အစပိုင်းရှိ ကျေးရွာနောက်ခံအကြောင်းအရာတွင် ဖော်ပြထားသည့်အတိုင်း ဒေသတိုင်းမှ ငါးဖမ်းလုပ်သားများစွာသည် အခြားဝင်ငွေအရင်းအမြစ်များအဖြစ် စိုက်ပျိုးရေးကျပန်းလုပ်သား သို့မဟုတ် စိုက်ပျိုးရေး

မဟုတ်သော အခြားလုပ်ငန်းမျိုးစုံသို့ ပိုမိုပြောင်းလဲလုပ်ကိုင်လာကြပါသည်။ ရခိုင်ပြည်နယ်တွင် တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ငန်းများ ထပ်နေသော နေရာများ၌ အသေးစားငါးဖမ်းလုပ်သားများ သည် စီးပွားဖြစ်ငါးဖမ်းလုပ်သားများအတွက်ကျွမ်းကျင်မှုနိမ့်ပြီး လုပ်အားခနည်းသည့်လုပ်သားများဖြစ်သွားပါသည်။ အချို့မှာ ဤစိန်ခေါ်မှုများကို ကျော်လွှားရန် ပိုမိုကောင်းမွန်သော ပစ္စည်းသစ်များဖြင့် ရင်းနှီးမြှုပ်နှံကြပါသည်။ ဤချဉ်းကပ်မှုသည် ဆုံးရှုံးနိုင်ခြေများပြီး စိန်ခေါ်မှုများကို ကျော်လွှားရာတွင် အောင်မြင်သွားသော ငါးဖမ်းလုပ်သား ဥပမာ မရှိသလောက်နည်းပါသည်။

ကျေးရွာအနည်းငယ်တွင် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုကြောင့် အချို့ရွာသူရွာသားများအတွက် အကျပ်အတည်းများ ဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် မကွေးတိုင်းဒေသကြီးရှိ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်သားများ ငါးရရှိမှု နည်းလာသည့် အဓိကအကြောင်းရင်းမှာ မြစ်ကြောင်းစနစ်များ အခြေအနေဆိုးရွား လာခြင်းကြောင့် ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးရှိ အခြားကျေးရွာတစ်ခုတွင် မြေဆီလွှာ တိုက်စားမှုကြောင့် မြေနုကျွန်းစိုက်ပျိုးမြေရရှိမှု တစ်ဖြည်းဖြည်း လျော့နည်းလာပါသည်။ ထိုမြေများကို ရွာသူရွာသားများသို့ အကွက်အလိုက် ခွဲဝေပေးပြီး ဝင်ငွေရသီးနှံစိုက်ပျိုး ခြင်းဖြင့် အရေးပါသော ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်စေပါသည်။ သို့သော် ဧရာဝတီ မြစ်ကြောင်း ပြောင်းလဲမှုများကြောင့် ၂၀၁၂ခုနှစ်တွင် ခန့်မှန်းမြေဧက (၂၅၀) ရရှိရာမှ ယခု အခါ ဧက(၆၀)အောက်သို့ လျော့နည်းသွားပါသည်။ အလားတူပင်၊ ရခိုင်ပြည်နယ်၊ ကမ်းရိုးတန်းကျေးရွာအချို့မှ လယ်သမားများသည် ၂၀၁၂ခုနှစ်မှစ၍ ၎င်းတို့၏မြေများအတွင်း ဆားငန်ရေ ဝင်ရောက်မှုကြောင့် တစ်ဖြည်းဖြည်း ထိခိုက်လာကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတစ်ရွာချင်းတွင် အိမ်ထောင်စုများသည် ပြင်းထန်သော ပြောင်းလဲမှုများ၏ သက်ရောက်မှုဒဏ်ကို ပိုမိုခံစားကြရပြီး၊ မြန်မာနိုင်ငံကျေးလက်ဒေသတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများမှ အကျိုးကျေးဇူး ရရှိနိုင်စွမ်း နည်းပါသည်။ LIFT၏ ၂၀၁၃ ခုနှစ် အိမ်ထောင်စုအဆင့် ကွင်းဆင်းလေ့လာမှုတွင် ပိုချမ်းသာသော အိမ်ထောင်စုများသည် လွန်ခဲ့သောနှစ်နှစ်တာကာလအတွင်း ဝင်ငွေပိုတိုးလာကြောင်း ဖော်ထုတ်ခဲ့ပါသည်။[26] ဆန့်ကျင် ဘက်အားဖြင့် အချို့သော အချက်များသည် အိမ်ထောင်စုများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရန် အတားအဆီး ဖြစ်နေပါသည်။ ပထမဦးဆုံးအချက်မှာ ကျန်းမာရေး မကောင်းသူများ/မသန်စွမ်းသူများ ရှိနေသော ဝင်ငွေနည်းအိမ်ထောင်စုများ သို့မဟုတ် သက်ကြီးရွယ်အိုရှိသော အိမ်ထောင်စုများသည် ထူးခြားသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါ သည်။ အောက်ဖော်ပြပါ သာဓက (၈)သည် ဆင်းရဲသူများထဲမှ အဆင်းရဲဆုံးသူများအတွက် ပြင်းထန်သော သက်ရောက်မှုများ၏ အကျိုးဆက်များနှင့် အိမ်ထောင်စုများ၏ ဝင်ငွေရှာဖွေနိုင် သည့် စွမ်းရည်တို့အပေါ် ကျန်းမာရေးပြဿနာများ၏ သက်ရောက်မှုများကို သာဓကထုတ်၍ ဖော်ပြထားပါသည်။

---

26. **အိမ်ထောင်စုအဆင့်ကွင်းဆင်းလေ့လာမှု (စာ-၅၀)၊ အိမ်ထောင်စုများသည် ဝင်ငွေပိုကောင်းလာသည် နှင့်အမျှ လွန်ခဲ့သော ၁၂ လအတွင်း သူတို့၏ ပျှမ်းမျှဝင်ငွေပိုကောင်းလာသည်ဟု ပိုမိုကြေငြာ လိုကြပါသည်။ ဤဖြစ်ရပ်ကို တစ်လပျှမ်းမျှဝင်ငွေ ၁၀၀,၀၀၀ ကျပ်ကျော်ရှိသော အိမ်ထောင်စု များတွင် တွေ့ရပါသည်။ အိမ်ထောင်စုများအနက် ၂၄%မှာ ဝင်ငွေ ကျပ် (၅၀၀၀၀)နှင့် ကျပ်(၁၀၀,၀၀၀) ကြား၊ ၁၈%မှာ ဝင်ငွေ ကျပ်(၅၀,၀၀၀)အောက် ရရှိနေခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ($p<.001$)**

## သာဓက(၈) ဆင်းရဲသူများထဲမှ အဆင်းရဲဆုံး အိမ်ထောင်စုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ

ချင်းပြည်နယ်မှ အိမ်ထောင်စုတစ်ခုတွင် အလုပ်လုပ်နိုင်သော အရွယ်ရောက်သူနှစ်ဦး၊ ကလေးငယ် လေးဦးနှင့် သက်ကြီး ရွယ်အိုတစ်ဦး ရှိပါသည်။ အရွယ်ရောက်သူနှစ်ဦးသည် အမြင်အာရုံ အားနည်းသောကြောင့် အလုပ်လုပ်ကိုင်နိုင်စွမ်းကို များစွာထိခိုက်ပါသည်။ လွန်ခဲ့သောနှစ်က ရွာသူရွာသားများစွာ၏ အကူအညီဖြင့် ပြောင်းဖူး အနည်းငယ်ကို ရိတ်သိမ်းနိုင်ခဲ့ပြီးနှစ်ပတ်စာ စားသောက်ရန်သာ လုံလောက်ခဲ့ပါသည်။ ထိုလူငယ်နှစ်ဦးသည် အခြားလယ်သမားများအတွက် လုပ်အားခလျှော့ယူ၍ အလုပ်လုပ်ကိုင်ပေးကြပြီး ထင်းသယ်ခြင်းအလုပ်ကိုလည်း လုပ်ကိုင်ကြပါသည်။ သို့ရာတွင် သူတို့၏ အမြင်အာရုံ ချွတ်ယွင်းခြင်းကြောင့် အလုပ်လုပ်နိုင်သည့် ပမာဏနည်းပြီး တစ်လစာခန့်သာ အလုပ်လုပ်နိုင်ကြပါသည်။

> *"ကျွန်တော်တို့ တစ်ရက်ကို တစ်ထောင့်ငါးရာကနေ နှစ်ထောင်ပဲရတယ်၊ တစ်ချို့နေ့တွေမှာ တစ်ထောင်တည်းနဲ့ လက်ခံလိုက်ရတယ်၊ တခြားသူတွေ နှစ်ထောင်ကနေသုံးထောင် အထိရကြတယ်။ ကျွန်တော်တို့က အမြင်အာရုံ အားနည်းတော့ သူများတွေလိုလည်းမလုပ်နိုင်ဘူး။"*
> ***- ချင်းပြည်နယ်မှ မသန်စွမ်းကျပန်းလုပ်သားတစ်ဦး။***

ထိုမိသားစုသည် ကျေးရွာတွင် အထိခိုက်လွယ်ဆုံး မိသားစုဖြစ်ပါသည်။ သူတို့သည် အစိုးရ အထောက်အပံ့မရသည့် အပြင်အလှူရှင်စီမံကိန်းများသို့ လက်လှမ်းမှီရန် အခက် အခဲရှိနေပါသည်။ ထိုအကူအညီများအစား ရွာသူရွာသားများ၏ စေတနာကိုသာ ရပ်တည် မှီခိုနေရပါသည်။ အစားအသောက်များမှာ နွေရာသီတွင် မကြာခဏ ပြတ်လပ်လေ့ ရှိပြီးဆွေမျိုးများ၏ အထောက်အပံ့ကိုသာ အားကိုးနေကြပါသည်။ သူတို့၏ ဆင်းရဲသော အခြေအနေကြောင့် တရားဝင်ချေးငွေများ ရရှိရန်လည်း အခက်တွေ့နေပါသည်။ သို့သော် ပိုမိုကျပ်တည်းသောလများတွင် ကျေးရွာ ကုန်စုံဆိုင်မှ သူတို့အား အကြွေးဝယ်ယူခွင့် ပေးပါသည်။

နောက်ထပ်ဥပမာတစ်ခုမှာ များစွာအဆင်ပြေသည့် ရှမ်းပြည်နယ်မှ အခြားမိသားစု တစ်ခုဖြစ်ပြီး အမှုအခင်းရင်ဆိုင်ရခြင်းကြောင့် ဆင်းရဲတွင်း နက်ခဲ့ပါသည်။ ထိုမိသားစု တွင် ကလေးငယ် လေးဦးရှိပြီး မိသားစု၏ အဓိကဝင်ငွေကို တောမှ အစားအသောက် ရှာဖွေခြင်း၊ သစ်များ စုဆောင်းခြင်းနှင့် ကျပန်းလုပ်သားလုပ်ခြင်းဖြင့် ရရှိပါသည်။ လွန်ခဲ့သောနှစ်က အကြီးဆုံးသမီးသည် ကျေးရွာအတွင်းရှိ အခြားအိမ်မှ လက်ဝတ် ရတနာနှင့် ငွေများခိုးရာတွင် ဖမ်းမိသွားပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ရပ်မိရပ်ဖ များနှင့် တိုင်ပင်ပြီးနောက် ထိုအမှုကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသို့ တင်ပြခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ရဲခေါ်ခဲ့ပါသည်။ ထို (၁၅)နှစ်အရွယ် မိန်းကလေးသည် အဖမ်းခံရပြီး မန္တလေးမြို့ရှိ လူငယ်စာရိတ္တပြုပြင်ရေး ကျောင်းတွင် နှစ်နှစ်နေထိုင်ရန်

ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါသည်။

အမှုစတင်ဖြစ်ပွားပြီး မိန်းကလေးအဖမ်းခံရသည့်အချိန်မှစ၍ တရားရုံးသို့ အမှုချိန်း သွားရောက်ခြင်း၊ ထိုကာလ တစ်လျှောက် ထောက်ပံ့ပေးနေရခြင်းတို့ကြောင့် ထိုမိသားစု သည် ထိုအချိန်မှစ၍ ငွေရှာရပါသည်။ အမှုကြောင့် စိတ်ဖိစီးမှုများသည့်အပြင် ငွေကြေး ကုန်ကျမှုကြောင့် ကလေးနှစ်ဦးအား ကျောင်းမှထုတ်ခဲ့ရပါသည်။ (၁၂)နှစ်သာရှိသေးသော ယောကျာ်းလေးသည် မိသားစုကိုကူညီ၍ ငွေကြေးရှာဖွေရန်အတွက်မြို့သို့ သွားရောက် အလုပ်လုပ်ကိုင် လိုပါသည်။ သို့သော် ယခုအချိန်တွင် ဖခင်ဖြစ်သူအား သစ်တောထွက် ပစ္စည်းများ စုဆောင်းရာတွင် ကူညီပေးနေပါသည်။ ထိုမိန်းကလေးအဖမ်း ခံရသည့်အချိန်မှ စ၍ ဖခင်သည် အရက်မကြာခဏ သောက်သုံးတတ်လာပြီး ကျေးရွာရှိ အခြားသူများကို အနှောက်အယှက် ဖြစ်စေပါသည်။

*"ကျွန်တော်တို့က အကောင်းစားတွေ လုံးဝမစားပါဘူး၊ ဆားရယ်၊ ပြောင်းဖူးရယ်၊ ပဲပြုတ်ရယ်က ကျွန်တော်တို့အတွက်ပုံမှန် အစားအစာပဲ၊ စားစရာမရှိတော့ရင် ဆွေမျိုးတွေဆီ တောင်းရတယ်၊ ဒါပေမယ့် သူတို့ဆီက နေ့တိုင်းတော့ဘယ်တောင်းရဲပါ့မလဲ၊ ဒါကြောင့် တချို့နေ့တွေဆိုရင် ရေသောက်ပြီး ဗိုက်မှောက်နေလိုက်ရတယ်။"*

***- ချင်းပြည်နယ်မှ အမျိုးသား ကျပန်းလုပ်သား (အမျိုးသား) တစ်ဦး။***

အချုပ်အားဖြင့်ဆိုရသော် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို အခွင့်ကောင်းယူနိုင်ရန် အတွက် ငွေကြေးအရင်းအနှီး၊ လူအင်အား သို့မဟုတ် အသက်မွေးဝမ်းကျောင်း/နည်းပညာ ဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိနိုင်ရန် လိုအပ်ပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ကျေးလက်ဒေသစီးပွားရေးကို စိုက်ပျိုးရေးတွင်သမားရိုးကျအတိုင်း ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး မဟုတ်သော ဒေသန္တရ လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်နိုင်မှုနှင့် ရွှေ့ပြောင်းလုပ်ကိုင်မှုတို့က ပေါင်းစပ်ဖြည့်ဆည်းပေးနေပါသည်။

အချို့ကျေးရွာများသည် မိမိတို့ကျေးရွာ၏နောက်ခံအကြောင်းအရာအလိုက်အထူးအခက် အခဲများနှင့် ရင်ဆိုင်နေရပါ သည်။ ကျေးရွာတစ်ရွာချင်းစီတွင်အခွင့်အလမ်းများကို အများဆုံး ရယူရာ၌ အကြီးဆုံးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ သော အိမ်ထောင်စုများတွင် စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများလုပ်ကိုင်ရန် အရင်းအနှီးမရရှိနိုင်သူများ၊ ပိုမိုကောင်းမွန်သော တရားဝင်ရွှေ့ပြောင်းလုပ်ကိုင်မှုနည်းလမ်းများကို လက်လှမ်းမမီသူများ၊ လုပ်သားလိုအပ်ချက် ရှိခြင်းမှ အကျိုးကျေးဇူး မခံစားရသည့် မိသားစုဝင်နည်းသူများ၊ မိသားစုဝင်နည်းခြင်း၏ အကျိုးဆက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ငွေကြေးပိုမိုကုန်ကျရသော မိသားစုများ ပါဝင်ပါသည်။

## လွှမ်းမိုးသည့် အချက်များပြောင်းလဲမှု

ချေးငွေလက်လှမ်းမီမှုနှင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ပြဿနာများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွှမ်းမိုးနေသော ပြင်ပအချက်များအနက် အထင်ရှားဆုံးသော ပြောင်းလဲမှုများဖြစ်ကြပါသည်။ ယခင် QSEM လေ့လာမှုအစီရင်ခံစာများတွင် မြန်မာနိုင်ငံကျေးလက်နေပြည်သူများ၏ အသက်မွေးမှုအပေါ် သက်ရောက်မှုရှိသော ပြင်ပအချက်များကို တင်ပြခဲ့ပါသည်။ သုတေသန တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လက်ဆောင်ရွက်လာသည်နှင့်အမျှ ဦးတည် လေ့လာသည့် နယ်ပယ်မှာလည်း ကျဉ်းမြောင်းလာပါသည်။ လေ့လာမှုအကြိမ်တိုင်းတွင် ဈေးကွက်များ၊ ပွဲစားများ၊ စက်ပစ္စည်းများနှင့် သွင်းအားစုဈေးနှုန်း၊ ထုတ်ကုန်ဈေးနှုန်းများအား ဆန်းစစ်လေ့လာရာတွင် သိသာထင်ရှားပြီး တစ်ပြေးညီ ပြောင်းလဲနေသော အလားအလာလမ်းကြောင်းများကို ကြီးကြီးမားမား မတွေ့ရှိခဲ့ရပါ။[27] သို့သော် သုတေသနအကြိမ်တိုင်း၌ အရေးကြီးသော ပြောင်းလဲမှုများကြောင့် သိသာစွာ ထိခိုက်လွယ်သော ကိစ္စရပ်နှစ်ခုကို တစ်ပြေးညီ ဖော်ထုတ်တွေ့ရှိရပါသည်။ ဤအပိုင်းတွင် ချေးငွေလက်လှမ်းမီမှုနှင့် မြေယာစီမံခန့်ခွဲမှုဟူသော ထိုကိစ္စရပ်နှစ်ခုကို လေ့လာဆန်းစစ်တင်ပြထားပါသည်။

## ချေးငွေလက်လှမ်းမီမှု

*"လူတွေသာ အိပ်ရင်အိပ်နေမယ်၊ ချေးထားတဲ့ငွေတိုးက အိပ်မနေဘူး။"*
***- မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီး ကျပန်းလုပ်သားတစ်ဦး။***

*"အရင်တုန်းကတော့ ချေးငွေလိုချင်ရင် အတိုး ၈ရာခိုင်နှုန်း ကနေ ၁၀ရာခိုင်နှုန်း အထိပေးရတယ်၊ အခုကတော့ UNDP ချေးငွေတွေ ရှိနေပြီ၊ အတိုးနှုန်းက ၂ရာခိုင်နှုန်း ပဲရှိတယ်၊ ကျွန်တော်တို့အတွက် အများကြီးပိုကောင်းတာပေါ့။"*
***- ရှမ်းပြည်နယ်မှ အလယ်အလတ် တောင်သူလယ်သမား (အမျိုးသား) တစ်ဦး။***

သုတေသနစတင်ခဲ့သည့် ၂၀၁၂ခုနှစ်မှစ၍ ချေးငွေရင်းမြစ်များ တိုးလာခြင်းနှင့် အတိုးနှုန်းနည်းလာခြင်းကြောင့် ကျေးလက်ဒေသပြည်သူများအတွက် ကောင်းမွန်သော ရလဒ်များဖြစ်ပေါ်စေပါသည်။ ပထမအကြိမ် QSEM လေ့လာမှုတွင် ချေးငွေရရှိနိုင်မည့် နေရာမရှိခြင်းကြောင့် "ရွာသူရွာသားအများအပြားသည် အလွတ်သဘော ငွေချေးသူများထံမှ အတိုးကြီးပေး၍ ချေးငွေရယူနေရကြောင်း" တွေ့ရှိခဲ့ပါသည်။[28]

ပထမဦးစွာ NGO များနှင့် နောက်ပိုင်းတွင် အစိုးရတို့က အခြားချေးငွေ ရင်းမြစ်များ တဖြည်းဖြည်း တိုးမြှင့်ပေးလာခြင်းကြောင့် ပုဂ္ဂလိကငွေချေးသူများအပေါ် မှီခိုရမှုမှာ အချိန်နှင့်အမျှ မှေးမှိန်လာပါသည်။ အရင်းမပျောက်လည်ပတ် ရန်ပုံငွေနှင့် အသေးစားချေးငွေစီမံကိန်းများ၊ အလှူရှင်များနှင့် NGO များသည် ချေးငွေလက်လှမ်းမီမှု တိုးတက်လာရေးအတွက် ရှေးဦးစွာ ထောက်ပံ့ပေးခဲ့သူများ ဖြစ်ပါသည်။ သုတေသန ဒေသအားလုံးရှိ (သာဓက-၄ တွင် ဖော်ပြထားသည့်) မြေယာမဲ့များ သို့မဟုတ် ကျပန်းလုပ်သား ရွာသူရွာသားများသည်


27. အရည်သွေးဆိုင်ရာသုတေသနကို အထူးသဖြင့် ကျေးရွာအဆင့်ဆောင်ရွက်ရာတွင် ဤအကြောင်းအရာများအား စောင့်ကြည့် စစ်ဆေးရန် သင့်တော်ခြင်းမရှိပါ။ ထိုကိစ္စရပ်များမှာ ဈေးနှုန်းနှင့်ရောင်းလိုအားတို့၏ ပြောင်းလဲမှုများကို မှတ်တမ်းတင် လေ့လာခြင်းအပေါ် မှီခိုရပြီး များသောအားဖြင့် ကျေးရွာအဆင့်ထက်ပိုမို လွှမ်းခြုံသုတေသနပြုရန်လိုအပ်ပါသည်။
28. QSEM 1 မှ စာမျက်နှာ-၁၄။

ချေးငွေအရင်းအမြစ်မှ ရရှိသည့် အရင်းအနှီးကို အသုံးပြု၍ အသေးစားထုတ်လုပ်မှုလုပ်ငန်းများ သို့မဟုတ် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြသော သာဓကများစွာကို တွေ့ရှိရပါသည်။ လတ်တလောတွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အစိုးရစီမံခန့်ခွဲသော သမဝါယမရန်ပုံငွေများမှတစ်ဆင့် ၎င်း၏ချေးငွေ ထောက်ပံ့ပေးမှု အခန်းကဏ္ဍကို မြှင့်တင်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေထောက်ပံ့မှုနှင့် ပတ်သက်သော ပြောင်းလဲမှုများသည် အသိသာဆုံး ဖြစ်နိုင်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် ပတ်သက်၍ အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပထမအချက်မှာ အောက်ပါ ပုံ(၁၀) တွင် ဖော်ပြထားသည့်အတိုင်း၊ သုတေသနအကြိမ်တိုင်းတွင် MADB၏ ချေးငွေကို ရရှိသည့် ကျေးရွာအရေအတွက်သည် တိုးတက်လာပါသည်။[29] QSEM 1 နှင့် QSEM 2 တွင် ကျေးရွာများအနက် (၄၀)ရာခိုင်နှုန်းမှ လယ်သမားများသာ MADB ချေးငွေကို ရရှိခဲ့ပါသည်။ QSEM 5 တွင် ကျေးရွာများအနက် (၇၀)ရာခိုင်နှုန်းမှ လယ်သမားများမှာ ချေးငွေ လက်လှမ်းမီလာပါသည်။ အဓိက အကြောင်းရင်းမှာ လယ်သမားများက ချေးငွေတိုးတက်တောင်းဆိုလာခြင်းကို ဦးတည်ဖြေရှင်းပေးသော မူဝါဒ အပြောင်းအလဲများကြောင့် ဖြစ်ပါသည်။ သုတေသနတစ်လျှောက်လုံးတွင် MADBသည် လယ်သမားများအား စိုက်ပျိုးသည့် သီးနှံအမျိုးအစား အပေါ်မူတည်၍ ချေးငွေပမာဏ အမျိုးမျိုးကို ထောက်ပံ့ပေးပြီး စပါးတစ်ဧကအတွက် ချေးငွေ (၂၀,၀၀၀)ကျပ် ချေးပေးရာမှ ယခု (၁၀၀,၀၀၀) ကျပ်အထိ ချေးငွေ ထောက်ပံ့ပေးပါသည်။ ချင်းပြည်နယ်တွင် MADB ချေးငွေထောက်ပံ့ပေးနိုင်သည့်ဒေသနှင့် MADB မှ လွှမ်းခြုံဖြန့်ကျက်နိုင်မှုနှင့် MADB ၏ ဝန်ဆောင်မှုများကို တောင်းဆိုသူ နည်းနေပြီး ရှမ်းပြည်နယ်တွင် အနည်းငယ်ပိုပါသည်။ ချင်းပြည်နယ်မှ လယ်သမားများ MADB ချေးငွေလုပ်ငန်းတွင် ပါဝင်လိုမှု နည်းပါးခြင်း၏ အဓိကအကြောင်းရင်းမှာ ၎င်းတို့စိုက်ပျိုးသည့် အဓိကသီးနှံဖြစ်သော ပြောင်းဖူးအတွက် ချေးငွေပမာဏ နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ပြောင်းဖူးတစ်ဧကအတွက် MADB မှ ချေးငွေ (၂၀,၀၀၀)ကျပ်သာ ထောက်ပံ့ပေးခြင်းကြောင့် ချေးငွေရယူရန် သွားရောက်သည့် ကုန်ကျစရိတ် ကာမိရုံသာရှိပါသည်။

29. QSEM 1 မှ QSEM 3 အထိ သုတေသနအကြိမ်များတွင် ကျေးရွာ (၃၆)ရွာသာ ချေးငွေလက်လှမ်းမီသော်လည်း QSEM 4 နှင့် QSEM 5 အကြိမ်များတွင် ကျေးရွာ (၅၄)ရွာလုံး ချေးငွေ လက်လှမ်းမီခဲ့ပါသည်။

**ပုံ (၁၀) - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေလက်လှမ်းမီသည့် ကျေးရွာ အရေအတွက်နှင့် အချိုး**




*"လူတွေကပိုက်ဆံချေးတဲ့သူတွေ ချေးပေးနိုင်သလောက် အကြွေးယူကြတာပဲ။"*
***- ဧရာဝတီတိုင်း ဒေသကြီးမှ လယ်သမားငယ် တောင်သူလယ်သမား (အမျိုးသား) တစ်ဦး။***

MADB ချေးငွေအပေါ် တောင်းဆိုမှု တိုးတက်လာသည်နှင့်အမျှ ချေးငွေရရှိနိုင်သည့် လုပ်ထုံးလုပ်နည်းများလည်း ပြောင်းလဲလာပါသည်။ MADB ချေးငွေရရှိရန် လုပ်ထုံးလုပ်နည်းတွင် ချေးငွေလက်ခံမည့်သူတစ်ဦးလျှင် လယ်မြေ (၁၀)ဧကအထိသာ အများဆုံးချေးငွေပေးခြင်းကြောင့် ထိုကန့်သတ်မှုကို ကျော်လွှားနိုင်ရန်အတွက် လယ်သမားကြီးများသည် လယ်မြေ(၁၀)ဧကစီခွဲကာအမျိုးသမီးများ အပါအဝင် နာမည်အမျိုးမျိုးဖြင့် မှတ်ပုံတင်၍ ချေးငွေလျှောက်ထားသည့် ပုံစံများ ပြောင်းလဲလာပုံကို ယခင် QSEM လေ့လာမှုအကြိမ်များတွင် တင်ပြထားပါသည်။ မကြာသေးမီက မကွေးတိုင်းဒေသကြီးမှ မြေပိုင်ရှင်များသည် ကျပန်းလုပ်သားများ၏ ချေးငွေလက်လှမ်းမှီမှုကို အကူအညီပေးခြင်းဖြင့် လုပ်သားအာမခံချက်ရရှိရန်အတွက် ကျပန်းလုပ်သားများနှင့် မြေငှားရမ်းမှု သဘောတူညီချက်များပြုလုပ်လာသည့် သာဓကများ တွေ့ရှိခဲ့ရပါသည်။ တတိယအကြိမ် QSEM အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ဧရာဝတီတိုင်းဒေသကြီးတွင် ငွေချေးသူများက ချေးငွေပြန်မဆပ်နိုင်သည့် အရေအတွက် များလာခြင်းနှင့် အုပ်စုလိုက်ဝိုင်းကြီးချုပ် ချေးငွေပေးသည့် စနစ်၏ ထိရောက်မှုနည်းခြင်းကို တုန့်ပြန်သည့် အနေဖြင့် MADB ဘဏ်သည် အောက်ပါ သာဓက (၉) တွင် ဖော်ပြထားသည့်အတိုင်း မြေယာမှတ်ပုံတင်ခြင်းနှင့် ချေးငွေပေးခြင်းကို ချိတ်ဆက်သည့် လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲခဲ့ပါသည်။

### သာဓက (၉) ဧရာဝတီတိုင်းဒေသကြီးတွင် MADB ၏ ချေးငွေနည်းစနစ်များ ပြောင်းလဲလာခြင်း

MADB သည်၂၀၁၄ခုနှစ်အတွင်း ငွေချေးသည့်စနစ်ကို ပြောင်းလဲခဲ့ရာအုပ်စုလိုက် ဝိုင်းကြီးချုပ်ဖြင့် ငွေချေးသည့်စနစ်မှ သတ်မှတ်ချက်နှင့် ကိုက်ညီသော လယ်သမား တစ်ဦးချင်းကို ချေးငွေပေးသည့်စနစ်သို့ ပြောင်းလဲခဲ့ပါသည်။ QSEM သုတေသန ဆောင်ရွက်ခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသ (၃) မြို့နယ်စလုံးမှ MADB ဘဏ်စီမံအုပ်ချုပ်သူ များက ထိုအပြောင်း အလဲမှာ ၂၀၁၃ခုနှစ်အတွင်း ချေးငွေများ ပြန်လည်မပေးဆပ်သည့် ပြဿနာများအား တုန့်ပြန်သည့် အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြ ပါသည်။

အစဉ်အလာအားဖြင့် MADBဘဏ်သည် လယ်သမားများကို အုပ်စုလိုက် ချေးငွေ ထုတ်ချေးပေးပါသည်။ လယ်သမား(၁၀)ဦးပါသော အစုအဖွဲ့များ (အဖွဲ့ကြီး) သို့မဟုတ် လယ်သမား(၅)ဦးပါသော အစုအဖွဲ့များ (အဖွဲ့သေး) များသည် ချေးငွေရရှိပြီး ချေးငွေ ပြန်လည်ပေးဆပ်ရန် အုပ်စုတစ်စုလုံးတွင် တာဝန်ရှိပါသည်။ အုပ်စုတစ်စုအတွင်းမှ လယ်သမားတစ်ဦးက ချေးငွေပေးဆပ်နိုင်ခြင်း မရှိသေးပါက အခြားအုပ်စုဝင်များသည် နောက်ထပ်ချေးငွေတစ်ခုကို မရရှိနိုင်ပါ။

၂၀၁၂ ခုနှစ်အထိ လယ်သမားအများစုသည် ချေးငွေများကို အချိန်မီ ပြန်လည် ပေးဆပ်နိုင်ကြပါသည်။ သို့သော် ၂၀၁၃ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးသည့် လယ်သမား များစွာသည် အကြွေးပေးဆပ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ချေးငွေ ပုံမှန်ပေးဆပ်ပြီး အဆင်ပြေနေသော အခြားလယ်သမားအများအပြားသည်လည်း ချေးငွေရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရပါသည်။ တစ်ချိန်တည်းမှာပင် မြေယာမှတ်ပုံတင်ခြင်းကိုအကောင် အထည်ဖော်ခဲ့ခြင်းကြောင့် လယ်သမားများ အတွက် ချေးငွေပိုမိုရရှိစေမည့် ခိုင်မာသော ပိုင်ဆိုင်မှုများ ဖော်ပြလာနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရသည် MADB ဘဏ်၏ ချေးငွေဖြန့်ဖြူးသည့်စနစ်နှင့် ပတ်သက်၍ မြို့နယ်အဆင့်တွင် ပြောင်းလဲဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။ လယ်သမားတစ်ဦးသည် ယခင်အုပ်စုလိုက် ဝိုင်းကြီးချုပ်ချေးငွေများကို ပြန်လည် ပေးဆပ်နိုင်ပြီး မြေယာမှတ်ပုံတင်ရှိထားပါက ထိုလယ်သမားများသည် တစ်ဦးချင်းချေးငွေ သစ်များကို ရရှိနိုင်ကြပါမည်။ ထိုအပြောင်းအလဲကို အကောင်အထည်ဖော်ဆောင်ရွက် နေရခြင်းကြောင့် ချေးငွေဖြန့်ဖြူးသည့် လုပ်ငန်းစဉ်သည် ယခုနှစ်တွင် အနည်းငယ် နောက်ကျသော်လည်း ယခုစနစ်သစ်သည် လယ်သမားတစ်ဦးချင်းကို ဦးတည်ထားသော ကြောင့် လာမည့် စိုက်ပျိုးရာသီတွင် လယ်သမားများအတွက် များစွာအကျိုးရှိနိုင်ပါသည်။

အလှမ်းဝေးသော ကျေးရွာများသည် အရင်းအမြစ်ရရှိနိုင်မှု နည်းပါးသည်ဟု ယူဆရန် အထောက်အထား အချို့ရှိပါသည်။ သုတေသနနည်းလမ်းတွင် ဖော်ပြထားသည့် အတိုင်း QSEM သုတေသနကျေးရွာများကို မြို့ပြ ၏အချက်အချာကျသော နေရာများနှင့် နီးကပ်မှု အပေါ် အခြေခံ၍ ရည်ရွယ်ချက်ရှိစွာ ရွေးချယ်ခဲ့ပါသည်။[30] QSEM 5 မှ သုတေသီများသည် ကျေးရွာတစ်ခုချင်းစီတွင် ရရှိနိုင်သည့် ချေးငွေအမျိုးအစားများကို တွက်ချက်ခဲ့ပါသည်။[31] အောက်ပါ ဇယား(၈)တွင် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာများမှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီး အားလုံးတွင် မြို့ပြဧရိယာနှင့် ပိုနီးသော ကျေးရွာများ (သွားလာရန်လွယ်ကူသော ကျေးရွာများ) သည် ချေးငွေအရင်းအမြစ်များကို အတိုင်းအတာတစ်ခုအထိ ပို၍ လက်လှမ်း မီကြောင်း (ချေးငွေအရင်းအမြစ်အားလုံး၏ ၃၇ ရာခိုင်နှုန်း အထိ လက်လှမ်းမီကြောင်း) ဖော်ပြထားပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အလှမ်းပိုဝေးသော ကျေးရွာများသည် ချေးငွေ အရင်းအမြစ်အမျိုးမျိုးကို လက်လှမ်းမီမှု အားနည်းပါသည်။ (ချေးငွေအရင်းအမြစ် အားလုံး၏ ၃၀ရာခိုင်နှုန်း အထိသာ လက်လှမ်းမီပါသည်။) မြို့ပြဒေသနှင့် နီးစပ်မှုအပေါ် အခြေခံသည့်တွေ့ရှိချက်များကို သရုပ်ခွဲဆန်းစစ်ချက်အရ ချေးငွေ အရင်းအမြစ်များသည် ကျေးရွာအမျိုးအစားအားလုံးတွင် တစ်ပြေးညီပုံစံတစ်ခုကို ဖော်ပြသည့် အဓိက ကဏ္ဍတစ်ခု ဖြစ်နေသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။

**ဇယား(၈) - မြို့ပြဒေသများနှင့် နီးကပ်မှုအလိုက် ချေးငွေအရင်းအမြစ်များ**

| | နီးကပ်သော ကျေးရွာများ | အလယ်အလတ် ကျေးရွာများ | အလှမ်းဝေးသော ကျေးရွာများ | အရင်းအမြစ် စုစုပေါင်း |
|---|---|---|---|---|
| | ပြည်နယ်/တိုင်းဒေသကြီးအလိုက် အမျိုးအစားတစ်ခုစီအတွက် ကျေးရွာသုံးရွာစီ | | | ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီအတွက် ကျေးရွာ(၉)ရွာစီ |
| **ဧရာဝတီ** | ၁၉ | ၁၉ | ၂၀ | ၅၈ |
| **ချင်း** | ၁၇ | ၁၅ | ၁၂ | ၄၄ |
| **မကွေး** | ၁၆ | ၁၉ | ၁၃ | ၄၈ |
| **မန္တလေး** | ၁၂ | ၉ | ၁၀ | ၃၁ |
| **ရခိုင်** | ၁၅ | ၁၃ | ၁၁ | ၃၉ |
| **ရှမ်း** | ၁၂ | ၈ | ၉ | ၂၉ |
| **စုစုပေါင်း** | ၉၁ (၃၇ရာခိုင်နှုန်း) | ၈၃ (၃၃ရာခိုင်နှုန်း) | ၇၅ (၃၀ရာခိုင်နှုန်း) | |

30. မြို့ပြအချက်အချာကျသောနေရာနှင့်နီးသည့် ကျေးရွာများကို "A ကျေးရွာ" အဖြစ် သတ်မှတ်ထားပါသည်။ "Bကျေးရွာများ"သည် မြို့ပြနှင့် အတော်အသင့် ဝေးကွာပြီး "C ကျေးရွာများ"သည် မြို့ပြနှင့် ပို၍ဝေးကွာသော သို့မဟုတ် သွားလာရန် ခက်ခဲသော ကျေးရွာများဖြစ်ပါသည်။

31. ကိန်းဂဏန်းများကို အတည်ပြုရာတွင် အနည်းငယ်ဂရုစိုက်ရန် လိုအပ်ပါသည်။ ချေးငွေအရင်းအမြစ်သည် ကျေးရွာအဆင့်တွင် ကွဲပြားနိုင်သော်လည်း သုတေသီများက ထိုသတင်းအချက်အလက်များအား ကျေးရွာခေါင်းဆောင်များကိုသာ မေးမြန်းခဲ့ပါသည်။ ဖြေကြားချက်များတွင် ချေးငွေအရင်းအမြစ်အားလုံး မပါဝင်နိုင်သကဲ့သို့ ကျေးရွာခေါင်းဆောင်များက ထိုအရင်းအမြစ်များကို မှတ်တမ်းတင်သည့် နည်းစနစ်မှာလည်း ကွဲပြားနိုင်ပါသည်။ ချေးငွေ၊ စုဆောင်းငွေများနှင့်ပတ်သက်၍ အိမ်ထောင်စုများ၏ ချဉ်းကပ်မှုနည်းလမ်းများနှင့် သတင်းအချက်အလက်များကို အဓိအရဖမ်းဆုပ်နိုင်ရန်အတွက် အရည်အသွေးဆိုင်ရာ သုတေသနသည် အကောင်းဆုံး နည်းလမ်းတစ်ခု မဟုတ်ပါ။

*"မွေးမြူရေးအတွက် အစိုးရကပေးတဲ့ ချေးငွေတစ်ခုတော့ရှိတယ်။ ဒါပေမယ့် ဘယ်သူမှ မယူရဲဘူး။ အစိုးရဆီကနေ ယူတဲ့ချေးငွေဖြစ်လို့ အချိန်မီ ပြန်မဆပ်နိုင်ရန် လက်ထိပ်ခတ် ခံရမှာ ကြောက်ကြတယ်။ အချိန်ပိုပေးဖို့ ပြောဖို့လည်း အခွင့်အရေးမရှိဘူး။"*
***- ချင်းပြည်နယ်မှ လယ်သမားငယ်(အမျိုးသား)တစ်ဦး***


*"မြစိမ်းရောင်ချေးငွေက ပိုအဆင်ပြေတယ်။ ပြီးတော့ ချမ်းသာတဲ့လယ်သမားတွေအတွက် သူတို့လုပ်ငန်းတွေမှာ ရင်းနှီး မြှုပ်နှံဖို့ ပိုပြီးတော့အကျိုးရှိတယ်။ ဒါပေမယ့် ဆင်းရဲတဲ့ လယ်သမားတွေတွက်တော့ ချေးငွေရဖို့ အခက်အခဲ နည်းနည်းရှိတယ်။"*
***- ရှမ်းပြည်နယ်မှ လယ်သမားငယ်(အမျိုးသား)တစ်ဦး။***

မတူညီသော လူမှုစီးပွားအုပ်စု အမျိုးမျိုးတို့က လက်လှမ်းမီနိုင်သော ချေးငွေအမျိုးအစားများ ကွဲပြားကြပါသည်။ ထိုကွဲပြားမှုများကိုအစိုးရချေးငွေစီမံကိန်းများတွင် အများဆုံး တွေ့ရပါသည်။ MADB ဘဏ်၏ ချေးငွေစနစ်သည် အရှင်းလင်းဆုံး ပြယုတ်တစ်ခု ဖြစ်ပါသည်။ မြေပိုင်ဆိုင်မှုသည် ချေးငွေရရှိရန် ကနဦးလိုအပ်ချက်တစ်ခုဖြစ်သကဲ့သို့ ချေးငွေရရှိနိုင်သည့် ပမာဏကို မြေပိုင်ဆိုင်သည့် ဧကအပေါ်မူတည်၍ ဆုံးဖြတ်ခြင်းကြောင့် အလတ်စားနှင့် အကြီးစားလယ်သမားများအတွက်သာ ချေးငွေလက်လှမ်းမီရန် အခွင့်အလမ်းပိုများပါသည်။ အထူးသဖြင့် အခြားချေးငွေပုံစံများဖြစ်သည့် သမဝါယမရန်ပုံငွေ၊ အရင်းမပျောက် လည်ပတ် ချေးငွေ၊ အသေးစားချေးငွေ အစီအစဉ်များအတွက် ချေးငွေလက်လှမ်းမီသည့် အိမ်ထောင်စု များအား သတ်မှတ်ရာတွင် ဒေသအားလုံးတို့၌ ကျေးရွာခေါင်းဆောင်များသည် အဆုံးအဖြတ် ပေးနိုင်သည့် ကဏ္ဍမှ ပါဝင်နေသည့် သာဓကများစွာ တွေ့ရှိခဲ့ရပါသည်။ လက်တွေ့တွင် ကျေးရွာအဖွဲ့အစည်းများက ချေးငွေပြန်လည်မပေးဆပ်နိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချရန် ထိုသို့ဆောင်ရွက်နေခြင်းသည် ပိုမိုဆင်းရဲသော အိမ်ထောင်စုများအတွက် ချေးငွေလက်လှမ်း မီနိုင်သည့် အခြေအနေကို လျော့နည်းစေပါသည်။ ထိုအခြေအနေမျိုးဖြစ်ပွားခဲ့သည့် ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာကို သာဓက (၁၅)တွင် နမူနာအဖြစ် ဖော်ပြထားပါသည်။

အပြိုင်အဆိုင် များလာခြင်းကြောင့် အတိုးနှုန်းသက်သာ လာစေသကဲ့သို့ ပုဂ္ဂလိက ငွေချေးသူများအပေါ် မှီခိုမှု လျော့နည်းလာစေသည်။ တနည်းအားဖြင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး လျော့ကျလာစေသည်။

ချေးငွေအရင်းအမြစ်များ တိုးများလာသည့်အပြင် ထိုချေးငွေရင်းမြစ်များစွာတို့၏ အတိုးနှုန်း လည်း လျော့ကျလာကြောင်း တုန့်ပြန်ဖြေကြားသူများက ပြောကြားပါသည်။ QSEM သုတေသနစတင်သည့် ၂၀၁၂ ခုနှစ် အစောပိုင်းမှစ၍ QSEM 5 ဆောင်ရွက်သည့် ၂၀၁၅ခုနှစ် အစောပိုင်းကာလအထိ ချေးငွေပေးသူ အမျိုးမျိုးအား ပေးရသည့် ပျမ်းမျှ အတိုးနှုန်း အကျဉ်းချုပ်ကို တုန့်ပြန်ဖြေကြားသူများ၏ ပြောဆိုချက်များအရ ပုံ(၁၁)တွင် ဖော်ပြထားပါသည်။ ပုံ(၁၁)တွင် အစိုးရချေးငွေများဖြစ်သည့် MADB နှင့် သမဝါယမ ဘဏ်တို့၏ အတိုးနှုန်းများ တဖြည်းဖြည်း ပုံမှန် ကျဆင်းလာသည်ကို ဖော်ပြထားပါသည်။ ထို သို့ချေးငွေအရင်းအမြစ်များသို့ လက်လှမ်းမီမှု တိုးတက်လာခြင်းကြောင့်(ပုဂ္ဂိုလ်ရေးခင်မင်မှု ဖြင့် ချေးယူခြင်းကဲ့သို့သော) အလွတ်သဘော ချေးငွေများ အပေါ် မှီခိုရမှု လျော့နည်း လာစေပြီး အလွတ်သဘော ချေးငွေများ၏ အတိုးနှုန်းကိုလည်း တိုးလာစေပါသည်။

**ပုံ (၁၁) - တုန့်ပြန်ဖြေကြားသူများ၏ ပြောဆိုချက်အရ ငွေချေးပေးသူ အမျိုးအစားအလိုက် လစဉ် အတိုးနှုန်းများ**




*"သူတို့ကြည့်ရတာ ဒီနေရာကချေးလိုက် ဟိုနေရာမှာ ဆပ်လိုက် လုပ်နေသလိုပဲ။"*
***- မန္တလေးတိုင်းဒေသကြီးမှလယ်သမားငယ် (အမျိုးသား) တစ်ဦး။***

အကြွေးဝန်ထုပ်ဝန်ပိုးသည် အစောပိုင်း QSEM လေ့လာမှုအကြိမ်များကဲ့သို့ ကြီးလေးခြင်း မရှိတော့သည့် ညွှန်ပြမှုများ ရှိပါသည်။ အရည်အသွေးပြသုတေသနသည် အကြွေးပမာဏကို တိုင်းတာရန်နှင့် ခြေရာခံရန် အထူးသဖြင့် တည်ထောင်ထားသော သုတေသနစနစ်မဟုတ်ပါ။ သို့သော် လေ့လာမှုအကြိမ်တိုင်းတွင် ချေးငွေများ တိုးတက်ရရှိလာခြင်းသည် အကြွေးဝန်ထုပ်ဝန်ပိုး ကြီးလေးလာခြင်းနှင့် ဆက်စပ်မှုမရှိကြောင်း သုတေသီများက တွေ့ရှိခဲ့ရပါသည်။ အကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ လေ့လာမှုဆောင်ရွက်ခဲ့သည့် နောက်ပိုင်းအကြိမ်များတွင် စိုက်ပျိုးရေးရလဒ်များ များစွာကောင်းမွန်ခဲ့ခြင်းကြောင့်ကျေးလက် အိမ်ထောင်စုများက ချေးငွေကို ပြန်လည်ပေးဆပ်နိုင်ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများသည် ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံစားရပြီးနောက် တင်လာသည့် အကြွေးများကို ၂၀၁၄ ခုနှစ်မှသာ ပထမဦးဆုံးအကြိမ်အဖြစ် ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ရာသီဥတုနှင့်ဆက်စပ်ပြဿနာများကြုံတွေ့နေရပြီး ချေးငွေဝန်ထုပ်ဝန်ပိုး ကြီးမားမှုကြောင့် သိသိသာသာ အခက်အခဲကြုံတွေ့နေရသည့် ပိုမိုဆင်းရဲသော အိမ်ထောင်စုများကို အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တွေ့ရှိရပါသည်။

## မြေယာ

မြေယာစီမံခန့်ခွဲမှုသည် လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း သိသာသော အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည့် ကဏ္ဍတစ်ခုဖြစ်ခဲ့သော်လည်း ဤအဆင့်တွင် အရေးပါသော ရှုထောင့်များ၌ မြင်သာသော လက်တွေ့အကျိုးသက်ရောက်မှု များစွာမရှိခဲ့ပါ။ ပြုပြင်ပြောင်းလဲမှုကာလအတွင်း မြန်မာနိုင်ငံအစိုးရ၏ မြေယာစီမံခန့်ခွဲမှုအပေါ် အလေးထားမှုကို ၂၀၁၂ ခုနှစ် မြေယာဥပဒေပြဋ္ဌာန်းခဲ့ခြင်းအား လေ့လာခြင်းဖြင့် ဆန်းစစ်နိုင်ပါသည်။

မြေယာဥပဒေ[32]သည် လယ်သမားများ၏ မြေယာပိုင်ဆိုင်မှုအတွက် လုံခြုံစိတ်ချရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ လယ်ယာမြေဥပဒေသည် လယ်သမားများအား ပုဂ္ဂလိကအသုံးချခွင့်ပေးထားခြင်းကြောင့် တရားဝင်ငှားရမ်းရောင်းချနိုင်ခွင့်ရှိသည့်အပြင် မြေယာမှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းစနစ်ကိုလည်း ဥပဒေတွင် ဖော်ပြထားပါသည်။ တစ်ဆက်တည်းမှာပင် ရှိပြီးသော ဥပဒေများ ရှင်းလင်းပြတ်သားမှုရှိရန်နှင့် ညီညွတ်မှုရှိရန် အမျိုးသားမြေအသုံးချမှုဝါဒ မူကြမ်းရေးဆွဲခြင်းကို ဦးစားပေးလုပ်ငန်း တစ်ခုအဖြစ် ဖော်ဆောင်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် မြေယာ၏ အရေးပါပုံကို မီးမောင်းထိုးပြနေပါသည်။[33]

ပြုပြင်ပြောင်းလဲမှုများသည် ဒေသန္တရအဆင့်တွင် ခံယူချက်များကို ပြောင်းလဲစေခဲ့သော်လည်း ထိုပြောင်းလဲမှု လုပ်ငန်းစဉ်များ ဒေသန္တရအဆင့်တွင် မည်သို့ ဖြစ်ပေါ်တိုးတက်နေသည်ကို အတွင်းကျကျ လေ့လာကြည့်ပါက လက်တွေ့တွင် သိသာထင်ရှားသော ပြောင်းလဲမှုအဆင့်သို့ ဦးတည်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါသည်။ ယခင် QSEM အစီရင်ခံစာများ (အထူးသဖြင့် QSEM 1 နှင့် QSEM 2 အစီရင်ခံစာများ) တွင် ဒေသအလိုက် မြေပိုင်ဆိုင်မှုအဆင့်များနှင့် မြေပိုင်ဆိုင်မှုပုံစံအမျိုးမျိုး၏ကွဲပြားမှုများကိုမှတ်တမ်းတင်ခဲ့ပါသည်။ နောက်ပိုင်းလေ့လာမှုအကြိမ်များတွင် မြေယာပြဿနာများအား လေ့လာအကဲဖြတ်ရာ၌ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်း၏ ဂယက်ရိုက်ခတ်မှုများကို အသေးစိတ်လေ့လာရန် ဦးတည်ခဲ့ပါသည်။ ဤအပိုင်းတွင် မြေယာမှတ်ပုံတင်ခြင်း ကို ဆက်လက်ဦးတည်ထားပြီး မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ပေါ်ပေါက်လာပြီးနောက် မြေပိုင်ဆိုင်မှု စိတ်ချလုံခြုံရေးဆိုင်ရာ အမြင်များ ပြောင်းလဲလာပုံနှင့် ထိုမြေယာဆိုင်ရာ အပြောင်းအလဲများကြောင့် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများအပေါ် မည်သည့်အတိုင်းအတာအထိ သက်ရောက်နေကြောင်းကို ဆက်လက်အထူးပြု လေ့လာထားပါသည်။ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် ပင်ကိုယ်အားဖြင့် ရွာသူရွာသားများအတွက် မြင်သာသော ရလဒ်တစ်ခုဖြစ်သော်လည်း အဆိုပါမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ သက်ရောက်မှုများက မြေယာစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများကို ပြောင်းလဲနိုင်ခြင်း မရှိသေးပါ။

## မြေယာမှတ်ပုံတင်ခြင်း

*"လူတွေက သူတို့မြေကိုမှတ်ပုံမတင်ထားဘဲနဲ့တောင် သူတို့ကိုယ်ပိုင်မြေလို့ ထင်နေကြတယ်။ မြေတိုင်းဦးစီးဌာနက ဝန်ထမ်းတွေ ရွာကို လာတာတောင် ရွာသားတွေက သူတို့မြေကို မှတ်ပုံတင် မလုပ်ကြဘူး။"*

***- ချင်းပြည်နယ်မှ ကျေးရွာ အုပ်စုစာရေး (အမျိုးသား) တစ်ဦး။***

QSEM ကျေးရွာအများစုတွင် မြေယာမှတ်ပုံတင်ခြင်းကို အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အောက်ပါဇယား(၉)တွင် တတိယအကြိမ် QSEM မှ နောက်ဆုံး QSEM အကြိမ်များအထိ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း တိုးတက်မှုများကို အစီရင်ခံတင်ပြထားပါသည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ဝက်ခန့်တွင်

32. မြေယာနှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်တွင် ပြဌာန်းခဲ့သော အဓိက ဥပဒေနှစ်ခုမှာ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (၂၀၁၂ ခုနှစ်) တို့ဖြစ်ပါသည်။

33. ၂၀၁၄ ခုနှစ်နှောင်းပိုင်းတွင် အမျိုးသားမြေအသုံးချမှုကြမ်း ထုတ်ပြန်ခဲ့ပါသည်။ မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် ပါဝင် ဆွေးနွေးစေခြင်းဖြင့် အသိပေးခဲ့ပါသည်။ လူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးဆက်စပ်အုပ်စုများအား မူကြမ်းတွင် အကြံပြုဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ GRET, 'Myanmar Land Briefing: National Land Use Policy': Newsletter No4, 2015 နှင့် Namati, 'Memo on Myanmar National Use Policy': 2014 ကိုကြည့်ပါ။

မြေယာမှတ်ပုံတင်ခြင်းကို အချိန်တိုတိုအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ဧရာဝတီနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိတွင် ကျေးရွာ (၉) ရွာစီတွင် စိုက်ပျိုးမြေအားလုံးကို မြေယာမှတ်ပုံတင်ခြင်း ပြုလုပ်ပြီးစီးခဲ့ပါသည်။ ချင်းပြည်နယ်ရှိ ကျေးရွာ (၉) ရွာလုံးတွင် လယ်မြေအားလုံးကို မှတ်ပုံတင်ကြသော်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခြားမြေများကို မှတ်ပုံတင်ရန် စိတ်ဝင်စားမှု နည်းပါးကြပါသည်။

**ဇယား(၉) - လေ့လာမှုအကြိမ်အလိုက် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း တိုးတက်မှု**

| | QSEM 3 | QSEM 4 | QSEM 5 |
|---|---|---|---|
| | မြို့နယ် (ကျေးရွာများ)<br>အများဆုံး(၃)မြို့နယ် (ကျေးရွာ၉ရွာ) | | |
| **ဧရာဝတီ** | ၂(၄) | ၃(၉) | ၃(၉) |
| **ချင်း** | သုတေသနမပြုလုပ် | ၃(၉) | ၃(၉) |
| **မကွေး** | ၂(၆) | ၂(၆) | ၂(၆) |
| **မန္တလေး** | သုတေသနမပြုလုပ် | ၃(၉) | ၃(၉) |
| **ရခိုင်** | ၁(၃) | ၁(၃) | ၂(၄) |
| **ရှမ်း** | ၂(၃) | ၃(၅) | ၃(၅) |

နိုင်ငံရေး/နောက်ခံအခြေအနေအရ ကန့်သတ်ချက်များက လုပ်ငန်းစဉ်ကို နှေးကွေးစေသည့် မြို့နယ်များစွာမှအပ မြေယာမှတ်ပုံတင်ခြင်းကို ထိရောက်စွာ အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံရေးနှင့် ဒေသဆိုင်ရာ အချက်များသည် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဒေသအချို့တွင်မြေယာမှတ်ပုံတင်ခြင်းကို အတားအဆီး ဖြစ်စေပါသည်။ QSEM 4 တွင် အစီရင်ခံတင်ပြ ထားသည့်အတိုင်း ရှုပ်ထွေးသော နိုင်ငံရေးဆိုင်ရာ အချက်များကြောင့် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ အချို့မြို့နယ်များတွင် မြေယာမှတ်ပုံတင်ခြင်းကို တစ်မြို့နယ်လုံး ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ရခိုင်ပြည်နယ်တွင် နိုင်ငံသားနှင့်ဆက်စပ်သည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် အစိုးရသည် မွတ်ဆလင်ဘာသာဝင် ဒေသများတွင် မြေယာမှတ်ပုံတင်ခြင်းကို အချိန်ဆွဲဆောင်ရွက်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးတွင်မူ စိုက်ပျိုးမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီဌာနက မြေယာများတွင် စီးပွားဖြစ် ရေနံ ထုတ်လုပ်နိုင်မှု အတိုင်းအတာကို သတ်မှတ်ဖော်ထုတ်ရန် နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် မြေယာမှတ်ပုံ တင်ခြင်းလုပ်ငန်း နှောင့်နှေးခဲ့ပါသည်။ ထိုပြဿနာအရှုပ်အထွေးများကြောင့် အဆိုပါဒေသနှစ်ခုတွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းမှာ တိုးတက်မှု အကန့်အသတ်များ ရှိနေပါသည်။ QSEM 4 မှစ၍ တစ်ခုတည်းသော အပြောင်းအလဲမှာ ရခိုင်ပြည်နယ်မှ မြို့နယ်နှစ်ခုတွင် အစိုးရသည် မွတ်ဆလင်ဘာသာဝင်များ နေထိုင်မှုမရှိသည့် ကျေးရွာများ၌ မြေယာမှတ်ပုံတင်ခြင်းကို ကျေးရွာတစ်ရွာချင်းအလိုက် ပြီးစီးအောင် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကို နိုင်ငံရေးထက် ဗျူရိုကရက်တစ် အတားအဆီးများက နှောင့်နှေးကြန့်ကြာစေပါသည်။ သို့သော် ပဋိပက္ခဖြစ်ပွား

နေသည့် ဒေသများတွင် ဝန်ဆောင်မှုပေးခြင်းအတွက် အခက်အခဲများနှင့်လည်း ဆက်စပ်နေပါသည်။ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကို QSEM လေ့လာမှု ဆောင်ရွက်သည့်မြို့နယ် (၃) မြို့နယ်လုံးတွင်စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း မြို့နယ်တစ်မြို့နယ်ရှိ ကျေးရွာ (၃) ရွာအနက် တစ်ရွာ သို့မဟုတ် နှစ်ရွာတွင်သာ မြေယာမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ကြပါသည်။ သုတေသနအကြိမ်တိုင်းတွင် ဒေသတစ်ခုနှင့်တစ်ခုတူညီမှုမရှိဘဲ အချို့ဒေသတွင်ကျေးရွာတစ်ရွာ အချို့ဒေသတွင် နှစ်ရွာ သို့မဟုတ် သုံးရွာတွင်သာ မြေယာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နေရခြင်းမှာ စိုက်ပျိုးမြေ စီမံခန့်ခွဲရေးဦးစီးဌာနမှ မြေယာမှတ် ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်စွမ်း အားနည်းခြင်းအပါအဝင် ပဋိပက္ခဒေသများတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့်လည်း ပါဝင်ကြောင်း တုန့်ပြန်ဖြေကြားသူများက ဆိုကြပါသည်။ ထိုအချက်များနှင့် နမူနာ(၁၂)တွင်ဖော်ပြထားသကဲ့သို့လာဘ်ပေးလာဘ်ယူပြဿနာများနှင့် ဆက်စပ်သည့် မကျေနပ်ချက်များ ပေါင်းစပ်သွားသည့်အခါ ရှမ်းပြည်နယ် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် ဗျူရိုကရက်တစ် အားနည်းချက်များရှိကြောင်း ညွှန်ပြနေပါသည်။ အဆိုပါမြို့နယ်နှစ်ခုတွင် အတိတ်ကာလမှ ပဋိပက္ခများ၏ သက်ရောက်မှုများရှိနေသောကြောင့် ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် နိုင်ငံအဆင့် အရေးပါသော ပြုပြင်ပြောင်းလဲမှုများ သက်ရောက်မှု မရှိခြင်း အပါအဝင် ဝန်ဆောင်မှုထောက်ပံ့ပေးခြင်းဆိုင်ရာ စိန်ခေါ်မှုများ ရှိနေကြောင်းကိုလည်း ထင်ဟပ်နေပါသည်။

### သာဓက (၁၀) ရှမ်းပြည်နယ်တွင် မြေယာမှတ်ပုံတင်ခြင်းအတွက် တရားမဝင် အခကြေးငွေ တောင်းခံမှုများ

၂၀၁၄ခုနှစ် မေလတွင် မြေစာရင်းဦးစီးဌာနသည် မြေယာမှတ်ပုံတင်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာသို့ သွားရောက်ခဲ့ပါသည်။ သေဆုံးခြင်း သို့မဟုတ် ရောင်းချခြင်းကြောင့် ပိုင်ဆိုင်မှုပြောင်းလဲသည့်အခါ တရားဝင်အသိအမှတ်ပြု စာရွက်စာတမ်းပေါ်တွင် ယခင်ပိုင်ရှင်အစား လက်ရှိပိုင်ရှင်၏ အမည်ကို ရေးသွင်းခြင်း ကဲ့သို့သော ဝန်ဆောင်မှုများအတွက် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက တရားမဝင် ငွေတောင်းခံမှုများရှိခဲ့ကြောင်း ရွာသူရွာသားများစွာက ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။

ရွာသူရွာသားတစ်ဦးက သူသည် ကျေးရွာခေါင်းဆောင်အား သက်သေအဖြစ်ထား၍ အစဉ်အလာနည်းလမ်းအတိုင်း မိတ်ဆွေတစ်ဦးထံမှ လွန်ခဲ့သော ငါးနှစ်ခန့်က လယ်တစ်ကေကို ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေအား မှတ်ပုံတင်ရန် လျှောက်ထားသည့်အခါ လယ်ယာမြေမှတ်ပုံတင်တွင် ယခင်နာမည်အား ပြောင်းလဲရန် လိုအပ်ကြောင်း ထိုသို့ ပြောင်းလဲနိုင်ရန်အတွက် (၁၂၀,၀၀၀)ကျပ် ကုန်ကျမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ထိုငွေပမာဏအား ပေးရန် မတတ်နိုင်ခြင်းကြောင့် သူ၏ လယ်မြေများကို မှတ်ပုံတင်ခြင်း မပြုလုပ်ခဲ့ပါ။

ထိုရွာသူရွာသားသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အဆက်အသွယ် ကောင်း၍

ဩဇာရှိပြီး ချမ်းသာသည့် ဆွေမျိုးတော်စပ်သူ လယ်သမားတစ်ဦးကို အဆိုပါကိစ္စအား တိုင်ကြားခဲ့ပါသည်။ ထိုဆွေမျိုးက မိမိတို့ရှမ်းပြည်သူများသည် မြေအသုံးချဥပဒေကို လိုက်နာလိုသော်လည်း အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်းကိုမူ လိုက်လျောနိုင်မည်မဟုတ်ကြောင်း ပြောကြားကာ အခကြေးငွေတောင်းခံခြင်းနှင့် ပတ်သက်၍ အရာရှိများကို စိန်ခေါ်ခဲ့ပါသည်။ အဆိုပါရွာသား၏ အဆိုအရ ၎င်း၏ဆွေမျိုးသည် ပေးချေရသည့် အခကြေးငွေအတွက် အရာရှိများထံမှ တရားဝင်ပြေစာများ တောင်းခံခဲ့ပါသည်။ အရာရှိများသည် ထိုသို့လုပ်ဆောင်ပေးရန် ငြင်းဆန်ခဲ့ပြီး မြေယာမှတ်ပုံတင်လုပ်ငန်းကို ပြီးဆုံးအောင် ဆောင်ရွက်သွားခြင်းမရှိဘဲ ကျေးရွာမှ ထွက်ခွာသွားကြပါသည်။

## မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော အမြင်များ

*"လက်ရှိအုပ်ချုပ်မှုစနစ်မှာ မူဝါဒအသစ်အရ ကိုယ်ပိုင်တဲ့မြေကို မှတ်ပုံတင်မထားရင် ကိုယ့်မြေလို့ ပြောဖို့ခက်တယ်။"*

***- ချင်းပြည်နယ်မှ ကျေးရွာအုပ်စုစာရေး (အမျိုးသား) တစ်ဦး။***

မကြာသေးမီနှစ်များက မြေယာမှတ်ပုံတင်ခြင်းအား အကောင်အထည်ဖော်ခြင်း အပါအဝင် အစိုးရ၏ လုပ်ဆောင်ချက် အပြောင်းအလဲများကြောင့် မြေယာကိစ္စများတွင် ယုံကြည်စိတ်ချမှု အချို့ တိုးလာစေပါသည်။ QSEM အစောပိုင်းအကြိမ်များတွင် လယ်မြေပိုင်ဆိုင်မှုလုံခြုံစိတ်ချရေးအတွက် စိုးရိမ်ပူပန်မှုများနှင့် ယခင်အစိုးရ လက်ထက်တွင် စစ်တပ်နှင့် လုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် မြေကိုမတရားသိမ်းဆည်းနိုင်ခြင်းအပေါ် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ် ခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ် QSEM လေ့လာမှုတွင် QSEM ကျေးရွာများအတွင်း မြေယာသိမ်းမှုအသစ်များနှင့် မြေယာသိမ်းဆည်းမှုကြောင့် ဖြစ်ပေါ်နေသည့် ကာလကြာရှည် တင်းမာမှုများ ဖြေရှင်းရန် ကျန်ရှိနေသေးကြောင်း ဖော်ထုတ်သိရှိခဲ့ရပါသည်။

ထိုစိုးရိမ်ပူပန်မှုများသည် လျော့နည်းစပြုလာပါသည်။ မြေယာမှတ်ပုံတင်ခြင်းကြောင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများ တိုးတက်လာခြင်းနှင့် နောက်ပိုင်းသုတေသနအကြိမ်များတွင် မြေယာသိမ်းဆည်းမှုများအမှန်တကယ် လျော့နည်းလာသည့် သာဓကများကြောင့် မြေယာလုံခြုံမှုအပိုင်းတွင် ယုံကြည်မှု တိုးလာပါသည်။ ယခင် သိမ်းဆည်းထားသော မြေများကို မူရင်းပိုင်ရှင်ထံ ပြန်လည်အပ်နှံခြင်းသည်လည်း ယုံကြည်မှုအပေါ် သက်ရောက်မှု ရှိပါသည်။ အပိုင်း(၁) အစောပိုင်းတွင် ဖော်ပြထားသည့် ရှမ်းပြည်နယ်၊ ကျေးရွာနောက်ခံ အကြောင်းအရာတွင် မြေပြန်လည်အပ်နှံသည့် ကျေးရွာတစ်ရွာ၏ သာဓကကို ဖော်ပြထားပါသည်။ ယခင်အစိုးရလက်ထက်တွင် မြေယာသိမ်းဆည်မှုအတွက် တာဝန်ရှိသော တပ်စခန်း သုံးခုအနက် တစ်ခုက သိမ်းဆည်းထားသော မြေဧရိယာအနက် မြေဧက(၆၀)ခန့်ပြန်လည်ပေးအပ်ခဲ့ပါသည်။ မြေပြန်လည်ရရှိသည့် လယ်သမားများသည် အဆိုပါမြေများကို စစ်တပ်မှသာ တရားဝင်ပိုင်ဆိုင်ကြောင်း အတည်ပြုသဘောတူညီချက် လက်မှတ်ထိုးပေးရသော်လည်း ၎င်းတို့သည် ဤမြေ

တိုးတက်လာသည်ကိုပင် ကျေနပ်ကြကြောင်း ပြောဆိုကြပါသည်။

*"မကွေးတိုင်းဒေသကြီးကို အရင်က 'ရေနံတွင်းကြီး' လို့ ခေါ်ကြတာ။ ဒါပေမယ့် အခုတော့ မြေတွေကို မတရားသိမ်းထားတော့ မြေတွေက အသုံးမဝင်တော့သလောက်ပဲ။"*
***- မကွေးတိုင်းဒေသကြီးမှ အမျိုးသားလယ်သမားကြီးတစ်ဦး၊***

*"တကယ်လို့ အစိုးရက (ဓါတ်ငွေ့ပိုက်လိုင်းဖေါက်ဖို့ သိမ်းထားတဲ့မြေတွေအတွက်) လျော်ကြေးမပေးဘူးဆိုရင် အစိုးရကို ကျွန်တော်တို့ကလည်း ဘာမှပြန်မပေးဘူး (MADB ချေးငွေကို ရည်ညွှန်း၍ပြော)"*
***- ရခိုင်ပြည်နယ်မှ လယ်သမားငယ် (အမျိုးသား) တစ်ဦး။***

ဒေသအချို့တွင် မြေမတရားသိမ်းဆည်းခံရနိုင်သည့် အလားအလာနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ အမှန်တကယ် ဆက်လက်တည်ရှိနေပါသည်။ ဓါတ်ငွေ့ပိုက်လိုင်းနှင့် နီးသည့်ဒေသများ သို့မဟုတ် ရခိုင်ပြည်နယ်ရှိ အထူးစီးပွားရေးဇုန်များ သို့မဟုတ် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် ထိရောက်မှုမရှိသော မကွေးတိုင်းဒေသကြီးမှ ရေနံအကျိုးအမြတ်ရှိသည့် ဒေသများ စသည့်ပြင်ပစီးပွားရေးအကျိုးအမြတ်ရှိသည့် ဒေသများတွင် ထိုစိုးရိမ်ပူပန်မှုများကို ပိုမိုတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်မှ QSEM ကျေးရွာတစ်ရွာသည် တရုတ်ပြည်သို့ သွားသည့်ဓါတ်ငွေ့ပိုက်လိုင်း ဖြတ်သွားခြင်းကြောင့် မကြာမီကပင် မြေသိမ်းမှု ဖြစ်ပွားခဲ့ပါသည်။ ကျေးရွာသည် ပထမနှစ်တွင် မြေအသုံးပြုမှုအတွက် လျော်ကြေးရရှိပြီး နောက်နှစ်များအတွက် လျော်ကြေးများ ရရှိရန် ကျန်ရှိပါသေးသည်။ အထက်တွင် ညွှန်းဆိုထားသည့် အချက်များအရ လက်ရှိကိစ္စတွင် ရွာသူရွာသားများသည် လျော်ကြေးငွေ ဆက်လက်မရရှိသည့် အခြေအနေအတွက်သာ လှုံ့ဆော်တောင်းဆိုရန် ပြင်ဆင်ထားကြပါသည်။

*"အခုကတော့ ပြောင်းဖူးဈေးကောင်းလို့ မြေရဖို့ပဲ တိုက်ခိုက်နေရတယ်။"*
***- ရှမ်းပြည်နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး/ လယ်သမားကြီး (အမျိုးသား) တစ်ဦး။***

မြေယာမှတ်ပုံတင်လက်မှတ်များထုတ်ပေးနေခြင်းကြောင့် မြေသည်တန်ဖိုးပိုမိုရှိသောပိုင်ဆိုင်မှု ဖြစ်လာကြောင်း ရွာသူရွာသားများက ရှုမြင်ကြပါသည်။ လေ့လာမှုအကြိမ်တိုင်းတွင် မြေတန်ဖိုးများ သိသာစွာ တိုးတက်လာကြောင်း ရွာသူရွာသားများက ဆိုပါသည်။ မြေတန်ဖိုးများ သိသာစွာ တိုးတက်လာသည့် အကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ မြေယာမှတ်ပုံတင်ခြင်းက ပေးသည့် (ပိုင်ဆိုင်မှု) သေချာမှုကြောင့်ပင် ဖြစ်ပါသည်။ အချို့ဒေသများတွင် အထူးသဖြင့် ရှမ်းပြည်နယ်မှ ပြောင်းဖူးစိုက်ဒေသများနှင့် ရခိုင်ပြည်နယ်မှ အထူးစီးပွားရေးဇုန်များ တည်ဆောက်နေသော ဒေသများအနီးရှိ နေရာများတွင် ဒေသန္တရ စီပွားရေးလုပ်ငန်းများ တိုးလာခြင်းကြောင့် မြေသည် ပိုတန်ဖိုးရှိသည် ဟူသော ရွာသူရွာသားများ၏ အမြင်များကိုပို၍ အားကောင်းလာစေပါသည်။

သို့သော် မြေအရောင်းအဝယ်များ တိုးများလာခြင်းကြောင့် သို့မဟုတ် အမှန်တကယ် မြေရောင်းဝယ်မှုတွင် ဈေးပိုရရှိသည့် မှတ်တမ်းတင်ထားသော သာဓကများရှိခြင်းကြောင့် မြေတန်ဖိုးများနှင့် ပတ်သက်သည့် အမြင်များကို ယုံကြည်အားကောင်းလာစေခြင်းမှာ အလွန် ရှားပါးပါသည်။ မြေရောင်းဝယ်မှုများစွာတွင် အရောင်းအဝယ် အများစုသည် ကျေးရွာ အတွင်းမှ ရွာသူရွာသားအချင်းချင်း သို့မဟုတ် အနီးနားကျေးရွာမှ ရွာသူရွာသားများနှင့် အရောင်းအဝယ်များသာ ဆက်လက်တည်ရှိနေပြီး ပြင်ပမှ မြေဝယ်သူများက မြေယာ ဈေးကွက်ကို အားဖြည့်ပေးသည့် သာဓကမှာ အနည်းငယ်သာ ရှိပါသည်။ မှတ်တမ်းတင် ထားသည့် တစ်ခုတည်းသော ခြွင်းချက်မှာ ပဲခူးမကြီးမှ QSEM လေ့လာမှုအတွင်း ရခိုင်ပြည်နယ်ရှိ QSEM ကျေးရွာတစ်ရွာတွင် ပြင်ပလုပ်ငန်းရှင် တစ်ဦးက ကမ်းနားတစ်လျှောက် မြေများ ဝယ်ယူခဲ့ခြင်းကြောင့် ထိုဒေသတွင် မြေယာဈေးနှုန်းမြင့်တက်လာမည်ဟူသော ရွာသူရွာသားများ၏ ထင်မြင်ယူဆချက်များကို အားကောင်းစေခဲ့ခြင်း ဖြစ်ပါသည်။

## မြေယာစီမံခန့်ခွဲမှု နည်းစနစ်များ

ထိုသို့သော အမြင်များ ရှိနေသော်လည်း လယ်ယာမြေဥပဒေမှ ဖြစ်ပေါ်လာသည့် အပြောင်း အလဲများသည် မြေယာစီမံခန့်ခွဲမှု နည်းစနစ်များအပေါ် သိသာသော သက်ရောက်မှု မရှိသေးပါ။ အထက်တွင် ဖော်ပြထားသကဲ့သို့ မြေအရောင်းအဝယ်များသည် အရေအတွက် အားဖြင့် မြင်သာစွာတိုးတက်လာခြင်းမရှိပါ။ မြေယာမှတ်ပုံတင် ကာလအတွင်း မြေယာ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ခြုံငုံကြည့်ပါက အငြင်းပွားမှုအရေအတွက်သည် မြေယာမှတ်ပုံတင်ခြင်း မဆောင်ရွက်မီကာလက အခြေအနေအတိုင်း တည်ငြိမ်သွားပါသည်။ ယနေ့အချိန်အထိ မြေယာဥပဒေပါ အပြောင်းအလဲများကြောင့် အငြင်းပွားမှုများအား စီမံခန့်ခွဲသည့် နည်းလမ်းများကို သိသာစွာ ပြောင်းလဲစေခြင်း မရှိသေးပါ။

မြေယာမှတ်ပုံတင်ခြင်းက မြေယာပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်းသည့် ထင်မြင်ယူဆချက်များ ကို ပြောင်းလဲစေခဲ့သော်လည်း မြေယာစီမံခန့်ခွဲမှု အလေ့အထများအပေါ် သက်ရောက်မှု မရှိသေးပေ။

မြေယာမှတ်ပုံတင်ခြင်းကြောင့် မြေယာအငြင်းပွားမှုများ တိုးလာသည့် သက်သေ အထောက်အထား များစွာမရှိပါ။ QSEM 5တွင် ကျေးရွာများအတွင်း လက်ရှိဖြစ်ပေါ်နေ သော သို့မဟုတ် အသစ်ဖြစ်ပေါ်လာသော မြေယာအငြင်းပွားမှုများမှာ ယခင်လေ့လာမှု အကြိမ်များထက် လျော့နည်းလာကြောင်း သုတေသီများက ဖော်ထုတ်ခဲ့ကြပါသည်။ QSEM 3 နှင့် QSEM 4 တွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကြောင့် မြေယာ အငြင်း ပွားမှုများ ရုတ်တရက် တိုးလာခဲ့ပါသည်။ ယခင်တင်းမာမှုများရှိနေခဲ့သည့် အဖွဲ့များက မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို မြို့နေသည့် မြေယာပြဿနာများအား အပြီးသတ်ရန် သို့မဟုတ် ယခင်ဆုံးဖြတ်ချက်များကို ပြောင်းပြန်လှန်ရန် ကြိုးစားသည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ကြပါသည်။ အဆိုပါ မြေယာအငြင်းပွားမှု အများစုကို လျင်မြန်စွာပင် ဖြေရှင်းနိုင်ခဲ့ကြပါ သည်။ QSEM ကျေးရွာများတွင် မြေယာမှတ်ပုံတင်ခြင်း ပြီးဆုံးသည့်အခါ အငြင်းပွားမှု လျော့နည်းသွားပြီး QSEM 5 တွင် မြေယာပြဿနာ အနည်းငယ်သာ ထပ်မံပေါ်ပေါက်ခဲ့ပါသည်။ အငြင်းပွားမှုများသည် အများအားဖြင့် အမွေကိစ္စများဖြစ်ပါသည်။ ပြဿနာဖြစ်ပွားသည့် အကြိမ် ရေလျော့နည်းကျဆင်းသွားသော်လည်း ရှုပ်ထွေးသည့် ကာလကြာရှည်ပြဿနာ အနည်း ငယ် ဆက်လက်တည်ရှိနေပြီး အောက်ပါ သာဓက (၁၁)တွင် ဖော်ပြထားသည့်အတိုင်း ထိုပြဿနာများအား ဖြေရှင်းရန် အားထုတ်မှုများမှာလည်း အမြဲတမ်း အောင်မြင်လေ့မရှိပါ။

### သာဓက(၁၁) ဧရာဝတီတိုင်းဒေသကြီးတွင် မြေယာမှတ်ပုံတင်ခြင်းသည် ယခင် အငြင်းပွားမှုများကို အသစ်တစ်ဖန် ပြန်လည် ဖြစ်ပေါ်စေပါသည်

ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာအဆင့် အုပ်ချုပ်ရေးကို သက်ရောက်မှုရှိခဲ့သော မြေယာအငြင်းပွားမှုတစ်ခုကို ကြုံတွေ့ခဲ့ရပါသည်။ လွန်ခဲ့သော နှစ်အတန်ကြာက လယ်သမားတစ်ဦးသည် အကြွေးဆပ်ရန်အတွက် ၎င်း၏ မြေအချို့ကို ပိုင်ဆိုင်မှုလွှဲပြောင်းပေးခဲ့ရပါသည်။ ထိုမြေရရှိသည့် လယ်သမားအသစ်သည် အဆိုပါ မြေပေါ်တွင် မြေယာဥပဒေအသက်ဝင်လာသည့် ၂၀၁၂ ခုနှစ်အထိ နှစ်စဉ် စိုက်ပျိုးရိတ်သိမ်းခဲ့ပါသည်။ ၂၀၁၂ခုနှစ်တွင် မူလမြေပိုင်ရှင်သည် မြေယာမှတ်ပုံတင်လုပ်ငန်းစဉ်မှတစ်ဆင့် အဆိုပါမြေကို ပြန်လည်ရယူရန် ကြိုးစားခဲ့ပါ သည်။

ထိုအချိန်က ကျေးရွာအုပ်ချုပ်ရေးမှူးသည် မူရင်းပိုင်ရှင်ကို မြေပြန်လည်ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။ နှစ်ရှည်လများ လုပ်ကိုင်လာသည့် လက်ရှိလယ်သမားက ထိုကိစ္စကို မြို့နယ်အရာရှိများထံ တိုင်ကြားခဲ့ခြင်းကြောင့် ထိုပြဿနာကို ဖြေရှင်းရန် မြို့နယ်အရာရှိက လက်ရှိ အုပ်ချုပ်ရေးရာထူးနေရာကို အခြားသူတစ်ဦးဖြင့် ယာယီအစားထိုးခန့်အပ်ခဲ့ပါသည်။ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ယာယီအုပ်ချုပ်ရေးမှူးက လက်ရှိလယ်သမားကို အနိုင်ပေးခဲ့ပြီး မြေယာ မှတ်ပုံတင် ထုတ်ပေးခဲ့ပါသည်။ ယာယီအုပ်ချုပ်ရေးမှူးနှင့် လက်ရှိလယ်သမားသည် ဆွေးမျိုးတော်စပ်နေသောကြောင့် အဆိုပါ ရလဒ်နှင့် ပတ်သက်၍ ရွာသူရွာသားများက အံ့သြခြင်း မရှိခဲ့ပါ။

ယာယီအုပ်ချုပ်ရေးမှူးသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းအတွက် ရာထူးမှ နုတ်ထွက်ခဲ့ရပြီး ဆယ်အိမ်ခေါင်း များက အုပ်ချုပ်ရေးမှူးအသစ်တစ်ဦး ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ထိုအချိန်တွင် မူလ မြေပိုင်ရှင်သည် မြေပြန်လည်ရရှိရန် ကြိုးစားရာ၌ မအောင်မြင်သော်လည်း နောက်နှစ်တွင်ထိုမြေပေါ်၌ ထွန်ယက်စိုက်ပျိုးခဲ့ပါသည်။ မြေယာမှတ်ပုံတင် အမှန်တကယ် ပိုင်ဆိုင်သည့် လယ်သမားသည် ကြီးကြီးမားမား တုန့်ပြန်ခဲ့ခြင်းမရှိပါ။ မူလပိုင်ရှင်က ယခုနှစ်တွင် စပါးထပ်မံစိုက်ပျိုးသည့်အခါတွင် လက်ရှိပိုင်ရှင်က ရဲစခန်းသို့သွားရောက်တိုင်ကြားခဲ့ပြီး ရဲများက မြေယာမှတ်ပုံတင်ခြင်းအရ ဆုံးဖြတ်ချက်ကိုသာ လိုက်နာစေခဲ့ပါသည်။

မြေယာဥပဒေများ ရှိသော်လည်း ပြည်သူများသည် မြေယာအငြင်းပွားမှုများကို ကျေးရွာအဆင့် နည်းလမ်းများဖြင့်သာ ဆက်လက်ဖြေရှင်းနေကြပါသည်။ လယ်ယာမြေဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းရန် ခွင့်ပြုထားပါသည်။ အမှန်တကယ်ဖြစ်ပေါ်နေသည့် မြေယာအငြင်းပွားမှု ပြဿနာများကို ဖြေရှင်းရာ၌ ထိုကော်မတီများကို အသုံးပြုသည့် သာဓကများစွာ မရှိပါ။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ကျေးရွာခေါင်းဆောင်များ အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အငြင်းပွားမှု ဖြေရှင်းခြင်း

လုပ်ငန်းစဉ်များတွင် အရေးအပါဆုံးကဏ္ဍမှ ဆက်လက်ပါဝင်နေဆဲဖြစ်ပါသည်။ အငြင်းပွားမှုများဖြေရှင်းရာတွင် တက်ကြွသောကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသည့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများရှိသည့် ကျေးရွာလေးရွာ (ဧရာဝတီ၊ မန္တလေး၊ ရခိုင်၊ ရှမ်းတို့မှ ကျေးရွာတစ်ရွာစီ)ကိုသာ လေ့လာတွေ့ရှိခဲ့ရပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ထိုကော်မတီများကို ကျေးရွာတစ်ရွာတည်းမှ ရွာသားများဖြင့်သာ ဖွဲ့စည်းထားပြီး ရွာသူရွာသားများအနေဖြင့် ယခင်ရှိပြီးသော နည်းစနစ်များကို အမည်သစ် တပ်ကာထိရောက်စွာပြန်လည်အသုံးချနေခြင်း ဖြစ်ပါသည်။ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု မရှိခြင်းမှာ အငြင်းပွားမှုအများစုတွင် ကျေးရွာတစ်ရွာတည်းမှ အုပ်စုများပါဝင်လေ့ရှိပြီး ဒေသခံခေါင်းဆောင်များကိုသာ အသုံးပြု၍ ဆုံးဖြတ် ဖြေရှင်းနေကြကြောင်း ညွှန်ပြမှုတစ်ခုပင်ဖြစ်ပါသည်။

> *"မြို့နယ်အစည်းအဝေးတွေမှာ မြေယာမှတ်ပုံတင်အကြောင်း တင်ပြတဲ့အခါတိုင်း အဆူခံရတယ်။ မြို့နယ်အုပ်ချုပ် ရေးအဖွဲ့နဲ့ ရွာသူရွာသားတွေက စိတ်ဝင်စားမှုတွေ မတူကြသလို အမြင်တွေလည်း မတူကြပါဘူး။ အဲဒီတော့ ကျွန်တော်က ကြားထဲက ညှပ်နေတယ်။"*
> ***- မကွေးတိုင်းဒေသကြီးမှ ကျေးရွာအုပ်ချုပ်ရေးမှူး/ အလတ်စားလယ်သမား (အမျိုးသား) တစ်ဦး။***

အဆုံးစွန်အားဖြင့် လယ်ယာမြေဥပဒေများရှိအပြောင်းအလဲများသည် မြေယာကိစ္စများအား ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများအပေါ် သက်ရောက်မှုမရှိသေးဟု ယူဆနိုင်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မြေယာဆိုင်ရာ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများသည် ကျေးရွာအဆင့်အထိ တစ်ဖြည်းဖြည်း သက်ရောက်မှုရှိပြီး မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အမြင်များ ပြောင်းလဲလာခြင်းစသည်တို့တွင် ပေါ်လွင်နေပါသည်။ သို့သော် ထိုပြုပြင်ပြောင်းလဲမှုများသည် လက်တွေ့မြေယာစီမံခန့်ခွဲမှုကို ပြောင်းလဲစေရန် လိုအပ်ပါသေးသည်။ မူဝါဒအသစ်အရ မြေအရောင်းအဝယ်ကိစ္စများ သို့မဟုတ် မြေယာအငြင်းပွားမှုများကို မြို့နယ်အရာရှိများက မည်သို့ကိုင်တွယ်ဖြေရှင်းမည်မှာ ရှင်းလင်းမှုမရှိကြောင်း ဒေသများစွာရှိ ရွာသူရွာသားများက ဆိုကြပါသည်။ ရလဒ်အနေဖြင့် မြေရောင်းဝယ်မှုအသစ်များကို သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်နေကြပြီး ရွာသူရွာသားများက မြေယာစီမံခန့်ခွဲမှုကောင်မတီများသို့ သွားရောက်ခြင်းမရှိဘဲ ယခင် အငြင်းပွားမှု ဖြေရှင်းသည့် နည်းလမ်းများအပေါ်သာ ဆက်လက် မှီခိုနေကြဆဲ ဖြစ်ပါသည်။

## လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှုအစီရင်ခံစာ - **ဒီဇင်ဘာ ၂၀၁၅**

# အခန်း ၃
# ကျေးရွာအဆင့် အကြောင်းအရာ

### ကျေးရွာတစ်ရွာ၏ နောက်ခံအကြောင်းအရာ - ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးမှ ကျေးရွာတစ်ရွာသည် QSEM စတင်ချိန်မှစ၍ ကျေးရွာအုပ်ချုပ်ရေးစနစ်တွင် ပြောင်းလဲခြင်းကြောင့် သက်ရောက်မှုအချို့ရှိကြောင်းကို ဖော်ပြနေပါသည်။ အတော်အသင့်ကြီးသော ဤကျေးရွာတွင် အိမ်ထောင်စု(၂၃၀)ရှိပြီး လူဦးရေ (၁,၀၀၀)နီးပါးခန့် ရှိပါသည်။ လူဦးရေ (၄၀)ရာခိုင်နှုန်းသည် မြေယာပိုင်ဆိုင်ကြပြီး စပါးစိုက်ပျိုးခြင်းနှင့် နွေရာသီစပါးရိတ်သိမ်းကာလတွင် ပဲတီစိမ်းစိုက်ပျိုးခြင်းတို့ လုပ်ကိုင်ကြပါသည်။ (၂၀) ရာခိုင်နှုန်း ခန့်မှာ ငါးဖမ်းလုပ်ငန်းအပေါ်မှီခိုကြပြီး ငါးဖမ်းရရှိမှုပေါ်မူတည်၍ အပြောင်းအလဲရှိပါသည်။ QSEM 2 နှင့် QSEM 3 ကာလများတွင် ငါးဖမ်းယူရရှိသည့် ပမာဏကျဆင်းလာခြင်းကြောင့် ငါးဖမ်းလုပ်သားများသည် စိုက်ပျိုးရေးလုပ်သား သို့မဟုတ် ရွှေ့ပြောင်းလုပ်သားအဖြစ် ပြောင်းလဲလုပ်ကိုင်လာကြပါသည်။ အစဉ်အလာအားဖြင့် မြေယာမဲ့ အိမ်ထောင်စုများသည် အလုပ်အကိုင်နည်းပါးသည့် ရာသီတွင် လအတော်ကြာ ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။ မကြာသေးမီက အဆက်အသွယ်များ ပိုကောင်းလာခြင်းကြောင့် ရွာသူရွာသားအများအပြားသည် ရန်ကုန် သို့မဟုတ် နိုင်ငံခြားအထိပင်အမြဲတမ်းအလုပ်များအတွက် ရွှေ့ပြောင်းလုပ်ကိုင်လာကြပါသည်။

QSEM 2 တွင် ကျေးရွာသို့ သုတေသီများ ပထမဦးဆုံး သွားရောက်လေ့လာခဲ့သည့် အချိန်တွင် ရာအိမ်မှူးသည် ကျေးရွာအုပ်ချုပ်ရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပါသည်။ ထိုရာအိမ်မှူးသည် မြို့နယ်အဆင့်အထိ အဆက်အသွယ်ကောင်းပြီး ကျေးရွာကိစ္စများကို ဖြေရှင်းနိုင်သူဟု ရွာသူရွာသားများက ယူဆထားပြီး အချို့ ရွာသူရွာသားများကမူ ထိုသူသည် ကျေးရွာကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် ပွင့်လင်းမှုမရှိဟု ဆိုကြပါသည်။ ရာအိမ်မှူးသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်းအပြင် ညှိစာရင်းမှတ်တမ်းတင်ခြင်း၊ အမျိုးသားမှတ်ပုံတင်ကဒ်ပြုလုပ်ရန်အတွက် အချက်အလက်စုဆောင်းခြင်း၊ ထောက်ခံစာပေးခြင်း၊ MADB မှ ချေးငွေရယူလိုသည့် လယ်သမားများအတွက်လျှောက်လွှာများ စုစည်းပေးခြင်း စသည့်လုပ်ငန်းတာဝန်များကိုပါ တာဝန်ယူဆောင်ရွက်ပေးပါသည်။ ထိုသူသည် ကျေးရွာအုပ်ချုပ်ရေးမှူးအသုံးပြုသည့် တံဆိပ်တုံးတစ်ခုပင်ကိုင်တွယ်၍ ကျေးရွာခေါင်းဆောင်အနေအဖြစ်ဖြင့်ဆောင်ရွက်သည်။

၂၀၁၃ ခုနှစ်တွင် ကျေးရွာအုပ်စုမှ ဆယ်အိမ်မှူးများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို ရွေးကောက် တင်မြှောက်ခဲ့ပါသည်။ ယခုကျေးရွာမှ ကျေးရွာခေါင်းဆောင်များသည် ရွေးချယ်ခံရန် ပညာရေး အခြေခံအား နည်းသည်ဟု ယူဆကြသောကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံသူများတွင် မပါဝင်ကြပါ။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပြီးမကြာမီတွင် ဥပဒေသစ်အရ ကျေးရွာဥက္ကဋ္ဌရာထူးနေရာမရှိကြောင်း ကျေးရွာခေါင်းဆောင် (ယခင်ရာအိမ်မှူး) က သိရှိခဲ့ပါသည်။ ကျေးရွာတွင် သြဇာညောင်းလိုသူ အခြား ဆယ်အိမ်မှူးတစ်ဦးက ကျေးရွာ

အုပ်စုအုပ်ချုပ်ရေးမှူးအသစ်အား ကျေးရွာဥက္ကဋ္ဌအဖြစ် တရားမဝင်ဆောင်ရွက်ရန် စည်းရုံးပါသည်။ သို့သော်အစီအမံအသစ်များအရလုပ်ပိုင်ခွင့်များစွာရှိမည်မဟုတ်ကြောင်း မကြာမီ သိရှိခဲ့ရပါသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပြီးနောက် ရွာသူရွာသားများသည် တရားဝင်စာရွက်စာတမ်းများ လိုအပ်လာပါက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေထိုင်ရာ ကျေးရွာသို့ သွားရောက်ရပါသည်။ ဥပမာ မိုးရာသီလမ်းများ ဆိုးရွားနေချိန်တွင် မှတ်ပုံတင်စာရွက်စာတမ်းအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ သွားရောက်တောင်းခံ နေရခြင်းကြောင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် အချိန်များစွာကုန်သည်ဟု ရွာသူရွာသားများက ညည်းညူ ကြပါသည်။ ထို့ကြောင့်ပင် ဒေသခံ ကျေးရွာခေါင်းဆောင်အပေါ် ၎င်းတို့၏ အမြင်မှာလည်း ပြောင်းလဲလာပါသည်။ ယခုနောက်ပိုင်းတွင် ကျေးရွာခေါင်းဆောင်က တစ်စုံတစ်ခုဆောင်ရွက်ရန် စည်းရုံးလုပ်ကိုင်သည့်အခါ ရွာသူရွာသားများက ပူးပေါင်းပါဝင်လိုမှု နည်းပါးလာကြပါသည်။ ကျောင်းဖွင့်ရာသီ အစတွင် ကျောင်းဆရာ/မအသစ် ခန့်ထားရန်ကိစ္စကို ဆွေးနွေးရန် ကျေးရွာခေါင်းဆောင်က အစည်းအဝေးခေါ်ခဲ့ပါသည်။ သို့သော် ရွာသူရွာသား သုံးပုံတစ်ပုံခန့်သာ အစည်းအဝေးတက်ရောက်လာခြင်းကြောင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ သဘောတူညီမှု မရရှိ ခဲ့ကြပါ။ အလားတူစွာပင် ခေါင်းဆောင်မှုအပိုင်း အပြောင်းအလဲသည် NGO များနှင့် အစိုးရဝန်ဆောင်မှုများအား ရရှိနိုင်မှုအပေါ် သက်ရောက်မှုရှိသည်ဟု ရွာသူရွာသားများက ယုံကြည်ကြပါသည်။ ကျေးရွာအုပ်စုအတွင်း ရွေးကောက်တင်မြှောက်မှုများ ဆောင်ရွက်ပြီးနောက် NGO စီမံကိန်းများလျော့နည်းသွားပြီး အသေးစားချေးငွေ လုပ်ငန်းတစ်ချို့သာ ရှိပါသည်။ အစိုးရက ဒေသခံကျောင်းများအတွက် အထောက်အပံ့သစ်များ ပေးနေသော်လည်း ထိုအထောက်အပံ့များသည် နိုင်ငံအဝန်း ဆောင်ရွက်နေသောစီမံကိန်းများဖြစ်ပါသည်။ ထို့အပြင် ရွာသူရွာသားအချို့က ၎င်းတို့ကျေးရွာသည် အနီးအနားကျေးရွာများထက် အထောက်အပံ့ လျော့၍ ရနေကြောင်း စောဒကတက်ခဲ့ကြပါသည်။

သရုပ်ခွဲဆန်းစစ်သည့် မူဘောင်တွင် လူမှုပုံစံများသည် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွှမ်းမိုးမှုရှိသည် ဟူသော ယူဆချက်ဖြင့် ယင်းပုံစံများအာလေ့လာဆန်းစစ်ထားပါသည်။ သုတေသနအကြိမ်တိုင်းတွင် ကျေးရွာများအတွင်း လူမှုဆက်ဆံရေးအရည်အသွေးများ၊ ဒေသန္တရအဆင့်အဖွဲ့အစည်းပြောင်းလဲမှုများနှင့် ထိုပြောင်းလဲမှုများက ရွာသူရွာသားများ၏ ဘဝအပေါ် သက်ရောက်မှုများ စသည်တို့ကို မှတ်တမ်းတင်ခဲ့ပါသည်။

ဤအပိုင်းတွင် ထိုနယ်ပယ်အားလုံးနှင့် ပတ်သက်သော တွေ့ရှိချက်များကို တင်ပြထားပါသည်။ ပထမဦးစွာ QSEM ဒေသများအတွင်း လူမှုရေးအရင်းအနှီးအခြေအနေများနှင့် အချိန်ကာလအလိုက် လူမှုရေးအရင်းအနှီး ပြောင်းလဲမှုများကို လေ့လာဆန်းစစ်ထားပါသည်။ QSEM လေ့လာမှု အကြိမ်တိုင်းတွင် လူမှုရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးသည့်အစိုးရနှင့်

အခြားအဖွဲ့အစည်းများမရှိသည့်ဒေသများ၌လူမှုရေးဝန်ဆောင်မှုများထောက်ပံ့ရန်လိုအပ်ချက် တစ်စိတ်တစ်ပိုင်းကြောင့် ကျေးရွာများအတွင်း ပေါ်ပေါက်လာသည့် ခိုင်မြဲသော စည်းလုံးမှုများ ရှိကြောင်းကို သုတေသီများက တစ်ပြေးညီ ဖော်ထုတ်ခဲ့ပါသည်။ လူမှုရေးအရင်းအနှီးအပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အဓိက အချက်များကိုလည်း သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ လေ့လာမှုအကြိမ်တိုင်းတွင် လွှမ်းမိုးမှုအရှိဆုံး အချက်များမှာ ကျေးရွာခေါင်းဆောင်မှုအရည်အသွေး၊ ပြင်ပအထောက်အပံ့များနှင့်ပတ်သက်၍ ပြိုင်ဆိုင်မှုများ၊ မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဘာသာရေးကိစ္စများစီမံခန့်ခွဲရာတွင် သဘောထားကွဲလွဲမှုများ စသည်တို့ဖြစ်ကြပါသည်။ နောက်ဆုံးအချက်အနေဖြင့် ၂၀၁၂ခုနှစ် ရပ်ကွက် နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပြဌာန်းပြီးနောက် မြန်မာနိုင်ငံ ကျေးလက်ဒေသတွင်၂၀၁၂ခုနှစ်မှစ၍ ကျေးရွာအုပ်ချုပ်ရေးစနစ်များ ပြောင်းလဲဖွဲ့စည်း လာခြင်းသည် သိသာသော အပြောင်းအလဲများအနက် တစ်ခုဖြစ်ပါသည်။ ထိုဥပဒေအား အကောင်အထည်ဖော် လာခြင်းကြောင့် ကျေးရွာခေါင်းဆောင်မှုအပြောင်းအလဲများဖြစ်ပေါ်ခဲ့ကြောင်းဖော်ထုတ်သိရှိခဲ့ရပါသည်။ ခေါင်းဆောင်မှုနေရာများတွင် အမျိုးသမီး၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် ပြောင်းလဲမှုအနည်းငယ်လည်း ဖြစ်ပေါ်ခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

## လူမှုရေးအရင်းအနှီး

> *"တကယ်လို့ ရွာကအလုပ်တိုင်းကို လုပ်အားပေးနေရင် ကျွန်တော့်မိန်းမ ထမင်းငတ်သွားမှာပေါ့။"*
>
> ***- မွန္တလေးတိုင်းဒေသကြီးမှလယ်သမားငယ် (အမျိုးသား)တစ်ဦး။***

၂၀၁၂ ခုနှစ်တွင် QSEM သုတေသနစတင်သည့် အချိန်မှစ၍ ကျေးရွာများရှိ လူမှုအရင်းအနှီးသည်တစ်ပြေးညီ ခိုင်မာအား ကောင်းခဲ့ပါသည်။ ပထမအကြိမ် QSEM လေ့လာမှုတွင်ယုံကြည်မှုမြင့်မားပြီး လူမှုအဖွဲ့အစည်းအတွင်း ခိုင်မာသော စည်းလုံးမှု ရှိခြင်းက ရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်းရလဒ်များကို ပိုမိုကောင်းမွန်စွာ စွမ်းဆောင်နိုင်စေကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့ရပါသည်။ ခြွင်းချက်များစွာရှိသော်လည်း ဤတွေ့ရှိချက်မှာ လေ့လာမှုအကြိမ်တိုင်းတွင် မှန်ကန်လျက်ရှိပါသည်။ လေ့လာမှုနောက်ပိုင်းအကြိမ်များတွင် ကျေးရွာတစ်ရွာချင်းစီအတွင်းရှိ လူမှုဆက်ဆံရေးကို သုတေသီများအားတိုင်းတာစေခဲ့ပါသည်။[34] အောက်ပါဇယား (၁၀) တွင် QSEM 5 ကာလအတွင်း ကျေးရွာများ၏ လူမှုဆက်ဆံရေး အခြေအနေ အကျဉ်းချုပ်ကို ဖော်ပြထားရာ လွန်ခဲ့သောနှစ်ကထက် အပြောင်းအလဲ မရှိသလောက်နည်းပါသည်။ ကျေးရွာ (၈၀)ရာခိုင်နှုန်းခန့်သည် အပေါင်းလက္ခဏာဆန်သော သို့မဟုတ် အသင့်အတင့်ကောင်းမွန်သော ဆက်ဆံရေးရှိကြကြောင်းကို ကျေးရွာအတွင်း ပဋိပက္ခမရှိခြင်း၊ ပူးပေါင်းလုပ်ဆောင်မှု မြင့်မားခြင်း စသည့်အချက်များအရ တွေ့ရှိခဲ့ရပါသည်။ အောက်ပါသာဓက (၁၂)တွင် ချင်းပြည်နယ်အတွင်း

---

34. သွားရောက်လေ့လာခဲ့သည့် ကျေးရွာများ၏ အတန်းအစားကို သုတေသနပညာရှင်များအား သတ်မှတ်စေခဲ့ပါသည်။ လူမှုဆက်ဆံရေး ပိုမိုကောင်းမွန်သော ကျေးရွာများသည် လူမှုရေး-ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုကောင်းစားရေးအတွက် ကူညီထောက်ပံ့ခြင်း စသည့် စုပေါင်းလုပ်ငန်းများ လုပ်ကိုင်မှု ပိုမိုမြင့်မားပါသည်။ လူမှုဆက်ဆံရေးအတော်အသင့်ကောင်းမွန်သော ကျေးရွာများသည် စုပေါင်းလုပ်ငန်းများကို အတိုင်းအတာ တစ်ခုအထိ ဆောင်ရွက်ကြပြီး ပဋိပက္ခနှင့် တင်းမာမှုများ မရှိသည့် ကျေးရွာများဖြစ်ပါသည်။ ဆက်ဆံရေးညံ့ဖျင်းသည့် ကျေးရွာများတွင် ကျေးရွာအတွင်း ကွဲပြားသော အုပ်စုများ တည်ရှိနေပြီး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အုပ်စုခွဲခြား၍ လုပ်ကိုင်လေ့ရှိကာ တစ်ခါတစ်ရံတွင် အပြင်းအထန် ယှဉ်ပြိုင်မှုများပင် ရှိပါသည်။ ကျေးရွာအတန်းအစား သတ်မှတ်ခြင်းကို ကမ္ဘာ့ဘဏ်၏ 'Post-Nargis Social Impact Monitoring' အစီရင်ခံစာများမှ ချဉ်းကပ်နည်းကို ယူပါသည်။

ထိုပူးပေါင်း ဆောင်ရွက်မှုနည်းလမ်းအမျိုးမျိုးက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အရေးပါပုံကို သာဓကအဖြစ် ဖော်ပြထားပါသည်။

**ဇယား(၁၀)- ဒေသအလိုက် ကျေးရွာများအတွင်း လူမှုဆက်ဆံရေးအခြေအနေများ (QSEM 4 နှင့် နှိုင်းယှဉ်မှု)**

| | ကောင်း | သင့် | ညံ့ | QSEM 4 မှ ယနေ့အထိ ပြောင်းလဲမှု |
|---|---|---|---|---|
| **ဧရာဝတီ** | ၃ | ၄ | ၂ | ကျေးရွာနှစ်ရွာတွင် ဆက်ဆံရေး တိုးတက်လာသည် |
| **ချင်း** | ၆ | ၃ | ၀ | |
| **မကွေး** | ၃ | ၄ | ၂ | |
| **မန္တလေး** | ၃ | ၄ | ၂ | |
| **ရခိုင်** | ၂ | ၅ | ၂ | ကျေးရွာတစ်ရွာတွင် ဆက်ဆံရေး ဆိုးရွားလာသည် |
| **ရှမ်း** | ၀ | ၇ | ၂ | |
| **စုစုပေါင်း** | ၁၇ | ၂၇ | ၁၀ | |

## သာဓက(၁၂) ချင်းပြည်နယ်မှ ရွာသူရွာသားများသည် ရေရှားပါးမှုအခက်အခဲကို ကျော်လွှားရန်ပူးပေါင်း ဆောင် ရွက်ကြခြင်း

ချင်းပြည်နယ်ရှိ QSEM မှ သွားရောက်လေ့လာခဲ့သည့် ကျေးရွာတစ်ရွာတွင် ရေပေးဝေခြင်း စီမံခန့်ခွဲမှုစနစ်သည် အသက်မွေးဝမ်းကျောင်းရလဒ်များအတွက် ဒေသခံပြည်သူများအတွင်း ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို မီးမောင်းထိုးပြနေပါသည်။ အဆိုပါကျေးရွာသည် ရေရှားပါးမှုပြဿနာ မကြာခဏ ကြုံတွေ့ရပြီး အထူးသဖြင့် စပါးခင်းအတွက်ရေပေးဝေရေးကို ထိခိုက်ပါသည်။ သီးနှံအောင်မြင်ရန်အတွက် ရွာသူရွာသားများ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၀၁၄ခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မြစ်ချောင်းအနီး စိုက်ပျိုးမြေရှိသည့် ရွာသူရွာသားများသာ စိုက် ပျိုးရေးအတွက် ရေအလွယ်တကူ ရရှိကြပါသည်။ ထိုရွာသူရွာသားများသည် ၎င်းတို့သီးနှံအတွက် ရေအားလုံးကို အသုံးမပြုဘဲ မြစ်ချောင်းနှင့်ဝေးသည့် ရွာသူရွာသားများနှင့် ပူးပေါင်း၍ ထိုသူများ၏ လယ်မြေအတွင်းသို့ ရေစီးဆင်းရန်

အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုကဲ့သို့သော စုပေါင်းလူမှုရေးလုပ်ငန်းပုံစံသည် တရားဝင် စုဖွဲ့စည်းထားခြင်းမဟုတ်သော်လည်း ကျေးရွာတစ်ရွာလုံး၏ အကျိုးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို ကိုယ်စားပြုပါသည်။ အဆိုပါအုပ်စုမျိုးတွင် ဒေသတစ်ခုတွင်း အတူနေထိုင်ကြပြီး ရေအရင်းအမြစ်တစ်ခုတည်းကိုသာ မှီခိုနေကြသော လယ်သမားအနည်းစု ပါဝင်လေ့ရှိပါသည်။ ရေသုံးစွဲမှုနှင့်ပတ်သက်၍ ရံဖန်ရံခါ မပြေပလောက်သော တင်းမာမှုများရှိပြီး အချို့လယ်သမားများသည် ရေကို အလွန်အကျွံအသုံးပြုခြင်း စသည့် အသေးအဖွဲပြဿနာများကို လယ်သမားများအချင်းချင်းသာ ပြေလည် အောင် ဖြေရှင်းလေ့ရှိကာ ကျေးရွာအုပ်ချုပ်ရေးအဆင့်သို့ပင် ရောက်လေ့မရှိပါ။

ကျေးရွာအဆင့်တွင် လူမှုအရင်းအနှီးများမှာ စဉ်ဆက်မပြတ် မြင့်မားခဲ့ပါသည်။ အဆိုပါအချက် အိမ်ထောင်စုများအား ထိခိုက်နိုင်မည့် အခြေအနေများမှ အကာအကွယ်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျှက် ရှိပါသည်။

သုတေသနအကြိမ်တိုင်းတွင် လူမှုရေးအရင်းအနှီးမြင့်မားကြောင်း တွေ့ရှိရပြီး ယခုသုတေသနတစ်ကြိမ်တွင် ဒေသခံများ အတွင်း ယုံကြည်မှု နည်းပါးကြောင်း တွေ့ရှိရခြင်းသည် ကသိကအောက် ဖြစ်ဖွယ် ကောင်းပါသည်။ ၂၀၁၄ခုနှစ် ပြည်သူလူထုအမြင်များ ကွင်းဆင်းလေ့လာမှုတွင်[35] တုန့်ပြန်ဖြေကြားသူ (၈၀)ရာခိုင်နှုန်းခန့်က လူအများစုသည် ယုံကြည်စိတ်ချ၍ မရကြောင်း ယုံကြည်ကြပါသည်။ တိုင်းဒေသကြီး (တုန့်ပြန်ဖြေကြားသူ ၁၈ရာခိုင်နှုန်းသာ အခြားသူများကို ယုံကြည်သည်)များသည် ပြည်နယ် (တုန့်ပြန်ဖြေကြားသူ ၂၇ ရာခိုင်နှုန်းက အခြားသူများကို ယုံကြည်သည်) များထက် ယုံကြည်မှု ပိုနည်းကြောင်း တွေ့ရပါသည်။ မည်သည့်အုပ်စုကို ယုံကြည်သနည်းဟု မေးမြန်းသည့်အခါ တုံ့ပြန်ဖြေကြားသူများက အိမ်နီးနားချင်းကို ယုံကြည်မှုအများဆုံး ဖြစ်သော်လည်း တစ်ဝက်ကျော်ခန့် (၅၆ရာခိုင်နှုန်း) သာ ယုံကြည်ကြပါသည်။ ဖော်ပြပါကွင်းဆင်းလေ့လာမှု၏ တွေ့ရှိချက်များအရ အခြားနိုင်ငံများရှိ အလားတူလေ့လာမှုများတွင် တွေ့ရှိရသော ယုံကြည်မှုအဆင့်များထက် အလွန်နိမ့်နေပါသည်။ ထိုအချက်သည် အကြောင်းရင်းများစွာကို ညွှန်ပြနေပါသည်။ ပထမအချက်မှာ မြန်မာနိုင်ငံကျေးလက်ဒေသ လူမှု အရင်းအနှီးသဘောတရားသည် စုပေါင်းကြိုးပမ်းအားထုတ်မှုကို ဖော်ထုတ်ခြင်းထက် များစွာပိုရှုပ်ထွေးပါသည်။ ရွာသူရွာသားများသည် အများကောင်းကျိုးအတွက် အတူတကွလုပ်ကိုင် နေကြသည့်တိုင် ထိုသို့ပူးပေါင်း လုပ်ကိုင်ခြင်းသည် ယုံကြည်စိတ်ချရသည့်စည်းလုံးမှုကို ဖြစ်ပေါ်စေခြင်းမဟုတ်ပါ။ အခြားဖြစ်နိုင်ချေတစ်ခုမှာ ကာလရှည်စစ်အုပ်ချုပ်ရေးနှင့် လူမှုရေးအဖွဲ့အစည်းများအပေါ် ယုံကြည်မှုနည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

ယုံကြည်မှုအပေါ်အခြေခံသည်ဖြစ်စေ၊ အခြေမခံသည်ဖြစ်စေ လူမှုရေးအရင်းအနှီးသည် ထိခိုက်လွယ်နိုင်သော ကာလများအတွင်း အိမ်ထောင်စုများအား အကာအကွယ်ပေးရာ၌ အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သုတေသနအကြိမ်တိုင်းတွင် တစ်ဦးချင်းသို့မဟုတ် ဒေသအစုအဖွဲ့အတွင်း ကြုံတွေ့ရသည့် ပြင်းထန်သော သက်ရောက်မှု (Shocks) များကို အုပ်စုလိုက်ဖြစ်စေ၊ ကျေးရွာအလိုက်ဖြစ်စေ တုန့်ပြန်ဆောင်ရွက်သည့် အလားတူသာဓကများစွာ တွေ့ရှိခဲ့ရပါသည်။ ရေရှားပါးမှုကို ဖြေရှင်းရန် ရွာသူရွာသားများ ကိုယ်တူ

35. The Asia Foundation, Myanmar 2014: Civic Knowledge and Values in a Changing Society, 2014.

ကိုယ်ထ ဆောင်ရွက်သည့် နမူနာများစွာလည်း ပါဝင်ပါသည်။ ရုတ်တရက် ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းကဲ့သို့သော ပြင်းထန်သောသက်ရောက်မှုများ ကြုံတွေ့ရသည့် အိမ်ထောင်စုများကို အထောက်အပံ့ပေးရန် အတူတကွ စည်းရုံးဆောင်ရွက်မှုများကိုလည်း သုတေသနအကြိမ်တိုင်းတွင် ဒေသအားလုံး၌ တွေ့ရှိရပါသည်။ ထိုအစုအဖွဲ့ချဉ်းကပ်မှုများသည် ကြိုတင်ပြင်ဆင် စည်းရုံးထားခြင်းမဟုတ်ဘဲအရေးကြုံမှသာ တုန့်ပြန်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျေးရွာ သုံးပုံတစ်ပုံခန့်တွင် ကြုံတွေ့လာနိုင်သည့် ပြင်းထန်သော သက်ရောက်မှုများကို ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ကျေးရွာရန်ပုံငွေ သို့မဟုတ် ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထား သည်ကို တွေ့ရှိရပါသည်။ QSEM ကျေးရွာ လေးပုံတစ်ပုံခန့်တွင် ဒေသအစုအဖွဲ့ပိုင်ရန်ပုံငွေမျိုး ရှိနေကြပြီး မကွေးတိုင်းဒေသကြီး နှင့်မန္တလေးတိုင်းအတွင်းရှိ ကျေးရွာများစွာတွင် စားနပ်ရိက္ခာမလုံလောက်သည့်အခါ ထောက်ပံ့ပေးနိုင်ရန် နှစ်ပေါင်းများစွာ တည်ထောင်ထားသော ဆန်စပါးဘဏ်များ ရှိပါသည်။ လွန်ခဲ့သော တစ်နှစ်ခန့်က ချင်းပြည်နယ်တွင် ဒေသတွင်း အခြေခံအဆောက်အဦကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာပြီး ယခင်က ရပ်ဆိုင်းထားသော ဆန်စပါးဘဏ်များသည် ပြန်လည် အသက်ဝင်လာပါသည်။

### သာဓက(၁၃) ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးဘဏ်များ လုပ်ငန်း လည်ပတ်လာနိုင်ခြင်း။

ချင်းပြည်နယ်ရှိ ကျေးရွာသုံးရွာတွင်မလည်ပတ်နိုင်သော ဆန်စပါးဘဏ်များသည် ဒေသခံခေါင်းဆောင်များ၏ ကျေးဇူးကြောင့် လုပ်ငန်းပြန်လည် စတင်နိုင်ခဲ့ပါသည်။ ထိုကျေးရွာသုံးရွာလုံးတွင် လွန်ခဲ့သောနှစ်များစွာက INGO တစ်ခုမှ လုပ်ငန်း ပြည်လည်စတင်နိုင်ရန် ထောက်ပံ့ပေးခဲ့သော်လည်း INGO စီမံကိန်း ပြီးဆုံးသွားသည့် ၂၀၁၃ ခုနှစ်တွင် လည်ပတ်မှုရပ်ဆိုင်းသွားခဲ့ပြန်ပါသည်။ အဓိကအကြောင်းရင်းမှာ ဒေသခံလယ်သမားများက အကြွေးပြန်လည် မဆပ်ခြင်းကြောင့် ရေရှည်မတည်တံ့ခြင်း ဖြစ်ပါသည်။

သို့သော် QSEM 4 နှင့် QSEM 5 တွင် ထိုဆန်စပါးဘဏ်များ ပြန်လည် လည်ပတ်ခဲ့ပါသည်။ ကျေးရွာတစ်ရွာတွင် လူမှုအဖွဲ့အစည်းတစ်ခုမှ ဥက္ကဋ္ဌတစ်ဦးသည် ရွာသူရွာသားများအား ၎င်းတို့ပေးရန်ရှိသော အကြွေးများ ပြန်လည်ပေးဆပ်ရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ခြင်းကြောင့် ထိုအကြွေးငွေများမှ ရသည့်အရင်းအနှီးဖြင့် ဆန်စပါးဘဏ်ကို ပြည်လည်စတင်နိုင်ခဲ့ပါသည်။ အခြားကျေးရွာနှစ်ရွာတွင်မူ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရွာသူရွာသားများကို အကြွေးပြန်လည် ပေးဆပ်ရန် တွန်းအားပေးခဲ့ပါသည်။

ထိုကျေးရွာခေါင်းဆောင်များအနေဖြင့် ဆန်စပါးဘဏ်များ ပြည်လည် စတင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သော ကြိုးပမ်းအားထုတ်မှုများ၏ နောက်ကွယ်မှတွန်းအားမှာ ၎င်းတို့မြို့နယ်တွင် လမ်းတည်ဆောက်ပြီးစီးသွားခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းတို့မြို့နယ်၏ ဝေးလံသော သဘောသဘာဝကြောင့် ဆန်စပါးကို ကလေးမြို့မှသာ ဝယ်ယူရပြီး ဆန်စပါးသိုလှောင်ရန်နှင့် စားသုံးရန်အတွက်မြို့နယ်ရုံးစိုက်ရာမြို့မှတစ်ဆင့် ကျေးရွာ

သို့ သယ်ယူပို့ဆောင်ရပါသည်။ ယခုအခါ ကလေးမြို့သို့ အလွယ်တကူသွားလာနိုင်ခြင်းကြောင့် ဆန်စပါးအများအပြားကိုပိုမိုလက်လှမ်းမီလာပြီး၊ လယ်သမားများအတွက် ကုန်ကျစရိတ် သက်သာလာကာ ဆန်စပါးဘဏ်အား စရိတ်သက်သာစွာ ပြန်လည်ဆောင်ရွက်နိုင်ရန် အလားအလာများစွာရှိပါသည်။

*"ဘယ်အခမ်းအနားပဲလုပ်လုပ် ရွာတွေထဲက ချမ်းသာတဲ့သူတွေကိုပဲ ဖိတ်ပြီးတော့ ဆင်းရဲတဲ့သူတွေကို မဖိတ်ဘဲ ချန်ထားကြတယ်။"*
***- ဧရာဝတီတိုင်းဒေသကြီးမှ ကျပန်းလုပ်သား(အမျိုးသမီး)တစ်ဦး။***

*"ဘယ်အဖွဲ့အစည်းရဲ့ လုပ်ငန်းထဲမှာမှ ဝင်ပြီးမလုပ်ဘူး။ ဘယ်သူမှလည်း ကျွန်တော့်ကို အဝင်ခံမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ရွာထဲမှာ ကျွန်တော့်ထက် ပညာတတ်ပြီး ချမ်းသာတဲ့သူတွေ များကြီးရှိတာပဲ။"*
***- ချင်းပြည်နယ်မှ လယ်သမားငယ် (အမျိုးသား) တစ်ဦး။***

လူမှုစီးပွားရေးအခြေအနေသည် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် အဓိကအတားအဆီးဖြစ်ပြီး ဆင်းရဲသောမိသားစုများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် အခက်အခဲကြုံတွေ့ရပါသည်။ ဆင်းရဲသော မိသားစုများသည် ကျေးရွာလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် အတားအဆီးများစွာ ကြုံတွေ့ကြရပါသည်။ ပထမအချက်မှာ လူမှုရေးနှင့် ဘာသာရေးလုပ်ငန်းများတွင် ငွေကြေးထည့်ဝင်မှုများ လိုအပ်ခြင်းကြောင့် ဆင်းရဲသော အိမ်ထောင်စုများအတွက် ပါဝင်ထည့်လှူရန် အခက်အခဲများစွာ ရှိပါသည်။ QSEM အစောပိုင်းအကြိမ်များတွင် ဒေသအားလုံး၌ ကျေးရွာရန်ပုံငွေကောက်ခံရာတွင် အိမ်ထောင်စုများ၏ထည့်ဝင်နိုင်သည့် ပမာဏကို ထည့်သွင်းစဉ်းစားခြင်းမှာ အလေ့အထတစ်ခုဖြစ်ကြောင်း ဖော်ထုတ်သိရှိခဲ့ရပါသည်။ ဒုတိယအချက်မှာ အတော်အသင့်သာပြေလည်သော မိသားစုများသည် မိသားစုအသက်မွေးဝမ်းကျောင်းအတွက် ဦးစားပေးရပြီး ကျေးရွာလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် အချိန် မရှိကြပါ။ တတိယအချက်မှာ အထက်တွင် ညွှန်းဆိုခဲ့သည့်အတိုင်းဆင်းရဲသောမိသားစုများက ဩဇာရှိသော ကျေးရွာ ခေါင်းဆောင်များသာ လွှမ်းမိုးသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ယုံကြည်မှုကင်းမဲ့ခြင်း၊ ဖယ်ကြဉ်ထားခြင်းခံရသည်ဟု ခံစားနေရခြင်းကဲ့သို့သော လူမှုဆိုင်ရာသိမ်ငယ်မှု မျိုးရှိနေခြင်းပင် ဖြစ်ပါသည်။ အောက်ပါ သာဓက (၁၇)တွင် ဖော်ထုတ်ထားသည့်အတိုင်း ဆင်းရဲသောမိသားစုများက ကျေးရွာကိစ္စများတွင် ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့် ၎င်းတို့အနေဖြင့် ဝန်ဆောင်မှုများ လက်ခံရရှိရာတွင် သိသာသော နောက်ဆက်တွဲ အကျိုးဆက်များ ရှိလာပါသည်။

## သာဓက(၁၄) ရှမ်းပြည်နယ်ကျေးရွာတစ်ရွာတွင်သမချေးငွေးအား ကျေးရွာရှိလူတစ်စုမှလွှမ်းမိုးချုပ်ကိုင်ခြင်း။

ရှမ်းပြည်နယ်မှ ကျေးရွာငယ်လေးတစ်ရွာတွင်မြို့နယ်အဆင့်သမဝါယမဘုတ်အဖွဲ့မှ ချေးငွေများ ရယူနိုင်ကြောင်း ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးက ကျေးရွာခေါင်းဆောင်အား ပြောပါသည်။ အဆိုပါချေးငွေအစီအစဉ်သည် ကျေးရွာအတွက် အသစ်အဆန်းဖြစ်နေသောကြောင့် ကျေးရွာခေါင်းဆောင်သည် ၎င်းနှင့် အနီးစပ်ဆုံးသူများကိုသာ ထိုအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့ပြီး လက်မှတ်ထိုးပေးသည့် ရွာသူရွာသား(၂၅) ဦးသာ ပါဝင်သည့် အဆိုပြုလွှာ တစ်ခုကို တင်ပြခဲ့ပါသည်။ ကျေးရွာခေါင်းဆောင်သည် အဆိုပါချေးငွေကို ရလာသောအခါ လက်မှတ်ထိုးရာတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စု (၂၅)စုအား ချေးငွေကို ခွဲဝေမပေးခဲ့ပါ။ ၎င်းနှင့် ကျေးရွာ ရပ်မိရပ်ဖသုံးဦးက ထိုရရှိလာသည့် ချေးငွေကျပ် (၂.၅)သန်း အား (လျှောက်ထားသူ ၂၅ ဦးအတွက် တစ်ဦးလျှင် ၁၀၀,၀၀၀ ကျပ်စီ) ခွဲဝေယူခဲ့ကြပါသည်။ ရပ်မိရပ်ဖသုံးဦးအနက် ကျေးရွာတွင် အလွတ်သဘောအားဖြင့် ဩဇာလွှမ်းမိုးမှု အရှိဆုံးရပ်မိရပ်ဖ တစ်ဦးက ကျပ်(၁,၀၀၀,၀၀၀) ကို ယူပြီးနောက် ကျန်ရှိသော ပုဂ္ဂိုလ်သုံးဦးမှာ (၄၀၀,၀၀၀)ကျပ်၊ (၅၀၀,၀၀၀)ကျပ်နှင့် (၆၀၀,၀၀၀)ကျပ်စီ ခွဲဝေယူခဲ့ကြပါသည်။ ထိုသို့ငွေကြေးများ ရယူရာတွင် ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေကြီးမားကြောင်း ယူဆထားကြပြီး ချေးငွေပြန် လည်ပေးဆပ်ရန် အခက်အခဲရှိပါက ၎င်းတို့ပိုင်ဆိုင်သည့် ကျွဲနွား သို့မဟုတ် မြေယာများကို ရောင်းချရမည် ဖြစ်ပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လက်မှတ်ထိုးရာတွင် ပါဝင်သည့် ကျန်ရှိသော ရွာသူရွာသား (၂၁)ဦးမှာ ရပ်မိရပ်ဖ လေးဦးတို့၏ ချေးငွေခွဲယူမှုကို သိရှိကြသော်လည်း တစ်ဦးတစ်ယောက်မျှ စောဒကတက် ပြောဆိုခြင်းမရှိကြပါ။ ကျေးရွာငယ်ဖြစ်ခြင်းကြောင့် ရွာသူရွာသားများသည် ကျေးရွာအတွင်း အဆက်အသွယ်များအလိုက် ချေးငွေခွဲယူခြင်းမှာ ကျေးရွာဓလေ့နှင့် ကိုက်ညီသည်ဟုယူဆကြပါသည်။

*"အစည်းအဝေးတွေမှာ ယောကျ်ားတွေက မိန်းမတွေကို သူတို့ရဲ့အမြင်တွေ၊ စိတ်ကူးတွေကို ဖော်ပြခွင့်ပေးတာ မဟုတ်ဘူး။ ယောကျ်ားတွေက မိန်းမတွေထက် အတွေးအခေါ်သာတယ်လို့ သူတို့ကိုယ်သူတို့ ထင်ကြတာ။"*

***- ချင်းပြည်နယ်၊လယ်သမားငယ် (အမျိုးသမီး) တစ်ဦး၊***

*"ဒီ UNDP စီမံကိန်းမတိုင်ခင်က မိန်းကလေးတွေက ကျေးရွာအစည်းအဝေးတွေဟာ သူတို့အရေးမဟုတ်ဘူးလို့ ထင်ခဲ့ကြတာ။ ဒါပေမယ့် အခုကတော့ ကျေးရွာအစည်းအဝေးတွေမှာ တက်ရောက်တဲ့သူအများစုက အမျိုးသမီး တွေပဲ။"*

***- ကျေးရွာရပ်မိရပ်ဖ တစ်ဦး/ အလယ်အလတ်လယ်သမား(အမျိုးသား) တစ်ဦး၊ ရှမ်းပြည်နယ်။***

ယောက်ျားမိန်းမခွဲခြားမှုသည် လူမှုရေးလုပ်ငန်းများအား ဦးဆောင်ရာတွင် အတားအဆီး တစ်ခုအဖြစ် ဆက်လက် တည်ရှိနေပါသည်။ ကျေးလက်ဒေသများစွာတွင် အမျိုးသမီးများ သည် လူမှုရေးအသိုင်းအဝိုင်းတွင် ပါဝင်မှုအား ကောင်းသော်လည်း ကျေးရွာအဖွဲ့အစည်း များတွင် ခေါင်းဆောင်ပိုင်း၌ ပါဝင်ဆောင်ရွက်ခွင့် နည်းပါးနေဆဲဖြစ်ပါသည်။ ပြင်ပ အထောက်အပံ့များ (အထူးသဖြင့် အသေးစားချေးငွေနှင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ စီမံကိန်းများ) စတင်ဝင်ရောက်လာခြင်းကြောင့် ကျေးရွာဖွဲ့စည်းပုံများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လာရေးကို ထပ်မံတွန်းအားပေးနေပါသည်။ အချို့နေရာများတွင် အမျိုးသမီး များကို အထူးဦးတည်သော စီမံကိန်းများ သို့မဟုတ် စီမံကိန်းဖွဲ့စည်းပုံတွင် အမျိုးသမီးများ အတွက် သီးသန့်ရာထူးနေရာများ ခွဲဝေသတ်မှတ်ခြင်းကို လိုအပ်ချက်တစ်ခုအဖြစ် သတ်မှတ် ထားသော စီမံကိန်းများလည်း ရှိပါသည်။ အထက်တွင် ညွှန်းဆိုခဲ့သည့်အတိုင်း အချိန်ကြာ လာသည်နှင့်အမျှ ပို၍ကျယ်ပြန့်သော ကျေးရွာအစည်းအဝေး၊ တွေ့ဆုံပွဲများနှင့် ပတ်သက်၍ အမျိုးသမီးများ၏ အမြင်များလည်း ပြောင်းလဲလာမည်ဖြစ်ပါသည်။ သို့သော် ထိုအပြောင်း အလဲ တွေ့ရှိရသည့် ကျေးရွာများတွင်ပင် အစည်းအဝေးများ၌ အမျိုးသမီးများ ပါဝင်မှုပိုများ လာခြင်းသည်ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်ပိုမိုလွှမ်းမိုးနိုင်စွမ်းရှိခြင်းနှင့်များစွာ ဆက်စပ်မှု မရှိပေ။

> "*ကျေးရွာအုပ်ချုပ်ရေးမှူးလုပ်ရတာမလွယ်ပါဘူး။ တခြားသူတွေ ကိုယ့်ကိုမုန်းတာလည်း မလိုချင်ဘူး။*"
>
> - ***ရှမ်းပြည်နယ်မှ ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း/အလယ်အလတ်လယ်သမား (အမျိုးသား)တစ်ဦး။***

ယခုအပြောင်းအလဲသည် တိကျခိုင်မာသောလားရာတစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာ မသိနိုင် သေးသော်လည်း ကျေးရွာ အဆင့်လူမှုရေးစည်းလုံးမှုများ အားနည်းလာသည့် ညွှန်ပြမှု အချို့ ရှိနေပါသည်။ ရွှေ့ပြောင်းလုပ်ကိုင် ဆောင်ရွက်မှုတိုးလာခြင်း သို့မဟုတ် ကျေးရွာဘဝ ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုမှုများလာခြင်းနှင့်အတူ ကျေးရွာ ခေါင်းဆောင်များ၏လုပ်ပိုင်ခွင့်နည်းလာခြင်းတို့ကြောင့်စုပေါင်းလုပ်ငန်းများတွင်ရွာသူရွာသား များအား ပူးပေါင်းပါဝင်လာစေရန်အတွက် စည်းရုံးလှုံ့ဆော်ရာတွင် ယခင်ကာလထက် ပိုမိုခက်ခဲလာသည့် ညွှန်ပြချက်အချို့ကို တွေ့ရှိရပါသည်။ သာဓက (၁၅)တွင် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ စုပေါင်းလုပ်ဆောင်မှုအားနည်းလာသည့် အလားအလာကို ပိုမိုပေါ်လွင်စေသည့် သာဓကတစ်ခုကို ဖော်ပြထားပါသည်။

## သာဓက (၁၅) ရခိုင်ပြည်နယ်တွင် ကျောင်းတည်ဆောက်ရန် ရွာသူရွာသားများအား စည်းရုံး လှုံ့ဆော်ခြင်း

ရခိုင်ပြည်နယ်တွင် လွန်ခဲ့သော (၇) နှစ်က ငါးဖမ်းလုပ်သားတစ်စုသည် ကျေးရွာအသစ်တစ်ရွာကို တည်ထောင်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကျေးရွာကြီးထွားလာသည်မှာ ယနေ့တွင် အိမ်ထောင်စု (၆၀) ရှိနေပြီဖြစ်ပါသည်။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ နိမ့်ကျနေပြီး မကြာသေးမီအချိန်အထိ အနီးအနားတွင် အစိုးရစာသင်ကျောင်းပင် မရှိသေးပေ။ ၂၀၁၁ခုနှစ်တွင် ကျေးရွာအုပ်ချုပ်ရေးကော်မတီသည် ၎င်းတို့ကိုယ်တိုင် ကျောင်းရန်ပုံငွေထားရှိနိုင်ရန် အဆိုပြုခဲ့ကြပြီး ဒေသခံ ငါးဒိုင်တစ်ခုနှင့် သဘောတူညီမှုတစ်ခုပြုလုပ်ခဲ့ပါသည်။ ကျေးရွာရှိ ငါးဖမ်းလုပ်သားအားလုံးက ၎င်းတို့ဖမ်းမိသည့် ငါးအားလုံးကို ထိုငါးဒိုင်သို့လျှော့ဈေးဖြင့် ရောင်းချရမည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ထိုငါးဒိုင်သည် ကျောင်းအတွက် ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကျောင်းဆောင်ဆောက်လုပ်ပြီးစီးခဲ့ပြီး ကုန်ကျစရိတ်မှာ ကျပ်(၂.၅)သန်း ဖြစ်ပါသည်။ ကျေးရွာခေါင်းဆောင်များသည် ၎င်းတို့၏ကျောင်းအား အစိုးရအသိအမှတ်ပြုဖြစ်ရန် မြို့နယ်ပညာရေးမှူးရုံးသို့ လေးကြိမ်လျှောက်ထားခဲ့ပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အထောက်အပံ့များစွာ မရရှိခြင်းကြောင့် ရွာသူရွာသားများကိုယ်တိုင် မြို့နယ်အရာရှိများကို စည်းရုံးပြောဆိုကြရပါသည်။ ထိုသို့ လျှောက်ထားရာတွင် ကုန်ကျစရိတ်ကာမိစေရန် အိမ်ထောင်စုတစ်ခုမှတစ်ထောင်ကျပ်ထည့်ဝင်ခဲ့ရပါသည်။ ၂၀၁၄ခုနှစ်၊ဖေဖော်ဝါရီလတွင် အစိုးရက အဆိုပါကျောင်းကို အသိအမှတ်ပြုခဲ့ပါသည်။ မရှေးမနှောင်းမှာပင် အစိုးရဆရာ/ဆရာမသုံးဦး ကျောင်းသို့ ရောက်ရှိလာပါသည်။ ကျောင်းဆရာ/ဆရာမများနေထိုင်ရန် (၃၀,၀၀၀) ကျပ်ဖြင့် အိမ်တစ်လုံး ငှားပေးခဲ့ပြီး အိမ်ငှားရမ်းခတစ်ဝက်ကို ကျေးရွာမှ ထောက်ပံ့ပေးခဲ့ပါသည်။ ထို့အပြင် ဆရာ/ဆရာမများကို ဆန်ထောက်ပံ့ရန် ကျေးရွာအတွင်း အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ပေးပါသည်။

လွန်ခဲ့သောနှစ် အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်ရက်အပြီး ဆရာ/ဆရာမများ ကျောင်းသို့ ပြန်လည် ရောက်ရှိသောအခါ အိမ်ပိုင်ရှင်နှင့် အငြင်းပွားမှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ ထိုပြဿနာကို ဖြေရှင်းရန် ကျေးရွာခေါင်း ဆောင်များက ငါးဒိုင်အဖွဲ့နှင့် ယခင်ကကဲ့သို့ အစီအမံဖြင့် ငွေကျပ် (၁.၅)သန်း စုဆောင်းပြီး ဆရာ/ဆရာမများနေထိုင်ရန် အိမ်သစ်တစ်လုံး ဆောက်လုပ်ပေးခဲ့ပါသည်။

*"ရွာသားတွေက ကုန်သည်တွေကို ဈေးလျှော့ပြီး မရောင်းချင်ကြတော့ဘူး။ သူတို့ကိုအဲဒီလိုလုပ်အောင် အများကြီး ရှင်းပြရတယ်။ သူတို့ကို နားဝင်အောင်သဘောပေါက်အောင်ပြောဖို့အင်မတန်ခက်တယ်။ရွာမှာငွေကြေးအခက်အခဲရှိလာရင်တော့ ဒီနည်းကိုပဲ ဆက်သုံးရမှာပဲ။ မဟုတ်ရင်တော့ အဲဒီနည်း*

*မသုံးပါဘူး။"*

အထက်တွင် ညွှန်းဆိုထားသည့်အတိုင်း ကျေးရွာတွင် ကျောင်းတည်ဆောက်နိုင်ခဲ့သော်လည်း ဤနည်းလမ်းဖြင့် ဆက်လက်ထောက်ပံ့ပေးရန် ကျေးရွာခေါင်းဆောင်များက ရွာသူရွာသားများအား ပြောဆိုစည်းရုံးရာတွင် အခက်အခဲများ ရှိလာပါသည်။

## ကျေးရွာအုပ်ချုပ်ရေးစနစ်

*"ကျေးရွာဥက္ကဋ္ဌတွေက ကောင်းတာရှားတယ်။ ပြီးတော့ ကောင်းတဲ့ကျေးရွာဥက္ကဋ္ဌကလည်း တကယ့်ကိုရှားပါတယ်။"*

***- မကွေးတိုင်းဒေသကြီးမှ ကျေးရွာရပ်မိရပ်ဖတစ်ဦး။***

ဒေသတွင်း ခေါင်းဆောင်မှုအရည်အသွေးသည် လူမှုဆက်ဆံရေးများအား လွှမ်းမိုးရာတွင် အလွန်အရေးပါသည်။ ကျေးရွာစုပေါင်းကောင်းကျိုးအတွက် ရွာသူရွာသားများအား လှုံ့ဆော်စည်းရုံးရာတွင်လည်းကောင်း၊ လူမှုဆက်ဆံရေး ကို သက်ရောက်မှုရှိသော ပြဿနာများကို ကျော်လွှားရာတွင်လည်းကောင်း၊ ကျေးရွာအတွင်း လက်ဝါးကြီးအုပ်ခြင်း သို့မဟုတ် ပြိုင်ဆိုင်မှုများဖြင့် ဆက်ဆံရေးများ ပြိုကွဲစေရာ၌ လည်းကောင်း၊ ဒေသတွင်းခေါင်းဆောင်မှု အခန်းကဏ္ဍသည် အဓိကအချက်ဖြစ်ကြောင်း ဤအစီရင်ခံစာ၏ သာဓကဖြစ်ရပ်များစွာဖြင့် မီးမောင်းထိုးဖော်ပြထား ပါသည်။


ကျေးရွာအဆင့် အုပ်ချုပ်ရေး အစီအမံများနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ အပြောင်းအလဲများက ကျေးရွာအဆင့် ခေါင်းဆောင်မှုအပေါ် ကြီးမားစွာ သက်ရောက်မှု ရှိခဲ့ပါသည်။

သုတေသနကာလတစ်လျှောက်၌ ကျေးရွာဖွဲ့စည်းပုံများတွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအတွင်း ပေါ်ပေါက်လာသည့် ပြဿနာများကို ဖြေရှင်းရန် ကျေးရွာအဆင့် လုပ်ပိုင်ခွင့်လည်း လျော့နည်းလာပါသည်။ QSEM 1 သုတေသနတွင် တရားဝင်နှင့် အလွတ်သဘော အဖွဲ့အစည်းများစွာကို ဖော်ထုတ်ထားခဲ့ပါသည်။ ကျေးရွာအားလုံးတွင် အများဆုံးတွေ့ရသည်မှာ ကျေးရွာအုပ်ချုပ်ရေးနှင့် ဘာသာရေးအဖွဲ့အစည်းများ ဖြစ်ပါသည်။ ကျေးရွာအများစု တွင်လည်း ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသည့် ကျောင်း၊ လျှပ်စစ် သို့မဟုတ် ရေရရှိရေးကော်မတီ သို့မဟုတ် နာရေးကူညီမှုအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုရှိကြပါသည်။ QSEM 1 ကာလတွင် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စုပေါင်းလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေသော ကျေးရွာအဆင့် အရေးအပါဆုံး အဖွဲ့အစည်းဖြစ်ပါသည်။ ကျေးရွာရပ်မိရပ်ဖများပါဝင်သော အလွတ်သဘော အဖွဲ့အစည်းများသည် လူမှုရေးနှင့် ဘာသာရေးကိစ္စများကို ဦးစားပေးဆောင်ရွက်လေ့ရှိပြီး ဖြည့်စွက်ကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ၂၀၁၂ ခုနှစ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းလိုက်သည့် အပြောင်းအလဲများကြောင့် ထိုအဖွဲ့အစည်းများ၏ အရေးပါမှုများမှာ ပြောင်းလဲသွားပါသည်။ ဤအစီရင်ခံစာတွင် ထိုအပြောင်းအလဲများနှင့် ထိုအပြောင်းအလဲများကြောင့် ရွာသူရွာသားများအပေါ် နောက်ဆက်တွဲသက်ရောက်မှုများကို သရုပ်ခွဲဆန်းစစ်တင်ပြထားပါသည်။

## ခေါင်းဆောင်မှုနေရာများ အပြောင်းအလဲဖြစ်ပေါ်ခြင်း

ပထမဦးစွာ အကြောင်းအရာပိုင်းအနေဖြင့် အောက်ပါပုံ(၁၂)တွင် သုတေသနအကြိမ်အလိုက် ခေါင်းဆောင်မှု အပြောင်း အလဲများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဤပုံအရကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဝက်နီးပါးကို ရွေးချယ်တင်မြှောက်သည့် စနစ်ဖြင့် အစားထိုးခဲ့ကြောင်း QSEM 3 နှင့် QSEM 4 တို့တွင် တွေ့ရှိခဲ့ရပါသည်။[36] အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲနောက်ပိုင်းတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို အစားထိုးမှု အလွန်နည်းပါးပါသည်။ ပဥ္စမအကြိမ် QSEM ကာလတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (၃)ဦးကို အစားထိုးခဲ့ရာ အားလုံးမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ဖြစ်ပါသည်။ ထိုအစားထိုးမှုများမှာ နုတ်ထွက်ခြင်းကြောင့်ထက် မြို့နယ်အဆင့် အုပ်ချုပ်ရေးပိုင်း၏ ဆုံးဖြတ်ချက်များကြောင့်ဖြစ်ပါသည်။ ထိုသို့သော ကိစ္စရပ်များမှာ သုတေသနကာလ၏ ၂၀ရာခိုင်နှုန်း ကျော်အချိန်တွင် ကျင့်သုံးခဲ့သော ကျေးရွာအုပ်ချုပ်ရေးစနစ်များမှ ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးများတွင် ဖြစ်ပေါ်ခြင်းမရှိပါ။[37]

**ပုံ (၁၂) - သုတေသနအကြိမ်အလိုက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အပြောင်းအလဲ**[38]




ကျေးရွာအုပ်ချုပ်ရေးမှူး ခေါင်းဆောင်မှု အပြောင်းအလဲများကို ဝေးလံသော ဒေသများတွင် ပိုမိုတွေ့ရှိရပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တွင် QSEM 4 နှင့် QSEM 5 တစ်ကြိမ်စီတွင် ကျေးရွာအုပ်ချုပ်ရေးမှူး အပြောင်းအလဲမှာ အနည်းဆုံး တစ်ဝက်ခန့်ရှိပါသည်။ အခန်း(၁)နိဒါန်းပိုင်းရှိ ကျေးရွာနောက်ခံအကြောင်းအရာတွင် ဖော်ပြထားသည့် အတိုင်း ကျေးရွာတစ်ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးကို လုပ်ကိုင်ရန် ဒေသခံခေါင်းဆောင်

36. ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေက ပထမဦးဆုံးအကြိမ်အဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက် တင်မြှောက်ခြင်းကို ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်တင်မြှောက်ရာတွင် ကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်မှူးများသည် ၎င်းတို့လိုလားသော ကိုယ်စားလှယ်အတွက် မဲပေးရပါသည်။ ကိုယ်စားလှယ်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ ကိုယ်တိုင် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများမှ ဆယ်အိမ်မှူးများပင် ဖြစ်ကြပါသည်။

37. ရပ်ကွက် နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေပြဋ္ဌာန်းပြီးနောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနေရာမရှိတော့ကြောင်း သတိပြုရပါမည်။ သို့ရာတွင် ရွာသူရွာသားများ (နှင့်အုပ်ချုပ်ရေးမှူးများကိုယ်တိုင်)က တစ်စုံတစ်ဦးကို ကျေးရွာခေါင်းဆောင် (ဒေသအခေါ် အားဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ရာအိမ်မှူး) အဖြစ် မလွဲမရှောင်သာ အသိအမှတ်ပြုထားရပါသည်။

38. N သည် အကြိမ်တစ်ခုစီမှ QSEM သုတေသန ပြုလုပ်ရာ ကျေးရွာအရေအတွက်ကို ကိုယ်စားပြုသည်။ QSEM 2 နှင့် QSEM 3 သည် အကြိမ်တိုင်းတွင် ကျေးရွာနမူနာ၏ သုံးပုံနှစ်ပုံကို လွှမ်းခြုံခဲ့သည်။ QSEM 4 နှင့် QSEM 5 သည် ကျေးရွာအားလုံးကို လွှမ်းခြုံခဲ့သည်။ QSEM 4 သုတေသနတွင် QSEM 3တွင် ကျေးရွာခေါင်းဆောင် အပြောင်းအလဲ ပြုလုပ်သည်ဟု မှတ်တမ်း တင်ခဲ့သည့် ကျေးရွာ ၃၆ရွာ ပါဝင်ခဲ့ပြီး QSEM 4 တွင် ကျေးရွာခေါင်းဆောင် အပြောင်းအလဲ ပြုလုပ်သည်ဟု မှတ်တမ်းတင်ခဲ့သည့် ကျေးရွာ 18 ရွာ ပါဝင်ခဲ့သည်။ QSEM 1 တွင်မူ ကျေးရွာများသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ခဲ့သည့်အတွက် အပြောင်းအလဲများကို မှတ်သားထားခြင်း မရှိခဲ့ပေ။

တစ်ဦးကို ရွာသူရွာသားများက စည်းရုံးသိမ်းသွင်းခဲ့ရပါသည်။

## ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရာထူး၏ လုပ်ပိုင်ခွင့်သည် များစွာဆက်လက်ခိုင်မာ အားကောင်းနေဆဲဖြစ်ပါသည်။ ရွေးကောက်တင်မြှောက်သည့်ကာလတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အပြောင်းအလဲဖြစ်ပေါ်မှု များပြားခြင်းသည် ထိုရာထူးအတွက် ပြိုင်ဆိုင်မှုပြင်းထန်ခြင်းကို ပေါ်လွင်စေပါသည်။ ၂၀၁၃ ခုနှစ်မှစ၍ ရွေးကောက်တင်မြှောက်မှုများ မရှိတော့သော်လည်း သုတေသနအရ QSEM လေ့လာခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီး(၆) ခုလုံးတွင် ထိုရာထူးနေရာများသည် ခြွင်းချက်မရှိ အလွန်အမင်း ဩဇာလွှမ်းမိုးမှု ရှိလာပါသည်။ နောက်ဆုံး QSEM အစီရင်ခံစာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား တိုက်ရိုက်ရွေးချယ်၍ လစာထောက်ပံ့ပေးခြင်း၊ ကျေးရွာအတွင်း တိုးလာသော အစိုးရအထောက်အပံ့များအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ရသဖြင့် ဩဇာလွှမ်းမိုးမှုကြီးမားလာခြင်းတို့ကြောင့် ယခုကဲ့သို့ရာထူးအတွက် ယှဉ်ပြိုင်မှု ကြီးမားလာခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ လယ်ယာမြေအုပ်ချုပ်မှု ကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီကဲ့သို့သော ကျေးရွာအဖွဲ့အစည်းများသည်လည်း ပို၍အရေးပါလာပြီး ထိုကော်မတီဝင်များအဖြစ် ကျေးရွာပြည်သူများအားခန့်အပ်ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ဩဇာသက်ရောက်မှုရှိခြင်းမှာလည်း အခြားအကြောင်းအချက် တစ်ရပ် ဖြစ်ပါသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေ ပြဋ္ဌာန်းလိုက်ပြီးနောက် ကျေးရွာဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲမှုသည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံတွင် စုစည်းရောက်ရှိသွားပါသည်။

နောက်ဆုံးအကြိမ်သုတေသနတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်အာဏာကို ပိုခိုင်မာလာစေသည့် အခြားအချက်များစွာကိုလည်း ထပ်မံဖော်ထုတ်ထားပါသည်။ ပထမဦးဆုံး အချက်မှာ ယခင်က ကျေးရွာအုပ်ချုပ်ရေးမှူးများအဖြစ် သတ်မှတ်ထားသည့် ကျေးရွာခေါင်းဆောင်များသည် ကျေးရွာကိုယ်စား တရားဝင်ဆောင်ရွက်လုပ်ကိုင်ပေးနိုင်ခြင်းမရှိတော့ပါ။ ဥပမာအားဖြင့် မှတ်ပုံတင်ပြုလုပ်ရန် ထောက်ခံစာပေးခြင်း၊ မြေအရောင်းအဝယ်ကိစ္စများတွင် ထောက်ခံစာပေးခြင်း သို့မဟုတ် အလားတူကိစ္စများတွင် တရားဝင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ပေ။ အဆိုပါ ဖြစ်ရပ်များသည် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့ပြနှင့် နီးသောဒေသများတွင် ပိုမိုတွေ့ရှိရပါသည်။ အလားတူပင် ထိုဒေသများတွင် ယခုအခါ ကျေးရွာခေါင်းဆောင်များကို ရွာသူရွာသားများက ဆယ်အိမ်မှူးများမှတစ်ဆင့် ရွေးချယ်ခြင်းမဟုတ်တော့ဘဲ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကိုယ်တိုင် ရွေးချယ်ခန့်အပ်ခြင်း ဖြစ်ပါသည်။ ဤအပိုင်း၏ ကျေးရွာနောက်ခံ အကြောင်းအရာတွင် ဖော်ပြထားသည့်အတိုင်း ကျေးရွာခေါင်းဆောင်များသည် ရွာသူရွာသားများကိုယ်စား ဆောင်ရွက်လုပ်ကိုင်ခြင်းမျိုး မဟုတ်တော့ဘဲ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုယ်စားလုပ်ကိုင်ပေးခြင်းမျိုး ဖြစ်လာပါသည်။ နောက်ဆုံးအချက်မှာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ကျေးရွာနှင့် မြို့နယ်များကို ဆက်သွယ်ပေးသော အဓိကကြားခံပုဂ္ဂိုလ်များ ဖြစ်လာပြီး ကျေးရွာသို့ သတင်းစီးဆင်းမှုကို ပို၍ ထိန်းချုပ်လာပါသည်။ နောက်ပိုင်းတွင် ဆွေးနွေးထားသည့်အတိုင်း ထိုသို့ဖြစ်ပေါ်နေခြင်းကြောင့် ရွာသူရွာသားများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက အချို့ကျေးရွာများကို ပိုအခွင့်အရေးပေးသည်ဟူသော အမြင်များကို ဖြစ်လာစေပါသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ပိုင်ခွင့်ပိုလာခြင်းသည် ၎င်းတို့အတွက် အန္တရာယ်ဖြစ်လာနိုင်သည့် အကြောင်း မှာလည်းများပြားလာစေပါသည်။ သာဓက (၁၆)တွင် ထင်ဟပ်ဖော်ပြထားသကဲ့သို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်ကြီးမားလာကြောင်း မီးမောင်းထိုးဖော်ပြနိုင်သည့် အခြားနည်းလမ်းတစ်ခုမှာ ၎င်းတို့လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို တရားဝင်ရေးသားဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ ကျေးရွာအုပ်စုအတွင်း ရွာသူရွာသားများအားလုံးကိုယ်စား MADB ချေးငွေနှင့် ပတ်သက်၍ ခြုံငုံတာဝန်ရှိသူ ဖြစ်လာပါသည်။ လွန်ခဲ့သောနှစ်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ၎င်း၏တာဝန်ဝတ္တရားများကို ခွဲဝေပေးနိုင်ခြင်းကြောင့် ချေးငွေပမာဏနှင့် ချေးငွေရယူသည့် အတိုင်းအတာမှာ သိသိသာသာ နည်းပါးသွားခြင်းကြောင့် ၎င်းအတွက် အန္တရာယ်မှာလည်း လျော့နည်းသွားပါသည်။

## သာဓက (၁၆) ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးသည် MADB ချေးငွေအတွက် တာဝန်ယူသည်

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးသည် ကျေးရွာအုပ်စုရုံးစိုက်သည့် ကျေးရွာအတွင်း မဟုတ်သော်လည်း QSEM လေ့လာမှု ဆောင်ရွက်သည့် ကျေးရွာတစ်ရွာတွင် နေထိုင်ပါသည်။ ၂၀၁၄ခုနှစ် ဖွန်လနှင့် ဇူလိုင်လတွင် ကျေးရွာအုပ်စုအတွင်းမှ ရွာသူရွာသားများသည် MADB မှ ချေးငွေများ ထုတ်ယူခဲ့ကြပြီး အဆိုပါ ချေးငွေများကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။ ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာ(၆)ရွာ၏ စုစုပေါင်းချေးငွေမှာ ကျပ်သိန်းတစ်ရာဖြစ်ပါသည်။ သို့သော် ရာသီဥတု ဆိုးရွားခြင်းကြောင့် လယ်သမားများစွာသည် ချေးငွေကို အချိန်မီ ပြန်မဆပ်နိုင်ဖြစ်ခဲ့ပါသည်။ ထိုသို့ ချေးငွေပြန်လည်မပေးဆပ်နိုင်ခြင်းကြောင့် မျိုးစေ့နှင့် မြေသြဇာဝယ်ယူရန် ချေးငွေထပ်မံမရရှိနိုင်တော့ဘဲ လယ်သမားများ၏ နွေစပါးစိုက်ပျိုးနိုင်မည့် အခြေအနေကို ထိခိုက်လာနိုင်ပါသည်။

ထိုအချိန်တွင် ကျေးရွာအုပ်စုအတွင်း ချေးငွေပြန်ဆပ်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ တာဝန်ဖြစ်လာပါသည်။ မြို့နယ်တွင် ၎င်း၏ဂုဏ်သိက္ခာ ထိခိုက်မည်စိုးရိမ်သောကြောင့် အရေးယူဆောင်ရွက်ရပါသည်။ ၎င်းသည် မြို့နယ်ရှိ ချမ်းသာသည့် မိတ်ဆွေတစ်ဦးအား ဆက်သွယ်၍ အတိုးနှုန်း (၃)ရာခိုင်နှုန်းဖြင့် ကျပ်သိန်းတစ်ရာကို ချေးယူခဲ့ပါသည်။ ထိုကျပ်သိန်းတစ်ရာဖြင့် MADB အား ချေးငွေ ပေးဆပ်ခဲ့ပြီး လယ်သမားများက ၎င်းအပေါ် အကြွေးတင် ကျန်ခဲ့ပါသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အရေးယူဆောင်ရွက်မှုရလဒ်အနေဖြင့် ရွာသူရွာသားများသည် နွေစပါးအတွက် ချေးငွေထပ်မံချေးယူနိုင်ခဲ့ပါသည်။ သို့သော် ယနေ့အထိ ရွာသူရွာသားအနည်းငယ်သာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အကြွေးပြန်ဆပ်ကြခြင်း

ကြောင့် ၎င်းသည် မိတ်ဆွေထံတွင် အကြွေးများစွာ တင်ကျန်နေပါသေးသည်။

## ကျေးရွာအုပ်ချုပ်ရေးမှူး

*"ကျေးရွာအုပ်ချုပ်ရေးမှူးဆိုတာ သူများကောင်းကျိုးအတွက် အလုပ်လုပ်ပြီး မိန်းမချက် ကျွေးတဲ့ ထမင်းကိုစားနေရတာ။"*
***- ရှမ်းပြည်နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး/အလယ်အလတ် လယ်သမား (အမျိုးသား) တစ်ဦး။***

ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သြဇာလွှမ်းမိုးမှုသည် လိုက်လျောညီထွေ လျော့နည်းလာရပါသည်။ ၂၀၁၂ ခုနှစ် ဥပဒေတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးကို ဖယ်ရှားခဲ့ပြီး ဆယ်အိမ်မှူးများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ သာကျန်ရှိပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖများ၏ သီးခြားလုပ်ငန်းတာဝန်များကို တရားဝင်ပြဌာန်းထားပါသည်။ အပြင်ပန်းအားဖြင့် QSEM ကျေးရွာအားလုံးတွင် တစ်ပြေးညီ တွေ့ရှိရသည့်အချက်မှာ ကျေးရွာတစ်ရွာချင်းအတွက် ရွာသူရွာသားများက ကျေးရွာခေါင်းဆောင်တစ်ဦး (များသောအားဖြင့် အမျိုးသား) ကို ရွေးချယ်ထားကြပါသည်။ သို့သော် တကယ့် လက်တွေ့တွင်မူ ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးအား ဖယ်ရှားလိုက်ခြင်းသည် QSEM ဒေသ အားလုံးတွင် နည်းနှစ်နည်းဖြင့် ထင်ထင်ရှား ဖြစ်ပေါ်လာပါသည်။

ကျေးရွာသူရွာသားများ အနေဖြင့် ကျေးရွာအဆင့် ခေါင်းဆောင်တစ်ဦး လိုအပ်သည်ဟု ထင်မြင်ကြဆဲဖြစ်ပါသည်။ အထူးသဖြင့် ဝေးလံသောဒေသများတွင် ဖြစ်ပါသည်။ သို့ရာတွင် ယင်းတာဝန်ကို ထမ်းရွက်ရန် စိတ်ဝင်စားမှုမှာ သိသာစွာ လျော့နည်းလျက်ရှိပါသည်။

ပထမဦးဆုံးနည်းလမ်းမှာ အဓိကပိုကျသောနေရာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးအား ဖယ်ရှားခြင်းသည် တစ်ဖြည်းဖြည်း လက်တွေ့ဖြစ်လာသည်။ ဧရာဝတီ၊ မန္တလေးနှင့် မကွေး တိုင်းဒေသကြီးရှိ ဒေသအများစုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သြဇာသက်ရောက်မှုမှာ လက်တွေ့တွင် နည်းလာကြောင်း သုတေသီများက မှတ်သားခဲ့ရပါသည်။ ရွာသူရွာသားများသည် ၎င်းတို့ဒေသအတွက် ခေါင်းဆောင်တစ်ဦးကို ရွေးချယ်နိုင်သေးသော်လည်း အုပ်ချုပ်ရေးကိစ္စများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုသာ တဖြည်းဖြည်း ပို၍ အားထားလာရပါသည်။ ဤအခန်း၏ အစပိုင်းရှိ ကျေးရွာနောက်ခံအကြောင်းအရာတွင် ထိုသို့ဖြစ်ပေါ်လာပုံကို နမူနာ ဖော်ပြထားပါသည်။ သုတေသီများက ထိုဒေသများတွင် ထိုသို့သော ပြောင်းလဲမှုများ ပို၍တွေ့ရှိရခြင်းမှာ အပြန်အလှန်ဆက်စပ်လျက်ရှိသည့် အကြောင်းရင်း နှစ်ချက်ကြောင့်ဖြစ်ကြောင်း ကောက်ချက်ဆွဲခဲ့ကြပါသည်။ ပထမအချက်မှာ ထိုဒေသအတွင်း ကျေးရွာများသည် ယေဘုယျအားဖြင့် တစ်ရွာနှင့်တစ်ရွာ သွားလာဆက်ဆံရေး ပိုမိုလွယ်ကူခြင်းကြောင့် ကျေးရွာအုပ်စုအုပ်ရေးမှူးရုံး သို့မဟုတ် နေအိမ်သို့ အလွယ်တကူ သွားရောက်နိုင်ခြင်း ဖြစ်ပါသည်။ ဒုတိယအချက်မှာ ရွာသူရွာသားများသည် ကျေးလက်ဒေသရှိ အစိုးရအုပ်ချုပ်ရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး အဆက်အသွယ်ကောင်းများရှိခြင်းတို့ကြောင့်အရေးကြီးပါက ကျေးရွာအုပ်ချုပ်ရေးမှူးအား ပထမဦးဆုံးအနေဖြင့် မှီခို အားကိုးမှု လျော့နည်းလာခြင်းပင် ဖြစ်ပါသည်။

သို့သော် ကျေးရွာများစွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးသည် ရွာသူရွာသားများ၏ အမြင်၌ အလွန်အရေးပါနေဆဲဖြစ်ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အရာရှိများ၏ ရှုထောင့်မှကြည့်လျှင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ကဏ္ဍသည် မှေးမှိန်နေသော်လည်း ကျေးရွာများစွာတို့ရှိ ရွာသူရွာသားများ၏ အမြင်မှာမူ ၎င်း၏ အခန်းကဏ္ဍသည် အလွန်အရေးပါဆဲဖြစ်ပါသည်။ ချင်း၊ ရခိုင်၊ရှမ်းပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ကျေးရွာအများအပြားတွင် ထိုသို့ပင်ဖြစ်ပါသည်။ ရွာသူရွာသားများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးက မည်မျှ အရေးပါပုံကို သာဓကများစွာတွင် တွေ့ရှိနိုင်ပါသည်။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ရှမ်းပြည်နယ်မှ ရွာသူရွာသားများသည် အုပ်ချုပ်ရေးမှူးရာထူး ထမ်းဆောင်မည့် ပုဂ္ဂိုလ်အား စားဝတ်နေရေးအတွက် ငွေကြေး သို့မဟုတ် လယ်မြေများထောက်ပံ့ပေးထားပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် အခြားသာဓကများမှာ ရခိုင်ပြည်နယ်တွင် ကျောင်းဆောက်လုပ်ရေးအတွက် စည်းရုံးလုပ်ဆောင်သည့် အုပ်ချုပ်ရေးမှူး (သာဓက-၁၅)၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သမဝါယမချေးငွေများကို လက်ဝါးကြီးအုပ်သည့် ရှမ်းပြည်နယ်မှ အခွင့်ထူးခံအုပ်စု (သာဓက-၁၄) စသည်တို့ ဖြစ်ပါသည်။

သို့သော် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်မှာ လျော့နည်းလာပါသည်။ ကျေးရွာခေါင်းဆောင်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အစဉ်အလာအားဖြင့် ရွာသူရွာသားများ၏ လေးစားမှု သို့မဟုတ် လက်ခံမှု၊ ကျေးရွာကို ကိုယ်စားပြုမည့် ကတိကဝတ်၊ ပြင်ပအဖွဲ့အစည်းများ (အထူးသဖြင့် မြို့နယ်အရာရှိများ) နှင့် အဆက်အသွယ်ကောင်းမွန်မှု၊ ရွာသူရွာသားများက လိုအပ်သောအခါ ဆုံးဖြတ်ပေးနိုင်မှု စသည့် အချက်အားလုံးအပေါ် မူတည်နေပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်များပြားလာခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ တရားစီရင်ပေးနိုင်မှုနှင့် ပြင်ပအဆက်အသွယ်များအပေါ် လွှမ်းမိုးနိုင်စွမ်းကို အကန့်အသတ် ဖြစ်လာစေပါသည်။ ဒေသများစွာတွင် ယခုကဲ့သို့ဖြစ်လာခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရွာသူရွာသားများ၏ လုပ်ငန်းများကို အလေးပေးဆောင်ရွက်ခြင်းနှင့် အားစိုက် ဆောင်ရွက်ပေးခြင်းများ မရှိတော့ကြောင်း ရွာသူရွာသားများက ညည်းညူကြပါသည်။

## အခြားကျေးရွာအဖွဲ့အစည်းများ

*"လူငယ်တွေအနေနဲ့ အသက်က ငယ်သေးတော့ အုပ်ချုပ်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ဖို့ မဖြစ်နိုင်သေးဘူး။"*

***- ချင်းပြည်နယ်မှ လူငယ်ခေါင်းဆောင်/လယ်သမားငယ်(အမျိုးသား)တစ်ဦး။***

လွန်ခဲ့သော သုံးနှစ်ခန့်အတွင်း အခြားကျေးရွာအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေပါသေးသည်။ ပထမဦးဆုံးအချက်မှာ QSEM သုတေသနမတိုင်မီ တည်ရှိနေခဲ့သော ကျေးရွာအဆင့်အဖွဲ့များသည် ယနေ့အချိန်အထိ ပြောင်းလဲမှု အနည်းငယ်သာ ရှိပါသည်။ QSEM 1 တွင် ကျေးရွာအဆင့်၌ တည်ရှိနေသော အဖွဲ့အစည်း အမျိုးအစားများကို မှတ်တမ်းတင်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှအပ တွေ့ရှိခဲ့ရသည့် အခြားအဖွဲ့များမှာ

ကူညီထောက်ပံ့ရေးအဖွဲ့များ၊ သီးခြားရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသောအဖွဲ့များ၊ ထုံးတမ်းအစဉ်အလာအရ ဖွဲ့စည်းထားသည့် ကျေးရွာရပ်မိရပ်ဖအဖွဲ့များ၊ လူငယ်အဖွဲ့များနှင့် ဘာသာရေးအဖွဲ့များ စသည်တို့ ပါဝင်ပါသည်။ သုတေသနကာလတစ်လျှောက် ထိုအဖွဲ့များ၏ အခန်းကဏ္ဍ ကျယ်ပြန့်လာသည့် သို့မဟုတ် ပို၍ ဩဇာ သက်ရောက်လာသည့် သာဓက အထောက်အထား အနည်းငယ် သာတွေ့ရှိခဲ့ရပါသည်။

ရခိုင်ပြည်နယ်မှအပ ကျန်ဒေသများတွင် ကျေးရွာရပ်မိရပ်ဖများ၏ အခန်းကဏ္ဍသည် တက်ကြွမှု အားနည်းလာသည့် ညွှန်ပြမှုများ ရှိနေပါသည်။ မှတ်တမ်းတင်ရန် ခက်သော်လည်း ဒေသအများစုတွင် ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုများကို မြင်တွေ့ရမှု နည်းလာကြောင်း သုတေသီများက မှတ်သားခဲ့ပါသည်။ အတိတ်ကာလက ဩဇာလွှမ်းမိုးသော အခွင့်ထူးခံအုပ်စုတစ်စုသည် စုပေါင်း၍ လူမှုရေးနှင့် ဘာသာရေးကိစ္စများ စီမံဆောင်ရွက်သည့်အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း အကြံဉာဏ်ပေးကြပါသည်။ ယခုအခါ ထိုအခန်းကဏ္ဍသည် အဖွဲ့အစည်းအနေဖြင့် စနစ်တကျ ဆောင်ရွက်မှု အားနည်းလာပြီး တစ်ဦးချင်း ဆောင်ရွက်မှုများလာခြင်းကြောင့် အားလုံးစုပေါင်းထားသည့် အစုအဖွဲ့ထက်သီးခြားတစ်ဦးချင်းအပေါ် မှီခိုမှုပိုများလာပါသည်။ ရခိုင်ပြည်နယ်မှ မြို့နယ်တစ်ခု၏ သာဓကမှာ ခြွင်းချက်ဖြစ်ပါသည်။ ထိုမြို့နယ်တွင် နှစ်ပေါင်းများစွာက ဒေသခံလူထုသည် အသေးစားချေးငွေလုပ်ငန်းတစ်ခုကို စတင်တည်ထောင်ခဲ့ကြပြီး ရွာသူရွာသားများအကြား လူသိများကာ ရပ်မိရပ်ဖများက ကြီးကြပ်ကွပ်ကဲပါသည်။ ထိုမြို့နယ်ရှိ QSEM ကျေးရွာသုံးရွာတွင် အဆိုပါလုပ်ငန်း ရှိပါသည်။ ထိုဆောင်ရွက်မှု အစီအမံ၏ ရလဒ်တစ်ခုမှာ ထိုမြို့နယ်ရှိ ရပ်မိရပ်ဖများသည် ၎င်းတို့၏ အစဉ်အလာအရ ဩဇာရှိမှုကို ဆက်လက်ထိန်းသိမ်းထားပြီး ဒေသအတွင်း အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ ကျေးရွာအဖွဲ့အစည်းများတွင် ပါဝင်သင့်သည့် ပုဂ္ဂိုလ်များကို ဆုံးဖြတ်ခြင်း စသည်တို့အတွက် တာဝန်ယူဆောင်ရွက်ဆဲ ဖြစ်ပါသည်။

သုတေသနအကြိမ်တိုင်းတွင် အဖွဲ့အစည်းအသစ်များ ဖွဲ့စည်းလာကြသော်လည်း အနည်းငယ်သာ ခိုင်မာလာကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော အပြောင်းအလဲများအပြင် ကျေးရွာအဖွဲ့အစည်းများ နှင့် ပတ်သက်၍ အသိသာဆုံး အပြောင်းအလဲတစ်ခုမှာ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ စတင်ဖွဲ့စည်းလာခြင်းပင်ဖြစ်ပါသည်။ ထိုကော်မတီများ၏ ရည်ရွယ်ချက်မှာ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် မြို့နယ်အုပ်ချုပ်ရေးကို အကြံဉာဏ်ပေးရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကျေးရွာ အုပ်ချုပ်ရေးကို အထောက်အပံ့ပေးရန် ဖြစ်ပါသည်။ QSEM 3 နှင့် QSEM 4 ကာလအတွင်း ဒေသအသီးသီးတွင် ထိုအဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့သော်လည်း ထိုသို့ဖွဲ့စည်းပြီးနောက် ကျေးရွာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသည့် ၎င်းတို့၏ အခန်းကဏ္ဍကို အနည်းငယ်သာ မြင်တွေ့ခဲ့ရပါသည်။

အလားတူပင် အခြေအနေအရ သင့်တော်သကဲ့သို့ ဖွဲ့စည်းထားသော အခြားအသင်းအဖွဲ့များစွာရှိပြီး အနည်းငယ်သာ ရေရှည်တည်တံ့ပါသည်။ သီးခြားကိစ္စများကို အလေးထား

ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သောအလားတူကော်မတီများ စွာရှိခဲ့ပါသည်။ ကျေးရွာများတွင် NGO စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို စီမံအုပ်ချုပ်ရန် ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ အောက်ပါ သာဓက (၁၇)တွင် အသေးစိတ်ဖော်ပြထားသည့် ရွာသူရွာသားများ ကိုယ်တိုင် အစပျိုးဖွဲ့စည်းထားသည့် အသင်းအဖွဲ့များလည်း ထိုကဲ့သို့သော အသင်းအဖွဲ့များပင် ဖြစ်ပါသည်။ အောက်ပါ သာဓကတွင် ဖော်ထုတ်ထားသည့်အတိုင်း ထိုအသင်းအဖွဲ့များသည် ရေရှည်တည်တံ့သည်မှာ ရှားပါးပါသည်။ မူလရည်မှန်းထားသည့် ပြဌာန်းချက်များအား ကျော်လွန်၍ ဆောင်ရွက်သည့် အသင်းအဖွဲ့ သို့မဟုတ် ကျေးရွာအရေးကိစ္စများတွင် ပိုမိုကျယ်ပြန့်စွာ လွှမ်းမိုးနိုင်ခဲ့သော အသင်းအဖွဲ့အချို့ကိုလည်း သာဓကအနေဖြင့် အနည်းငယ်တွေ့ရှိခဲ့ရပါသည်။

### သာဓက (၁၇) ချင်းပြည်နယ်ရှိ ကျေးရွာစာရင်းစစ်ကော်မတီသည် လုပ်ငန်းဆောင်ရွက်မှု ရပ်တန့်သွားသည်

၂၀၁၃ခုနှစ်၊ နှိဝင်ဘာလတွင် ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာသည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်ဖြင့် ကျေးရွာစာရင်းစစ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ဝင်များမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ CBO တစ်ခုမှ ဥက္ကဋ္ဌ၊ လူငယ်ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်ပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက NGO အဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံ၍ ထိုစိတ်ကူးကို အားပေးတိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်စာရင်းစစ် ဖွဲ့စည်းပုံများ ရှိပြီးဖြစ်သော NGO အမျိုးမျိုးမှ အထောက်အပံ့များစွာ ရရှိခဲ့ခြင်းကြောင့် အုပ်ချုပ်ရေးမှူးသည် ၎င်းတို့ကျေးရွာအတွင်း ငွေကြေးစီးဆင်းမှုနှင့် ကုန်ကျစရိတ်များကို စောင့်ကြည့်ရန် ကိုယ်ပိုင်အဖွဲ့အစည်းတစ်ခုရှိပါက သင့်လျော်မည်ဟု စိတ်ကူးရခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ကိုယ်တိုင်သည် အထောက်အပံ့စီမံကိန်းများမှ ငွေအကြေးအမြောက်အများ ရရှိခဲ့ဖူးခြင်း ကြောင့် ကျေးရွာစာရင်းစစ် ကော်မတီရှိခြင်းသည် ၎င်းအား လာဘ်စားမှုစွပ်စွဲချက်များကို အကာအကွယ်ပေးနိုင်မည်ဟု မြင်ကြောင်း ရွာသူရွာသားများက ယုံကြည်ကြပါသည်။

စာရင်းစစ်ကော်မတီ၏ ပြဌာန်းချက်မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် NGO မှ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၏ဘဏ္ဍာရေးကို ခြောက်လတစ်ကြိမ် စိစစ်ရန် ဖြစ်ပါသည်။ သို့သော် လက်တွေ့တွင်မူ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် စာရင်းစစ်တစ်ကြိမ်သာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံ CBO အဖွဲ့များ၏ ငွေကြေးသုံးစွဲမှုကိုသာ စစ်ဆေးနိုင်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် သဘောထားပြောင်းလဲသွားပြီး ၎င်း၏ ငွေစာရင်းများကို စစ်ဆေးမှုခံယူရန် ငြင်းပယ်ခဲ့ပြီး ရလဒ်အနေဖြင့် အခြားအဖွဲ့များလည်း အလားတူ ငြင်းဆန်ခဲ့ပါသည်။ ထို့ကြောင့် စာရင်းစစ်အဖွဲ့သည် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခဲ့ပါသည်။ ထိုရလဒ်များ ဖြစ်ပေါ်နေရခြင်းနှင့်ပတ်သက်၍

အမြင်အမျိုးမျိုး ကွဲပြားပါသည်။ အလွတ်သဘော ကျေးရွာခေါင်းဆောင်တစ်ဦးက ကျေးရွာရန်ပုံငွေများနှင့် ပတ်သက်၍ အသေးစား အလွဲသုံးစားမှုများ ရှိနိုင်ကြောင်း ထင်မြင်ချက်ပေးပါသည်။ ပို၍ ယေဘုယျကျသော ထင်မြင်ချက်မှာ CBO များနှင့် အခြားအဖွဲ့များသည် ခိုင်မာသော ငွေစာရင်းစနစ်များနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၏ နည်းလမ်းများမှာစနစ်တကျမလုပ်ထားခြင်း၊ ကုန်ကျစရိတ်များအား မှတ်တမ်းတင်မှု အားနည်းခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်ပင် စာရင်းစစ်ကော်မတီအား လုပ်ငန်းဆောင်ရွက်ခွင့်မပြုခြင်း ဖြစ်ကြောင်း ထင်မြင်ယူဆကြပါသည်။

## ထွက်ပေါ်လာသောသက်ရောက်မှုများ

> *"လူတွေက ဘုရားရုပ်တုကြီးမြင်တော့ ရုပ်တုကိုပဲ အာရုံပြုကြတာ၊ ဘုရားကို အာရုံပြုတာမဟုတ်ဘူး။ သက်န်းခြုံ ထားတဲ့ ဘုန်းကြီးမြင်ရင် သက်န်းကိုပဲ အာရုံစိုက်တာ၊ သံဃာရဲ့အနှစ်သာရကို အာရုံပြုတာမဟုတ်ဘူး။ ပြီးတော့ လူတွေက ကျေးရွာအုပ်စုတစ်ခုကို မြင်ရင် အခြားကျေးရွာတွေကို မကြည့်တော့ဘဲ အုပ်စုကျေးရွာကိုသာ အဓိကမြင်ကြတာဗျ။"*
> *မန္တလေးတိုင်းဒေသကြီးမှ ရပ်မိရပ်ဖ/လယ်သမားကြီး (အမျိုးသား) တစ်ဦး။*

မြန်မာနိုင်ငံကျေးလက်ဒေသတွင် အုပ်ချုပ်မှုစနစ်၏ သဘောသဘာဝ ပြောင်းလဲလာမှု ရလဒ်တစ်ခုအဖြစ် အပြန်အလှန် ဆက်စပ်နေသော လားရာသုံးခု ထွက်ပေါ်လာပါသည်။ ပထမအချက်မှာ 'သာမန်' ကျေးရွာများ (အုပ်စုကျေးရွာ မဟုတ်သော သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေထိုင်သည့် ကျေးရွာမဟုတ်သော ကျေးရွာများ) နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နေထိုင်သော ကျေးရွာများအကြား တန်းတူရည်တူ ဆက်ဆံမှုမရှိကြောင်း အမြင်များ ဖြစ်ပါသည်။[39] ဒေသအသီးသီတွင် 'သာမန်ကျေးရွာများ'မှ ရွာသူရွာသားများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နေထိုင်သည့် ကျေးရွာနှင့် နှိုင်းယှဉ်ပါက အခွင့်အရေးရရှိမှု နည်းပါးသည်ဟု ဆိုကြပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ၎င်းနှင့် ပို၍ပနံသင့်သော ကျေးရွာများသို့ အရင်းအမြစ်များ ရောက်ရှိရန် ဆောင်ရွက်ခြင်းမှာ ၎င်း၏ ကိုယ်ကျိုးစီးပွားပါဝင်နေခြင်းအပြင် သတင်းအချက်အလက်အပေါ် လွှမ်းမိုးနိုင်ခြင်း၊ ကော်မတီအမျိုးမျိုးတွင် ကော်မတီဝင်များ ခန့်အပ်နိုင်ခြင်းနှင့် မြို့နယ် အရာရှိများနှင့် လက်လှမ်းမီခြင်းကလည်း ထိုသို့ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းပေးနေခြင်း စသည့် အချက်များအပေါ် မူတည်၍ ထင်မြင်ယူဆကြခြင်း ဖြစ်ပါသည်။ အောက်ပါ သာဓက (၁၈)တွင် မကွေးတိုင်းဒေသကြီးရှိ ကျေးရွာအုပ်စုတစ်ခုအတွင်း ထိုအမြင်များ တစ်ဖြည်းဖြည်းပေါ်ထွက်လာပုံကို သာဓက ထုတ်ပြထားပါသည်။

39. ကျေးရွာအုပ်စုတိုင်းတွင် အုပ်စုကျေးရွာတစ်ခုရှိပြီး ယေဘုယျအားဖြင့် အုပ်ချုပ်ရေးရုံး တည်ရှိပါသည်။ ရွေးချယ်တင်မြှောက် ခံရသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် (အမြဲတမ်းမဟုတ်သော်လည်း) အများအားဖြင့် ထိုကျေးရွာတွင် နေထိုင်သူ ဖြစ်ပါသည်။ အုပ်စုကျေးရွာထက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နေထိုင်သည့် ကျေးရွာသည် ဖွံ့ဖြိုးရေးအရင်းအမြစ်များ ပိုရရှိရန် အလားအလာများကြောင်း သုတေသနက ညွှန်ပြနေပါသည်။

### သာဓက (၁၈) မကွေးတိုင်းဒေသကြီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ၌ အုပ်စုကျေးရွာကသာ လွှမ်းမိုး ထားပါသည်

မကွေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်ခုတွင် သုတေသီများက ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဝင်များနှင့် ဆွေးနွေးမှုတစ်ခု ပြုလုပ်ခဲ့ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထိုလုပ်ငန်းများတွင် ကျေးရွာအမျိုးမျိုး၏ ပါဝင်မှုအခြေအနေတို့ကို ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီအစည်းအဝေးများတွင် ကျေးရွာအုပ်စုအတွင်းရှိ အဓိကကျေးရွာများမှ ကော်မတီဝင်များသာ အစည်းအဝေးပုံမှန် တက်ရောက်ကြပြီး အခြားကျေးရွာများမှ ကော်မတီဝင်များသည် ၎င်းတို့၏ ကျေးရွာ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခွင့်နည်းပါးကြောင်း တွေ့ရှိခဲ့ရပါသည်။ အထူးသဖြင့် အားလုံးတူညီစွာ ပြောဆိုနေကြသည့် အချက်မှာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ထိုအစည်းအဝေးပွဲများသို့ အမြဲလိုလိုတက်ရောက်လေ့ရှိပြီး ရလဒ်အနေဖြင့် ၎င်း၏ ကျေးရွာအတွက် အခွင့်အရေး ပိုပေးနိုင်ခြင်းဖြစ်ပါသည်။ ထိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီသည် နှစ်စဉ်မတ်လတွင် ဘတ်ဂျက်ရရှိပါသည်။ ကော်မတီသည်ကျေးရွာမှ တင်ပြလာသည့် စီမံကိန်းများအား (၅၀၀၀,၀၀၀) ကျပ်ထက် ကုန်ကျစရိတ်ပိုနေမှု မရှိစေရန် စိစစ်ပါသည်။ ကော်မတီသည် ဆောင်ရွက်သင့်သည့် စီမံကိန်းများကို မဲခွဲရွေးချယ်၍ သတ်မှတ် ထားသည့်စည်းမျဉ်းအတိုင်း ရန်ပုံငွေ ခွဲဝေပေးပါသည်။ သို့သော် တစ်ခါတစ်ရံတွင်မူ ထိုရန်ပုံငွေများကို ခေါင်းစဉ်ပြောင်းလဲသုံးစွဲနေကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကျေးရွာအုပ်စုတစ်ခုတွင် ကျေးရွာ (၄) ရွာ ရှိပါသည်။ အဓိကကျေးရွာတွင် အလယ်တန်းကျောင်း တစ်ကျောင်း ရှိပြီး ကော်မတီဝင်အားလုံးက ထိုကျောင်းဆောင်အားစုစုပေါင်းကုန်ကျစရိတ် (၃၅၀၀,၀၀၀)ကျပ်ဖြင့် ပြုပြင် ဆောက်လုပ်ရန် ထောက်ခံခဲ့ပါသည်။ သို့သော် ဘတ်ဂျက်ငွေ ခွင့်ပြုချက်ရရှိပြီး လုပ်ငန်းအကောင်အထည်ဖော်သည့် အခါတွင် ဘတ်ဂျက်သုံးစွဲမည့် လုပ်ငန်းခေါင်းစဉ် ပြောင်းလဲသွားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေထိုင်သည့် အဓိကကျေးရွာအတွက် အကျိုးဖြစ်ထွန်းမည့် လမ်းဆောက်လုပ်ခြင်းကဲ့သို့သော စီမံကိန်းအတွက် ထိုငွေကို သုံးစွဲခဲ့ပါသည်။ အခြားကျေးရွာ များမှ ကော်မတီဝင်များသည် ဘတ်ဂျက်သုံးစွဲသည့် ခေါင်းစဉ် မည်သို့ပြောင်းလဲသွားသည် သို့မဟုတ် အဘယ်ကြောင့်ပြောင်းလဲသွားသည်ကို မသိရှိကြပါ။

ဒေသတိုင်းတွင် ထိုအမြင်များ ရှိနေကြသော်လည်း အမှန်တကယ် လက်တွေ့အခြေအနေနှင့် ဆက်နွယ်မှုရှိကြောင်း ကောက်ချက်ဆွဲရန် စောလွန်းနေပါသေးသည်။ ကျေးရွာလူနေမှုအဆင့်အတန်းပေါ် မူတည်၍အစိုးရစီမံကိန်းများ ဖြန့်ဝေမှုဆိုင်ရာကနဦးလေ့လာ ဆန်းစစ်ချက်အရ ကျေးရွာလူနေမှုအဆင့်အတန်းနှင့် ၎င်းတို့ရရှိသည့် အစိုးရ ဝန်ဆောင်မှုအချိုးအစားမှာ ဆက်စပ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ အမှန်တကယ်အားဖြင့် QSEM 5 သွားရောက်လေ့လာသည့်အခါ ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်စားပြုသော ‘သာမန်ကျေးရွာများ’သည် အုပ်စုကျေးရွာများနှင့် နှိုင်းယှဉ်ပါက အစိုးရစီမံကိန်း အထောက်အပံ့ရရှိမှု

ကျေးရွာအဆင့်တွင် လုံလောက်သော ခေါင်းဆောင်မှု မရှိခြင်းက ကျေးရွာအုပ်စုများအတွင်း ကျေးရွာများအကြား ကွဲပြားစွာ ဆက်ဆံခံရခြင်းများ ဖြစ်စေနိုင်ပါသည်။

အချို့မှာ မသိမသာ ပိုများကြောင်း အောက်ပါဇယား(၁၁) အရ ညွှန်ပြနေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သိသာသော ကွဲပြားမှုများမရှိသကဲ့သို့ ပြည်နယ်၊ တိုင်းဒေသကြီးမှ မည်သည့်အုပ်စုကျေးရွာမှ သာမန်ကျေးရွာများထက် အစိုးရစီမံကိန်း ပိုမိုမရရှိကြပါ။ သို့သော် ဤသရုပ်ခွဲ ဆန်းစစ်မှုကို ပဏာမသရုပ်ခွဲဆန်းစစ်မှုအဖြစ်သာ ယူဆသင့်ပါသည်။[40] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေထိုင်သည့် ကျေးရွာများတွင် 'ဘက်လိုက်မှု' အလားအလာရှိကြောင်း အားကောင်း သည့် အမြင်များကြောင့် ထိုလားရာများကို ခြေရာခံခြင်းသည် အဖိုးတန်မှု ရှိပါသည်။

**ဇယား(၁၁)- ကျေးရွာအမျိုးအစားအလိုက် အစိုးရအထောက်အပံ့များ ဖြန့်ဝေမှု**

| | အုပ်စုကျေးရွာ (ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) | အုပ်စုကျေးရွာ (ကျေးရွာအုပ် ချုပ်ရေးမှူး) | သာမန်ကျေးရွာ (ကျေးရွာအုပ် ချုပ်ရေးမှူး) | သာမန်ကျေးရွာ (ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) | စုစုပေါင်း |
|---|---|---|---|---|---|
| **စုစုပေါင်းကျေးရွာ** | ၂၂ | ၂ | ၂၈ | ၂ | ၅၄ |
| **ကျေးရွာအချိုး** | ၄၁ ရာခိုင်နှုန်း | ၄ ရာခိုင်နှုန်း | ၅၂ ရာခိုင်နှုန်း | ၄ ရာခိုင်နှုန်း | |
| **စုစုပေါင်းစီမံကိန်း** | ၅၄ | ၇ | ၉၁ | ၇ | ၁၅၉ |
| **စီမံကိန်းအချိုး** | ၃၄ရာခိုင်နှုန်း | ၄ရာခိုင်နှုန်း | ၅၇ရာခိုင်နှုန်း | ၄ရာခိုင်နှုန်း | |

ဒုတိယလားရာတစ်ခုမှာ သာမန်ကျေးရွာများမှ ရွာသူရွာသားများသည် ၎င်းတို့၏ ကျေးရွာအကျိုးစီးပွားကို စောင့် ရှောက်ရန် သီးခြားတာဝန်ပေးထားသော ခေါင်းဆောင်မှု မရှိခြင်းအတွက် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်နေကြပါသည်။ ထိုအမြင်သည် အထက်တွင် ဖော်ပြထားသည့်ယူဆချက်မှစတင်ဖြစ်ပေါ်လာပါသည်။ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ အဓိက စိုးရိမ်ပူပန်မှုမှာ ကျေးရွာခေါင်းဆောင်များသည် ၎င်းတို့ကျေးရွာလုပ်ငန်းအတွက် အပြည့်အဝ အားစိုက်ဆောင်ရွက်မှုမရှိခြင်းကြောင့် ကျေးရွာအချင်းချင်းအစည်းအဝေးများတွင် အပြည့်အဝကိုယ်စားမပြုနိုင်ခြင်း သို့မဟုတ် ကျေးရွာများအနေဖြင့် အခွင့်အရေးများ လက်လွတ်ဆုံးရှုံးနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။ ရှေ့တွင် ဆွေးနွေးခဲ့သည့်အတိုင်း ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လုပ်ပိုင်ခွင့်နည်းပါးလာခြင်းကြောင့် အထက်ပါ အခြေအနေ ကိုပိုမိုတွေ့ရှိလာရပါသည်။ ထိုသို့ဖြစ်ပေါ်နေသော်လည်း ကျေးရွာများ၏ အကျိုးစီးပွားကို လုံလုံလောက်လောက်ကိုယ်စားပြုမည့် အခြားမည်သည့် လုပ်ပိုင်ခွင့်အရင်းအမြစ်မှ ဖော်ထုတ်တွေ့ရှိရခြင်း မရှိသေးပါ။[41]

တတိယလားရာတစ်ခုမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနည်းပါးလာခြင်းနှင့် ထိုအခန်းကဏ္ဍအတွက် ကျေးရွာအဆင့် အစားထိုးအဖွဲ့ပေါ်ပေါက်လာမှုမရှိခြင်းသည် ဒေသန္တရအဆင့်တွင် သင့်လျော်သောတာဝန်ခံမှု လုပ်ငန်းစဉ်နှင့် ပတ်သက်သော ပြဿနာများ ပေါ်ပေါက်လာစေပါသည်။ ဥပဒေမူဘောင်အသစ်တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏

40. သရုပ်ခွဲဆန်းစစ်မှုသည် သုတေသနအကြိမ်အလိုက် နှိုင်းယှဉ်လေ့လာခြင်းမဟုတ်သောကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ စတင်အသက်ဝင်သည့် အချိန်မှစ၍ အစိုးရစီမံကိန်းပျံ့နှံ့မှု အပြောင်းအလဲများကို ဖော်ပြနိုင်ခြင်း မရှိပါ။ အစိုးရစီမံကိန်းများအား ရေတွက်သည့်နည်းစနစ်မှာ သဘာဝအားဖြင့် အရည်အသွေးဆိုင်ရာ နည်းစနစ်ဖြစ်သောကြောင့် ကန့်သတ်မှုအချို့ကြုံတွေ့ရပါသည်။

လုပ်ပိုင်ခွင့်ကို ပိုပေးထားပြီး ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများ၏ အခန်းကဏ္ဍဖြင့် ထိုလုပ်ပိုင်ခွင့်ကို ပြန်လည်ထိန်းညှိထားပါသည်။ သို့သော် အထက်တွင် ဖော်ပြထားသည့်အတိုင်း ထိုကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများသည် မျှော်မှန်းထားသကဲ့သို့ လုပ်ငန်းဆောင်ရွက်နိုင်သည့် ထောက်အထားများ အနည်းငယ်သာတွေ့ရှိရပါသည်။ မြို့နယ်အဆင့်ဖွံ့ဖြိုးရေးကော်မတီများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ကြီးကြပ်သည့်အခန်းကဏ္ဍကို ဆောင်ရွက်ပြီး မြို့နယ်အုပ်ချုပ်ရေးရုံးများမှတစ်ဆင့် ကျေးရွာ အထိ တာဝန်ခံမှုအချို့ လည်းတွေ့ရှိရပါသည်။ သို့သော် သာဓက (၁၇)တွင် မီးမောင်းထိုးဖော်ပြထားသည့်အတိုင်း ကျေးရွာအဆင့်မှ အထက်အဆင့်သို့ တာဝန်ယူမှုလုပ်ငန်းစဉ်များဖွံ့ဖြိုးလာရန် ကြိုးစားအားထုတ်မှု အလွန်နည်းပြီး အလှမ်းကွာဝေးနေသေးပါသည်။

41. ရပ်ကွက် နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဆယ်အိမ်မှူးများက မဲပေးရွေးချယ်ခြင်း ဖြစ်၍ ကျေးရွာအုပ်စု တစ်ခုအတွင်း ကျေးရွာများအနေဖြင့် မဲအများစု ရရှိရန် မိတ်ဖွဲ့သဘောမျိုး လိုအပ်ကြောင်း သဘောတရားအရ မှတ်သားအပ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုကဲ့သို့သော နိုင်ငံရေးမက်လုံးများကြောင့် တစ်ချိန်ချိန်တွင် ကျေးရွာများကို အပြည့်အဝ ကိုယ်စားပြုသည့် ပုံစံမျိုးသို့ ဦးတည်သွားနိုင်မည်ဖြစ်ပါသည်။

# အခန်း (၄)
# ကျေးရွာပြင်ပလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်ခြင်း

## ကျေးရွာနောက်ခံအကြောင်းအရာ - ရခိုင်ပြည်နယ်

ကျေးလက်ဒေသတွင် စီးပွားရေးတံခါးပွင့်လာသည်နှင့်အမျှ ကျေးရွာအရေးကိစ္စများအား စီမံခန့်ခွဲရာတွင် ရှုပ်ထွေးမှုများ ရှိလာပါသည်။ ဤအချက်အတွက် နမူနာတစ်ခုကို ရခိုင်ပြည်နယ်တွင် တွေ့ရှိနိုင်ပါသည်။ ရခိုင်ပြည်နယ်တွင် တရုတ်နိုင်ငံသို့ သွယ်တန်းနေသော ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ရခိုင်လူမျိုးရေးဆိုင်ရာ လှုံ့ဆော်မှုများ၏ ရလဒ်အဖြစ် တိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုများအကြား အပြန်အလှန်ဆက်နွယ်မှုများကြောင့် အချို့သော ကျေးရွာများရှိ ပြောင်းလဲမှုများကို ရှုပ်ထွေးစေပါသည်။

QSEM မှ လေ့လာခဲ့သည့်ကျေးရွာတစ်ရွာတွင် အိမ်ထောင်စု (၁၃၀) ခန့်ရှိရာ၊ သုံးပုံနှစ်ပုံခန့်မှာ မြေယာများပိုင်ဆိုင်ကြပြီး ကျန်ရှိသူများမှာ ပျံကျလုပ်သားများ ဖြစ်ကြပါသည်။ ကျေးရွာသို့ ရောက်ရှိသည့် လမ်းမှာ ဆိုးရွားပြီး၊ အထူးသဖြင့် မိုးရာသီတွင် အဆိုးဆုံးဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် ဤကျေးရွာသည် ရိုးရာစီးပွားရေးစနစ်ကိုသာ ကျင့်သုံးနိုင်ပြီး ရွာသူရွာသားများက ဆန်စပါးနှင့် အခြားကုန်ပစ္စည်းများကို လဲလှယ်သည့်စနစ် ရှိနေဆဲဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် ဤကျေးရွာကို ဖြတ်၍ ဓါတ်ငွေ့ပိုက်လိုင်း စတင်သွယ်တန်းခဲ့ရာ လယ်သမား (၄၂)ဦးပိုင်ဆိုင်သည့် မြေယာများကို ထိခိုက်ခဲ့ပြီး ကျေးရွာနှင့် အစိုးရအကြား ဆက်ဆံရေးတွင်လည်း ရှုပ်ထွေးလာခဲ့သည်။ လယ်သမားများသည် ၂၀၁၂ ခုနှစ်တွင် မြေအသုံးပြုမှုနှင့် ပျက်စီးမှုများအတွက် သီးနှံလျော်ကြေးများ လက်ခံ ရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင်လည်း သီးနှံများပျက်စီးမှုအတွက် လျော်ကြေးများ ရရှိခဲ့သော်လည်း ယခင်နှစ်ကမူ မြို့နယ်အဆင့်သို့ (၃)ကြိမ် လျှောက်ထား တိုင်ကြားခဲ့သော်လည်း မည်သည့် လျော်ကြေးမှ မရရှိခဲ့ကြပါ။ ကုမ္ပဏီသည် ဓါတ်ငွေ့ပိုက်လိုင်းနှင့် ယှဉ်တွဲ၍ လျှပ်စစ်ဓါတ်အားလိုင်းတစ်ခုကိုလည်း (ကျေးရွာကို ဖြတ်၍) တည်ဆောက် လျက်ရှိသည်။ ကျေးရွာမှာမူ လျှပ်စစ်ဓါတ်အား မရရှိဘဲ ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန်လည်း အစီအစဉ်မရှိပါ။

*"လွန်ခဲ့တဲ့ ၁၂ လလောက်ကစပြီး၊ ရွာအုပ်ချုပ်ရေးမှူးက ဒီရွာထဲမှာ အစည်းအဝေးတွေ လုပ်ခွင့်မပြုတော့ဘူး၊ အခု ကျွန်တော်တို့ အစည်းအဝေးတော့ လုပ်လို့ရတယ်၊ ဒါပေမဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးက လာတက်ပြီး အစည်းအဝေးကို ဘယ်သူတွေတက်တယ်၊ ဘာတွေဆွေးနွေးတယ်ဆိုတာကို မှတ်ထားတယ်"*
***- ရခိုင်ပြည်နယ်မှ လူငယ်တက်ကြွလှုပ်ရှားသူတစ်ဦး။***

ဤသို့သော ပြဿနာများကြောင့် ပြည်သူများအား လှုံ့ဆော်ရန် လမ်းကြောင်းတစ်ခု ဖြစ်လာစေပါသည်။ ကျေးရွာ အတွင်းရှိ အချို့သော လူငယ်တက်ကြွလှုပ်ရှားသူများသည် မြို့နယ်အဆင့် CSO များ၊ ရခိုင်လူမှုရေးကွန်ယက်အုပ်စု၊ ရခိုင်အမျိုးသားပါတီတို့နှင့် ချိတ်ဆက်မှုများ ရှိထားပါသည်။ သူတို့က ထိုကွန်ယက်များမှတစ်ဆင့် လေ့လာသင်ယူပြီး အထူးသဖြင့် အထူးစီးပွားရေးဇုန် တည်ဆောက်သည့်အချိန်တွင်

လယ်သမားများက မိမိတို့ မြေယာများအား ကာကွယ်နိုင်ရန်အတွက် မြေယာမှတ်ပုံတင် လက်မှတ်များလုပ်ထားရန် လိုအပ်ကြောင်းကို အသိပေးခြင်း၊ မြေယာလျော်ကြေးများ ရရှိရေးအတွက် ဒေသခံပြည်သူများက အစိုးရထံ အသနားခံတင်ပြရေးကို လှုံ့ဆော် ပေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ဤပြဿနာများမှာ နိုင်ငံရေးနှင့်လည်း သက်ဆိုင်လာပြီး တက်ကြွလှုပ်ရှားသူများက ပြည်နယ်တွင် အခြေခံအဆောက်အဦ ရင်းနှီး မြှုပ်နှံမှုများကြောင့် ရွာသူရွာသားများအတွက် အကျိုးကျေးဇူး မရှိသလောက်နည်းပါး ကြောင်းကို မီးမောင်းထိုးပြနေရာ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လူမှုဆိုင်ရာ တည်ငြိမ်ရေးကို ထိန်းသိမ်းရာတွင် အခက်အခဲများ ပိုတွေ့လာပါသည်။

ဤကျေးရွာသည် တိုးတက်လာသော အစိုးရအကူအညီများမှလည်း အကျိုးကျေးဇူး အနည်းငယ်ကိုသာ တွေ့မြင်ရပါသည်။ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းသည် မြို့နယ်အဆင့်နှင့် ဆက်ဆံရေးကောင်းမွန်သဖြင့် (ဂီရိမုန်တိုင်းပြီးနောက် ကျောင်းဆောင် သစ်တစ်ဆောင်ဆောက်လုပ်ရေးအပါအဝင်) အစိုးရအကူအညီများရရှိရန် ဆွေးနွေးနိုင် ခဲ့ပါသည်။ ထိုအုပ်ချုပ်ရေးမှူးမှာ ၂၀၁၃ ခုနှစ် QSEM လေ့လာမှုမတိုင်မီ ဖယ်ရှားခံရ သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးသစ်သည် ကိုယ်ပိုင်ဆက်ဆံရေးလမ်းကြောင်းတည် ထောင်ရန် အချိန်ယူခဲ့ရပါသည်။ လက်ရှိတွင် ကျေးရွာအနေဖြင့် သောက်ရေကန် အသစ်တစ်ခု ရရှိခဲ့ပါသည်။ သုံးကြိမ်တိုင် လျှောက်ထားပြီးနောက် ကျေးရွာမူလတန်း လွန်ကျောင်းအတွက် ပြင်ပဆရာများအား (၂)နှစ် ငှားရမ်းနိုင်ရန် အကူအညီများလည်း ရရှိခဲ့ပါသည်။ ယခုနှစ်တွင်မူ ထိုကုန်ကျစရိတ်များကို ရွာသူရွာသားများက ကျခံရ ပါမည်။ ကျေးရွာ၏ ပညာရေးမှာလည်း နိမ့်ကျနေကြောင်း ရွာသူရွာသားများက ပြောကြားခဲ့ပါသည်။ ကလေးများအား အထက်တန်း ကျောင်းသို့ ပို့ပြီးနောက် များမကြာမီတွင် ကျောင်းထွက်လာတတ်ကြပါသည်။ ပြည်နယ်အစိုးရကမူ အနီးရှိ အထူးစီးပွားရေးဇုန် ဖော်ထုတ်ရေးလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း ကတိပြုထားပါသည်။

ဤကျေးရွာတွင် NGO အဖွဲ့များ၏ အကူအညီအနေဖြင့် ပြောင်းလဲမှု မရှိ သလောက်နည်းပါးသည်။ ဂီရိမုန်တိုင်းပြီးနောက် အလုပ်အတွက်ငွေကြေးပေးခြင်း (cash-for-work) အစီအစဉ်မှာ QSEM အစောပိုင်းကာလတွင် အဆုံးသတ်သွားပါသည်။ လက်ရှိတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပို့ချပေးခြင်းနှင့် စပါးထုတ် လုပ်မှု အတွက် သွင်းအားစုများကို ထောက်ပံ့ပေးနေပါသည်။

နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေးကြောင့် ကျေးရွာများက ကျေးရွာပြင်ပလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်ရမည့် နည်းလမ်းများကို ပြောင်းလဲစေခဲ့ပါသည်။ QSEM လေ့လာမှု အကြိမ်တိုင်းတွင် ကျေးရွာများသို့ ဝန်ဆောင်မှုပေးသည့် အစိုးရ၏ အခန်းကဏ္ဍမှာ တဖြည်း ဖြည်းတိုးတက်လာသည့်အတွက် ရွာသူရွာသားများ၏ မျှော်လင့်ချက်များအား အကောင်

အထည်ဖော်ခြင်းနှင့် အလှူရှင်များ၏ လုပ်ငန်းများအပေါ် သက်ရောက်မှုများရှိခဲ့ပါသည်။ ပထမအကြိမ် QSEM လေ့လာမှုတွင် ပြင်ပအကူအညီ[42]များကို သရုပ်ခွဲဆန်းစစ်ရာ၌ အလှူရှင်စီမံကိန်းများ၏ အခန်းကဏ္ဍကိုသာ လုံးဝနီးပါး ဦးတည်ခဲ့ရပါသည်။ အစောပိုင်းအကြိမ်များတွင် အစိုးရဝန်ဆောင်မှုများမှာ ပညာရေးနှင့် ချေးငွေကဏ္ဍများတွင်သာ ဖြစ်ခဲ့ပါသည်။ တတိယအကြိမ် QSEM လေ့လာမှုမှစ၍ ထိုကဏ္ဍများတွင်သာမက အခြေခံအဆောက်အဦနှင့် ကျန်းမာရေးဝန်ဆောင်မှုများတွင်လည်း တိုးတက်လာခဲ့သည်။ ယခုအခါ QSEM မှလေ့လာခဲ့သည့် ကျေးရွာအားလုံးတွင် အစိုးရ၏ စီမံကိန်းအရေအတွက်မှာ အလှူရှင်များ၏ စီမံကိန်းအရေအတွက်နှင့် တူညီနေပြီဖြစ်ပါသည်။

## အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအစိုးရက 'ပြည်သူဗဟိုပြုဖွံ့ဖြိုးရေး' နည်းလမ်းဖြင့် စတင်ဆောင်ရွက်နေချိန်တွင် QSEM လေ့လာမှုကို စတင်ခဲ့ပါသည်။[43] ပုံ (၁၃)တွင် ဖော်ပြထားသကဲ့သို့ပင် QSEM ၏ အစောပိုင်းလေ့လာမှုများတွင် ကျေးရွာအဆင့် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၏ အခန်းကဏ္ဍ အနည်းငယ်သာရှိပုံကို မီးမောင်းထိုးပြခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရသည် 'အစိုးရဝန်ဆောင်မှုများ အလျင်အမြန် တိုးတက်စေရေးနှင့် မြန်ဆန်သော အောင်မြင်မှုများ (quick wins) နှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းထားသော' လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။[44] ထိုနည်းလမ်းအရ တစ်နိုင်ငံလုံးရှိ ကျေးရွာများတွင် မည်သို့ အလုပ်ဖြစ်သည်ကိုလည်းကောင်း၊ ကျေးလက်နေပြည်သူများက မည်သို့ တုန့်ပြန်ကြသည်ကိုလည်းကောင်း၊ အစိုးရအတွက် မည်သည့် သက်ရောက်မှုများ ရှိလာသည်ကိုလည်းကောင်း ဤ QSEM သုတေသနလုပ်ငန်းဖြင့် လေ့လာနိုင်ခဲ့ပါသည်။

## ဝန်ဆောင်မှုများ တိုးတက်လာခြင်း


> *"အစိုးရ အဖွဲ့အစည်းတွေက ရွာကို အရောက်အပေါက် ပိုများလာလို့ ဒီနှစ်တော့ ရွာအုပ်ချုပ်ရေးအတွက် ငွေပိုထည့်ဖို့ အိမ်တိုင်းကို ပြောထားတယ်"*
> ***- ချင်းပြည်နယ်မှ လယ်သမားငယ်(အမျိုးသမီးကြီးတစ်ဦး)***

အစိုးရနှင့် ကျေးလက်ပြည်သူများအကြား ချိတ်ဆက်ဆောင်ရွက်ရာတွင် ပြောင်းလဲမှုများကို အဓိက မီးမောင်းထိုးပြ လိုသော နယ်ပယ် (၃)ခုမှာ (၁) မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (အထူးသဖြင့် ဤအစီရင်ခံစာ၏ ရှေ့ပိုင်းတွင် ဖော်ပြထားသည့် မြေယာနှင့် ရေလုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ) (၂) အစိုးရ၏ ဝန်ဆောင်မှုနှင့် ကျေးလက်ဖွံ့ဖြိုးရေး အကူအညီများ တိုးတက်လာခြင်းနှင့် (၃) ပြည်သူများ လိုလားချက်အသံထုတ်ဖော်မှုတိုးလာခြင်း တို့ဖြစ်ပါသည်။ QSEM မှ လေ့လာခဲ့သည့် ကျေးရွာအားလုံးတွင် အစိုးရ၏

42. QSEM လေ့လာမှုတွင် အသုံးပြုသော 'ပြင်ပအကူအညီ'ဆိုသည်မှာ အစိုးရ၊ အလှူရှင်၊ အရပ်ဘက်အဖွဲ့အစည်းစသည်ဖြင့် ဇာစ်မြစ်များကို ခွဲခြားခြင်းမရှိဘဲ ကျေးရွာတွင်းသို့ ဝင်ရောက်လာသည့် မည်သည့်အကူအညီအတွက်မဆို အသုံးပြုသော အသုံးအနှုန်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။
43. 'ပြည်ထောင်စုအစိုးရအနေဖြင့် ရည်မှန်းချက်ပန်းတိုင်များ ရရှိရေးအတွက် ပြည်သူဗဟိုပြုသော စီမံကိန်းများရေးဆွဲရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားခြင်း' မြန်မာ့အလင်းသတင်းစာ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်။
44. Nixon, H&Joelene, C., 'Fiscal Decentralization in Myanmar: Towards a Roadmap for Reform', 2014.

ဝန်ဆောင်မှုများနှင့် ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းများ တိုးတက်လာပုံကို အောက်ပါ ပုံ (၁၃) တွင် ဖော်ပြထားပါသည်။[45] ပုံတွင် ပြထားသည့်အတိုင်းပင်QSEM သုတေသနလုပ်ငန်း၏ အစောပိုင်းအကြိမ်များတွင် အစိုးရ၏ အကူအညီမှာ အလွန်နည်းပါးခဲ့ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် QSEM လေ့လာမှုများတွင် ကျေးရွာ တစ်ရွာလျှင် စီမံကိန်းတစ်ခုနှုန်းထက်ပင် နည်းခဲ့သော်လည်း သုံးနှစ်ကြာပြီးနောက် QSEM ပဉ္စမအကြိမ်တွင်မူ ကျေးရွာတိုင်းသည် အစိုးရဝန်ဆောင်မှုလုပ်ငန်း (၃)မျိုးခန့်ကို လက်ခံရရှိနေရာ ၂၀၁၂ ခုနှစ်အစောပိုင်းမှစ၍ အစိုးရလုပ်ငန်းများ သုံးဆ အထိ တိုးတက်လာသည်ဟု ယူဆနိုင်ပါသည်။

**ပုံ (၁၃) - QSEM သုတေသနအကြိမ်တိုင်းအတွက် ပြည်နယ်/တိုင်းဒေသကြီးအလိုက် အစိုးရစီမံကိန်း အရေအတွက်**




QSEM စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် အကြားတွင် အကူအညီ ဦးတည်ပေးနေသည့် နယ်ပယ် ကဏ္ဍများ မပြောင်းလဲခဲ့ပါ။ အောက်ပါ ဇယား (၁၂)တွင် ကဏ္ဍအလိုက် ဖြန့်ဝေပေးခဲ့သော စီမံကိန်းအရေအတွက်ကို အသေးစိတ်ဖော်ပြထားပါသည်။ ပညာရေးနှင့် ချေးငွေလက်လှမ်းမီ ရေးကဏ္ဍများမှာ အကူအညီရရှိသည့် အဓိကနယ်ပယ်များဖြစ်ကြသည်။ ချေးငွေလက်လှမ်းမီ ရေးကဏ္ဍတွင် QSEM ဒေသ တစ်ဝက် (မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်)၌မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ချေးငွေများကြောင့်အဓိကဖြစ်ပြီးအချို့သော ကျေးရွာများမှာ သမဝါယမအဖွဲ့များမှ ချေးငွေများကိုရရှိနေကြပါသည်။ ပညာရေးကဏ္ဍ ဝန်ဆောင်မှုများတွင် ကျောင်းများဆောက်လုပ်ခြင်း၊ ဆရာ/မများခန့်ထားခြင်း၊ ကျောင်း ထောက်ပံ့ကြေးများနှင့် စာသင်ခန်းသုံးပစ္စည်းများ ပါဝင်သည်။ ယခင် QSEM လေ့လာမှု အကြိမ်များနှင့် နှိုင်းယှဉ်ပါက ကျန်းမာရေးဆိုင်ရာ စီမံကိန်းများ တိုးတက်လာပြီး အခြေခံ

45. သုတေသီများသည် ရွာသူရွာသားများ၊ ဒေသခံအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးရွာတစ်ရွာချင်း စီတွင် အစိုးရနှင့် အလှူရှင်များ၏ အကူအညီအားလုံးကို စာရင်းပြုစုခဲ့ပါသည်။ သုတေသနကာလ အတွင်း ထိုစာရင်းများကို ပြည်လည်တိုက်ဆိုင် စစ်ဆေးပြီး ပြည်နယ်/ တိုင်း ဒေသကြီးအလိုက် စာရင်းချုပ်ပြုလုပ်ပါသည်။ ဤနည်းစနစ်အရ ကျေးရွာတစ်ရွာချင်းစီအတွက် ပေးအပ်သော စီမံကိန်း များကိုသာ ဆန်းစစ်ပြီး ကျေးရွာအဆင့်နှင့်အထက် ဝန်ဆောင်မှုများကို မပြုစုနိုင်သည့်အတွက် အားနည်းချက်အချို့ ရှိနိုင်ပါသည်။ ထို့အပြင် ဤနည်းလမ်းတွင် ပေးအပ်လိုက်သော ဝန်ဆောင်မှုများ၏ အတိုင်းအတာနှင့် တန်ဖိုးတို့ကိုလည်း ခွဲခြားစဉ်းစားထားခြင်းမရှိပါ။

ကျေးရွာအဆင့် အစိုးရ စီမံချက်များသည် ပြီးခဲ့သည့် ဆယ့်နှစ်လအတွင်း မြင်သာသည့် တိုးပွားမှု မရှိခဲ့သော်လည်း ၂၀၁၂ မှစ၍ သုံးဆကျော် တိုးပွားလာခဲ့သည်။

အဆောက်အဦစီမံကိန်းများ လျော့ကျခဲ့ပါသည်။[46]


**ဇယား(၁၂) - ကဏ္ဍအလိုက် အစိုးရ၏ အကူအညီ (QSEM စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်တို့ကို နှိုင်းယှဉ်ချက်)**

| | QSEM စတုတ္ထအကြိမ် | | QSEM ပဉ္စမအကြိမ် | |
|---|---|---|---|---|
| | စီမံကိန်းအရေအတွက် | ပါဝင်မှု | စီမံကိန်းအရေအတွက် | ပါဝင်မှု |
| **ပညာရေး** | ၅၇ | ၃၅ရာခိုင်နှုန်း | ၆၃ | ၃၉ရာခိုင်နှုန်း |
| **ကျန်းမာရေး** | ၁၀ | ၆ရာခိုင်နှုန်း | ၁၅ | ၉ရာခိုင်နှုန်း |
| **အခြေခံအဆောက်အဦ** | ၄၁ | ၂၅ရာခိုင်နှုန်း | ၂၂ | ၁၃ရာခိုင်နှုန်း |
| **ချေးငွေ** | ၅၅ | ၃၃ရာခိုင်နှုန်း | ၅၅ | ၃၄ရာခိုင်နှုန်း |
| **အသက်မွေးဝမ်းကျောင်း** | ၂ | ၁ရာခိုင်နှုန်း | ၂ | ၁ရာခိုင်နှုန်း |
| **အခြား** | - | - | ၃ | ၃ရာခိုင်နှုန်း |
| | **၁၆၅** | | **၁၆၀** | |

အစိုးရအကူအညီများအတွက် သွားလာရေးလွယ်ကူသည့်နေရာ သို့မဟုတ် ဝေးလံခေါင်းပါးသည့်နေရာများကို သိသာစွာ ဦးစားပေးထားသည့် ပုံစံများ မတွေ့ရှိရပါ။မြို့ပြနှင့်နီးကပ်စွာတည်ရှိခြင်း၊ အခြားသော ချိတ်ဆက်မှုအားကောင်းခြင်း စသည့်တို့ကြောင့် အစိုးရဝန်ဆောင်မှုများအား ပိုမိုရရှိကြသည်ဟူသော ယူဆချက်ကို သက်သေပြနိုင်သည့် အချက်များကို QSEM လေ့လာခဲ့သည့် ကျေးရွာများတွင် မတွေ့ရှိရပါ။ အောက်ပါ ပုံ (၁၄)တွင် ဖော်ပြထားသည့်အတိုင်း အကူအညီရရှိသည့်ပုံစံများမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကွဲပြားခြားနား ကြပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် သွားလာရေးပိုမိုလွယ်ကူသော ကျေးရွာများက လည်းကောင်း၊ ရှမ်းပြည်နယ်တွင် အလယ်အလတ်ကျေးရွာများကလည်းကောင်း အစိုးရစီမံကိန်းများကို ပိုမိုရရှိကြသည်။ ရှမ်းပြည်နယ်တွင် ဝေးလံခေါင်းပါးသော ကျေးရွာများအနေဖြင့် အစိုးရအကူအညီ ရရှိမှု နည်းပါးလျက်ရှိပြီး ၎င်းကျေးရွာများတွင် (အထူးသဖြင့် ပဋိပက္ခ ဒဏ်ခံစားနေရသည့် ဒေသများတွင်) စီမံကိန်းများဆောင်ရွက်ရန် အခက်အခဲရှိနေခြင်းကို ဖော်ပြနေပါသည်။ သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်မူ ဝေးလံခေါင်းပါးသော ကျေးရွာများသည် အစိုးရအကူအညီများကို ပိုမိုရရှိကြကြောင်း တွေ့ရှိရပါသည်။

46. သုတေသီများသည် ရွာသူရွာသားများ၊ ဒေသခံအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးရွာတစ်ရွာချင်းစီတွင် အစိုးရနှင့် အလှူရှင်များ၏ အကူအညီအားလုံးကို စာရင်းပြုစုခဲ့ပါသည်။ သုတေသနကာလအတွင်း ထိုစာရင်းများကို ပြည်လည်တိုက်ဆိုင် စစ်ဆေးပြီး ပြည်နယ်/ တိုင်းဒေသကြီးအလိုက် စာရင်းချုပ်ပြုလုပ်ပါသည်။ ဤနည်းစနစ်အရ ကျေးရွာတစ်ရွာချင်းစီအတွက် ပေးအပ်သော စီမံကိန်းများကိုသာ ဆန်းစစ်ပြီး ကျေးရွာအဆင့်နှင့်အထက် ဝန်ဆောင်မှုများကို မပြုစုနိုင်သည့်အတွက် အားနည်းချက်အချို့ ရှိနိုင်ပါသည်။ ထို့အပြင် ဤနည်းလမ်းတွင် ပေးအပ်လိုက်သော ဝန်ဆောင်မှုများ၏ အတိုင်းအတာနှင့် တန်ဖိုးတို့ကိုလည်း ခွဲခြားစဉ်းစားထားခြင်းမရှိပါ။

**ပုံ (၁၄) - ကျေးရွာများ၏ သွားလာရေးလွယ်ကူမှုကို အခြေခံ၍ အစိုးရ၏ အကူအညီရရှိမှု အခြေအနေ**




## ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် သတင်းအချက်အလက်များ စီးဆင်းပုံ

အစိုးရအကူအညီများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အသိပေးနိုင်စွမ်းအလွန်နည်းကြောင်း ဒေသခံပြည်သူများက ပြောကြားခဲ့ကြပြီး အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများ၏ အမှန်လိုအပ်ချက်များကို အခြေခံ၍ ဆောင်ရွက်သော အကူအညီများမှာ အလွန်နည်းပါးခဲ့ပါသည်။အကူအညီအမျိုးအစားနှင့်ဦးတည်ချက်တို့ကိုလမ်းကြောင်း(၂)မျိုးဖြင့် ဆုံးဖြတ်ကြသည်။ စီမံကိန်းများစွာတို့ကို နိုင်ငံအဆင့်တွင် ဆုံးဖြတ်ပြီး နိုင်ငံတစ်ဝန်း သို့မဟုတ် အထူးနယ်မြေများတွင် တူညီသောပုံစံဖြင့် အကောင်အထည်ဖော်ကြသည်။ ဤစီမံကိန်းများတွင် ကျောင်းထောက်ပံ့ကြေး စီမံကိန်းများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကဲ့သို့သော ချေးငွေစီမံကိန်းသစ်များ ပါဝင်သည်။ အခြားသော စီမံကိန်းများကိုမူ မြို့နယ်အဆင့်တွင် စီမံချက်ရေးဆွဲခြင်းဖြင့် ဆုံးဖြတ်ကြပါသည်။ အောက်ပါ သာဓကတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထောက်ပံ့ပေးနေသော ဒေသခံအဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက် ပုံကို အကြမ်းဖျင်းဖော်ပြထားပါသည်။

### သာဓက (၁၉) မြို့နယ်အဆင့်ရှိ ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ

Asia Foundation အဖွဲ့၏ 'Fiscal decentralization in Myanmar: Towards a Roadmap for Reform' အစီရင်ခံစာတွင် ဒေသန္တရအဆင့်ရှိဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် အစိုးရက အဖွဲ့အစည်းများ တည်ထောင်ပေးထားကြောင်း ဖော်ပြထားပါသည်။ ဤနေရာတွင် မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်တို့၌ တည်ရှိနေသော အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

မြို့နယ်အဆင့်တွင် အဓိက အဖွဲ့အစည်း (၃) ဖွဲ့ရှိပါသည်။ မြို့နယ် စီမံခန့်ခွဲရေးကော်မတီ (TMC)ကိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အခြားအစိုးရဌာနများမှ(မြို့နယ်အဆင့်)အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး မြို့နယ်၏အုပ်ချုပ်ရေးကိစ္စအားလုံးကိုကြီးကြပ်သည်။ မြို့နယ်ဖွံ့ဖြိုးကော်မတီ (TDAC) သည် မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို ကြီးကြပ်ရပြီး မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့ အစီရင်ခံရသည်။ မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီ ကို အရပ်ဘက်ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်သော်လည်း အခြားအဖွဲ့ဝင်အားလုံးမှာအစိုးရ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များဖြစ်ကြသည်။ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီ (TDSC) ကို အဖွဲ့ဝင် (၈)ဦးဖြင့် ဖွဲ့စည်းထားရာ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် (၂)ဦးနှင့် စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများအပါအဝင် အကျိုးစီးပွားအုပ်စုအမျိုးမျိုးမှ ကိုယ်စားလှယ် (၆) ဦးတို့ပါဝင်သည်။ ဤကော်မတီသည် ရင်းမြစ် သယံဇာတများကို တိုက်ရိုက်စီမံခန့်ခွဲမှု မရှိသော်လည်း မြို့နယ်ဖွံ့ဖြိုးရေးကော်မတီသို့ အကြံဉာဏ်များပေးရန် တာဝန်ရှိသည်။ ဤကော်မတီဝင်များသည် လစဉ်တွေ့ဆုံ၍ အစိုးရက သတ်မှတ် ဖော်ထုတ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ဦးစားပေးဆောင်ရွက်ရန် လုပ်ငန်းများကို အစီရင်ခံရသည်။

မြို့နယ်အဆင့်၏ အောက်တွင် ကျေးရွာအုပ်စုတိုင်းသည် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီကို ဖွဲ့စည်းထားရသည်။ ယင်းကော်မတီတွင် သက်ဆိုင်ရာ ကျေးရွာ (အုပ်စု) များမှ အများလေးစားသော ခေါင်းဆောင် (၅) ဦးမှ (၇) ဦးအထိ ပါဝင်ဖွဲ့စည်းထားပါသည်။ အောက်တွင် ဆွေးနွေးတင်ပြထားသကဲ့သို့ပင် ထိုအဖွဲ့အစည်းသစ်များမှာ လုပ်ငန်းများကို အပြည့်အဝလည်ပတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ အဖွဲ့ဝင်များကိုလည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သို့မဟုတ် အစိုးရအရာရှိများက ဆုံးဖြတ်နေကြပါသည်။

ဒေသအသီးသီးတွင် အမြင်များ သိသာစွာ ကွဲပြားခြားနားနေသော်လည်း မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီသည်မြို့နယ်အဆင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်အတွက် အသင့်တော်ဆုံး အဖွဲ့တစ်ခုဖြစ်ကြောင်း ရွာသူရွာသားများက ရှုမြင်ကြပါသည်။ ဤကော်မတီများသည် မြို့နယ်အဆင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကိုယ်စားပြုမှုကို ပိုမိုတိုးတက်စေမည့် အခွင့်အလမ်းများကို ထောက်ပံ့ပေးနိုင်ပါသည်။

အစိုးရ စီမံချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်မည့်၊ လွှမ်းမိုးနိုင်မည့် စွမ်းရည်မျိုးမှာ ကျေးရွာသူရွာသားများတွင် အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။ မြို့နယ် ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီ များကဲ့သို့ အဖွဲ့အစည်းများအနေဖြင့် ယင်းတို့ကို လုံလောက်သော လုပ်ပိုင်ခွင့် အပ်နှင်း ခံရပါက အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နိုင်မည့် အလားအလာ ရှိပေသည်။

QSEM မှလေ့လာခဲ့သည့် မြို့နယ်များတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများကို များသောအားဖြင့် အစိုးရအရာရှိများနှင့် ဒေသခံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြပါသည်။ သို့ရာတွင် လက်တွေ့တွင်မူ ဒေသခံကိုယ်စားလှယ်ဆိုသူများမှာ မြို့နယ်အဆင့်အရာရှိများနှင့် ရင်းနှီးသော ဒေသခံခေါင်းဆောင်များ အများစု ဖြစ်ကြပြီး မြို့ပြဒေသများတွင် ပိုမိုနေထိုင်ကြသူများ ဖြစ်ကြ ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့်အစည်းအဝေးအစီအစဉ်များအကြောင်း မသိရှိနိုင်ခြင်းနှင့် မြို့နယ်တွင် အစည်းအဝေးတက်ရသည့် ကုန်ကျစရိတ်များကြောင့် ထိုအစည်းအဝေးတွင် ပါဝင်ဆွေးနွေးနိုင်မှုကို အခက်အခဲဖြစ်စေကြောင်း ပြောကြားခဲ့ပါသည်။ အောက်ပါ သာဓက (၂၄) တွင် ဤစည်းမျဉ်းများ၏ ခြွင်းချက်အဖြစ် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများက ကိုယ်စားပြုမှုကို တိုးမြှင့်စေရန် ဆောင်ရွက်ခဲ့သည့် ဥပမာ (၂)ခုကို တင်ပြထားပါသည်။ ရွာသူရွာသားများအနေဖြင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းများမှလွဲ၍ အခြားသော ကော်မတီများ (မြို့နယ် စီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီ) တွင် လွှမ်းမိုးနိုင်စွမ်း မရှိသလောက် သို့မဟုတ် လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။

### သာဓက(၂၀) ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ (၂)ခုအကြောင်း

ချင်းပြည်နယ်ရှိ မြို့နယ်တစ်ခုတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အအကူပြုကော်မတီသည် အားလုံးကို ကိုယ်စားပြု သော ဖွဲ့စည်းတည်ဆောက်ပုံတစ်ခုကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ လိုအပ်သည့် ပုံမှန်အဖွဲ့ဝင်အရေအတွက် အပြင်မြို့နယ်ကို ဒေသ(၉) ခု ခွဲခြားကာ ထိုဒေသတစ်ခုစီမှ ကိုယ်စားလှယ်များကို ကော်မတီတွင် ပါဝင်စေပါသည်။ ကော်မတီ အဖွဲ့ဝင်များသည် တစ်လလျှင် တစ်ကြိမ် ပုံမှန်တွေ့ဆုံလေ့ရှိပြီး ကျေးရွာများတွင် အစည်းအဝေးများ ပြုလုပ်ရန်လည်း ပံ့ပိုးကူညီပေးသည်။ ထို့ကြောင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီအနေဖြင့် ကျေးရွာများ၏ လိုအပ်ချက်များကို ပိုမိုနားလည်ကာ အဆိုပြုလွှာများကို ဦးစားပေးအဆင့် သတ်မှတ်နိုင်ပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ် နှစ်လည်ပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးအသစ်တစ်ဦး ပြောင်းလဲချိန်မှစ၍ မြို့နယ်အဆင့် ကော်မတီတွင် (ဒေသ ၉ ခုမှ) ကိုယ်စားလှယ်တစ်ဦးကိုသာ ပါဝင်ခွင့်ပြုခဲ့ပါသည်။ အခြားသော ကော်မတီဝင်များ ကဲ့သို့ပင် ထိုကော်မတီဝင်မှာလည်း မြို့ပေါ်ဒေသမှ ဖြစ်ပါသည်။ ရလဒ်အနေဖြင့် မြို့နယ်အဆင့် ကော်မတီနှင့် အတည်ပြုပေးရမည့် စီမံကိန်းများရှိနေသော ကျေးရွာများအကြား ချိတ်ဆက်မှုများ မရှိတော့ပါ။

၂၀၁၃ ခုနှစ်၊ မတ်လတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်တစ်မြို့နယ်၌ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ရာ မြို့နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးတစ်ဦး၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီမှ (အစိုးရ) အရာရှိတစ်ဦးနှင့် ကျေးရွာများမှ

တစ်ဦးချင်း ကိုယ်စားလှယ် (၇)ဦးတို့ ပါဝင်သည်။ ကျေးရွာ/ရပ်ကွက်အဆင့်မှ အဖွဲ့ဝင်များကို မြို့ပေါ် ရပ်ကွက် (၃)ခုတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ပါသည်။ ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော အစည်းအဝေးတွင် မဲအများဆုံးရရှိသူ (၃၀) ဦးအနက် ကော်မတီအဖွဲ့ဝင် (၇)ဦးကို ပွင့်လင်းစွာရွေးချယ်ပါသည်။ သို့ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ သဘောထားမှာ အလွှမ်းမိုးနိုင်ဆုံးဖြစ်ပါသည်။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ၏ ရည်ရွယ်ချက်များမှာ (၁) ကျေးလက်နေပြည်သူများနှင့် အစိုးရဌာနများကို ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လိုအပ်ချက်များ အား ဖြည့်ဆည်းကူညီပေးရန်နှင့် (၂) ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အသိပညာနှင့် သတင်းအချက်အလက်များကို ဆက်သွယ်ပေးရန်ဖြစ်ပါသည်။

ဤကော်မတီတွင် ကျေးရွာများသို့ သွားရောက်ရန် ရန်ပုံငွေ သို့မဟုတ် ဝန်ထမ်းမရှိသော်လည်း တစ်ပတ်နှစ်ကြိမ်ပြု လုပ်သည့် အစည်းအဝေးများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဖိတ်ကြားလေ့ရှိပါသည်။ အများဆုံးဆွေးနွေး ကြသောပြဿနာများမှာ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် အဆိုပြုလွှာများနှင့် မြေယာဆိုင်ရာ အငြင်းပွားမှုများဖြစ်ကြ သည်။ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများအကြောင်းကိုလည်း ဆွေးနွေးကြပါသည်။ ဆုံးဖြတ်ချက်များနှင့် အစည်းအဝေး မှတ်တမ်းများကို ခရိုင်ရုံးသို့ ပေးပို့ပါသည်။ မြို့နယ်အဆင့်ရှိ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများသည် ကျေးရွာအဆင့်တွင် သီးခြားစီမံကိန်းများကို ထောက်ပံ့ရာတွင် အောင်မြင်မှုနည်းပါးသော်လည်း မြေယာဆိုင်ရာ အငြင်းပွားမှုများနှင့် မြို့နယ်အဆင့် အခြေခံအဆောက်အဦးလိုအပ်ချက်များကို လွှမ်းမိုးဆုံးဖြတ်ရာတွင် ပိုမိုအောင်မြင်ကြောင်း တွေ့ရှိရပါသည်။

*"အစိုးရက ကျွန်တော်တို့ (ကော်မတီ)အတွက် ကုန်ကျစရိတ်တွေ ချပေးမယ်ဆိုရင် ပိုကောင်းတာပေါ့၊ အဲဒါမျိုး အရင်ကလည်း မချပေးဘူး"*

***- ရခိုင်ပြည်နယ်မှ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်တစ်ဦး***

မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ ကိုယ်ပိုင်ရန်ပုံငွေမှာ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ သိန်း (၁၀၀၀) ဖြစ်ပြီး ယင်းအနက် ၃ ရာခိုင်နှုန်းကို စီမံခန့်ခွဲရေးကုန်ကျစရိတ်များအဖြစ် အသုံးပြုပါသည်။ ဤကော်မတီအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနကဲ့သို့သော အခြားအစိုးရဌာနများသို့လည်း အကြံဉာဏ်များပေးနိုင်ပါသည်။ သို့ရာတွင် အချို့သော ပြည်ထောင်စုအဆင့် ဦးစီးဌာနများအနေဖြင့် ဤကော်မတီကို 'ဌာနကိစ္စရပ်များကို ဝင်ရှုပ်နေသော' အဖွဲ့တစ်ခုအဖြစ် မြင်နေကြပြီး ပူးပေါင်းဆောင်ရွက်မှုများမှာလည်း ရောထွေးနေကြောင်း ကော်မတီအဖွဲ့ဝင်များက မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို လမ်းညွှန်ရန်အတွက် ကျေးရွာအဆင့် သို့မဟုတ် မြို့နယ်အဆင့် ဖွံ့ဖြိုးရေး စီမံချက်များအား အသုံးပြုသည့် သာဓက ဖြစ်ရပ်အလွန်နည်းပါးသည်။ ကျေးရွာအများစုမှ ရွာသူရွာသားများသည် မိမိတို့ကျေးရွာလိုအပ်ချက်များအတွက် အဆိုပြုလွှာများ မူကြမ်းရေးဆွဲ၍ တင်ပြကြပါသည်။ သို့သော် ကျေးရွာတစ်ရွာလုံးအတွက် ခြုံငုံလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်၍ ဦးစားပေးအဆင့် သတ်မှတ်ခြင်းကို စနစ်တကျဆောင်ရွက်မှု အလွန်ရှားပါးသည်။ အဆိုပြုလွှာများမှာ ကျေးရွာခေါင်းဆောင်များက ရုတ်တရက် ပေါ်ပေါက်လာသော အခြေအနေများကို အခြေခံ၍ ဖော်ထုတ်နေကြရာ များသောအားဖြင့် အဆိုပြုလွှာတင်ပြရန် တောင်းခံလာပါက သို့မဟုတ် အထူးလိုအပ်ချက်များရှိလာပါက တုန့်ပြန်၍ ရေးဆွဲကြခြင်းဖြစ်သည်။ အစိုးရအနေဖြင့်လည်း အကူအညီများမပေးမီ ဆန်းစစ်လေ့လာမှုများပြုလုပ်လေ့ရှိသော်လည်း ယင်းရလဒ်များကြောင့် ဝန်ဆောင်မှုများကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ဤလေ့လာမှုအတွင်းတွင် ဒေသခံများ၏ အထူးပြဿနာများနှင့် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန် အစိုးရက ဆန်းစစ်မှုပြုလုပ်သော ဖြစ်ရပ် (၃)ခုကို တွေ့ရှိခဲ့ရပါသည်။ ယင်းတို့မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်သားများ၏ ထိခိုက်လွယ်မှုကို သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်ကောက်ယူခြင်း၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သီးနှံပျက်စီးမှုများအတွက် ကူညီပေးရမည့် ကျေးရွာများအား စာရင်းကောက်ယူခြင်းတို့ ပါဝင်ပါသည်။ ဤဖြစ်ရပ်များတွင် အကူအညီများကို ချက်ချင်းပံ့ပိုးပေးနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

*"ငိုတတ်တဲ့ ကလေးက နို့ပိုစို့ရတတ်တယ်"*
***- ဧရာဝတီတိုင်းဒေသကြီးမှ ပျံကျလုပ်သား (အမျိုးသမီး)တစ်ဦး***

*"ကျွန်တော်တို့က ရွာရဲ့လိုအပ်ချက်တွေကို သိဖို့ ရွာသားအားလုံးနဲ့ မဆွေးနွေးနိုင်ဘူး။ သူတို့အားလုံးက စားဝတ်နေရေးအတွက် ရုန်းကန်နေကြရလို့ အလုပ်ရှုပ်နေကြတာ ဒီတော့ ကျွန်တော်တို့က ဘာသာရေးခေါင်းဆောင်တွေနဲ့ ကော်မတီက တာဝန်ရှိသူတွေနဲ့ဘဲ ဆွေးနွေးပြီး သက်ဆိုင်ရာ အစိုးရအရာရှိဆီကို အဆိုပြုလွှာတင်လိုက်ရတယ်"*
***- ချင်းပြည်နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး (အမျိုးသား)တစ်ဦး။***

အချို့သော ကျေးရွာများတွင် အစိုးရအကူအညီနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန် ခက်ခဲကြောင်း တွေ့ရှိရသည်။ ယခင်အခန်းတွင် မှတ်ချက်ပြုထားသကဲ့သို့ပင် အစိုးရ၏ အကူအညီရရှိရန်အတွက် ကျေးရွာအဆင့်မှ မြို့နယ်အဆင့်အထိ အဆက်အသွယ်များနှင့် ခိုင်မာစွာ ချိတ်ဆက်ထားနိုင်ရန် လိုအပ်ကြောင်း ဒေသအားလုံးရှိ ရွာသူရွာသားများက ရှုမြင်ကြပါသည်။ အောက်ပါ သာဓက(၂၁) တွင် ဤအဆက်အသွယ်များက ရရှိနိုင်သည့် အခွင့်အလမ်းများနှင့်ပတ်သက်သည့် အချက်အလက်များကို ရွာသူရွာသားများအား မည်သို့ ထောက်ပံ့ပေးကြောင်းနှင့် အထူးသဖြင့် အစိုးရစီမံကိန်းများနှင့်ပတ်သက်သည့် အစည်းအဝေးများအကြောင်း သိရှိရန်နှင့် ယင်းအစည်းအဝေးများ သို့ တက်ရောက်နိုင်စေရန် မည်သို့ကူညီပေးကြောင်းကို ဖော်ပြထားပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ကျေးရွာများစွာတို့ရှိရွာသူရွာသားများအနေဖြင့် သူတို့၏အုပ်ချုပ်ရေးမှူးများသည်အစိုးရအကူအညီများ

ကို တက်ကြွစွာ မရှာဖွေနိုင်သောကြောင့် သို့မဟုတ် ပြင်ပပုဂ္ဂိုလ်များနှင့် အဆက်အသွယ် မတည်ဆောက်နိုင်သောကြောင့် ထိရောက်မှု မရှိဟု ခံစားရကြောင်းပြောကြားခဲ့ကြပါ သည်။ ဤသို့သော အမြင်များမှာ အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးပုံစံများပြောင်းလဲ သွားသောကြောင့် မြို့နယ်အဆင့်လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ချိတ်ဆက်ပါဝင်နိုင်မည့် အခွင့်အလမ်းများ တစ်ဖြည်းဖြည်းမှေးမှိန်လာသော ကျေးရွာအဆင့်အုပ်ချုပ်ရေးမှူးများနှင့် ပတ်သက်ပါက ပိုမိုသိသာထင်ရှားပါသည်။ ဤအကြောင်းကို ရှေ့ပိုင်းအခန်းတွင်လည်း ဆွေးနွေးထားပြီးဖြစ်ပါသည်။

## သာဓက (၂၁) မကွေးတိုင်းဒေသကြီးတွင် အစည်းအဝေးများတက်ခြင်းကြောင့် အကျိုးရလဒ်များပိုမိုရရှိခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာ၏ အတွေ့အကြုံအရ ကျေးရွာနှင့် မြို့နယ် အဆင့်တို့အကြား ဆက်ဆံရေး ခိုင်မာရန်နှင့် မြို့နယ်အစည်းအဝေးများသို့ တက်ရောက်ရန် အရေးကြီးပုံတို့ကို ဖော်ပြနေပါသည်။

ဤကျေးရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခုတို့ ပူးပေါင်း၍ ရန်ပုံငွေ ထောက်ပံ့ ပေးထားသော ကျေးလက်ဖွံ့ဖြိုးရေးစီမံ ကိန်းစီမံကိန်းတစ်ခုကြောင့် လတ်တလောတွင် အကျိုးကျေးဇူး ခံစားနေရကြောင်း ရွာသူရွာသားများက ပြောကြားခဲ့ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ကျေးရွာများစွာတို့အတွက် ရေပိုမိုထောက်ပံ့ ပေးနိုင်မည့် စီမံကိန်းတစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။ သို့ရာတွင် ကျေးရွာအုပ်စုအုပ် ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများစွာတို့သည် မည်သည့်ကျေးရွာများ၌ စီမံကိန်းဆောင်ရွက်မည်ကို ဆုံးဖြတ်ပေးသည့် အစည်းအဝေးသို့ မတက်ရောက်ခဲ့ကြပါ။ QSEM သုတေသနအတွင်း သုတေသီများ သွားရောက်လေ့လာခဲ့သည့် ကျေးရွာ (၃)ရွာအနက် ကျေးရွာတစ်ရွာမှ အုပ်ချုပ်ရေးမှူး တစ်ဦးတည်းသာ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့သည့်အတွက် ထိုကျေးရွာမှာ စီမံကိန်းတွင် ပါဝင်ခွင့်ရခဲ့ကြောင်း တွေ့ရှိရ ပါသည်။

(QSEM ကျေးရွာတွင် နေထိုင်သော) ထိုကျေးရွာအုပ်ချုပ်ရေးမှူးမှာ သူ၏ ကျေးရွာ အတွက် ပြင်ပအကူအညီများ ရရှိနိုင်ရန် နေရာမှန်တွင် ရှိနေကြောင်း ထိုရွာသူရွာသား များက ပြောကြားခဲ့ပါသည်။ ထိုအုပ်ချုပ်ရေးမှူးသည် သူ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့်အပြင် မြို့နယ်အတွင်းတွင်လည်း ကောင်းမွန်သော အဆက်အသွယ် များရှိထားပါသည်။ သူ၏ ယောက်ဖဖြစ်သူမှာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီတွင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ မြို့နယ်အဆင့် အစည်းအဝေးများကို တက် ရောက်နိုင်ရန် အရေးကြီးကြောင်း သဘောပေါက်လာသည့် ထိုကျေးရွာအုပ်ချုပ်ရေးမှူး

သည် ကျေးရွာအဆင့် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို (ဆယ်အိမ်မှူးများအပါအဝင်) အဖွဲ့ဝင် (၇)ဦးဖြင့်ဖွဲ့စည်းခဲ့ပြီးသူ မတက်ရောက်နိုင်ပါက ထိုအဖွဲ့ဝင်များအား အစည်းအဝေး တက်ရောက်စေခဲ့ပါသည်။

## မျှော်လင့်ချက်များကို စီမံခန့်ခွဲခြင်း

*"အစိုးရက ကျောင်းတွေကို ထောက်ပံ့ကြေးတွေ ပံ့ပိုးပေးလာတော့ ပိုအဆင်ပြေလာတယ် ဒါပေမယ့် ဒီရွာက လူတွေက အရင်ကအတိုင်း ဆရာ၊ ဆရာမတွေရဲ့ လိုအပ်ချက်တွေကို ထောက်ပံ့ပေးဖို့ ဆန္ဒမရှိကြဘူး"*
***- ရှမ်းပြည်နယ်မှ ဆရာမတစ်ဦး။***

ခြုံငုံကြည့်ပါက ရွာသူရွာသားများသည် အစိုးရဝန်ဆောင်မှုများကို တိုးတက်လာမှုကို ကောင်းမွန်စွာတုန့်ပြန်ခဲ့ကြပါသည်။ သို့ရာတွင် ရွာသူရွာသားများ၏ မျှော်လင့်ချက်များမှာလည်း ပိုတိုးလာပါသည်။ အပေါ်ယံအားဖြင့် ရွာသူရွာသားများသည် အစိုးရအထောက်အပံ့များ သိသာထင်ရှားစွာ တိုးတက်လာခြင်းကို အပြုသဘောဖြင့် တုန့်ပြန်ခဲ့ကြပါသည်။ ယင်းအချက်ကို စတုတ္ထအကြိမ် QSEM အစီရင်ခံစာတွင် အသေးစိတ် တင်ပြထားပြီး၊ ယခု ပဉ္စမအကြိမ်အစီရင်ခံစာတွင်လည်း ထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။ အစိုးရဝန်ဆောင်မှုများ တိုးတက်လာခြင်းကို အပြုသဘောဖြင့် လက်ခံကြခြင်းမှာ ဤပြောင်းလဲမှုများ မဖြစ်ပေါ်မီအချိန်က အစိုးရအထောက်အပံ့များ အလွန်နည်းပါးစွာ ရရှိခဲ့ခြင်းကြောင့် မျှော်လင့်ချက်များ နည်းပါးခဲ့ခြင်း နှင့်လည်း နှိုင်းယှဉ်ကြည့်ရန် လိုအပ်ပါသည်။

*"ကျွန်တော်တို့က ဆည်မြောင်းဝန်ကြီးအသံကို ရေဒီယိုကနေဘဲ ကြားဖူးတယ်။ ကျွန်တော်တို့ရဲ့ တကယ့်ဘဝထဲမှာ တစ်ခါမှ မမြင်ဖူးဘူး"*
***- ရခိုင်ပြည်နယ်မှ လယ်သမားငယ်တစ်ဦး (အမျိုးသား)။***

ဤအချက်မှာ အစိုးရဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား လှုံ့ဆော်ဆောင်ရွက်မည့် (နိုင်ငံရေး ပါတီများနှင့် တက်ကြွလှုပ်ရှားသူအုပ်စုများကဲ့သို့သော) အကျိုးစီးပွားအုပ်စုများအတွက် နေရာတစ်နေရာ ဖြစ်လာပါသည်။ ယနေ့အချိန်အထိပင် ထိုလှုပ်ရှားဆောင်ရွက်မှုများမှာ မြေယာသိမ်းယူမှုများနှင့် မြေယာစီမံခန့်ခွဲရေး ပြဿနာများတွင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။ ယခင် QSEM အစီရင်ခံစာများတွင် ဧရာဝတီတိုင်းဒေသကြီး၌ အရပ်ဘက် လူမှုအဖွဲ့အစည်းများက သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရေးအတွက် ရွာသူရွာသားများအား လှုံ့ဆော်ထောက်ခံပေးခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအခန်း၏ အစပိုင်းတွင် ဖော်ပြထားသော ကျေးရွာနောက်ခံအကြောင်းအရာတွင်လည်း သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးငွေများအား မည်သို့ မျှော်လင့်နေကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် တက်ကြွလှုပ်ရှားသူများက (နိုင်ငံရေးရည်ရွယ်ချက်များဖြင့်) ရွာသူရွာသားများအား လှုံ့ဆော်ရန်အတွက် တိုးတက်လာသော ဝန်ဆောင်မှုများကို

မည်သို့အသုံးပြုနေကြောင်းကို ဥပမာတစ်ခုဖြင့် တင်ပြခဲ့ပါသည်။

တစ်ချိန်တည်းတွင်ပင် QSEM မှလေ့လာခဲ့သည့်ကျေးရွာများ၌ ဒေသန္တရအဆင့် စီမံကိန်းများ ထောက်ပံ့ပေးနိုင်မည့် အစိုးရ၏ စွမ်းဆောင်ရည်မှာ အကန့်အသတ်ရှိနေပြီး ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ဆုံးရှုံးနိုင်ခြေများရှိခြင်းကြောင့် အချိန်နှင့်အမျှ အချင်းချင်းယုံကြည်မှု လျော့နည်းလာနေကြောင်း တွေ့ရှိရပါသည်။ ဤအစီရင်ခံစာပါ နယ်ပယ်ကဏ္ဍ များစွာ တို့တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား ဒေသခံပြည်သူများက မည်သို့ ခံစား နေရကြောင်း ဆွေးနွေး ထားသော်လည်း ထိုအချက်များကို ဖြည့်ဆည်းပေးရန်အတွက်မူ အစိုးရ၏ စွမ်းဆောင်ရည်မှာ အကန့်အသတ် ရှိနေပါသည်။ ဥပမာအားဖြင့် မြေယာ မှတ်ပုံတင်ခြင်းလုပ်ငန်းကို QSEM သုတေသနဒေသအားလုံးတို့တွင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ သို့ရာတွင် စနစ်အသစ်ကို မည်သို့ လည်ပတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြို့နယ်အဆင့်တွင်ပင် ရှင်းလင်းတိကျမှုမရှိသည့်အတွက် ရွာသူရွာသားများမှာ မြေယာ လွှဲပြောင်းမှုများအတွက် ရိုးရာစနစ်များကို အသုံးပြုနေကြဆဲဖြစ်ပါသည်။ ထို့အတူပင် စီမံကိန်းသစ်များကို အကော်အထည်ထည်ဖော်ရန်နှင့် ကြီးကြပ်ရန်အတွက် မြို့နယ်အဆင့်ရှိ အစိုးရ၏ စွမ်းဆောင်ရည်မှာ အကန့်အသတ်ရှိနေသည့် လက္ခဏာများကိုလည်း တွေ့ရှိရပါ သည်။ သာဓက (၂၂)တွင် မန္တလေးတိုင်းဒေသကြီးရှိ မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျောင်းထောက်ပံ့ကြေးစီမံကိန်းများတွင် ထိုကဲ့သို့သော အားနည်း ချက်များရှိနေသည့် ဥပမာ (၂)ခုကို တင်ပြထားပါသည်။

### သာဓက(၂၂) မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျောင်းထောက်ပံ့ကြေးစီမံကိန်း များအား အကောင်အထည်ဖော်ရာတွင် ကြီးကြပ်မှုအားနည်းနေခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာသည် မြစိမ်းရောင်စီမံကိန်းအရ ကျေးလက်ဖွံ့ဖြိုးရေးကော်မတီထံမှ ငွေကျပ် သိန်း (၃၀၀) ကို ခွဲဝေရရှိခဲ့ပါသည်။ ထိုစီမံကိန်း မှာ ကျေးရွာတွင်းရှိ ပိုမိုဆင်းရဲသော ရွာသူရွာသားများအတွက် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ (အထူးသဖြင့် မွေးမြူရေးလုပ်ငန်းများ)တွင် ရင်းနှီးမြှုပ်နှံနိုင် မည့် အရင်းအနှီးများ ထောက်ပံ့ပေးရန် ရည်ရွယ်ထားပါသည်။ ထိုအကူအညီများ ကို ကြီးကြပ်ရန်အတွက် ကျေးရွာများတွင် အဖွဲ့ဝင် (၇) ဦးပါဝင်သော ကော်မတီ တစ်ခုကိုဖွဲ့စည်းရပါသည်။ထိုကော်မတီအဖွဲ့ဝင်များအတွက်မြို့နယ်ဖွံ့ဖြိုးရေးကော်မတီက (၄)ရက်ကြာ စာရင်းအင်း သင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

*"ရွာသားတွေက ဟိုလူကတော့ ချေးငွေရတယ်၊ ဒီလူကတော့ ချေးငွေရတယ် စသည် ဖြင့် စောဒကတက်လာရင် ကျွန်တော်တို့က လွဲရင် ဘယ်သူမှ မဖြေရှင်းပေးနိုင်ဘူး၊ ကျွန်တော်တို့က ကိုယ့်ရွာအကြောင်းလဲသိတယ်။ ဘာတွေ လိုအပ်နေတယ်ဆိုတာလဲ သိထားတယ်။ အဲဒီတော့ ကျွန်တော်တို့က ချေးငွေလိုတဲ့လူတွေကို ရွေးဖို့ အစည်း အဝေးတစ်ခုခေါ်လိုက်တယ်။ ပြီးတော့ ချေးငွေလိုတဲ့ အိမ်ထောင်စုတွေကို ရန်ပုံငွေကို*

*ခွဲပေးလိုက်တယ်"*
***- ကော်မတီအဖွဲ့ဝင်တစ်ဦး။***

ပိုမိုဆင်းရဲသော ရွာသူရွာသားများအား ရန်ပုံငွေ ကျပ် သိန်း (၃၀၀) ကို ခွဲဝေပေးရမည့်အစား ကော်မတီသည် ချေးငွေလိုအပ်နေသော အိမ်ထောင်စုတိုင်းသို့ ချေးငွေများပေးအပ်ခဲ့ပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးနှုန်းသည် တစ်လလျှင် ၁ ရာခိုင်နှုန်း အောက်သာရှိသည့်အတွက် ကျေးရွာရှိ အိမ်ထောင်စုများအနက် ၉၀ ရာခိုင်နှုန်းက ချေးငွေရယူခဲ့ပါသည်။ အိမ်ထောင်စုတစ်စုစီသည် ချေးငွေ ၁၅၀,၀၀၀ ကျပ်မှ ၁၆၀,၀၀၀ အထိ ရရှိကြပြီး ချမ်းသာသော အိမ်ထောင်စုများကမူ ချေးငွေပမာဏမှာ အလွန်နည်းပါးသည်ဟု ထင်ကြသည်။

မြို့နယ်ဖွံ့ဖြိုးရေးကော်မတီက ဤစီမံကိန်းအပေါ် ကြီးကြပ်မှုမှာ အလွန်အားနည်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာကော်မတီသည် မိမိတို့ကျေးရွာက လိုအပ်သည်ဟု ထင်မြင်သော ကိစ္စရပ်နှင့်ကိုက်ညီစေရန်အတွက် မြစိမ်းရောင် ကျေးရွာရန်ပုံငွေကို ပြင်ဆင်အသုံးပြုနိုင်သောကြောင့်ဖြစ်ပါသည်။ အမှန်အားဖြင့် မြို့နယ်ကော်မတီဝင်များ က ကျေးရွာသို့သွားရောက်လေ့လာသည့်အခါတွင် မူလက ချေးငွေပံ့ပိုးပေးရန် ရည်မှန်းထားသော ရွာသူရွာသားများက ယခင်ကပင် ရှိထားသော ကျွဲ၊ နွားများ၊ ဝက်များကို ဓာတ်ပုံရိုက်ထားပြီး၊ စီမံကိန်းအကျိုးရလဒ်များအဖြစ် ဖော်ပြခဲ့ကြပါသည်။

အစိုးရ၏ ကျောင်းထောက်ပံ့ကြေးစီမံကိန်းများကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ကျေးရွာအားလုံးနီးပါး တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သတိပြုမိပါသည်။ မူလတန်းကျောင်းများသည် တစ်ကျောင်းလျှင် ငွေကျပ် (၄)သိန်းစီ ကိုလည်းကောင်း၊ မူလတန်းကျောင်းခွဲများသည် တစ်ကျောင်းလျှင် ငွေကျပ် (၂)သိန်းစီကိုလည်းကောင်း၊ အလယ်တန်း ကျောင်းများသည် တစ်ကျောင်းလျှင် ငွေကျပ် (၁၀)သိန်းစီကိုလည်းကောင်း ရရှိကြပါသည်။[47]

ဧရာဝတီတိုင်းဒေသကြီးအတွင်း လေ့လာခဲ့သော ကျေးရွာအားလုံးနီးပါးတွင် တူညီသော ဇာတ်လမ်းတစ်ခုတည်းသာ ထွက်ပေါ်လာခဲ့ပါသည်။ ကျောင်းအုပ်ကြီးများသည် ထိုရန်ပုံငွေများအတွက် တာဝန်ယူရန်လိုအပ်ပြီး ထိုရန်ပုံငွေကို အသုံးပြုရမည့်စည်းမျဉ်းစည်းကမ်းများအတွက် မြို့နယ်ပညာရေးမှူးရုံးတွင် သင်တန်းပို့ချပေးပါသည်။ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့သော်လည်း(ရန်ပုံငွေများအား စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန်ချက်များနှင့် အညီ) ထိုရန်ပုံငွေများကို မည်သို့ အသုံးပြုခဲ့ကြောင်းကိုလည်းကောင်း၊ ရန်ပုံငွေများကို အသုံးပြုရာတွင် ရွာသူရွာသားများ သို့မဟုတ် ကျောင်းကော်မတီများနှင့် မည်သို့ တိုင်ပင်ဆွေးနွေးခဲ့သည်ကိုလည်းကောင်း၊ ရှင်းလင်းတိကျသော အသေးစိတ်အချက်များကို မရရှိနိုင်ခဲ့ပါ။ အချို့သော ရွာသူရွာသားများမှာ ကျောင်းအတွက် ထောက်ပံ့ငွေရရှိသည်ဟူသော အချက်မှတစ်ပါး မည်သည့်အသေးစိတ်အချက်ကိုမှ

47. ပညာရေးဝန်ကြီးဌာနနှင့် မိတ်ဖက် အလှူရှင်များအနေဖြင့် လုပ်ငန်းတိုးတက်မှုကို သိရှိရန် ကျောင်းထောက်ပံ့ကြေးများအပေါ် အရည်အသွေးနှင့် အရေအတွက်ပိုင်းဆိုင်ရာ ဆန်းစစ်မှုများ မိမိဖာသာ ကျယ်ပြန့်စွာ လုပ်ဆောင်လျှက်ရှိပါသည်။

မသိရှိကြပါ။ အချို့သော ကျေးရွာများတွင် ဤကျောင်းထောက်ပံ့ကြေးစီမံကိန်းကြောင့် ကျောင်းအုပ်ကြီးများအပေါ် နားလည်မှုလွဲမှားခြင်းနှင့် မယုံကြည်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း


LIFTသည် QSEM မှလေ့လာခဲ့သည့် ကျေးရွာများတွင် အကူအညီများထောက်ပံ့ပေးနေသည့် အဓိကအလှူရှင် တစ်ဦးအဖြစ် ဆက်လက်တည်ရှိနေပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စီမံကိန်းများစွာတို့အတွက် အကူအညီများမှာ အချိန်နှင့်အမျှ သိသာသော ပြောင်းလဲမှုများ ရှိနေပါသည်။ ဒေသအားလုံးတို့တွင် ထောက်ပံ့ ပေးခဲ့သော စီမံကိန်းများ၏ အတိုင်းအတာနှင့် အမျိုးအစားတို့ကို အောက်တွင် မှတ်တမ်းပြုစုထားပါသည်။ ထို့နောက် QSEM သုတေသန အကြိမ်တိုင်းတွင်အလှူရှင်စီမံကိန်းများ၌ဒေသခံပြည်သူများ၏ချိတ်ဆက်ပါဝင်မှုလမ်းကြောင်း များကို ယေဘုယျအားဖြင့် သရုပ်ခွဲ ဆန်းစစ်ပြထားပါသည်။

အကူအညီပေးရေး စီမံချက်များ၏ အရေအတွက်မှာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အတက်အကျများစွာ ရှိခဲ့ပြီး ရခိုင်နှင့် မန္တလေးတွင် အတန်ပင် ကျဆင်းခဲ့ပါသည်။

### လက်ခံရရှိသော အကူအညီ

QSEM မှလေ့လာခဲ့သည့် ကျေးရွာအားလုံးတို့အတွက် အကူအညီစုစုပေါင်းမှာ အချိန်တိုင်းတွင် တူညီနေဆဲ ဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်မူ သိသာထင်ရှားသော အတက်အကျများရှိခဲ့ပါသည်။ပုံ (၁၅)တွင် QSEM သုတေသနအကြိမ် အားလုံးအတွက် အကူအညီစီမံကိန်းအရေအတွက်ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ ပျမ်းမျှတွက်ချက်ပါက QSEM သုတေသနအကြိမ်တိုင်းအတွက် အကူအညီစီမံကိန်း အရေအတွက်မှာ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်း တွင် ၂၅ ခုမှ ၄၀ ခုအထိ ရှိနေပြီး ကျေးရွာတစ်ရွာချင်းတွင် စီမံကိန်း ၃ ခုမှ ၄ ခုအထိ ရှိနေပါသည်။ သို့ရာတွင် ဤအချက်အလက်များအရ သုတေသနအကြိမ်တိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီး များအချို့ရှိ QSEM ကျေးရွာများတွင် အကူအညီ စီမံကိန်းအရေအတွက်မှာ အတက် အကျများရှိနေပါသည်။ ဉပမာအားဖြင့် ချင်းပြည်နယ်နှင့် (နောက်ပိုင်း QSEM အကြိမ် များတွင်) မကွေးတိုင်းဒေသကြီးတို့၌ စီမံကိန်းအရေအတွက်မှာ တစ်ပြေးညီဖြစ်နေ သော်လည်း QSEM နောက်ပိုင်းအကြိမ်များ၌ မန္တလေးတိုင်းဒေသကြီးရှိ စီမံကိန်းအရေ အတွက်မှာ လျော့ကျသွားပါသည်။ ရခိုင်ပြည်နယ်တွင်မူ ပထမအကြိမ် QSEM နှင့် နှိုင်းယှဉ်ပါက လျော့ကျသွားပြီး နောက်ပိုင်းတွင် တစ်ပြေးညီဖြစ်သွားပါသည်။

**ပုံ (၁၅) - QSEM သုတေသနအကြိမ်တိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် အလှူရှင်များ၏ စီမံကိန်းများအရေအတွက်**




ဒေသအလိုက် စီမံကိန်းများ အတက်အကျရှိနေခြင်းအတွက် အဓိကအကြောင်းပြချက် (၂) ချက်ရှိပါသည်။ ယင်းတို့မှာ လူသားချင်းစာနာထောက်ထားသော အကူအညီများမှ ဖွံ့ဖြိုးရေး အထောက်အကူပြုစီမံကိန်းများအဖြစ်သို့ ပြောင်းလဲ ပေးအပ်လာခြင်းနှင့် သတ်မှတ်ထားသော အချိန်အတွင်း ဧရိယာအခြေခံသည့် စီမံကိန်းများကို ဆောင်ရွက် လာခြင်းကြောင့်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျေးရွာများသည် နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းတို့ နောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားသော အကူအညီများကို လက်ခံ ရရှိနေဆဲဖြစ်သောကြောင့် QSEM သုတေသနစတင်ချိန်၌ အကူအညီရရှိမှု မြင့်မားခဲ့ ပါသည်။ လူသားချင်းစာနာထောက်ထားသော အကူအညီများ ပြီးဆုံးသွားသည်နှင့်အမျှ တတိယအကြိမ် QSEM လေ့လာမှုတွင် တွေ့ရှိရသော အကူအညီရရှိမှု အခြေအနေမှာ သိသာစွာလျော့ကျသွားခဲ့ပါသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် LIFTမှ ရန်ပုံငွေထောက်ပံ့သော စီမံကိန်းများ၏ ပါဝင်မှုအချိုးမှာလည်း မြင့်တက်လာ ခဲ့ပါသည်။ ဤအခြေအနေကို အောက်ပါ ပုံ (၁၆)တွင် ဖော်ပြထားပါသည်။


ပြည်နယ်/တိုင်းဒေသကြီးများတွင် စီမံကိန်းအရေအတွက် အတက်အကျဖြစ်ရခြင်းမှာအတွင်း စီမံကိန်းများကို သတ်မှတ် ကာလအတွင်း၌သာ ဆောင်ရွက်ခြင်းနှင့် ဧရိယာအခြေခံသည့် ချဉ်းကပ်နည်းများကို အသုံးပြုခြင်း ကြောင့်လည်း ဖြစ်ပါသည်။ ဤအကြောင်းအရာအတွက် အသိသာဆုံးသောအချက်မှာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ QSEM ကျေးရွာ

ချင်းပြည်နယ်မှလွဲ၍ အခြားနေရာများတွင် LIFT ၏ မိတ်ဖက်များမှလွဲပြီး အခြားအကူအညီ ရင်းမြစ် အနည်းငယ်သာ တွေ့ရှိရပါသည်။

များတွင် အကူအညီများ သိသာစွာ လျော့ကျသွားခြင်းဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ QSEM ကျေးရွာ (၉)ရွာ တွင် လေ့လာချက်အရ စီမံကိန်းစုစုပေါင်း (၄၁)ခု လက်ခံရရှိနေရာမှ ပဥ္စမအကြိမ် QSEM လေ့လာမှုတွင် ထိုကျေးရွာ တစ်ရွာချင်း၌ စီမံကိန်း (၄)ခုမှ (၆)ခုအထိသို့ လျော့ကျသွားကြောင်း တွေ့ရှိရပါသည်။ ထို့အတူပင် ရှမ်းပြည်နယ်ရှိ QSEM ကျေးရွာများတွင်လည်း ဒုတိယအကြိမ် QSEM နှင့် တတိယအကြိမ် QSEM တို့အကြားတွင် အလှူရှင်စီမံကိန်းအရေအတွက် ၅၀ရာခိုင်နှုန်း အထိ လျော့ကျသွားခဲ့ပါသည်။ ထိုသို့ လျော့ကျသွားရခြင်းမှာ LIFTမှ ရန်ပုံငွေထောက်ပံ့ပေးထားသော မိတ်ဖက်အကောင်အထည်ဖော်သည့် အဖွဲ့များ၏ စီမံကိန်းများ ပြီးဆုံးသွားသောကြောင့်ဖြစ်ပါသည်။

ရရှိထားသော အချက်အလက်များအရ ချင်းပြည်နယ်မှအပ ကျန်ဒေသများတွင် အခြားသော အလှူရှင်အကူအညီများ ကို ရရှိနိုင်မှု နည်းပါးပြီး LIFTမှ ရန်ပုံငွေထောက်ပံ့ခြင်းမဟုတ်သော စီမံကိန်းအရေအတွက်မှာ အချိန်တိုင်းတွင် သိသာစွာ ပြောင်းလဲခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ပုံ (၁၆) အရ ချင်းပြည်နယ်မှအပ ကျန်ဒေသအားလုံးတို့ရှိ QSEM ကျေးရွာများတွင် LIFTသည် အဓိကအလှူရှင်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် LIFT မှထောက်ပံ့သော စီမံကိန်းများမှာ ၈၀ ရာခိုင်နှုန်းအထိ ပါဝင်နေပါသည်။ QSEM လေ့လာမှုအကြိမ်အားလုံးတွင် LIFTမှ ရန်ပုံငွေထောက်ပံ့ခြင်းမရှိသော စီမံကိန်းအရေအတွက်မှာ သိသာစွာပြောင်းလဲခြင်း မရှိသည့်အတွက် ယခုနှစ်များတွင် QSEM လေ့လာခဲ့သည့် ကျေးရွာများ၌ အလှူရှင်များ ထောက်ပံ့သည့် စီမံကိန်းသစ်များအကောင်အထည်ဖော်ခြင်းမရှိကြောင်း ဖော်ပြနေပါသည်။

**ပုံ (၁၆) - QSEM ပထမ/ဒုတိယအကြိမ်နှင့် နှိုင်းယှဥ်ဖော်ပြထားသော အလှူရှင်အကူအညီများ (LIFTနှင့် LIFT မဟုတ်သောအဖွဲ့များက ရန်ပုံငွေထောက်ပံ့သော စီမံကိန်းများ)**



ချင်းပြည်နယ်မှာ အဓိက ခြွင်းချက်ဖြစ်ပြီး QSEM ကျေးရွာများတွင် အခြားသော အလှူရှင်များစွာတို့က တက်ကြွစွာ ထောက်ပံ့နေပါသည်။ ပဉ္စမအကြိမ် QSEM လေ့လာမှုတွင် ချင်းပြည်နယ် QSEM ကျေးရွာများရှိ စီမံကိန်းများအနက် ၂၀ ရာခိုင်နှုန်း နီးပါးကို LIFTမှ ရန်ပုံငွေထောက်ပံ့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဤအချက်မှာ ချင်းပြည်နယ်တွင် အလှူရှင်များ ချိတ်ဆက်ပါဝင်လာသည့် ပထမဆုံးသော တွေ့ရှိချက်ဖြစ်ပြီး အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှု မြင့်မားခြင်းနှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုမြင့်မားခြင်းတို့ ပေါင်းစပ်၍ ကျေးရွာများ သည် နိုင်ငံတကာ အဆက်အသွယ်များနှင့် ချိတ်ဆက်နိုင်ခြင်း ကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဤအချက်က ချင်းပြည်နယ်တွင် အစပျိုးလုပ်ငန်းသစ်များ၌ ပိုမိုရင်းနှီးမြှုပ်နှံလာခြင်းကို လည်း ဖော်ပြနေပါသည်။ ဥပမာအားဖြင့် QSEM ၏ နောက်ပိုင်းလေ့လာမှုများတွင် တွေ့ရှိ ရသည့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (3MDG) စီမံကိန်း အရ ကျေးရွာအားလုံးတွင် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။

**ဇယား(၁၃) - ကဏ္ဍအလိုက် အလှူရှင်များ၏ အကူအညီ (QSEM စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်တို့ကို နှိုင်းယှဉ်ချက်)**

| | QSEM စတုတ္ထအကြိမ် | | QSEM ပဉ္စမအကြိမ် | |
|---|---|---|---|---|
| | စီမံကိန်းအရေအတွက် | ပါဝင်မှု | စီမံကိန်းအရေအတွက် | ပါဝင်မှု |
| ပညာရေး | ၁၀ | ၅ရာခိုင်နှုန်း | ၇ | ၅ရာခိုင်နှုန်း |
| ကျန်းမာရေး | ၇ | ၃ရာခိုင်နှုန်း | ၁၀ | ၇ရာခိုင်နှုန်း |
| အခြေခံအဆောက်အဦ | ၂၃ | ၁၀ရာခိုင်နှုန်း | ၁၄ | ၁၀ရာခိုင်နှုန်း |
| ချေးငွေ | ၆၅ | ၃၀ရာခိုင်နှုန်း | ၅၀ | ၃၄ရာခိုင်နှုန်း |
| အသက်မွေးဝမ်းကျောင်း | ၈၃ | ၃၈ရာခိုင်နှုန်း | ၅၁ | ၃၅ရာခိုင်နှုန်း |
| အခြား | ၃၂ | ၁၅ရာခိုင်နှုန်း | ၁၄ | ၁၀ရာခိုင်နှုန်း |
| | ၂၂၀ | | ၁၄၆ | |

ချေးငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းအစီအစဉ်များသည် QSEM လေ့လာမှု အကြိမ်အားလုံးတွင် အလှူရှင်များက ရန်ပုံငွေထောက်ပံ့သော အဓိကစီမံကိန်းအမျိုးအစား များဖြစ်ကြသည်။ ပုံ (၁၇)တွင် ယခင်တစ်နှစ် အတွင်း QSEM ကျေးရွာများ၌ အလှူရှင်များက ရန်ပုံငွေထောက်ပံ့သော လုပ်ငန်းအမျိုးအစားများ သိသာစွာပြောင်းလဲမှုမရှိကြောင်း ဖော်ပြ ထားသည်။ သိသာထင်ရှားစွာ ထပ်နေသော ချေးငွေရရှိရေး စီမံကိန်းများမှတစ်ပါး ကျန်ကဏ္ဍများတွင် အလှူရှင်များက ဦးတည်ထောက်ပံ့သော နယ်ပယ်များနှင့် အစိုးရက အထောက်အပံ့တိုးချဲ့ပေးနေသော နယ်ပယ်များ ကွဲပြားခြားနားနေပါသည်။ အစိုးရနှင့်

အလှူရှင်နှစ်ဦးလုံး၏ စီမံကိန်းများအနက် သုံးပုံတစ်ပုံခန့်မှာ ချေးငွေရရှိရေးကို ဦးတည် ထားကြပါသည်။ အလှူရှင်များက ဦးတည်ထောက်ပံ့သည့် အခြားနယ်ပယ်တစ်ခုမှာ အသက် မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ပြီး အစိုးရစီမံကိန်းများမှာမူ ပညာရေးကဏ္ဍ လုပ်ငန်းများကို ဦးတည်ထားပါသည်။

## အလှူရှင်စီမံကိန်းများကိုအကောင်အထည်ဖော်ခြင်းမှရရှိသောသင်ခန်းစာများ

QSEM ကျေးရွာများတွင် အလှူရှင်စီမံကိန်းများကို လက်ခံမှုနှင့်တောင်းဆိုမှု မြင့်မားကြောင်း သုတေသီများက သတ်မှတ်ဖော်ထုတ်ထားပါသည်။ အလှူရှင်စီမံကိန်းများသည် ကျေးရွာ များရှိ စိုက်ပျိုးရေးကဏ္ဍအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ရွာသူရွာသားများအား အစားထိုး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထောက်ပံ့ရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို ဤအစီရင်ခံစာတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် သာဓက (၁) တွင် ပြောင်းဖူးစိုက်ပျိုးရန်အရင်းအနှီးထောက်ပံ့ပေးသ ည့် အလှူရှင်များ၏ အခန်းကဏ္ဍကို လည်းကောင်း၊ သာဓက (၆) တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်များအတွက် အသေးစားချေးငွေများကို အသုံးပြုခြင်းအကြောင်းကိုလည်းကောင်း တင်ပြခဲ့ပါသည်။ ယခင်အစီရင်ခံစာများတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အကန့်အသတ် ရှိချိန်၌ ဖြည့်စွက်ဝင်ငွေရရှိစေရေးအတွက် အလုပ်အတွက်ငွေကြေးပေးခြင်း (Cash-for-work) အစီအစဉ်များကို လည်းကောင်း၊ ချင်းပြည်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းသုံးစက် ပစ္စည်းများ ဝယ်ယူရန်အားပေး၍ အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် ပံ့ပိုးကူညီရာတွင် အလှူရှင်များ၏ အခန်းကဏ္ဍကိုလည်းကောင်း မီးမောင်းထိုးပြခဲ့ပြီးဖြစ်ပါသည်။

အကူအညီစီမံကိန်းများကို အကောင်အထည်ဖော်ရာမှ ထွက်ပေါ်လာသော ပြဿနာအမျိုး အစားများမှာ QSEM လေ့လာမှုအကြိမ်အားလုံးတွင် များစွာ ကွဲပြားခြားနားမှုမရှိပါ။ အကူ အညီစီမံကိန်းများထောက်ပံ့ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ အမြင်များကို ဆက်စပ်ကြည့် ပါက တူညီသော ပြဿနာအမျိုးအစားများသာ ပေါ်ထွက်ခဲ့ပါသည်။ ဤအချက်မှာ QSEM ကျေးရွာများရှိ စီမံကိန်းများသည်ကြောင်းကျိုးဆက်စပ်၍ ရှေ့နောက်ညီညွတ်မှုရှိခြင်းကို ထင်ဟပ်နေပါသည်။ စီမံကိန်းများတွင် LIFT၏ စီမံကိန်းများမှာ အများစုလွှမ်းမိုးနေပြီး၊ ထိုစီမံကိန်းများကိုလည်း နှစ်အနည်းငယ်ကြာအောင် သို့မဟုတ် QSEM သုတေသန အကြိမ်များစွာကြာအောင် အကောင်အထည်ဖော်ခဲ့ပါသည်။

စီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးကော်မတီကို အားထား ခြင်းဖြင့် စီမံကိန်းများ၏ ရေရှည်တည်တံ့မှုအပေါ် အကောင်းဆုံး သက်ရောက်မှု မပေးနိုင် ပါ။ ကျေးရွာအဆင့်၌ စီမံကိန်းအများစုတို့ကို အကောင် အထည်ဖော်ရာတွင် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီများက စီမံခန့်ခွဲခြင်း သို့မဟုတ် ယင်းကော်မတီများကို အားကိုးရခြင်းများ ရှိခဲ့ပါသည်။ ကျေးရွာတစ်ရွာတည်းတွင်ပင် စီမံကိန်းအမျိုးမျိုးဆောင်ရွက်ရာ၌ သီးခြား ကျေး ရွာဖွံ့ဖြိုးရေးကော်မတီများဖြင့် ယှဉ်ပြိုင်ဆောင်ရွက်ရကြောင်းကို ယခင်အစီရင်ခံစာများတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ QSEM သုတေသနလုပ်ငန်းသည် ကျေးရွာများစွာတို့ရှိ စီမံကိန်းအပြီး သတ်လုပ်ငန်းများကိုလည်း လွှမ်းခြုံလေ့လာနိုင်ခဲ့ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည်

စီမံကိန်းများကို အပြီးသတ်ဆောင်ရွက်ရာတွင်နှင့် စီမံကိန်းလုပ်ငန်းမှ အကျိုးကျေးဇူးများကို ရေရှည်တည်တံ့စေရန် ကြိုးပမ်းရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင် နေရကြောင်း တွေ့ရှိရပါသည်။ သာဓက (၂၃)တွင် မန္တလေးဒေသကြီး၌ ဖြစ်ပေါ်နေသော အခြေအနေကို ဖော်ပြထားပါသည်။

**သာဓက (၂၃) မန္တလေးတိုင်းဒေသကြီးတွင် စီမံကိန်းတစ်ခု အပြီးသတ်ချိန်၌ တင်းမာမှုများ ဖြစ်ပေါ်လာပြီး အခွင့်ထူးခံ အုပ်စုတစ်စုကသာ လက်ဝါးကြီး အုပ်သွားခြင်း။**

မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် LIFTမှ ရန်ပုံငွေထောက်ပံ့ပေးသော စီမံကိန်းတစ်ခုအပြီးသတ်ချိန်၌ အပြောင်းပွားမှုများဖြစ်ပေါ်ကာ ကျေးရွာ၏ လူမှုသဟဇာတ ဖြစ်မှုကို ထိခိုက်ခဲ့ရပါသည်။ ဤကျေးရွာတွင် ယခင်ကတည်းကပင် ပြည်ထောင်စု ကြံ့ခိုင်ရေးပါတီ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကို ထောက်ခံသူများအကြား သဘောကွဲလွဲ နေခဲ့ရာ ရွာသူရွာသားများ၏ အမြင်အရ ထိုအခြေအနေမှာ စီမံကိန်းကြောင့် ပိုမိုဆိုးရွားသွားခဲ့ပါသည်။

ဤစီမံကိန်းတွင် ကျေးလက်ရန်ပုံငွေတစ်ခုနှင့် ကျေးရွာတွင် အသုံးပြုရန် စိုက်ပျိုးရေးသုံး စက်ကိရိယာအချို့ ပါဝင်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာအဆင့် ဖွံ့ဖြိုးကော်မတီတစ်ခု တည်ထောင် ရပါသည်။ ထိုကော်မတီ၏ ခေါင်းဆောင်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပါတီမတူညီသည့်အတွက်၎င်းတို့အကြား တင်းမာမှုများမှာ စီမံကိန်းကာလတစ်လျှောက်လုံးတွင် ပိုဆိုးလာခဲ့ပါသည်။ တင်းမာမှုဖြစ် ရသည့် အကြောင်းရင်းတစ်ခုမှာ စီမံကိန်းမှထောက်ပံ့သော ကျေးလက်ရန်ပုံငွေဖြင့် အကူအညီများကို ခွဲဝေပေးရာ၌ ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ၏ မျက်နှာလိုက်မှုကြောင့် လည်း ပါဝင်ပါသည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် စီမံကိန်းပြီးဆုံးသွားသည့်အတွက် စီမံကိန်းမှ ထောက်ပံ့သော ပစ္စည်းများကို မည်သို့ ဆက်လက်ထိန်းသိမ်းမည် ကျေးလက်ရန်ပုံငွေကို မည်သို့ စီမံခန့်ခွဲမည်တို့ကို ဆုံးဖြတ်ရန်အတွက် အစည်းအဝေး တစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသည် ငြင်းခုံရန်ဖြစ်ပွဲသို့ ပြောင်းလဲသွားသည့်အတွက် မြို့နယ်အဆင့်သို့ အစီရင်ခံခဲ့ရပြီး အစိုးရအရာရှိများကလည်း ပြည်သူ့ရဲများပင်စေလွှတ်ခဲ့ရပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးကမူ ထိုသို့သော အနှောင့်အယှက် မျိုးမဖြစ်ပေါ်ခဲ့ကြောင်း ငြင်းဆိုခဲ့ပါသည်။

သုတေသနပြုလုပ်ချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူးသည် စီမံကိန်းပြီးဆုံးချိန်မှစ၍ စီမံကိန်းပိုင်စက်ပစ္စည်းများကို ထိန်းသိမ်းထားခဲ့ကြောင်း သိရှိရသော်လည်း ရွာသူရွာသား

များအနေဖြင့် သီးနှံရိတ်သိမ်းချိန်တွင် ထိုစက်ပစ္စည်းများကို အသုံးပြုခွင့်ရမရကိုမူ ရှင်းလင်းစွာ မသိရပါ။ ထို့အပြင် စီမံကိန်းပြီးဆုံးချိန်၌ ကျေးရွာရန်ပုံငွေများကို ပြန်လည်ခွဲဝေ ပေးခြင်း မရှိကြောင်းလည်း တွေ့ရှိရပါသည်။

ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းစဉ်များသည် ကျေးရွာအဆင့်ရှိ အုပ်ချုပ်မှုပုံစံကို ပိုမိုအားကောင်း စေရေးအတွက် အထောက်အပံ့ပေးနိုင်ခဲ့သော သာဓကဖြစ်ရပ် အနည်းငယ်သာရှိပါသည်။ ကျေးရွာဖွံ့ဖြိုးကော်မတီများကို အထူးသဖြင့် စီမံကိန်းများအား စီမံအုပ်ချုပ်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း ထိုကော်မတီများက ကျေးရွာ၏ အုပ်ချုပ်မှု ပုံစံများခိုင်မာအားကောင်းစေရန် ပိုမိုကျယ်ပြန့်စွာ အထောက်အကူပြုနိုင်ခဲ့သော သာဓကဖြစ်ရပ် အနည်းငယ်သာရှိခဲ့ပါသည်။ သုတေသီများအနေဖြင့် အလှူရှင် စီမံကိန်းများက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ခြုံငုံဖော်ထုတ်နိုင်ရန် ထောက်ပံ့ပေးနိုင်ခဲ့ သော သာဓကဖြစ်ရပ် အနည်းငယ်ကိုသာ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ယင်းတို့တွင် ရခိုင်ပြည်နယ်ရှိ ကျေးရွာအချို့၌ မြေအသုံးချစီမံချက်များ ရေးဆွဲခြင်းလည်း ပါဝင်ပါသည်။ သို့ရာတွင် စီမံကိန်းများမှာ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းကိုအထောက်အကူပြုနိုင်ရန်သာ ဒီဇိုင်းရေးဆွဲထားသည့်အတွက် ပိုမိုကျယ်ပြန့်သော ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များတည်ထောင်ခြင်း သို့မဟုတ် (နုနယ်သေးသော ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ ကဲ့သို့သော) အဖွဲ့အစည်းများကို ခိုင်မာအားကောင်းစေခြင်း စသည့် အလေ့အထများကို တည်ထောင်နိုင်သည့် သာဓကဖြစ်ရပ်များ အလွန်နည်းပါးပါသည်။

*"ဒါက ကံစမ်းမဲ နှိုက်တာနဲ့ တူနေတယ် လူတိုင်းကတော့ အကူအညီမရနိုင်ဘူး"*
***- ရှမ်းပြည်နယ်မှ လယ်သမားအငယ် (အမျိုးသား) တစ်ဦး***

*"အဖွဲ့အစည်းတွေက လူတွေ ဒီအိမ်ကိုလာပြီး နေကြတယ် ပြီးတော့ အနားမှာ နေတဲ့ လူတွေလောက်ကိုပဲ ကူညီပေးသွားကြတယ်"*
***- ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားအငယ် (အမျိုးသား)တစ်ဦး။***

ဦးတည်ဆောင်ရွက်သည့် နည်းလမ်းများနှင့် တာဝန်ယူမှုရှိစေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျေးရွာအဆင့် တွင် သတင်းအချက်အလက်များ စနစ်တကျ ထောက်ပံ့ပေးခြင်းအားဖြင့် စီမံကိန်းများကို ခိုင်မာအောင် ဆောင်ရွက်နိုင်ပါမည်။ အထက်ပါအချက်များဖြင့် မီးမောင်းထိုးပြထားသကဲ့သို့ပင် အချို့သော ကျေးရွာများရှိ ပြည်သူများအတွက် စီမံကိန်းဦးတည်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မရှိခြင်း သို့မဟုတ် ပွင့်လင်းမြင်သာမှုမရှိခြင်းကို ပြဿနာတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤအချက်မှာ အထူးသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကို ရွာသူရွာသားအနည်းစုကသာ လွှမ်းမိုးထားပြီး စီမံကိန်းမှ အကျိုးအမြတ်များကိုလည်း မိမိတို့အုပ်စုအတွင်း၌သာ ခွဲဝေယူကြသည့်အချိန်တွင် ပြဿနာ တစ်ခုဖြစ်လာပြီး စီမံကိန်းများသည် လူတစ်စု အတွက်သာဖြစ်သည်ဟူသော အမြင်များကို ဖန်တီးပေးလာပါသည်။ ထိုကဲ့သို့သော ပြဿနာများကို ကူညီလျှော့ချပေးနိုင်သည့်

စီမံကိန်းအချက်အလက်များကို အများသိစေရန် ဖြန့်ဝေပေးခြင်း ကဲ့သို့သော လုပ်ငန်းများမှာလည်း အကန့်အသတ်ဖြင့်သာရှိနေကြောင်း တွေ့ရှိရပါသည်။

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

ပဉ္စမအကြိမ်လေ့လာမှုအစီရင်ခံစာ - **ဒီဇင်ဘာ ၂၀၁၅**

## အခန်း (၅)
## နိဂုံးချုပ်နှင့် သုံးသပ်အကြံပြုချက်များ

တစ်နိုင်ငံလုံး၌ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ဤအချိန်တွင် QSEM သုတေသန လုပ်ငန်းသည် အသွင်ကူးပြောင်းရေးလုပ်ငန်းများကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအပေါ် သက်ရောက်မှုများကို အသေးစိတ် လေ့လာဖော်ပြနိုင်ခဲ့ပါသည်။ နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ချိန်မှစ၍ ပြောင်းလဲမှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် ဒေသများစွာရှိ နမူနာကျေးရွာများသို့ ပုံမှန်ပြန်လည်လေ့လာဆန်းစစ်နိုင်သည့် သုတေသနလုပ်ငန်း မရှိသလောက်နည်းပါးပါသည်။ QSEM အနေဖြင့် ဤသုတေသနလုပ်ငန်းကို(၃)နှစ်ကျော်ဆောင်ရွက်ခဲ့ပြီးသုတေသန(၅)ကြိမ်အတွင်းပြည်နယ်/တိုင်းဒေသကြီး (၆)ခုရှိ ကျေးရွာပေါင်း (၅၄)ရွာသို့ အကြိမ်ကြိမ်သွားရောက် လေ့လာဆန်းစစ်နိုင်ခဲ့ပါသည်။

QSEM အစီရင်ခံစာများတွင် မှတ်တမ်းတင်ထားသော ပြောင်းလဲမှုများမှာ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သိသာသော သက်ရောက်မှုများရှိနေပါသည်။

- QSEM လေ့လာမှုအတွင်းပြည်နယ်နှင့်တိုင်း ဒေသကြီးအချို့တို့ရှိ ကျေးရွာများတွင် အလှူရှင်များက စိုက်ပျိုးရေးစီမံကိန်းများကို ထောက်ပံ့ပေးခြင်း၊ စက်ပစ္စည်းများ သို့မဟုတ် အခြား စိုက်ပျိုးရေးသွင်း အားစုများ ဝယ်ယူနိုင်မည့် ချေးငွေထောက်ပံ့ပေးခြင်း၊ ဈေးကွက်သို့ ပိုမိုလက်လှမ်းမီစေသည့် အခြေခံအဆောက်အဦများ တိုးတက်စေခြင်း စသည်တို့ ပေါင်းစပ်ထားသည့် ရလဒ်ကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုတိုးတက်လာခြင်းနှင့် ဝင်ငွေပိုကောင်းသည့် သီးနှံများတွင် ရင်းနှီးမြှုပ်နှံမှုတိုးလာခြင်းတို့ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။
- ရွာသူရွာသားများသည် မြို့ပြဒေသများရှိ ပွင့်လင်းလာသော အခွင့်အလမ်းများမှ အကျိုးအမြတ်များ ရရှိလာပါသည်။ QSEM လေ့လာမှုအတွင်း ရွှေ့ပြောင်းလုပ်ကိုင်မှုများ တစ်ဖြည်းဖြည်းတိုးတက်လာကြောင်း တွေ့ရှိခဲ့ရာ အထူးသဖြင့် လူငယ် (အမျိုးသားနှင့်အမျိုးသမီး)များသည် ရန်ကုန်မြို့တွင် အလုပ်အကိုင်များ ပိုမိုရရှိလာကြပါသည်။ ခြုံငုံကြည့်ပါက ရွှေ့ပြောင်းလုပ်ကိုင်မှု တိုးမြင့်လာခြင်းကို အပြုသဘောဖြင့် လက်ခံနေကြပြီး မိသားစုများအတွက် ဝင်ငွေရင်းမြစ်များကို မျိုးစုံလင်စေနိုင်ခြင်း စိုက်ပျိုးရာသီချိန်များ အကြားတွင် ကျေးလက်အလုပ်အကိုင်နည်းပါးမှုကို လျော့ပါးစေနိုင်ခြင်းနှင့် လွှဲပြောင်းပို့ငွေများကို စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်စွမ်း ရှိလာစေပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူ တိုးလာခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်ခံရသူများ သို့မဟုတ် ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် ခေါင်းပုံဖြတ်ခံရသူ များလည်း တိုးလာပါသည်။
- အစိုးရနှင့် အလှူရှင်များ၏ ချေးငွေများကို ပိုမိုလက်လှမ်းမီလာခြင်းကြောင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် ထိခိုက်နစ်နာမှုကို ဖြစ်စေသည့် ခေါင်းပုံဖြတ်သောအတိုးနှုန်းအား လျှော့ချနိုင်ဟန်ရှိပြီး မိသားစုအကြွေးများကို သက်သာရာရစေပါသည်။
- QSEM မှလေ့လာခဲ့သည့်ကျေးရွာများတွင် အစိုးရ၏ စီမံကိန်း သို့မဟုတ်

ဝန်ဆောင်မှုများမှာ အခြေခံအားဖြင့် အလွန်နည်းပါးစွာ စတင်ခဲ့သော်လည်း သုံးဆနီးပါး တိုးတက်လာခဲ့ပါသည်။ အထူးသဖြင့် ကျောင်းများ၊ ချေးငွေရရှိရေးနှင့် ဒေသတွင်း အခြေခံအဆောက်အဦများတိုတက်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံခဲ့ ပါသည်။

အခြားသော နယ်ပယ်များတွင်လည်း အရေးကြီးသော မူဝါဒအပြောင်းအလဲများ ရှိခဲ့ပါသည်။ သို့ရာတွင် ထိုပြောင်းလဲမှုများကို ဒေသအလိုက် ဆောင်ရွက်နေသောကြောင့် မည်သည့် အကျိုးဆက်များ ရှိနေကြောင်းကိုမူ ရှင်းလင်းစွာမသိရသေးပါ။

- မြေယာဥပဒေသစ်များအရ ရွာသူရွာသားများအား မြေယာမှတ်ပုံတင်ပြုလုပ် ပေးရန် ဆုံးဖြတ်ချက်မှာ QSEM မှ လေ့လာခဲ့သည့် ဒေသအားလုံးတွင် အသိသာဆုံးအဖြစ် ရှုမြင်ကြပြီး မြေယာမှတ်ပုံတင်ပြုလုပ်ရန် တောင်းဆိုမှုလည်း များပြားပါသည်။ သို့ရာတွင် ဤလုပ်ငန်းပေါ်ပေါက်လာချိန်မှစ၍ ရွာသူရွာသား များက မြေယာများအား ရောင်းချ သို့မဟုတ် စီမံခန့်ခွဲသည့် နည်းလမ်းများတွင် သိသာသောပြောင်းလဲမှုများ နည်းပါးပြီး ဥပဒေကို လက်တွေ့ အသုံးချသည့် နည်းလမ်းများမှာလည်း ရှင်းလင်းစွာပေါ်ပေါက်လာရန် လိုအပ်ပါသေးသည်။
- နိုင်ငံတဝှမ်းရှိ ကျေးရွာများတွင် ကျေးရွာအဆင့် အုပ်ချုပ်ရေးစနစ်များ၌ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများလက်တွင် လုပ်ပိုင်ခွင့်ပိုရှိလာပြီး ကျေးရွာအဆင့် ခေါင်းဆောင်မှု ကို လျော့ကျစေခဲ့ပါသည်။
- ဤပြောင်းလဲမှုများမှာ စတင်ထွက်ပေါ်စဖြစ်သော်လည်း ကနဦးဆန်းစစ် ချက်များအရ ဤပြောင်းလဲမှုများ ကြောင့် ရွာသူရွာသားများက မြို့နယ်အဆင့် အာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် သိသာသော သက်ရောက်မှု များဖြစ်စေပြီးကျေးရွာများအကြား ပြိုင်ဆိုင်မှုများ ဖြစ်လာစေကြောင်း တွေ့ရှိရ ပါသည်။

နောက်ဆုံးအနေဖြင့် အချို့သော အုပ်စုများမှာ အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်မှ ချန်လုပ်ခံ ရနိုင်ပြီး ဤပြောင်းလဲမှုများကြောင့် ရွာသူရွာသားများအကြားတွင် မမျှတမှု တိုးလာစေနိုင်သော အလားအလာအချို့ ရှိနေပါသည်။

- QSEM အစီရင်ခံစာများတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ တစ်နိုင်တစ်ပိုင် နှင့် အသေးစား ရေလုပ်သားများ၏ နိမ့်ပါးလာသော အခြေအနေများကို တစ်ပြေးညီ တွေ့ရှိခဲ့ရသည်။ ထိုဒေသ အားလုံးတို့တွင် အကြောင်းပြချက်အမျိုးမျိုးတို့ကြောင့် အသေးစားရေလုပ်သား များ၏အလုပ်အကိုင်များမှာ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိတော့ဘဲ အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ရှာဖွေရန် တွန်းအားပေးခံနေရ ကြောင်း အသေးစားရေလုပ်သားများက ပြောကြားခဲ့ပါသည်။

- ဤသုတေသနလုပ်ငန်းအတွင်း အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့အပါအဝင်၊ ဒေသအချို့တို့တွင် မိုးလေဝသနှင့်ပတ်သက်သည့် အမြဲတမ်းပြဿနာများ (အထူးသဖြင့် ပုံမှန်မိုးရေချိန်မရရှိခြင်း) ကြောင့် ကျေးရွာများတွင် ထိခိုက်လွယ်မှုများရှိနေကြောင်း သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။
- အိမ်ထောင်စုများသည် အမျိုးမျိုးသော စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ ပြင်ပမှ လုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကို ထိန်းညှိလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိရေးကို ပိုမိုအလေးထားလာကြကြောင်းနှင့် အချို့သောအိမ်ထောင်စုများမှာ ထိုသို့သော အခွင့်အလမ်းများမှ အကျိုးအမြတ်များကို ကောင်းမွန် လုံလောက်စွာ မရရှိကြကြောင်း တွေ့ရှိရပါသည်။ ဤဖြစ်ရပ်မျိုးကို အထူးသဖြင့် အရင်းအနှီးနှင့် ထုတ်လုပ်ရေးလုပ်သား နှစ်မျိုးလုံး မရှိသော အိမ်ထောင်စုများတွင် တွေ့ရှိရပါသည်။

## သုံးသပ်အကြံပြုချက်များ

မျှော်လင့်ချက်ဖြင့်ကြည့်ပါက မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် အားလုံးပိုမိုပါဝင်၍ ပိုမိုသာတူညီမျှသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးကူညီနိုင်မည့် ခိုင်မာသော အခွင့်အလမ်းတစ်ခုရှိနေပါသည်။ မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော လျင်မြန်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့် အပြုသဘောဆောင်သော ရလဒ်အချို့ထွက်ပေါ်ခဲ့ပါသည်။ ထို့အပြင် ထိုပြောင်းလဲမှုများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို (အနည်းဆုံးအားဖြင့် ထိုရည်ရွယ်ချက်များက ကျေးလက်နေ ပြည်သူများနှင့် ဆက်စပ်နေသမျှကာလပတ်လုံး) လက်တွေ့လုပ်ငန်းအဖြစ်သို့ အသွင်ကူးပြောင်းစေရန် သေချာစေမည့် နယ်ပယ်များကိုလည်း ထောက်ပံ့ပေးပါသည်။ ပိုမိုတာဝန်ယူမှုရှိသော အစိုးရတစ်ရပ်အဖြစ် ဖော်ပြရန် မြင်သာသော အားထုတ်မှုများ ကြောင့်လည်း ကျေးရွာအဆင့်တွင် မျှော်လင့်ချက်များကို ဖန်တီးပေးခဲ့ပါသည်။ ထိုအားထုတ်မှုများကြောင့် တိုက်ရိုက်ရလဒ်များမရရှိနိုင်ပါက ထိုမျှော်လင့်ချက်များကို စီမံခန့်ခွဲရန် ခက်ခဲပါလိမ့်မည်။ ဤအစီရင်ခံစာတွင် အလှူရှင်များက မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အလှူရှင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍများကို ခိုင်မာအားကောင်းစေမည့် နည်းလမ်းများအတွက်လည်း အကြံပြုချက်အချို့ တင်ပြထားပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြန်မာနိုင်ငံကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးအတွက် အခွင့်အလမ်းများဖော်ထုတ်ရာတွင် အဓိကအချက်မှာ ကွဲပြားခြားနားသော အုပ်စုများက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအမျိုးမျိုးကို မည်သို့ ဟန်ချက် ထိန်းညှိနေကြောင်းနှင့် မည်သည့်အုပ်စုများ ချန်လုပ်ခံရနိုင်ကြောင်းကို နားလည် ထားရန်ဖြစ်ပါသည်။ အိမ်ထောင်စုများသည် စားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျိုးကို မျိုးစုံဆောင်ရွက် နေကြသောကြောင့် ဝင်ငွေတိုးတက်ရရှိရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ထောက်ပံ့ပေးရန် (ဥပမာ - လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ၊အရင်းအနှီးရရှိမှု) မျှော်မှန်းချက်မြင့်မားသည့်လုပ်ငန်းများကိုသတ်မှတ်ဖော်ထုတ်

နိုင်ရန် လိုအပ်လာပါသည်။ ဤလုပ်ငန်းများတွင် ကျေးလက်ဒေသ၏ နောက်ခံ အကြောင်းအရာပေါ် မူတည်လျှက်စိုက်ပျိုးရေး ထုတ်ကုန်များတိုးတက်စေခြင်း၊ ကျေးလက်ဒေသတွင် စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းအတွက် ပိုမိုစိတ်ချရ၍ အကျိုးရှိစေသောလမ်းကြောင်းများ ထောက်ပံ့ပေးခြင်း စသည်တို့ကို ဦးတည်နိုင်ပါသည်။

ကျေးလက်အကြောင်းအရာတွင်လည်း လက်ရှိဖြစ်ပေါ်နေသော အသွင်ကူးပြောင်းမှုများမှ ပြည်သူအားလုံး အကျိုးကျေးဇူး ရရှိနိုင်စွမ်းမရှိကြောင်းကို နားလည်ထားရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အလှူရှင်များသည် ထိရောက်သော လူမှုကာကွယ်ရေး လုပ်ငန်းစဉ်များကို တည်ထောင်ရာတွင် ကူညီပေးနိုင်ပါသည်။ သို့မဟုတ် အသက်မွေးဝမ်းကျောင်းသံသရာများကို နားလည်ပြီးနောက် ဒေသတွင်း စီးပွားရေးလုပ်ငန်းများတွင် အလုပ်အတွက်ငွေကြေးပေးခြင်း (Cash-for-work) အစီအစဉ်များဖြင့် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ထိုအစီအစဉ်များသည် အရေးကြီးသောအချိန်များ၌ (ဥပမာအားဖြင့် ရိတ်သိမ်းရာသီချိန်များအကြားတွင် စိုက်ပျိုးရေးအလုပ်အကိုင်များ နည်းပါးသော အချိန်မျိုး၌) အထိခိုက်လွယ်ဆုံးသူများအတွက် ဝင်ငွေရရှိစေမည့် အခွင့်အလမ်းများကို ထောက်ပံ့ပေးနိုင်ပါသည်။

မြေယာစီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများသည် လူမှုစီးပွားအုပ်စုအမျိုးမျိုးတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံဖော် ဆောင်ရွက်နေသည့် နည်းလမ်းများကို ဆက်လက်လွှမ်းမိုးနေဆဲဖြစ်ပါသည်။ ဤသုတေသနအဆင့်တွင် မြေယာပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ပြောင်းလဲမှုများကြောင့် မြေလိုအပ်နေသူများက မြေယာရရှိမှု တိုးတက်လာကြောင်း သို့မဟုတ် ဆင်းရဲသူများ၏ မြေယာပိုင်ဆိုင်မှုကို လက်လွတ်စေကြောင်းကို အကြံပြုရန်အတွက် အချက်အလက်များမရရှိပါ။ အမျိုးသား မြေအသုံးချမှုဝါဒကို မူကြမ်းပြင်ဆင်နေသော လက်ရှိလုပ်ငန်းများ ရှိနေခြင်းကြောင့် အစိုးရ၏ မြေယာစီမံခန့်ခွဲရေးမူဝါဒသည် နိုင်ငံတစ်ဝန်းရှိ လူမှုစီးပွားအုပ်စုအမျိုးမျိုးအပေါ် သက်ရောက်မှုများကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်ပါသည်။

## ကျေးရွာများ၏ အုပ်ချုပ်မှုစနစ်

ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေသစ်အား လက်ရှိအကောင်အထည်ဖော်နေသည့် အတွေ့အကြုံများကို အခြေခံလျှက်၊ ကျေးရွာအုပ်ချုပ်မှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် လိုအပ်နေပါသည်။ လက်ရှိအုပ်ချုပ်မှုစနစ်များသည် ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ ရွာသူရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်လာစေရန် လုံလောက်စွာ စီစဉ်ပေးနိုင်ခြင်း မရှိကြောင်း သာဓကများစွာရှိလာပါသည်။

လုပ်ပိုင်ခွင့်အာဏာမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးတည်းတွင်သာရှိနေပြီး ထိုအုပ်ချုပ်ရေးမှူးများသည်လည်း အုပ်စုတွင်း ဦးစားပေးလုပ်ငန်းရွေးချယ်ရာတွင် မိမိ၏ ကျေးရွာနှင့် ပဋိပက္ခများကို ရင်ဆိုင်နေရပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းများကို ကူညီပေးနိုင်မည့် အခြားအဖွဲ့များဖြင့်လည်းကောင်း သို့မဟုတ် ယေဘုယျအားဖြင့်

အများပြည်သူများ ပိုမိုပွင့်လင်းစွာပူးပေါင်းပါဝင်ခြင်းဖြင့်လည်းကောင်း ကျေးရွာ၏ အကျိုးစီးပွားများ ကို ကိုယ်စားပြုနိုင်သည့် နေရာများ အလုံအလောက်မရှိပါ။

အဆုံးစွန်အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကျေးရွာများ၏ လိုလားချက်အသံကို ထုတ်ဖော်နိုင်ပြီး တာဝန်ခံမှုတိုးတက်စေမည့် ထိရောက်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ဖော်ထုတ်ရန် လိုအပ်နေပါသည်။ ဤလုပ်ငန်းစဉ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးကို လုပ်ပိုင်ခွင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီကဲ့သို့သော အခြားကိုယ်စားပြု အဖွဲ့အစည်းတစ်ခုခုကို ခိုင်မာအားကောင်းစေခြင်းလည်း ပါဝင်ပါသည်။ ထို့အပြင် ကျေးရွာအဆင့်အထိ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း အကျိုးဆက်စပ်သူ အမျိုးမျိုးတို့၏ တာဝန်နှင့် ဝတ္တရားများအတွက် ရှင်းလင်းတိကျသော ညွှန်ကြားချက်များရှိထားရန်လည်း ပါဝင်သင့်ပါသည်။

အပြိုင်အားဖြင့် လက်ရှိ ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို အသုံးပြုရန်နှင့် ထိုလုပ်ငန်းစဉ်များရှိ ကောင်းမွန်သော အလေ့အထများကို အားပေးရန် လိုအပ်ပါသည်။ တာဝန်ယူမှုရှိ၍ ပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်များရှိပါက ထိုလုပ်ငန်းစဉ်များ၏ တရားဝင်မှု ခိုင်မာစေရန် အတွက် အသုံးပြုသင့်ပါသည်။ လက်ရှိအချိန်တွင် စီမံကိန်းများသည် စီမံကိန်းများအား စီမံအုပ်ချုပ်ရန်အတွက် အထူးဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ကဲ့သို့သော အဖွဲ့များအား အလွန်အကျူး အားထားနေရပါသည်။ ထိုသို့မှီခိုရခြင်းကြောင့် ရေရှည်တည်တံ့စေရေးဆိုင်ရာ ပြဿနာများသာမက ထိုအဖွဲ့များတည်ရှိမှုကြောင့် တရားဝင်အဖွဲ့အစည်းများ၏ ရပ်တည်မှုကိုပါ ထိခိုက်စေပါသည်။ အလှူရှင်များသည် စီမံကိန်းအတွက် အထူးပြုထားသော လုပ်ငန်းစဉ်များကို ဖန်တီးမည့်အစား လက်ရှိ အဖွဲ့အစည်းများကို ရှာဖွေအသုံးပြုသင့်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် တည်ထောင်ထားပြီးသော အဖွဲ့အစည်းများတွင် စည်းမျဉ်းကောင်းများ (ကျား/မတန်းတူညီမျှစွာ ကိုယ်စားပြုခြင်း၊ ပွင့်လင်း မြင်သာမှုရှိခြင်း သို့မဟုတ် ဘဏ္ဍာရေးအစီရင်ခံစာများကဲ့သို့သော)ကို ကျင့်သုံးစေနိုင်မည့် ဝင်ပေါက်တစ်ခုလည်း ဖြစ်လာနိုင်ပါသည်။

## မြို့နယ်အဆင့် စွမ်းဆောင်ရည်

နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မူဝါဒဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သော စွမ်းဆောင်ရည်နှင့် ရင်းမြစ်များ ရှိထားသည့် ဒေသန္တရအစိုးရ အရာရှိများ လိုအပ်ပါသည်။ QSEM လေ့လာမှုအတွင်းတွင် အစိုးရသည် မြို့နယ်အဆင့်၌ ဤသို့သော စွမ်းဆောင်ရည်များကို မပိုင်ဆိုင်ထားကြောင်း သာဓကများစွာကို နယ်ပယ်များစွာတွင် တွေ့ရှိရပါသည်။ စွမ်းဆောင်ရည်အားနည်းချက်များကို ရေလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများအား အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ မြေယာမှတ်ပုံတင်လုပ်ငန်းနှင့်ဆက်စပ်၍ မြေရောင်းဝယ်ခြင်း လုပ်ငန်းများတွင်လည်းကောင်း၊ အစိုးရဝန်ဆောင်မှုများပေးရာတွင် ကြီးကြပ်နိုင်မှုနှင့် တာဝန်ယူမှုတို့ တွင်လည်းကောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

ရှေ့လုပ်ငန်းစဉ်များတွင် မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့အကြား ချိတ်ဆက်မှုများ တိုးတက်စေရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤလုပ်ငန်းတွင် ကျေးရွာအဆင့်အထိ သတင်းအချက်အလက်များ စီးဆင်းရောက်ရှိစေမည့် သင့်တော်သော ဖွဲ့စည်းမှုများရှိထားခြင်း သို့မဟုတ် ကျေးရွာကိုယ်စားလှယ်များက မြို့နယ်အဆင့် လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်စွမ်းရှိစေခြင်းတို့လည်း ပါဝင်သည်။ ထို့အပြင် ဝန်ဆောင်မှုအမျိုးမျိုး ပေးအပ်ရာတွင် အထိရောက်ဆုံးသော လုပ်ငန်းစဉ်အဆင့်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ထိုလုပ်ငန်းစဉ်များအား ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ရာတွင် အစိုးရအား ပံ့ပိုးကူညီပေးရန်လည်း လိုအပ်ပါသည်။ မြို့နယ်အဆင့်တွင် ကိုယ်ပိုင်လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဒေသအလိုက် ဆောင်ရွက်ချိန်တွင် ယင်းလုပ်ငန်းများအား အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်စစ်ဆေး နိုင်ရန်အတွက် မြို့နယ်အဆင့် အရာရှိများအားစွမ်းဆောင်ရည်တည်ဆောက်ပေးရန်လည်း လိုအပ်သည်။

အလှူရှင်များသည် ဒေသန္တရ အစိုးရအဖွဲ့အစည်းများ၏ ချဉ်းကပ်နည်းများနှင့် အစိုးရနှင့် သို့မဟုတ် အစိုးရမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်မှုများကို ဟန်ချက်ထိန်းညှိပေးခြင်းအားဖြင့် ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပံ့ပိုးကူညီပေးနိုင်ပါသည်။ ထိုသို့ ပံ့ပိုးကူညီပေးခြင်းဖြင့် အစိုးရက ချဉ်းကပ်နည်းများစွာတို့ကို ပေါင်းစပ်ညှိနှိုင်းရာတွင် အဆင့်ဆင့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန်အတွက် အလှူရှင်များက အစပျိုးလိုက်သော ဖွံ့ဖြိုးရေးအဖွဲ့ များစွာရှိနေခြင်း (များသောအားဖြင့် အလုပ်ပေါ်မှသာ ရုတ်တရက်ဖွဲ့စည်းကြပါသည်)ကြောင့် အစိုးရက စီမံကိန်းများအား ပေါင်းစပ်ညှိနှိုင်းရာတွင် အခက်အခဲများ ဖြစ်စေပါသည်။ အလှူရှင်များသည် အစိုးရ၏ အစပျိုးလုပ်ငန်းများကို အခြေခံရန် သို့မဟုတ် ခိုင်မာအောင် ဆောင်ရွက်ပေးရန်နှင့် လက်ရှိတွင် ရှိထားပြီးသော အဖွဲ့အစည်းများမှ တစ်ဆင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖြစ်နိုင်သမျှ ကြိုးစားသင့်ပါသည်။

WORLD BANK GROUP

**The World Bank Myanmar**

No 57, Pyay Road
(Corner of Shwe Hinthar Road)
61/2 Mile, Hlaing Township, Yangoon,
Republic of the Union of Myanmar

www.worldbank.org/myanmar
www.facebook.com/
WorldBankMyanmar
myanmar@worldbank.org